လူငယ်တွေပဲ ဖတ်ဖတ်
လူကြီးတွေပဲ ဖတ်ဖတ်
နည်းနည်းဖတ်ပြီး…များများတွေးဖို့…



# မေတ္တာ…နံ့နက်ခင်း

အတွေးရသစာစု

## ဦးဘုန်း(ဓာတု)မန္တလေး

2014.GRAPHIC DESIGN : KYAW MINN MOUNG

'မေတ္တာသုတ်တော်' ၏
ဦးစွာ ပြုကျင့်အပ်တဲ့ (၁၅)ချက်ဆိုတာ
လူတို့ရဲ့ မြင့်မြတ်တဲ့ အရည်အချင်း...
ခေါင်းဆောင်ကောင်းတို့
ရှိသင့်ရှိအပ်တဲ့ လိုအပ်ချက်များလို့ တောင်
တင်စားလိုက်ချင်တယ်။

# မေတ္တာ...နံနက်ခင်း

အတွေး၊ ရသစာစု

ဦးဘုန်း(ဓာတု)မန္တလေး

ISBN 978-99971-72-31-0

Ks 2500
LLK00011
Sein Gay Har Sein Gay Har Sein Gay Har

အကြံပြု၊ ဝေဖန်စာများ ရေးသားပေးပို့လိုပါလျှင်

**သံယောဇဉ်နွယ်ဂေဟာ**

ယ/၅၊ ခြံအမှတ်(၄၂)၊ လမ်းသွယ်(၁၄)၊ မြဝတီမင်းကြီးလမ်း၊
အရှေ့ကျွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။
Viber Phone No: 09797279422
gmail: uphone.mdy@gmail.com
Facebook account: Phone Naing Oo
၀၉-၇၉၇၂၇၉၄၂၂၊ ၀၉-၄၄၄၀၂၆၄၀၉
၀၉-၇၉၈၆၇၈၉၀၀ (မန်နေဂျာ)

စာအုပ်အမှတ် - ၁၅၅

# ဦးဘုန်း (ဓာတု) မန္တလေး
# မေတ္တာနံ့နက်ခင်း
[အတွေးရသစာစု]

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ

**အုပ်ရေ**
၁၀၀၀

**ထုတ်ဝေသူ**
ဦးသိန်းလွင် (လင်းလွန်းခင်စာပေတိုက်) (၀၀၇၅၉)
တိုက် (D)၊ ပ-ထပ် (လယ်)၊ လိပ်ကန်ပန်းခြံဈေး၊
လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်။

**ပုံနှိပ်သူ**
ဦးဇော်မင်းလတ် (ခိုင်ရဝေပုံနှိပ်တိုက်) (၀၁၂၇၇)
အမှတ် (၁၁)၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**အတွင်းသရုပ်ဖော်**
ဝင်းကို

CTP
Eagle

**တန်ဖိုး**
**၂၅၀၀ ကျပ်**

**ISBN-978-9971-72-31-0**

၀၀၈.၈၄
ဦးဘုန်း(ဓာတု)မန္တလေး
မေတ္တာနံ့နက်ခင်း/ဦးဘုန်း(ဓာတု)မန္တလေး။
- ရန်ကုန်၊ လင်းလွန်းခင်စာပေတိုက်၊ ၂၀၁၄။
စာ-၂၁၅၊ ၂၁ စင်တီ။
(၁) မေတ္တာနံ့နက်ခင်း

# မာတိကာ


♠ မေတ္တာအရှဏ်ဦး ၉
♠ ကျေးဇူးတင်၊ ဂုဏ်ယူ၊ ဝမ်းမြောက်ရပါတယ် ဆရာဘုန်း ၁၁
♠ သာဓု… သာဓု… သာဓု… ဓာတု ၁၅
၁။ မေတ္တာ… နံနက်ခင်း ၂၃
၂။ သက္ကော… နံနက်ခင်း ၃၃
၃။ ဥဇု… နံနက်ခင်း ၄၃
၄။ သုဟုဇု… နံနက်ခင်း ၅၃
၅။ သုဝစော… နံနက်ခင်း ၆၃
၆။ မုဒု… နံနက်ခင်း ၇၃
၇။ အနတိမာနီ… နံနက်ခင်း ၈၃
၈။ သန္တုဿကော… နံနက်ခင်း ၉၁
၉။ သုဘရော… နံနက်ခင်း ၁၀၁
၁၀။ အပ္ပကိစ္စော… နံနက်ခင်း ၁၁၁
၁၁။ သလ္လဟုကဝုတ္တိ… နံနက်ခင်း ၁၁၉
၁၂။ သန္တိန္ဒြိယော… နံနက်ခင်း ၁၂၇

၁၃။ နိပကော… နံနက်ခင်း ၁၃၇

၁၄။ အပ္ပဂဗ္ဘော… နံနက်ခင်း ၁၄၅

၁၅။ ကုလေသု အနနုဂိဒ္ဓေါ… နံနက်ခင်း ၁၅၅

၁၆။ နစခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူပရေ
ဥပဝဒေယျုံ… နံနက်ခင်း ၁၆၅

၁၇။ ကရဏီယံ… နံနက်ခင်း ၁၇၅

၁၈။ မေတ္တာရေကြည်… နံနက်ခင်း ၁၈၅

၁၉။ မေတ္တာ… မှာတမ်း ၁၉၅

၂၀။ မေတ္တာအနှစ်ချုပ် ၂၀၅

♠ သူတို့… သူတို့၏ မေတ္တာကြောင့်သာ ၂၁၄


♠♠♠

# မေတ္တာ အာရုဏ်ဦး• • •

မေတ္တာပို့သသံများ ဝေစီနေသည့် နံနက် အရုဏ်ဦးများကို ကျွန်တော်တို့ ပိုင်ဆိုင်ကြပါသည်။

လူတစ်ဦးမှ အခြားလူတစ်ဦးအပေါ်သို့ လည်းကောင်း၊ လူတစ်ဦးမှ အခြားသော ကိုယ်နှင့် ဆက်စပ်သည့် ပတ်ဝန်းကျင်အပေါ်သို့ လည်းကောင်း မေတ္တာထားခြင်း ဆိုသည်မှာ မည်သည့်စရိုက်လက္ခဏာများ ရှိလေသည်ကို ကျွန်တော် သိချင်ပါသည်။

ဤသို့ဖြင့်…။

♠♠♠

စွမ်းဆောင်ရည် နည်းသူများသည် လောကကြီးအပေါ်၌ မေတ္တာထား၍ ရနိုင်ပါမည်လား။

ထို့အတူ… ရိုးသားမှု မရှိခြင်းသည် မေတ္တာကင်းမဲ့ခြင်းပင် ဖြစ်၏။

ဆိုဆုံးမရ ခက်ခြင်း၊ စိတ်ထားကြမ်းတမ်းခြင်း၊ လွန်ကဲတက်ကြွသော မာနရှိခြင်းတို့သည်လည်း မေတ္တာ၏ ဆန့်ကျင်ဘက် စိတ်သဘာဝများသာ ဖြစ်ပါသည်။

ရောင့်ရဲတင်းတိမ်မှု မရှိသူ၊ သူတကာကို အပူရှာသူ၊ ကိုယ့်အလုပ်ကို စိတ်ဝင်စားခြင်း မရှိသူ၊ ဟန်လုပ်တတ်သူတို့သည်လည်း လောကကြီးအပေါ်၌ မည်ကဲ့သို့ မေတ္တာထား၍ ရနိုင်ပါမည်လား။

မိမိစိတ်ကိုမှ မိမိ… ထိန်းကျောင်းနိုင်စွမ်း မရှိသူ၊ နေရာတကာမှာ ဉာဏ်ဖြင့် ယှဉ်ပြီး အလုပ်မလုပ်တတ်သူ၊ ကြမ်းတမ်းခက်ထန်သော စရိုက်ရှိသူတို့သည်လည်း မေတ္တာရှင်ကြီးများ၊ ကယ်တင်ရှင်ကြီးများ မဖြစ်နိုင်ပါ။

ပုဂ္ဂိုလ်စွဲကြီးသူတို့သည် ထိုပုဂ္ဂိုလ်ကို စွဲလမ်းနေမှုကြောင့် အများနှင့် ဆက်စပ်သော အမှုကိစ္စများအပေါ် မေတ္တာသက်ရောက်နိုင်မှု ရှိနိုင်ပါ့မလား။ ပညာရှိသူတော်ကောင်းများ၏ ကဲ့ရဲ့ခြင်းကို ခံနေရသူသည် မေတ္တာပိုင်ရှင် အစစ် ဖြစ်နိုင်ပါမည်လော။

စဉ်းစားကြဖို့၊ တွေးဆကြဖို့အတွက် ရည်ရွယ်ပြီး ဤ 'မေတ္တာနံနက်ခင်း' ဆိုသည့် အတွေးရသစာစု ဖြစ်ပေါ်လာရပါတော့သည်။

အထူးအားဖြင့် ဤစာစုသည် လူကြီးဖြစ်လာမည့် လူငယ်များကို ရည်ရွယ်ပြုစုပါသည်။

*မေတ္တာအင်အားဖြင့်...*

ဦးဘုန်း(ဓာတု)မန္တလေး

၀၉-၄၄၄-၀၂၆-၄၀၉

# ကျေးဇူးတင်၊ ဂုဏ်ယူ၊ ဝမ်းမြောက်ရပါတယ် ဦးဘုန်း

မေတ္တာပွားများ၊ အကျိုးကားဟူ
အိပ်မှုချမ်းသာ၊ နိုးခါသုခ
ကောင်းပြအိပ်မက်၊ နှစ်သက်လူတို့
နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ
မီးရေးမဖျက်၊ ငြိမ်သက်တည်ကြည်
ကြည်လင်မျက်နှာ၊ သေခါမမှိုင်
ဗြဟ္မာတိုင်သား၊ ဆယ့်တစ်ပါးကို
လိုလားကြကုန်ရာသတည်း…

ယင်းသည် မေတ္တာသုတ္တန်များလာ မေတ္တာအကျိုးပြ စကားများ ဖြစ်သည်။ မေတ္တာကို အမြဲလက်ကိုင်ထား သုံးစွဲသင့်ကြောင်း ဖော်ညွှန်းနေသည်။ အလွန်အားရဖွယ် ကောင်းသည်။

လက်ဖျောက်တီးကာမျှပင်ဖြစ်စေ မေတ္တာစိတ် ဖြစ်ထွားပွားများနေသော ရဟန်းသည် ဈာန် မဆိတ်သုဉ်းဘဲ နေသူ ဖြစ်သည်။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာပြုနေသူလည်း ဖြစ်သည်။ ဘုရားစကား မြေဝယ်မကျ နားထောင် လိုက်နာကျင့်သုံးသူလည်း ဖြစ်သည်။ ဒကာ၊ ဒကာမများ လှူဒါန်းသော ဆွမ်း(တိုင်းပြည်ဆွမ်း၊ ပြည်သူ့ဆွမ်း)ကို အချည်းနှီး အလဟဿ ဘုဉ်းပေးနေသူမဟုတ်။ အကျိုးရှိရှိ ဘုဉ်းပေးနေသူ ဖြစ်သည်။ မေတ္တာစိတ်ကို ကြိမ်ဖန်များစွာ ပွားများနေလျှင် ပြောဖွယ်ရာမရှိ။ အလွန် အကျိုးကြီးမားသည်သာ။

သူတစ်ပါး အကျိုးစီးပွား ဖွံ့ထွားအောင် စောင့်ရှောက်ကူညီပေးမှုသည် မေတ္တာပင် ဖြစ်သည်။ မေတ္တာသည် သတ္တဝါတို့၏ ကောင်းကျိုး ချမ်းသာ လိုလားမှု၊ ချစ်ခင်မြတ်နိုးမှု ဖြစ်သည်။ သူတစ်ပါး ချမ်းသာရေး၊ ရပ်ရွာ

အေးချမ်းရေး၊ တိုင်းပြည် ငြိမ်းချမ်းရေး၊ တစ်ကမ္ဘာလုံးရှိ သတ္တဝါများ ကျန်းမာ၊ ချမ်းသာရေး… စသည်တို့ကို စွမ်းနိုင်ရာမှ ပါဝင်ဆောင်ရွက်နေခြင်းသည် ကာယကံမေတ္တာ ဖြစ်သည်။ ပရဟိတ ပြုလုပ်ခြင်း ဖြစ်သည်။ လွန်စွာ လိုအပ် လျက် ရှိသည်။

သတ္တဝါတွေ ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ… မိမိကိုယ်ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ကြပါစေ…။

- လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ …
- အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ …
- ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ… ဟု နှုတ်ဖြင့်

ရွတ်ဆိုကာ မေတ္တာပို့နေခြင်းသည် ဝစီကံမေတ္တာ ဖြစ်သည်။ မလှည့်ပတ်ဘဲ ရိုးသားမှန်ကန်စွာ ပြောပြခြင်း လမ်းညွှန်ခြင်းသည်လည်း ဝစီကံမေတ္တာပင် ဖြစ်သည်။ သတ္တဝါတွေ ကြီးပွားငြိမ်းချမ်း ပျော်ရွှင်စေလိုသော စိတ်ဖြင့် သတ္တဝါများအပေါ် မိမိစိတ်များ လွှမ်းခြုံပေးနေခြင်းသည် မနောကံမေတ္တာ ဖြစ်သည်။ မနောကံမေတ္တာသည် အရင်းခံကျသကဲ့သို့ ဝစီကံမေတ္တာသည်လည်း ပဓာနကျကာ ကာယကံမေတ္တာမြောက်ပို့ အဓိက ဖြစ်သည်။ ယင်းမေတ္တာများ ဖြစ်ပေါ်စေသော အကြောင်းများကို မေတ္တာသုတ်မှာ မြတ်ဗုဒ္ဓက တိကျစွာ ညွှန်ပြခဲ့ပါသည်။

ယနေ့ ရွတ်နေသော မေတ္တာသုတ်တွင် ပါဠိဂါထာ (၁၁)ပိုဒ် ရှိသည်။ ပထမနှစ်ပိုဒ်ဖြစ်သော 'ယဿာနုဘာဝတော ယက္ခာ… ပရိတ္တံ တံဘဏာမဟေ' ဂါထာသည် မေတ္တာသုတ်တရားတော် ရွတ်ဆိုပွားများရာ၌ အားစိုက်ပွားများလိုစိတ် ရှိအောင် ချီးမွမ်းထားသော ဂါထာ ဖြစ်သည်။ မြတ်ဗုဒ္ဓစကားတော်များကို အကျဉ်းချုံးကာ ရှေးပညာရှင်များ စီကုံးထားသော ဂါထာ ဖြစ်သည်။

'ကရဏီယ မတ္ထကုသလေန… ယေန ဝိညူပရေ ဥပဝဒေယျုံ' အထိသည် မေတ္တာဖြစ်စေသော အရင်းခံ အကြောင်းတရားများကို ဖော်ပြထားသည်။ 'သုခိနောဝ… ဒုက္ခမိစ္ဆေယျ' အထိသည် မေတ္တာပို့ရမည့် ပုဂ္ဂိုလ်များနှင့် မေတ္တာပို့ပုံများကို ညွှန်ပြထားသည်။

"မာတာ ယထာ နိယံပုတ္တ… ဗြဟ္မမေတံ ဝိဟာရ မိဓမာဟု"

အထိသည့် မေတ္တာပွားသူ စိတ်ထားနှင့် အမူအရာတိုင်းမှာ မေတ္တာဓာတ်ရှိရပြီး မေတ္တာအကြည်ဓာတ် ရှိနေသူသည် မြင့်မြတ်စွာ နေထိုင်သူ ဖြစ်ကြောင်းကို သိစေပါသည်။

'ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ... န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ' အထိသည် မေတ္တာစျာန် ရှိပြီးသူသည် ဥပါဒါန်အစွဲ မရှိအောင် သီလရှိသူ၊ မဂ်ဉာဏ်နှင့် ပြည့်စုံသူ၊ ကာမတို့၌ ငြိကပ်တပ်မက်မှု ပယ်ဖျောက်နိုင်သူ ဖြစ်ကာ ဘဝ ပြတ်အောင် စွမ်းဆောင်ဖို့ ဖော်ကျူးထားသည်။ မေတ္တာသည် အရိယာ ဖြစ်သည်ထိ ကောင်းကျိုးရနိုင်သည်ဟု သိစေသည်။

မြတ်ဗုဒ္ဓသည် မေတ္တသုတ်ကို ဟောရာ၌ မေတ္တာဖြစ်စေသော အရင်းခံ အကြောင်းများကို ရှေးဦးစွာ ညွှန်ကြားတော်မူခဲ့သည်။ ယင်းညွှန်ကြားချက်ကို စာရေးဆရာ ဦးဘုန်း(ဓာတု)က ပိဋကတ်တော်နှင့် မဆန့်ကျင်စေဘဲ ခေတ် ဥပမာများဖြင့် ပေါ်လွင်ထင်ရှားအောင် ခေတ်မီစွာ အတွေးထက်ထက် အရေး သွက်သွက်ဖြင့် 'မေတ္တာ... နံနက်ခင်း'ဟု စာပန်းချီ စီခြယ်ထားပါသည်။

စာရေးသူသည် မေတ္တသုတ်ကို ခေတ်အဆက်ဆက် ပညာရှင်များ ဖွင့်ဆိုရှင်းပြ ရေးသားခဲ့သော စာအုပ်များစွာကို ပါဠိဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့်ပါ ဖတ်ရှုလေ့လာဖူးပါသည်။ သူ့ခေတ်နှင့်သူ ကိုက်ညီသော စာအုပ်များ ဖြစ်သည်။ လေးစားဦးခိုက်ရသော စာအုပ်များလည်း ဖြစ်သည်။ ထိုစာအုပ်များသည် မေတ္တသုတ် တစ်ခုလုံးကို အသေးစိတ် ရှင်းပြထားကြသည်။ ယခု စာရေးဆရာ ဦးဘုန်း(ဓာတု) ရေးသော စာအုပ်က မေတ္တသုတ်၏ရှေ့ပိုင်း မေတ္တာဖြစ်သော အရင်းခံအကြောင်းများကိုသာ အဓိက ဖွင့်ဆိုရှင်းပြ ရေးသားထားပါသည်။ ကျန်အပိုင်းများကို ပါးပါးလှပ်လှပ်သာ 'လှေနောက် ရေပါ' သဘော ခရီးသွားဟန်လွှဲ ရေးဖွဲ့ထားပါသည်။ စာရေးသူ ကိုယ်စား ရေးသားသည်ဟုပင် ခံယူချင်ပါသည်။ စာရေးသူကို ဆရာမ ဒေါက်တာ ဇင်မာဦးက မေတ္တာဖြစ်စေသော အရင်းခံအကြောင်းများကို စာတစ်အုပ်ရေးရန် ဟောပြောရန် တောင်းဆိုဖူးပါသည်။ 'အလျဉ်းသင့်လျှင် ရေးသားမည်၊ ဟောပြောမည်' ဟု ကတိပြုထားသည်။ ယခု ဆရာဦးဘုန်းက မေတ္တာဖြစ်စေသော အရင်းခံအကြောင်းများကို 'မေတ္တာ... နံနက်ခင်း'ဟု ရေးသားထုတ်ဝေလေသောကြောင့် စာရေးသူ တာဝန်ကို ကူပြီး ထမ်းရာ

ရောက်သည့်အတွက် 'ကျေးဇူးတင် ဝမ်းမြောက် ဂုဏ်ယူရပါတယ် ဆရာဘုန်း' ဟု ရင်ထဲက လှိုက်လှဲစွာ ဟစ်ကြွေးမိပါသည်။ သမိုင်းပေးတာဝန် ကျေပွန်သော ဆရာဘုန်း ဖြစ်သည်ဟု ကမ္ဘည်းတင်ချင်ပါသည်။

'ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့' ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း သိနေ၊ ပြောနေကြသည်။ ယင်းနေ့သည် မြတ်ဗုဒ္ဓက ရဟန်းငါးရာတို့အား မေတ္တာသုတ်ဟောပြောသောနေ့ ဖြစ်သည်။ ဆရာဦးဘုန်းက ပြည်ထောင်စုနေ့ကို မေတ္တာနေ့ဟု ကျင့်သုံးမှု ရှုထောင့်မှ တင်ပြထားသည်။ 'ပြည်ထောင်စုနေ့သာ မရှိရင် လွတ်လပ်ရေးနေ့ ဆိုတာ မရှိနိုင်ဘူး။ တကယ်တော့ ပြည်ထောင်စုနေ့ ဆိုတာ တိုင်းရင်းသားအားလုံးရဲ့ မေတ္တာဓာတ်များ စုစည်းတဲ့နေ့၊ မေတ္တာပျိုးပင်များ ရှင်သန်တဲ့နေ့၊ မေတ္တာနေခြည်နုနု အရုဏ်ကျင်းတဲ့နေ့၊ မေတ္တာနေ့ပဲ' ဟု ရှင်းပြထားသည်။ ယင်းသို့ အတွေးသစ်၊ အမြင်သစ်များ၊ ပြည့်လျှံနေသော 'မေတ္တာ... နံနက်ခင်း' ဖြစ်သည်။

'မေတ္တာသည် အစွမ်းအထက်ဆုံး အင်အားဖြစ်သည်။
မေတ္တာသည် အပူငြိမ်းဆေး ဖြစ်သည်။
မေတ္တာသည် ငြိမ်းချမ်းရေး၏ မျိုးစေ့ ဖြစ်သည်။
မေတ္တာသည် လောက၏ အသက်ဓာတ် ဖြစ်သည်။
မေတ္တာသည် သတ္တဝါတိုင်း တောင့်တသော အလင်းဓာတ် ဖြစ်သည်'

ဟု ဆရာဘုန်းက မေတ္တာသဘောကို ဖွင့်ဆိုကာ...

'မေတ္တာအင်အားဖြင့်... လောကကြီး၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ကြပါစို့...၊ မေတ္တာအင်အားဖြင့် လောကကြီးကို စောင့်ရှောက်ကြပါစို့...' ဟု ဆရာဘုန်းက နှိုးဆော်ဖိတ်ခေါ်ထားပါသည်။

မေတ္တာအင်အားဖြင့် မေတ္တာနံနက်ခင်း၊ မေတ္တာနေ့လယ်ခင်း၊ မေတ္တာညနေခင်း၊ မေတ္တာညချမ်းဖြစ်ကာ မေတ္တာနေ့ညများ လှည့်ပတ်နိုင်ကြပါစေဟု ဆန္ဒပြုလျက်...။

**တက္ကသိုလ်တေဇာလင်း(အရှင်တေဇနိယ)**
**ရတနာဘုံမြင့် စာချကျောင်း။ ချမ်းသာကြီးတောင်တိုက်၊ မန္တလေး။**
**၀၉-၄၇၁၁၀၃၆၈(၁၅-၆-၂၀၁၄)**

# သာဓု ••• သာဓု ••• သာဓု ••• ဓာတု

စာပေဟောပြောပွဲ နယ်ခရီးတစ်ခု အတူထွက်ခဲ့ကြစဉ်က ဦးဘုန်း (ဓာတု) ပြောဖူးသည်။

"…'မေတ္တာသုတ်တော်'မှာလာတဲ့ မေတ္တာပို့သူများ၊ မေတ္တာထားလို ဖြန့်ကြက်လိုသူများ မေတ္တာမပွားများမီ ဦးစွာပြုကျင့်ဆောက်တည်အပ်တဲ့ အခြေခံကျင့်စဉ် (၁၅) ချက်ကို တစ်ချက်စီ တစ်ချက်စီ ရေးသွားဖို့ စိတ်ကူးထားတယ်"

"ကောင်းတာပေါ့၊ ရေးပါ" ဟုသာ ကျွန်တော် သာမန်မျှ ပြန်ပြောဖြစ်၏။

"သက္ကော၊ ဥဇူ၊ သုဟုဇူ… တစ်ပါးစီကို ဆောင်းပါးတစ်ပုဒ်ချင်း ရေးသွားမယ်"

ကျွန်တော် စိတ်ဝင်စားစ ပြုလာပါသည်။ ဦးဘုန်း(ဓာတု)ထံမှ အတွေးရသ ဆောင်းပါးများ တန်းစီ ထွက်လာတော့မည်။ ကျယ်ကျယ်ပြန့်ပြန့် နက်နက်စူးစူး တွေးပြီးမှ ကျစ်ကျစ်လျစ်လျစ် ရေးတတ်သော သူ့လက်ကို ကျွန်တော် သိပြီး ဖြစ်သည်။

တစ်ခုခု တွေးကြံထားပြီး ထိုအတွေးကို ဘယ်လိုဘယ်ပုံ ရေးလိုက်မည်ဟူ၍ ဦးဘုန်း(ဓာတု)က ထုံးစံအတိုင်း ကျွန်တော့်ကို စိတ်ပါလက်ပါကြီး ထက်သန်စွာ ပြောပါလေတော့သည်။ ထုံးစံအတိုင်းဟု ဆိုရခြင်းမှာ ဦးဘုန်း (ဓာတု)သည် စာပေဟောပြောပွဲများတွင် သူ ဟောပြောမည့် ခေါင်းစဉ် အကြောင်းအရာများနှင့် ပတ်သက်၍ ကျွန်တော့်ကို ကြိုကြိုပြီး ပြောလေ့ရှိခြင်းကြောင့် ဖြစ်သည်။

ထို့အတူ သူ ရေးမည့် စာကိုလည်း ကြိုကြိုပြီး ပြောတတ်သည်။

ပြောရင်းဖြင့် သူ ဟောမည့်၊ ရေးမည့် အကြောင်းအရာကို သူ့ဘာသာသူ 'စဉ်'နေခြင်းလည်း ဖြစ်ပါလိမ့်မည်။

တတွတ်တွတ် ပြောပြီးနောက် သူ့စကားကို ဤသို့ အဆုံးသတ်ပါသည်။

"အဲဒီဆောင်းပါးတွေ စုပြီး စာအုပ်အဖြစ် ထုတ်တဲ့အခါ ဆရာချစ် အမှာစာ ရေးပေးရမယ်"

တောင်းဆိုခြင်း၊ မေတ္တာရပ်ခြင်း မဟုတ်ပါ။ သူ့ဘာသာသူ စီစဉ်ထားသော 'အဆိုင်းမင့်'တစ်ခုထဲသို့ ကျွန်တော့်ကိုပါ ဆွဲထည့်လိုက်ခြင်း ဖြစ်သည်။ ရင်းနှီးနားလည်ထားကြသူချင်း ဖြစ်သဖြင့် ကျွန်တော် ခေါင်းညိတ်ခဲ့သည်။ ထို့နောက် ကိုယ်စီအလုပ်တွေနှင့် မေ့မေ့ပျောက်ပျောက်။

မကြာပါ။ The First Music ဂျာနယ်တွင် သူ့စာစုများကို တွေ့လာရတော့သည်။ ထုံ့ပိုင်းထုံ့ပိုင်းသာ ဖတ်ဖြစ်သည်မို့ အာရုံမှာ ကပ်ငြိခြင်း မရှိဟု ဝန်ခံပါသည်။

သို့သော် အစအဆုံး စုပြီးသား စာမူကြီး ကျွန်တော်ထံ ဒုတ်ဒုတ်ထိ ရောက်လာ၏။ တစ်စုတစ်စည်းတည်း ဖတ်ဖြစ်သွားသည်။ ကျွန်တော့်ခံစားမှုလည်း ပြောင်းသွားသည်။ 'အဆိုင်းမင့်' မည်ကာမတ္တ မဟုတ်တော့ပါ။ လိုလိုလားလားကြီးပင် ကျွန်တော် အမှာစာ ရေးချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာသည်။ ဦးဘုန်း(ဓာတု)သည် သူ့စာမူထဲကအတိုင်း အခြေခံကျင့်စဉ် (၁၅)ချက်ကို ဆောက်တည်လျက် ကျွန်တော့်ထံ မေတ္တာပို့လွှတ်ခဲ့လေသလား မသိပါ။

♠♠♠

သူ့ကို အကြောင်းပြု၍ ကိုယ့်အကြောင်း ပြောသည်ဟု ဆိုလျှင်လည်း ခံပါမည်။ ဦးဘုန်း(ဓာတု)၏ 'မေတ္တာ... နံနက်ခင်း'ကို ဖတ်ရချိန်ကာလ အပိုင်းအခြားတွင် ကျွန်တော့်မှာလည်း အလားတူ ဓာတ်ခံက ရှိနေလေသည်။ ဓာတ်ခံက နှစ်ခု။ တစ်ခုမှာ ပြီးခဲ့သော ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ရန်ကုန်၊ အမျိုးသားဓာတ်ရုံတွင် ကျွန်တော် တစ်ကိုယ်တော် ဟောပြောခွင့် ရခဲ့သည်။ 'ဗုဒ္ဓနေ့'အထိမ်းအမှတ် ဓမ္မစာပေဟောပြောပွဲ။

ထိုဟောပြောပွဲတွင် ကျွန်တော်က 'ကျွန်တော်တို့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် ဆိုသူများသည် ကုသိုလ်ရေး၊ ဒါနရေးကိုသာ တွင်တွင်ရှေးရှုပြုနေကြပြီး ကုသိုလ်ရရာရကြောင်း အခြေခံဖြစ်သော အသိဉာဏ်ပညာ ဓမ္မရသ၊ ဓမ္မသုတ ရှာဖွေဆည်းပူးဖို့မှာတော့ လျော့နည်းပေါ့ဆနေကြ၏' လို့ ထည့်ပြောခဲ့ပါသည်။

သဒ္ဒါစရိုက် ပြဋ္ဌာန်းသူ အချို့ကတော့ ကျွန်တော်၏ ထိုထောက်ကွက်ကို မကြိုက်ကြဟု ပြန်ကြားရသည်။ ပြောလိုသည်မှာ ထိုဟောပြောပွဲအရှိန်က ပရိသတ်တော့ မသိ။ ဟောသူ ကျွန်တော်ကိုယ်တိုင်၏ သန္တာန်မှာ အရှိန်မသေချင်သေးပါ။ 'မင်းက အဲဒီလို ပြောချရအောင် မင်း ကိုယ်တိုင်ကကော...' ဟုလည်း မေးမိသည်။ ဆရာဇော်ဂျီ၏ 'ပန်ခဲ့သည်ပဲ' ကဗျာထဲကလို 'အို... အချင်း... ကျူရိုးရှင်၊ သူ့မူရာ သူ့အတင်း၊ မင်းဆိုခဲ့စဉ်၊ မင်းကိုလဲ မင်းပင်လျှင်၊ ဘာထင်လို့လေလဲ'။

ဒုတိယခါတ်ခံမှာ ယခု ကျွန်တော် ပြန်ဖတ်သော စာအုပ်တစ်အုပ်နှင့် ဆိုင်သည်။ 'ပြန်ဖတ်'ဟု ပြောရခြင်းမှာ ပထမအကြိမ် သာမန်ကာလျှံကာ ဖတ်ထားခဲ့ပြီး ယခုမှ တစ်လုံးစီ တစ်ပိုဒ်စီကို စေ့စေ့ငုငုကြီး ပြန်ဖတ်နေသောကြောင့် ဖြစ်ပါသည်။ စာအုပ်မှာ 'ဓမ္မဘေရီ အရှင်ဝီရိယ-တောင်စွန်း၊ သက်တော် ၆၅ နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆရာတော် လက်ဆောင်ပေးခဲ့သော 'လူတိုင်းအတွက် ပဋ္ဌာန်း' ဖြစ်ပါသည်။

စာအုပ်တစ်နေရာတွင် မိုးညှင်းဆရာတော်ကြီး မိန့်ကြားတော်မူခဲ့သော စကားတစ်ခွန်းကို ဓမ္မဘေရီ ဆရာတော်က ကိုးကားဖော်ပြထားသည်။ မိုးညှင်းဆရာတော်ကြီး မန္တလေး မဟာမုနိဘုရားကြီးနား တရားဟောခဲ့စဉ် ဆရာတော်ကြီးက...

"ဟရိတို့ရေ... ဟောဒီနားတစ်ဝိုက်မှာ စာသင်တိုက်ကြီးတွေ ဝိုင်းဝိုင်းလည်လို့ဗျ။ အဲဒီစာသင်တိုက်ကြီးတွေမှာ စာချအကျော်အမော် ဆရာတော်ကြီးတွေကလည်း ပဋ္ဌာန်းကို ကျကျနန နားလည်ပြီး စာသင်သားတွေကို သင်ပေးနေတာပေါ့။ အဲဒီ ဆရာတော်ကြီးများ ပို့ချနေတာကတော့ ပိဋကတ်တော်မှာ လာတဲ့အတိုင်း စာသံပေသံတွေနဲ့ ခံ့ခံ့ညားညား၊ ဘုရားနှုတ်ကပါဠိတော်အတိုင်း ဟောတာဖြစ်လို့ 'စာပဋ္ဌာန်း' လို့ ဆိုကြပါစို့ဗျာ"

ဆရာတော်ကြီးက ဆက်လက်၍ သက္ကာယဒိဋ္ဌိကြီး တန်းလန်းပါနေသော 'ငါပဋ္ဌာန်း'အကြောင်း ဟောပါသည်။ ဆက်လက်၍…'

"အခု ကျုပ်တို့ဟောမှာကတော့ စာပေကျမ်းဂန်နဲ့လည်း မလွတ်စေဘဲ ဘုရားရှင် အာဘော်လည်း ကျအောင်၊ ရပ်သူရွာသား လူအများလည်း သဘောပေါက်နိုင်အောင် ဟောမှာဖြစ်လို့ 'ရွာပဋ္ဌာန်း'လို့ ဆိုရလိမ့်မယ်ဗျာ"

ဆရာတော်ကြီး သုံးသွားသော စကားတစ်လုံး ရှိပါသေးသည်။ စာသင်တိုက် စာချဆရာတော်ကြီးများကတော့ ပဋ္ဌာန်းဒေသနာတော်ကြီးကို အလုံးအရင်းနှင့် သိအောင် ပို့ချခြင်း ဖြစ်၍ 'ပဋ္ဌာန်းကုမ္ပဏီကြီးတွေ' ဟု ဆိုရမှာဖြစ်ကြောင်း၊ မိမိမှာမူ ထိုကုမ္ပဏီများမှတစ်ဆင့် သင်ယူမှတ်သားပြီး ရပ်ထဲရွာထဲ ရောက်နိုင်သမျှ ရောက်အောင် လှည့်လည် ဖြန့်ချိနေရသဖြင့် 'ခေါင်းရွက်ဗျပ်ထိုး ပဋ္ဌာန်းတရားလေးတွေ' ဖြစ်ကြောင်း…။

ဓမ္မဘေရီ ဆရာတော်ကလည်း 'လူတိုင်းအတွက် ပဋ္ဌာန်း' စာအုပ်မှာ လူတိုင်း၏ သန္တာန်မှာ ရှိနေသော ပဋ္ဌာန်းသဘောကို လူတိုင်း သိတန်သလောက် သိနိုင်အောင် ရေးပြမှာ ဖြစ်ကြောင်း အဖွင့်တွင် ဆိုထားပါသည်။

ဤဓာတ်ခံနှစ်ခု ရှိထားနှင့်ပြီး ဖြစ်သည့် ကျွန်တော့်မှာ မြတ်စွာဘုရား၏ တရားတော်အစုစုတို့သည် ကာလ၊ ဒေသ၊ လူမျိုးနွယ်မရွေး 'အပလိုင်း' ဖြစ်ပါပေသည်တကား… ဟု နှလုံးသွင်းကာ အကျေနပ်ကြီး ကျေနပ်နေချိန် ဖြစ်ပါသည်။

ဤအချိန်တွင် ဦးဘုန်း(ဓာတု)၏ 'မေတ္တာ… နံနက်ခင်း' စာစုကို တစ်စုတစ်ဝေးတည်း ဖတ်လိုက်ရသောအခါ 'ဒီအမှာစာ ငါမှအပ ဘယ်သူရေးရမှာလဲ' ဟုပင် မုဒုနှင့် အနတိမာနီ ကင်းချင်သလိုလို ဖြစ်သွားမိပါသေးသည်။

♠♠♠

'မေတ္တာ… နံနက်ခင်း'တွင် ဦးဘုန်း(ဓာတု)က ပုဂ္ဂိုလ်နှစ်ဦး အချီအချစကားပြောခန်း ပုံစံကို သုံးထားသည်။ ပုဂ္ဂိုလ်တစ်ဦးမှာ သူကိုယ်တိုင် ဖြစ်၍ အခြားပုဂ္ဂိုလ်တစ်ပါးမှာ သူ့အိမ်သို့ ကြာသပတေးနေ့ နံနက်တိုင်း ဆွမ်းခံကြွသော ဦးပဥ္စင်း အရှင်ဝဇီရဉာဏ ဖြစ်သည်။

အချို့အချ စကားပြောခန်းဖြင့် ပုံဖော်ထားသော အဖွဲ့မှာ ဤစာစု အတွက် ကွက်တိပင် ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဤတွင် ဝတ္ထုရေးသော ကျွန်တော်တို့က ဇာတ်ဆောင်စရိုက် သဘောလေးကို သွားတွေ့လိုက်မိသည်။

လူပုဂ္ဂိုလ် (ဦးဘုန်း-ဓာတု)က မသိသေးတာကို သိချင်သူ၊ ဝေဝါးဝါး အသိကို ပြက်ထင်ထင် အသိအဖြစ် ပြောင်းလဲလိုသူ။ စစ်စစ်ပေါက်ပေါက် မေးတတ်သူ၊ ဖြေသမျှကို နှလုံးတွင် ပိုက်ထုပ်သိမ်းဆည်းလိုသူ (စပ်စုသူ မဟုတ်)။ ထိုမျှသာမက သူ့ကိုယ်သူရော၊ သူ့ပတ်ဝန်းကျင်ကိုပါ အားမလို အားမရ ဖြစ်နေမှု၊ သူ ရှင်သန်ကျင်လည်နေရသော လူ့အဖွဲ့အစည်းအပေါ် သက်ပြင်းတရှိုက်ရှိုက်၊ တချချဖြစ်နေသူ၊ အထူးသဖြင့် တာဝန်ခံတာဝန် ရှိထား ပြီး တာဝန်မယူ တာဝန်မကျေကြသူများကို ကြည့်ပြီး မောနေသူ၊ အရွက်များပြီး အသားမပါသည့် ဖြစ်ရပ်များအပေါ် မကျေမချမ်း ဖြစ်နေသူ။

ရဟန်းပုဂ္ဂိုလ်ကကော အရိယာ မဟုတ်သေးသည့် ပုထုဇဉ်ရဟန်း ပေပဲ။ သူလည်း လူပုဂ္ဂိုလ်နည်းတူ ခံစားချက် ရှိနေသည်သာ။ သို့သော် ဘုရားသားတော်ပီပီ ဓမ္မဖြင့် ချိန်ထိုး၊ သဘာဝဖြင့် သုံးသပ်၊ တရားကိုယ်ဖြင့် ဆင်ခြင်ကာ ဦးဘုန်း(ဓာတု) မေးသမျှကို စိတ်ရှည်လက်ရှည် ကွင်းကွင်း ကွက်ကွက် ဖြေတတ်သူ။

ထိုသို့သော စရိုက်သဘာဝ ရှိသူတို့အကြား ဖြစ်ပေါ်သော စကားဝိုင်း။

သို့သော် 'သင္ကော'မှ အစပြုကာ 'နစခုဒ္ဒမာစရေကိဉ္စိ' အထိသော အချက်(၁၅)ချက်သည် ပြတ်ပြတ်လင်းလင်း ပေါ်လာလေသည်။ အချက် (၁၅)ချက်ဖြင့် ချိန်ထိုးလိုက်သော မီးမောင်းရောင်တန်းကြီးထဲမှာ မကိုးမကား နိုင်သူတွေ၏ ရုပ်ပုံလွှာများကလည်း အထင်သား။ (သည်အထဲတွင် စာဖတ်သူ လည်း မိမိကိုယ်မိမိ ပြန်ကြည့်နိုင်ပါသေးသည်)။

ထို့ကြောင့် 'ဒိုင်ယာလော့'ပုံစံသည် ဤစာစုအတွက် ကွက်တိပုံစံ ဖြစ်သည်ဟု ဆိုရခြင်း ဖြစ်ပါသည်။ ဆရာကြီးပါရဂူ၏ ဆောင်းပါးတစ်ပုဒ် (ခေါင်းစဉ် မမှတ်မိတော့ပါ)ကိုလည်း အမှတ်ရလိုက်မိသည်။ ဆရာပါက မြတ်စွာဘုရား တရားဒေသနာ ဟောကြားဆုံးမတော်မူရာတွင် အပြန်အလှန် စကားပြောခြင်းကို အဓိကထား သုံးတော်မူသည်ဟု ဆိုသည်။ ဘုရားရှင်သည် ကြားနာသူ၏ လွတ်လပ်ခွင့်ကို အသိအမှတ်ပြုသည်။ မေးခွန်းများ မေးသည်။

တစ်ဖက်သားအပေါ် ချုပ်နှောင်ကန့်သတ်ခြင်း မပြု။ မေးရင်း ဖြေရင်းဖြင့် နောက်ဆုံး 'ဒိုင်ယာလော့' ပြီးသောအခါ ကြားနာသူသည် အကျေနပ်ကြီး ကျေနပ်လျက် သစ္စာသို့ ဆိုက်သွားသည်။ ပါရမီခံကောင်းသော ဉာဏ်ကြီးသော ပုဂ္ဂိုလ်ဆိုလျှင် အရိယာဆိုက်သွားသည်။ ကျွန်တော်တို့ 'ဘုရားနည်း' ကို မေ့နေကြသလား မသိ။ သံသယတွေ၊ ဝေးကွာမှုတွေ၊ နားလည်ခြင်း လွဲမှုတွေ၊ အာဃာတတွေ၊ လျှို့ဝှက်ဖုံးကွယ်မှုတွေ၊ လိမ်ညာမှုတွေ အားလုံး အားလုံးကို တစ်စက်တစ်မှုန်မျှ မကျန်ရလေအောင် ရှင်းလင်းပစ်နိုင်သည်မှာ စစ်မှန်သော 'ဒိုင်ယာလော့'ပင် ဖြစ်လေသည်။

♠♠♠

ဇာတ်ဆောင်စရိုက်၊ 'ဒိုင်ယာလော့' စသည်ဖြင့် ရေးနေရင်း သတိရ မိတာတစ်ခု ပြောချင်ပါသည်။ ဦးဘုန်း(ဓာတု)၏ စာစုကို ဖတ်ပြီးနောက် ကျွန်တော်တို့ချင်း ဖုန်းပြောဖြစ်ကြသည်။ ကျွန်တော်က ကိုယ့်ဘာသာကိုယ် ရင်ခံချင်သလိုလို ဖြစ်နေသော စကားတစ်ခွန်း ပြောမိသည်။

"ရဟန်းနဲ့ ဒကာ စကားပြောသွားကြတာ ကောင်းတယ်။ ဒါပေမဲ့ အတိုင်အဖောက် ညီနေကြသလားလို့ တွေးမိတယ်။ တစ်ဖက်ဖက်က ဥပမာ-ဒကာဘက်က ဆိုပါတော့။ အတွန့်တက်တာမျိုး၊ ဆင်ခြေကန်တာမျိုး၊ ရှုထောင့်ပြောင်းကြည့်တာမျိုး ဆိုရင် ဝိရောဓိကလေး ဆိုပါတော့။ စကားဝိုင်းက ပိုပြီး လှုပ်လှုပ်ခတ်ခတ်ကလေး ရှိမလားလို့။ အဲဒီလိုဆိုရင် ပိုပြီး ကြွမလာနိုင်ပေဘူးလား"

ဦးဘုန်း(ဓာတု)က ပြန်ဖြေသည်။

"ကျွန်တော် သတိထားမိတယ်။ အဲဒါမျိုး ထည့်ရေးဖို့လည်း သတိရတယ်။ ဒါပေမဲ့ ပြဿနာက ဂျာနယ်မှာ အပတ်စဉ် ရေးရတော့ စာမျက်နှာ အကန့်အသတ်က ရှိနေတယ်။ ဒကာဘက်က အတွန့်တက်လို့ မရဘူး။ စရိုက်ပြိုင် သဘောမျိုး ထည့်ရေးလိုက်ရင် ရှည်လျားထွေပြားသွားမယ်"

ကျွန်တော် ကျေနပ်စွာ လက်ခံလိုက်ပါသည်။

နောက်တစ်ခု ကျွန်တော် နှစ်သက်မိတာကို ပြောပါရစေဦး။ 'မေတ္တသုတ်တော်'လာ အခြေခံကျင့်စဉ် (၁၅)ချက်ကို ဖွင့်ရာ၌ ဆိုင်ရာဆိုင်ရာ

အချက်များတွင် သာဓကများ ဆောင်သွားသော အရေးအသား ဖြစ်သည်။

'သင်္ကေ'တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သီပေါမင်း၊ ဦးနုနှင့် ခေတ်စနစ်တို့၏ စရိုက်များ။ 'ဥဇု'တွင် ပင်လုံညီလာခံ၊ 'သုဟုဇ္ဇ'တွင် ယောမင်းကြီး ဦးဘိုးလှိုင်၊ 'မုဒု'တွင် ဗိုလ်ချုပ်အောင်ဆန်း… စသည်ဖြင့်…။

ပြောပါရစေဦး။ 'မေတ္တာ… နံနက်'သည် လှိုက်လှိုက်လှဲလှဲဖြင့် အတည်အခံ့ ပြောကြသော စကားဝိုင်း ဖြစ်သည်။ သို့သော် ဖတ်နေရင်း ပြုံးမိစေသော အကွက်လေးများလည်း ကျွဲကူးရေပါ ပါသွားသည်။ ဘယ်လို အကွက်မျိုးပါလဲ။ 'မေတ္တသုတ်တော်'လာ အခြေခံကျင့်စဉ် (၁၅)ချက်နှင့် မညီညွတ်သော သွေဖည်သော ဖြစ်ရပ်များ၊ ပုဂ္ဂိုလ်များကို တို့ထိသွားခြင်း ဖြစ်သည်။ အဲဒါ ဦးဘုန်း(ဓာတု)ပဲဟု စိတ်ထဲက ရေရွတ်မိလေသည်။

တစ်ဆက်တည်းမှာပင် သြော်… မေတ္တာဓာတ် ကြီးမားရှာတဲ့သူ၊ မေတ္တာအကြောင်း ဖွင့်ဆိုရင်း ဦးဘုန်း(ဓာတု) ကရုဏာဒေါသောတွေ ဖြစ်နေရှာပါပကောဟု တွေးမိပြန်ပါသည်။

♠♠♠

အမှာစာလည်း မရှည်သည့်တိုင် မတိုတော့ပြီ။ နိဂုံးချုပ်ပါမည်။

'မေတ္တသုတ်တော်'လာ အခြေခံကျင့်စဉ် (၁၅)ချက်ကို တစ်ချက်ချင်း ဦးဘုန်း(ဓာတု)က လောကသဘာဝ မျက်နှာပြင်ပေါ်မှာ တင်၍ ပြပါသည်။ ဘုရားရှင်၏ ဒေသနာတော်သည် တစ်လောကလုံးအတွက် 'အပလိုင်း' ဖြစ်ကြောင်း ခိုင်ခိုင်မာမာ ဖွင့်ဆိုထားသည်။ အထူးသဖြင့် 'ယသာနုဘာဝ တော…' ကို တွင်တွင်ကြီး ရွတ်နေကြသော ကျွန်တော်တို့၏ အီလည်လည် ယောင်ဝါးဝါး မြန်မာ့လူ့အဖွဲ့အစည်းအတွက် စာရေးဆရာတစ်ယောက် အလုပ် လုပ်ခဲ့ပေပြီ။

တစ်စုံတစ်ခုကို အခြားတစ်ပါးသူများထံ ရောက်စေလိုလျှင်၊ ပေးမျှလိုလျှင် ထိုတစ်စုံတစ်ခုက မိမိထံမှာ ကောင်းစွာ တည်ရှိနေရမှာ ဖြစ်ပါသည်။ ကိုယ့်မှာမှ မရှိဘဲ ဘယ်သူ့ကို ဘယ်လို ပေးလို့ရမည်နည်း။ ရှင်းပါသည်။

ကရားထဲမှာ ရေပြည့်နေမှ ငုံလင့်နေကြသော ပန်းကန်လုံးလေးများ ထဲသို့ လောင်းငှဲ့ပေးနိုင်မှာ ဖြစ်သည်။ ကျွန်တော်တို့၏ ကရားတွေက အပေါက်

တွေနဲ့လား၊ အအက်တွေလား၊ အပိန်အလိမ်တွေလား၊ နှုတ်သီးပေါက် ဗိတ်နေသလား။ ဒါမှမဟုတ် ကရားမှ ဟုတ်ရဲ့လား…။

မေတ္တာစာတက်… ကိုယ်နှိုက်ကမှ ချည့်နဲ့နေလျှင်…။

ကရုဏာ… တကယ့်ကရုဏာ၊ မုဒိတာ.. တကယ့်မုဒိတာ ဘယ်မှာလာ ဆင့်ပွားဖြစ်တည်နိုင်တော့မည်လဲ…။ သို့ဆိုလျှင် ဤလောကကြီး အဘယ်မှာလျှင် ငြိမ်းချမ်းလှပနိုင်တော့မှာလဲ။

မိတ်ဆွေကြီး ဦးဘုန်း-ဓာတု (ကျွန်တော်က သူ့ကို ချစ်ခင်လေးစားအပ်သော ညီငယ်တစ်ယောက်အဖြစ် သီချင်းလေးတစ်ပုဒ်ကို ကိုးကားလျက် 'ပျို့မောင်ဘုန်း တစ်ရွာလုံး ရှုမဆုံးပေ'ဟု ခေါ်တတ်သော 'ပျို့မောင်ဘုန်း') သည် လူသာစုခေါ်၊ နတ်သာစုခေါ် အလုပ်တစ်ခုကို လုပ်နိုင်ခဲ့ပေပြီ။ ကောင်းလေစွ။

မေတ္တာ သဒ္ဒေါ အနန္တော ဆိုသည်နှင့်အညီ…။


မေတ္တာ၏ အသံသည် ဆုံးစမထင် ပျံ့လွင့်ရိုက်ခတ်ပါစေသတည်း…။

ချစ်ဦးညို

(၆-၆-၂၀၁၄)

(ခေတ္တ-မြင်းခြံ)

# မေတ္တာ... နံ့နက်ခင်း




**မေတ္တာ** - သူတစ်ပါး၏အကျိုးကို
အစစ်အမှန် လိုလားသည့်
တွယ်တာကပ်ငြိခြင်း ကင်းသော စိတ်

♠ အမယ်လေး… မောလိုက်တာ…

အားလုံးကို လိုက်ပြီး ညွှန်ကြားနေရတဲ့ ငါ့ဘဝ… မလွယ်ပါလား။

ငါ မရှိရင်… ဒီအိမ်ကြီးတော့… ခက်ရချေသေးရဲ့။

ငါ… မနက်တိုင်း မေတ္တာပို့သနေလို့

ဒီအိမ်ကြီး ကျက်သရေရှိနေတာ၊

သူတို့က မသိကြဘူး။

အင်းပေါ့လေ…

“မေတ္တာသုတ်တော်” တောင် သဘောမပေါက်တဲ့သူတွေ။

# မေတ္တာ• • •နံ့နက်ခင်း

“**ယဿ**-အကြင်‘မေတ္တသုတ်’တရားတော်၏၊ **အာနုဘာဝတော**-အစွမ်းကြောင့်၊ **ယက္ခာ**-နတ်အပေါင်းတို့သည်၊ **ဘီသနံ**-ကြောက်မက်ဖွယ် အာရုံမျိုးကို၊ **နေဝဒဿေန္တိ**-မပြနိုင်ကြကုန်”

အပျိုကြီး နှင်းနှင်း။ နံ့နက် (၅)နာရီကျော်သည်နှင့် မေတ္တာပို့လေပြီ။ အသက်က (၇၅)နှစ်။ အသံကတော့ ကျယ်သလား မမေးနဲ့။ မေတ္တာပို့ကို တေးထပ်သဖွယ် ရွတ်ဆိုတတ်သူလည်း ဖြစ်သည်။ သူ မေတ္တာပို့သခဲ့သည်မှာ နှစ်(၅၀)ကျော်ပြီ။ သူ့မေတ္တာ ရောက်၊ မရောက်တော့ ကျွန်တော် မသိ။ သူ မေတ္တာပို့သနိုင်ရန်အတွက်၊ အေးအေးဆေးဆေး ဘုရားဝတ်ပြုနိုင်ရန်အတွက် ဘုရားခန်းကို အကျယ်ကြီး လုပ်ပေးထားရသည်။ သပ်သပ်ရပ်ရပ် ဖန်တီးပေး ထားရသည်။

“**ဟေ**-အို… သူတော်ကောင်းတို့၊ **မယံ**-ငါတို့သည်၊ **ဘဏာမ**-ရွတ်ကြကုန်စို့၊ **သန္တံ**-ငြိမ်သက်သော၊ **ပဒံ**-နိဗ္ဗာန်ကို၊ **အဘိသမေစ္စ**-ထွင်းဖောက်သိမြင်၍…”

ထိုသို့ ရွတ်ဖတ်နေစဉ်…

“ဒီမယ်ဟေ့၊ ဒီမှာ ‘မေတ္တသုတ်’ ရွတ်နေတယ်၊ မကြားကြဘူးလား။ ငါ ရွတ်နေတဲ့ ‘မေတ္တသုတ်တော်’ကို အာရုံစိုက်ကြမှပေါ့။ စာကျက်ရင်လည်း တိုးတိုးကျက်၊ အနှောင့်အယှက် ဖြစ်တယ်ဟေ့။ တကတဲ၊ စာကျက်တာများ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား အော်ဟစ်ပြီး ကျက်နေရတယ်လို့”

တကယ်တော့ နှင်းနှင်း၏မေတ္တာပို့သံကို တစ်ရပ်ကွက်လုံးက **နေ့စဉ်** ကြားနေရပါသည်။ ပါဠိအသံထွက်က မမှန်၊ အဖြတ်အတောက်က **လွဲ**။

အသံကို မဆွဲသင့်တဲ့နေရာမှာ ဆွဲ။ ဘာပဲဖြစ်ဖြစ်... သူ၏ မေတ္တာပို့သမှုက ကျွန်တော်တို့အိမ်၏ နံနက်ချိန်ခါ တေးသံသာ ဖြစ်သလို အားလုံးအတွက် နိူးစက်လည်း ဖြစ်ပါသည်။

"မေတ္တသုတ်တော်... ဘယ်နား ရောက်သွားမှန်းတောင် မသိဘူး။ တော်တော်အသံကျယ်တဲ့ ကလေးတွေ။ ခွင့်လွှတ်တော်မူပါဘုရား၊ တပည့်တော်မ ဆက်ပြီး ရွတ်ပါ့မယ်"

ထိုအချိန်တွင် မီးဖိုခန်းထဲ၌ နံနက်စာအတွက် ချက်ပြုတ်နေကြပြီ။ ရဟန်းသံဃာတော်များကို ဆွမ်းလောင်းရန်အတွက် ပြင်ဆင်နေကြပြီ။ လမ်းလျှောက်သံတွေ၊ အိုးခွက်ပန်းကန် ဆေးကြောသံတွေ၊ ရေတင်သံတွေ ဆူညံလို့ လာပြီ။

"ကဲ... ကဲ... **ယံကရဏီယံ**-အကြင်ပြုရမည့် သိက္ခာသုံးရပ် အကျင့်မြတ်သည် ပြုသင့်သောအမှု၊ ပြုရသောမဂ်ကိစ္စသည်၊ **အတ္ထိ**-ရှိ၏၊ **တံ**-ထိုသိက္ခာသုံးရပ် အကျင့်မြတ်ကို..."

'မေတ္တသုတ်တော်' ရွတ်ဖတ်နေရာမှ ရပ်တန့်လိုက်ပြီး မီးဖိုချောင်ထဲသို့ အော်၍ ပြောလိုက်ပြန်သည်။

"ကေကေ"

ကေကေက နှင်းနှင်း၏ မြေးအကြီးဆုံး။ သူက ဒီအိမ်တစ်ခုလုံး၏ မန်နေဂျာ။ သူ ချက်ပြုတ်ကျွေးမွေးသမျှကို တစ်အိမ်လုံးက စားကြရသည်။

"ရေတင်သံ ကြားတယ်။ ဒါဆိုရင် လျှပ်စစ်ထမင်းအိုးကို မတည်နဲ့ဦး၊ ကြားလားဟေ့။ လျှပ်စစ်မီးအားတွေက ကောင်းတာ မဟုတ်ဘူး။ ဟင်း... ဒီမှာဖြင့် 'မေတ္တသုတ်တော်'ကို ကောင်းကောင်းမရွတ်ရဘူး"

အပျိုကြီး နှင်းနှင်းက ဒီအိမ်မှာ အသက်အကြီးဆုံး။ အပျိုကြီး ဖြစ်သောကြောင့် ပေါင်းရသင်းရ အလွန်ခက်သည်။ တစ်ခါတစ်ရံ သူက အလိုက်မသိ။ သူ့စိတ်ထဲ ထင်သလို ပြောတတ်သည်။ ထင်သလို လုပ်တတ်သည်။ အခုလည်း ဘုရားခန်းထဲမှ နေပြီး အားလုံးကို အမိန့်တွေ ပေးနေသည်။ အာဏာတွေ ပြနေသည်။ ဥပဒေတွေ ထုတ်နေသည်။ အသက်အကြီးဆုံး ဖြစ်၍ အားလုံးက အလျှော့ပေးထားရသည်။ ဒါကို သူက နားမလည်။

"အရှင်ဘုရား တပည့်တော် ဆက်ပြီး ကန်တော့ပါရစေဘုရား။ ဘယ်

ရောက်သွားမှန်း မမှတ်မိတော့ပါ။ ခွင့်လွှတ်တော်မူပါဘုရား။ ကရဏီယံ၊ အတ္ထိတံလောက်တော့ ရောက်ပြီထင်ပါရဲ့ ဘုရား။ ကဲ… ကဲ… ဒါဆိုရင် လည်း…"

'မေတ္တသုတ်တော်'ကို ဆက်၍ ရွတ်ပြန်လေပြီ။

"**အတ္ထိ**-ရှိ၏၊ **တံ**-ထိုသိက္ခာသုံးရပ် အကျင့်မြတ်ကို၊ **ကရဏီယံ**-ပြုထိုက်၊ ကျင့်ထိုက်ပေ၏၊ **သက္ကောစ**-စွမ်းနိုင်သူသည်လည်းကောင်း၊ **ဥဇုစ**-ဖြောင့်မတ်သူသည် လည်းကောင်း၊ **သုဟုဇုစ**-အထူးဖြောင့်မတ်သူသည် လည်းကောင်း၊ **သုဝစောစ**-ဆိုဆုံးမလွယ်သူသည် လည်းကောင်း…"

ထိုသို့ ရွတ်ဖတ်နေစဉ် အိမ်၌ မွေးထားသော 'ကျားသစ်မ' ဟူသည့် ကြောင်မကြီးက ဘုရားစင်ပေါ်သို့ ခုန်၍ တက်လိုက်သည်။ ထိုကြောင်မကြီးကို 'နှင်းနှင်း'က မြင်လေ၏။

'မေတ္တသုတ်တော်' ရွတ်ဖတ်ခြင်းကို ရပ်တန့်လိုက်ပြီး -

"ဟဲ့- ကျားသစ်မ၊ ဘုရားပန်းအိုးတွေ လဲကုန်တော့မှာပဲ။ တော်တော် အလိုက်မသိတဲ့ ကြောင်မ။ မနက်အစောကြီး အနှောင့်အယှက် ပေးနေပြန်ပြီ။ ဘုရားစင်ပေါ်က အခုဆင်း။ ဟဲ့… ချစ်ပေါက်၊ မနိုးကြသေးဘူးလား။ ဒီမှာ ကြောင်ကိုလာပြီး မောင်းကြစမ်း။ မိုးသီတာ… မိုးသီတာ… အိပ်နေကြ တုန်းပဲလားဟဲ့။ ဘယ်နှနာရီ ရှိပြီလဲ၊ ကြည့်ကြဦး။ ဘုရားစင်ပေါ်က ကျားသစ်မကို လာပြီး ဖမ်းကြစမ်း။ တော်တော်ဆိုးတဲ့ ကြောင်မ။ ဘုရားကို ကောင်းကောင်း မကန်တော့ရဘူး"

ထိုသို့ ပြောနေစဉ် ကျားသစ်မက ဘုရားစင်ပေါ်မှနေပြီး နှင်းနှင်းကို 'ညောင်… ညောင်… ညောင်…' ဟု ပြန်ပြီး အော်လေသည်။

"တယ်… ဒီကြောင်မ၊ ငါ့ကို ပြန်ပြီးပြောနေပြန်ပြီ။ ဘုရားစင် ပေါ်က အခု ဆင်းစမ်း။ မီးဖိုချောင်ထဲက တစ်ယောက်လောက်… ဒီကို ယူခဲ့ဦး"

မိုးသီတာက လုပ်လက်စ အလုပ်များကို ချထားခဲ့ပြီး ဘုရားခန်းဆီသို့ အပြေးအလွှား ရောက်လာပြီး ကျားသစ်မကို ပွေ့ချီလိုက်သည်။

"အဲဒီ ကျားသစ်မကို အိမ်သာထဲ ထည့်ထားပြီး တံခါးပိတ်ထားလိုက်။ [illegible]ညာပို့တာ ပြီးပြီဆိုမှ တံခါးကို ဖွင့်ပေးလိုက် ကြားလား။ ဒီကြောင်မကို

အဲဒီလိုလုပ်မှ ငါမေတ္တာ ကောင်းကောင်းပို့လို့ရမှာ။ အမယ်လေး မောလိုက်တာ”

နှင်းနှင်း၏ အမိန့်အာဏာ စကားသံများဖြင့် ကျွန်တော်တို့၏ အိမ်နံနက်တိုင်း နိုးထခဲ့ရသည်မှာ နှစ်(၅၀)ကျော်ပြီ။

“ကဲ… ‘မေတ္တာသုတ်တော်’ကို ပြန်ပြီးရွတ်မှ ဖြစ်မယ်။ **သက္ကောစ**-စွမ်းနိုင်သူသည် လည်းကောင်း၊ **ဥဇူစ**-ဖြောင့်မတ်သူသည် လည်းကောင်း၊ **သုဟုဇူစ**-အထူးဖြောင့်မတ်သူသည်လည်းကောင်း၊ **သုဝစောစ**-ဆိုဆုံးမလွယ်သူသည်လည်းကောင်း၊ **မုဒုစ**-နူးညံ့ပျော့ပျောင်းသူသည်လည်းကောင်း၊ **အနတိမာနီစ**-မာန်မာန ထောင်လွှားခြင်း မရှိသူသည်လည်းကောင်း၊ **အသာ**-ဖြစ်ရာ၏၊ **သန္တုဿကောစ**-တင်းတိမ်ရောင့်ရဲလွယ်သူသည်လည်းကောင်း၊ **သုဘရောစ**-အမွေးအမြူ လွယ်သူသည်လည်းကောင်း၊ **အပ္ပကိစ္စောစ**-နည်းပါးသော ကိစ္စရှိသူသည် လည်းကောင်း…”

‘မေတ္တာသုတ်တော်’ ရွတ်ဖတ်နေရင်း နှင်းနှင်း၏အသံ ရပ်တန့်သွားပြန်လေ၏။ ဘာများဖြစ်ပါလိမ့်ဟု အိပ်ရာထဲမှ နေပြီး ကျွန်တော်က နားစွင့်နေမိသည်။

“အလိုတော်…”

အသံထွက်လာပြီ။

“မေတ္တာပို့လို့မှ မဆုံးသေးဘူး။ လျှပ်စစ်မီးက ပျက်သွားပြန်ပြီ။ တော်တော် စိတ်ညစ်စရာကောင်းတဲ့ လျှပ်စစ်မီး။ စွမ်းအင်ဝန်ကြီးဌာနက ဘာလုပ်နေကြသလဲ မသိဘူး။ ဟော… လူတွေ အိပ်ရာက နိုးရင် လျှပ်စစ်မီးက ပျက်ပြီ။ လူတွေ အိပ်ရာဝင်ပြီဆိုရင် လျှပ်စစ်မီးက လာပြီ။ တကယ့် တလွဲဝန်ကြီးဌာန။ လျှပ်စစ်မီး မီတာခတော့ မှန်မှန်တောင်းသလား မမေးနဲ့။ ရိုးရိုးအိမ်သုံး မီတာလား၊ လုပ်ငန်းသုံး မီတာလား… မေးလိုမေး။ မီတာကောက်ဖို့ကျ သတိရတယ်။ လျှပ်စစ်မီး မှန်မှန်ပေးဖို့ကိုတော့ ရှူးချင်ယောင်ဆောင်နေတယ်။ မီတာခဆောင်ဖို့ ပျက်ကွက်လိုက်တာနဲ့ မီးဖြတ်မယ်လေး… ဘာမလေး။ ဟင်း… မပြောလိုက်ချင်ဘူး။ ဟဲ့… မိုးသီတာ၊ တရုတ်ဓာတ်မီးယူခဲ့စမ်း။ ဂက်စ်မီးခြစ်လည်း ယူခဲ့။ တံခါး ထဖွင့်ဦးမှပါ။ ပူလိုက်… အိုက်လိုက်တာ”

တံခါးဖွင့်သံ ကြားလိုက်ရသည်။ ဘုရားစင်ပေါ်ရှိ ဖယောင်းတိုင်များကို မိုးသီတာက မီးထွန်းညှိပေး၏။ ဘုရားအား မီးပူဇော်၏။

"ဖြည်းဖြည်းလုပ်ပါ မယ်မင်းကြီးမရယ်။ ဘာလဲ၊ နင်က ငါခေါ်လို့ စိတ်တိုနေတာလား။ ဒီမှာ မေတ္တသုတ်တော် ရွတ်နေတာ။ ငါ့ကို ကူညီကြ။ ဟဲ့... ဖယောင်းတိုင်ကို မီးညှိရင် လက်ဝါးလေးနဲ့ ကာရတယ်ဟဲ့။ ဒီလောက်လေးမှ မသိဘူးလား"

မိုးသီတာက အပြုံးမပျက်ပါ။ နှင်းနှင်းကို စိတ်မဆိုးပါ။ နှင်းနှင်းခိုင်းသမျှကို စိတ်ရှည်လက်ရှည် လုပ်ကိုင်ပေးရှာသည်။

"သမီး ထိုင်စောင့်ပေးရမလား။ မီးဖိုချောင်ထဲမှာတော့ သမီးလုပ်လက်စ အလုပ်တွေ ရှိနေသေးတယ်"

"ညည်းသဘော... ညည်းသဘော"

နှင်းနှင်းအသံက အော်သံ၊ ငေါက်သံ၊ အမိန့်ပေးသံတွေ ပါနေလေ၏။

"အရှင်ဘုရား... တပည့်တော်မ ဆက်ပြီး 'မေတ္တသုတ်တော်'ကို ရွတ်ဆိုခွင့်ပြုပါ ဘုရား။ **သန္တုဿကောစ**-တင်းတိမ်ရောင့်ရဲလွယ်သူသည် လည်းကောင်း၊ **သုဘရောစ**-အမွေးအမြူလွယ်သူသည်လည်းကောင်း၊ **အပ္ပကိစ္စောစ**- နည်းပါးသောကိစ္စရှိသူသည် လည်းကောင်း၊ **သလ္လဟုက ဝုတ္တိစ**-ပေါ့ပါးသော အဖြစ်ရှိသူသည် လည်းကောင်း၊ **သန္တိန္ဒြိယောစ**-ငြိမ်သက်သော ဣန္ဒြေရှိသူသည် လည်းကောင်း၊ **နိပကောစ**-ရင့်ကျက်သော ပညာရှိသူသည် လည်းကောင်း၊ **အပ္ပဂဗ္ဘောစ**-ကြမ်းတမ်းရိုင်းပျခြင်း မရှိသူသည်လည်းကောင်း၊ **ကုလေသု**-အိမ်သူအိမ်သား လူတို့၌၊ **အနနုဂိဒ္ဓေါစ**-တွယ်တာမက်မောခြင်း မရှိသူသည် လည်းကောင်း၊ **အသသ**-ဖြစ်ရာ၏။ ဟဲ့... မိုးသီတာ၊ တံခါးကို နည်းနည်းလေး လာပြီး စေ့ပေးစမ်း။ လေတိုက်လို့ ဖယောင်းတိုင်မီးက ငြိမ်းတော့မယ်ဟဲ့။ ငါ ခေါ်နေတာ မကြားကြဘူးလား"

နံနက်ခင်းတစ်ခုလုံး နှင်းနှင်း၏ အော်သံ၊ ငေါက်သံလွဲ၍ ဘာသံမှ မကြားရ။ အိမ်ရှေ့တွင် တံမြက်စည်းလှည်းသူက လှည်း၊ အမှိုက်ကောက်သူက ကောက်၊ ရေဖျန်းသူက ဖျန်း။

မကြာမီ... သံဃာတော်များ ကြွလာကြတော့မည်။ ကိုယ့်အလုပ်ဖြင့်ကိုယ်... ရှုပ်နေကြသည်။ နှင်းနှင်းတစ်ယောက်ကတော့ ဘုရားစင်ရှေ့မှာ

မေတ္တာသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း အားလုံးကို ကြိမ်းမောင်း၍ နေလေသည်။

"ဟဲ့... ဒီမှာ ဖယောင်းတိုင်မီးတွေက ငြိမ်းကုန်ပြီ။ ဘယ်သူမှ မရှိကြဘူးလား။ ခက်တော့တာပဲ။ တစ်ယောက်လောက် လာကြစမ်း"

ထိုအချိန်တွင် အငယ်ဆုံး မြေးမ ချစ်ပေါက် နိုးလာပြီ။ 'နှင်းနှင်း' အနားသို့ မဝံ့မရဲ ကပ်သွားပုံရသည်။

"ဟဲ့... ချစ်ပေါက်၊ ငါ့အနား လာစမ်း။ ဖယောင်းတိုင်မီးကို ပြန်ပြီး ပူဇော်ပေးစမ်း။ မိုးသီတာက တံခါးပေါက်တွေကို အကုန်ဖွင့်သွားတယ်။ တော်တော်မိုက်မဲတဲ့ ဟာမလေး။ တံခါးပေါက်တွေကို အရင်စေ့လိုက်ဦး။ အကုန်လည်း မပိတ်နဲ့ဦးဟဲ့၊ နည်းနည်းလေးတော့ ဟထား။ အမယ်လေး... မောလိုက်တာ။ အားလုံးကို လိုက်ပြီး ညွှန်ကြားနေရတဲ့ ငါ့ဘဝ မလွယ်ပါလား။ ငါမရှိရင် ဒီအိမ်ကြီးတော့ ခက်ရချေသေးရဲ့။ ငါ မနက်တိုင်း မေတ္တာပို့သ နေလို့ ဒီအိမ်ကြီး ကျက်သရေ ရှိနေတာ၊ သူတို့က မသိကြဘူး။ အင်းပေ့လေ၊ 'မေတ္တာသုတ်တော်'တောင် သဘောမပေါက်တဲ့သူတွေ"

သူ့အပြောအောက်တွင် ချစ်ပေါက် တစ်ယောက် မျက်စောင်းတခဲခဲ ဖြင့် နားထောင်နေမည်မှာ သေချာသည်။ နှင်းနှင်းနှင့် ချစ်ပေါက်သည် အိမ်၏ အကြီးဆုံးနှင့် အငယ်ဆုံး။ ဒီတော့ အမြဲတမ်း အဆင်မပြေကြ။

"ကဲ... မထူးပါဘူး၊ အရှင်ဘုရား တပည့်တော် 'မေတ္တာသုတ်တော်' ကို အစကနေပြီး အဆုံးထိ ပါဠိနဲ့အနက် တွဲဖက်ရွတ်ဖတ်ဖို့ အချိန်မရှိတော့ပါ ဘုရား။ ဒါကြောင့် မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ အရပ်(၁၀)မျက်နှာ မေတ္တာပို့ကိုပဲ ရွတ်ဖတ်ပါရစေတော့ ဘုရား။ ဒီအိမ်မှာရှိတဲ့ လူတွေအားလုံးက မေတ္တာနည်းကြပါတယ်ဘုရား။ တပည့်တော်မကို နားမလည်ကြပါဘူး ဘုရား၊ မကူညီကြပါဘူးဘုရား။ သူတို့အတွက် တပည့်တော်မက ရွတ်ဖတ်ပေးနေတယ် ဆိုတာ သူတို့က သဘောမပေါက်ကြပါဘူးဘုရား။ ခေတ်လူငယ်တွေများ ပြောရဆိုရ အတော်ခက်ပါတယ်ဘုရား"

ချစ်ပေါက်၏ ခြေဆောင့်သံ... သဲ့သဲ့ကို ကျွန်တော်က ကြားလိုက် ရသည်။

"ဟဲ့... ချစ်ပေါက်၊ ခြေမဆောင့်နဲ့။ ဘာလဲ၊ ညည်းတို့က ဒိဋ္ဌိတွေ

လား၊ ငါ မပြောလိုက်ချင်ဘူး"

ဤသို့ ပြောပြီး နှင်းနှင်းက အရပ်(၁၀)မျက်နှာ မေတ္တာပို့ကို စတင်ပြီး ရွတ်ဖတ်လေတော့သည်။ အရှေ့အရပ်မှ စပြီး မေတ္တာပို့လေ၏။ ပြီးနောက် အရှေ့တောင်အရပ်၊ တောင်အရပ်။ ဤသို့ဖြင့် မြောက်အရပ်သို့အရောက်...

"ဟဲ့... ချစ်ပေါက်၊ ဒီကိုလာစမ်း။ ငါ့ကို ခြင်တွေ ကိုက်နေတယ်၊ မသိကြဘူးလား။ လာပြီး ယပ်ခတ်ပေးကြစမ်း။ ဒီမှာ ငါ့ကို ခြင်တွေက ချီနေကြပြီ"

ချစ်ပေါက်က နှင်းနှင်းအနားသို့ အပြေးအလွှား ရောက်သွားလေ၏။ ချစ်ပေါက်၏ ဘယ်ဘက်လက်ထဲတွင် ယပ်တောင်တစ်ချောင်း ကိုင်ထား၏။ ညာဘက်လက်ထဲတွင်မူ လျှပ်စစ်ဓာတ်အား သွင်းထားသော ခြင်ရိုက်ဘတ်တံ တစ်ခု ပါလေ၏။ ချစ်ပေါက်က နှင်းနှင်းကို ယပ်ခတ်ပေးပြီး ခြင်များကို ခါပေး၏။ ခြင်များက တဝီဝီ။ မန္တလေး 'ခြင်'ဆိုတာ သဲနဲ့ ဆုပ်ပြီး ပက်သလို မျိုး။ ဒီတော့ ယပ်တောင်က မနိုင်။

"ဟဲ့... ချစ်ပေါက်၊ သေချာ ခတ်စမ်းပါဟဲ့။ နေ့းလိုက်တာ"

နှင်းနှင်း၏ အသံကိုသာ ကြားနေရသည်။

"ကဲ... မိချစ်ပေါက်၊ နင့်လက်ထဲက ခြင်ရိုက်တဲ့ 'လျှပ်စစ်ဘတ်တံ' ငါ့ကို ပေးစမ်း။ နင်သွားတော့"

နှင်းနှင်းက အရပ်(၁၀)မျက်နှာ ပြည့်အောင် မေတ္တာပို့ပြီးနောက် 'ရှည်တို အလတ်'၊ 'မြင်အပ် မမြင်အပ်'သတ္တဝါများ... ဆက်ပြီး မေတ္တာပို့နေလေ၏။

'တဖောက်ဖောက်' နှင့် ခြင်ရိုက်သံတွေက ဘုရားခန်းထဲမှာ ဆူညံလို့။

♠♠♠

# သရေ္ကာ... နံနက်ခင်း




**"သရေ္ကာ" – စွမ်းနိုင်သူ ဖြစ်ရမယ်။**

အမိနဲ့သား၊ မယားနဲ့လင်၊
အရှင်နဲ့ကျွန်၊ ထေရ်မွန်တကာ၊
မိတ်သဟာချင်း၊ ပြုခြင်းဖွယ်ရာ၊
မိမိတာကို၊ မလိုစေဘဲ၊
စွဲမြဲလုစွာ၊ ပြုလုပ်ပါမှ၊
ကြီးပွားရ၊ မုချအမှန်သာ...။

♠ သူတို့တစ်တွေ တကယ်သာ အစွမ်းထက်ခဲ့ရင်…
ဦးဇင်းတို့ တိုင်းပြည်ကြီးဟာ
အခုလောက်ဆိုရင် ကမ္ဘာ့အလယ်မှာ နံပါတ်(၁)ပေါ့။
စင်ကာပူနိုင်ငံကို ကြည့်။
"သင်္ကောစ"ဖြစ်သူတွေ ဦးဆောင်တော့
အားလုံးက မော့ကြည့်နေကြရတယ်လေ။
အခု ခက်နေတာက…။

♠ "သင်္ကောစ" မဖြစ်တဲ့သူတွေက
ကိုယ့်ကိုယ်ကိုယ် "သင်္ကောစ" ဖြစ်တယ်လို့
အမှားကို အမှန်ထင်နေကြတဲ့ မိစ္ဆာဉာဏ်ကြောင့်
ဦးဇင်းတို့ တိုင်းပြည် လူလုံးမလှ ဖြစ်နေရတာ။
အခုအထိ သူတို့က မသိကြသေးဘူး။
အချိန်တွေ နှမြောစရာကောင်းတယ်။

# သက္ကော … နံနက်ခင်း

ဤသို့ဖြင့် ကြာသပတေးနေ့ နံနက်တိုင်း အိမ်သို့ ဆွမ်းခံကြွလာလေ့ရှိသော ဦးပဥ္စင်းကို ကျွန်တော်က ဤသို့ လျှောက်ထားမိပါသည်။

"အရှင်ဘုရား၊ 'မေတ္တသုတ်တော်'အကြောင်းကို တပည့်တော် သိချင်လှပါတယ် ဘုရား၊ နားလည်ချင်ပါတယ်။ 'မေတ္တသုတ်တော်'ကို ရွတ်ဆိုပြီး လောကအပေါ်မှာ မေတ္တာမဲ့နေသူတွေ အများကြီးပါ ဘုရား။ ဒါကြောင့် မြန်မာလို သဘောပေါက်ချင်ပါတယ်။ ထိထိမိမိ နားလည်ချင်ပါတယ်။ တပည့်တော်ကို သင်ကြားပေးပါ ဘုရား"

ဦးပဥ္စင်းရဲ့ ဘွဲ့တော်က 'အရှင်ဝဇီရဉာဏ'။ ကျွန်တော်နှင့် အလွန်ရင်းနှီးပါသည်။ တစ်ပတ်လျှင် ကြာသပတေးနေ့ နံနက်တိုင်း ဆွမ်းခံကြွလေ့ရှိသည်။ ဝိနည်းမိုရ်သည်။ ဦးပဥ္စင်းက စာသမား။ ဒီတော့ ကျွန်တော်နှင့် ကီးကိုက်သည်။

"ဒကာကြီး၊ လူတွေက 'မေတ္တသုတ်တော်'ကို ရွတ်ဖတ်ပြီး နားမလည်ကြဘူး။ ရွတ်ဖတ်မှုနဲ့ပဲ ကျေနပ်နေကြတော့တယ်။ တကယ်တော့ ဦးဇင်းတို့ဘာသာတရားဟာ ကျင့်ကြံပွားများ အားထုတ်ရတဲ့ဘာသာ၊ အလုပ်လုပ်ရတဲ့ဘာသာ၊ ကိုယ်တိုင် လေ့ကျင့်ယူရတဲ့ဘာသာ၊ ယုံကြည်မှုကို အလုပ်နဲ့ဆောက်တည်ယူရတဲ့ဘာသာ။ သိမ်မွေ့တယ်၊ လေးနက်တယ်၊ တိကျတယ်။ မှန်ကန်တယ်။ အခုတော့ 'အရွတ်ဘာသာ'၊ 'အရွတ်သာသနာ' ဖြစ်နေပြီ။ သင်္ကေတဘာသာ၊ သင်္ကေတသာသနာ မဟုတ်ဘူး။ အခု 'မေတ္တသုတ်တော်'ကို ကြည့်။ 'ယံကရဏီယံ' ဆိုတဲ့ စာသားပါတယ်။ ကိုယ်တိုင်ကျင့်ကြံ ဆောင်ရွက်ရမယ့် ကိစ္စ"

ထိုနေ့နံနက်က ဦးပဥ္စင်းနှင့် ကျွန်တော် စကားကောင်းခဲ့ကြပါသည်။ ကျွန်တော်က နာယူသူ၊ မှတ်သားသူ။ ဦးပဥ္စင်းက ဝေမျှသူ၊ သင်ကြားပေးသူ။

"ကဲ… ဒီနေ့တော့ ဒကာကြီးနဲ့ ဦးဇင်းတို့ 'သက္ကောစ'ကို ထင်သာမြင်သာရှိအောင် လက်ရှိလောကသဘာဝနဲ့ ဆွေးနွေးကြမယ်"

"တင်ပါ့ဘုရား"

"မေတ္တသုတ်တော်အတိုင်း ကျင့်ကြံပွားများ အားထုတ်သူဟာ စိတ်ချမ်းသာလာမယ်၊ ကိုယ်ကျန်းမာလာမယ်၊ အေးငြိမ်းသော ဘဝကို ပိုင်ဆိုင်လာမယ်။ 'မေတ္တသုတ်တော်'မှာ မေတ္တာပို့သသူတွေ လိုက်နာကျင့်ဆောင်ရမယ့် အချက်(၁၅)ချက် ပါရှိတယ်။ အဲဒီအထဲက ပထမဆုံး တစ်ချက်ဖြစ်တဲ့ 'သက္ကောစ'…"

"မှန်ပါ့ဘုရား"

"…'သက္ကောစ'ကို ဒကာကြီး ဘယ်လို နားလည်သလဲ"

"…'သက္ကောစ'ဆိုတာ… 'စွမ်းနိုင်သူသည်လည်းကောင်း'လို့ တပည့်တော် နားလည်ပါတယ် ဘုရား"

"ဟုတ်ပြီ၊ ဒကာကြီး တွေးကြည့်။ လောကကြီးကို မေတ္တာနဲ့ ယှဉ်ပြီး ဆက်ဆံလိုသူဟာ နံပါတ်(၁)အချက် ကိုယ်ကိုယ်တိုင် စွမ်းဆောင်နိုင်သူဖြစ်နေဖို့ လိုတယ်။ စွမ်းနိုင်သူ ဆိုတာ မိမိရဲ့လုပ်ဆောင်ချက်ဟာ လောကမှာ အကျိုးဖြစ်ထွန်းလိမ့်မယ်လို့ အမှန်တကယ် ယုံကြည်ချက်ရှိသူ၊ ကျန်းမာသူ၊ မပျင်းရိသူ၊ ဝီရိယရှိသူ၊ အသိဉာဏ်ကြီးသူများကို ဆိုလိုတယ်"

"ဒီထက် နားလည်အောင် ရှင်းပြတော်မူပါဦး ဘုရား"

"ဥပမာ ပေးမယ်၊ ဆိုကြပါစို့… ဒကာကြီးရဲ့ရှေ့မှာ ရေနစ်နေတဲ့ လူတစ်ယောက်။ ဒကာကြီးက သူ့ကို ကယ်တင်ချင်တယ်၊ မေတ္တာစိတ်ဝင်လာတယ်။ ကဲ… ကိုယ်က ရေမကူးတတ်ရင် ဘယ်လိုလုပ်မတုံး။ ရေမကူးတတ်ဘူး ထားပါတော့။ ကိုယ့်မှာ လှေတစ်စင်းလောက် ရှိရင်လည်း ဖြစ်နိုင်သေးတယ်။ ဒါမှမဟုတ် ကိုယ့်မှာပါတဲ့ လက်ကိုင်ဖုန်းနဲ့ အကူအညီ တောင်းသင့်တဲ့ သူတွေဆီကို အကူအညီ တောင်းမယ်။ အဲဒီလောက်တော့ 'စွမ်း'မှ ရေနစ်သူကို ကယ်တင်လို့ ရမယ်လေ"

"တင်ပါ့ဘုရား"

"ဆိုကြပါဦးစို့၊ ဒကာကြီးရဲ့ အဖေနဲ့အမေ နေမကောင်း ဖြစ်တယ်။ ဒကာကြီးမှာ ငွေကြေး အသင့်အတင့် အဆင်သင့် ရှိနေဖို့ မလိုပေဘူးလား။

အဲဒီလောကမှ မ'စွမ်း'ရင် ဒကာကြီးရဲ့ မိဘအပေါ်ထားတဲ့မေတ္တာ ဘယ်လို လုပ်ပြီး ပေါ်လွင်တော့မလဲ။ ဒကာကြီးကိုယ်တိုင် ဆရာဝန်တစ်ယောက် ဖြစ်နေခဲ့ရင် ပိုပြီး မကောင်းပေဘူးလား။ ဒါမှမဟုတ် ဒကာကြီးရဲ့ မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းတွေထဲမှာ ဆရာဝန်တွေ ရှိနေခဲ့ရင် တော်သေးတာပေါ့။ ဒါ့ကြောင့် လောကကြီးအပေါ် မေတ္တာထားလိုသူဟာ ကိုယ်ကိုယ်တိုင် 'အစွမ်းအစ'ရှိဖို့ အရင်ဆုံး ကြိုးစားကြရမယ်။ အစွမ်းအစ ရှိသူတွေရဲ့ မေတ္တာ သည်သာ စူးရှတယ်၊ ထက်မြက်တယ်''

''ကျေးဇူးကြီးလှပါတယ် ဘုရား''

''ဒီတစ်ခါ... ဒကာကြီးကို ဦးဇင်းက မေးမယ်''

''ဘာများပါလဲ ဘုရား''

''ဒီလိုပါ၊ မြန်မာ့သမိုင်းမှာ 'သက္ကောစ' ဖြစ်တဲ့ ခေါင်းဆောင်တွေ ရှိခဲ့ရဲ့လား။ အခုကော ရှိနေရဲ့လား''

ဦးပဥ္စင်းက မျက်လွှာကိုချပြီး စကားမပြောပါ။ ကျွန်တော်၏ မျက်လုံးများကို အသေအချာ စိုက်ကြည့်ပြီးမှ စကားကို ပြောပါသည်။ ဦးပဥ္စင်း၏ အကြည့်က စူးရှလှပါသည်။

''ကဲ-မြန်မာနိုင်ငံရဲ့ နောက်ဆုံးဘုရင် သီပေါမင်း။ သူဟာ တိုင်းပြည် အပေါ် မေတ္တာရှိမှာ သေချာတယ်။ တိုင်းပြည်ကို ကောင်းစားစေချင်တဲ့စိတ် လည်း အမှန်တကယ်ရှိသူ ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူက 'သက္ကောစ' ဖြစ်ခဲ့ သလား ဒကာကြီး''

ဦးပဥ္စင်း၏ မေးခွန်းကြောင့် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးဘုရင် 'သီပေါ'။ သူ့အကြောင်းကို တစ်ထိုင်တည်း တွေးဆမိလိုက်သည်။ အောက် မြန်မာပြည်ကို အင်္ဂလိပ်က သိမ်းနေပြီ။ အင်္ဂလိပ်နဲ့ ပြင်သစ်ကလည်း မြန်မာ ပြည်မှာ ခြေရှုပ်နေကြပြီ။ နန်းတွင်းမှာလည်း အကွဲအပြဲတွေနဲ့။ သတ်သူက သတ်၊ သေသူက သေ။ မိဖုရားက တစ်မျိုး၊ ယောက္ခမက တစ်ဖုံ။ ပညာရှိ ဆိုတဲ့ မှူးမတ်တွေကိုလည်း ကြည့်ပါဦး။

တချို့က ပြင်သစ်ကို အကူအညီ ခေါ်ပြီး အင်္ဂလိပ်ကို တိုက်ချင်ကြ သည်။ တချို့ကတော့ အင်္ဂလိပ်ကို အချိုသတ်ပြီး ပေါင်းချင်သည်။ သီပေါ ကိုယ်တော်လေးသည် တိုင်းပြည်ရဲ့ ဘုရင်ဖြစ်ခဲ့ပေမယ့် တိုင်းပြည်အတွက်

'သက္ကောစ' မဖြစ်ခဲ့။ ဒီတော့ လွတ်လပ်ရေးကြီး ဆုံးရှုံးခဲ့ရသည်။ ကျွန်ဘဝကို ရောက်ခဲ့ရသည်။

''မှန်ပါ့ဘုရား၊ သီပေါဘုရင်ရဲ့ စီမံခန့်ခွဲမှု ညံ့ဖျင်းလို့၊ ကမ္ဘာ့အမြင် မရှိလို့၊ ဆည်းကပ်သင့်သူကို မဆည်းကပ်လို့၊ ကြိုတင်ပြင်ဆင်မှု အားနည်းလို့၊ အစွမ်းအစရှိသူများကို ကိုယ့်ရဲ့ ပြိုင်ဘက်အဖြစ် သဘောထားပြီး ကွပ်မျက်ပစ်လို့ တပည့်တော်တို့ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရတာပါ ဘုရား''

''အင်း- ဟုတ်ပြီ၊ သီပေါကိုယ်တော်လေးက 'သက္ကောစ' မဖြစ်ခဲ့ဘူး။ ဒီလိုပဲ၊ တိုင်းပြည်အတွက် အသက်ပေးသွားကြတဲ့သူတွေ တစ်ပုံကြီးပဲ။ တိုင်းပြည်အပေါ် မေတ္တာရှိကြသူတွေဟာ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်သွားကြတယ်။ ၁၈၈၅ ကနေပြီး ၁၉၄၀ လောက်အထိ မြန်မာပြည်မှာ မြန်မာ့တပ်မတော် ဆိုတာ မရှိခဲ့ဘူး။ အင်္ဂလိပ်စစ်တပ်ရဲ့ ကြီးစိုးမှုအောက်မှာပဲ အမှုထမ်းခဲ့ကြရတယ်။ ဟော… ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာမယ့် နတ်မောက်သား ကိုအောင်ဆန်း တက္ကသိုလ်ကျောင်းသားကြီး ဖြစ်လာခဲ့တယ်။ တွေးကြည့်စမ်း ဒကာကြီး၊ ကိုအောင်ဆန်းက မြေလတ်သား။ ရန်ကုန်တက္ကသိုလ်ကို ရောက်တယ်။ အဲဒီခေတ် တက္ကသိုလ်ကျောင်းသား အများစုဟာ ဒီနေ့ခေတ် တက္ကသိုလ်ကျောင်းသားတွေလိုပါပဲ။ ကြော့ကြော့မော့မော့ ဝတ်စား။ သပ်သပ်ရပ်ရပ် နေထိုင်။ ပြီးရင် အင်္ဂလိပ်လက်အောက်မှာပဲ မင်းမှုထမ်းလုပ်ကြတယ်။ ကိုအောင်ဆန်းက အဲဒီလို မဟုတ်ဘူး။ စာသင်ခန်းထဲမှာလည်း လွတ်လပ်ရေး၊ စကားပြောရင်လည်း လွတ်လပ်ရေး၊ သူ့ကျွန်ဘဝက လွတ်မြောက်ဖို့ အမြဲတမ်း ကြံစည်နေတဲ့သူ။

လိုရင်း ပြောကြပါစို့။ ကိုအောင်ဆန်းက 'သက္ကောစ'ဖြစ်တယ်။ 'စွမ်း'နိုင်သူ ဖြစ်တယ်။ ဒီတော့ မြန်မာ့တပ်မတော်ကြီး စတင်ပေါ် ပေါက်လာတယ်။ နေမဝင်အင်ပါယာရဲ့ ဦးသျှောင် အင်္ဂလိပ်ကို တိုက်ထုတ်တယ်။ ပြီးတော့ မတရားဖိနှိပ်တဲ့ ဖက်ဆစ်စနစ်ကို တွန်းလှန်တယ်။ ဂျပန်ကို ပြန်ပြီး မောင်းထုတ်ခဲ့တယ်။ အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာ ပြောတတ်တယ်၊ စာဖတ်တယ်၊ အသိဉာဏ်ကြီးတယ်၊ ဆင်ခြင်တုံတရား ရှိတယ်။ နောက်ဆုံးတော့ လွတ်လပ်ရေး ရခဲ့တယ်။ အဲဒါ ဗိုလ်ချုပ်အောင်ဆန်းရဲ့ 'သက္ကောစ' ဖြစ်မှုပဲ၊ စွမ်းဆောင်နိုင်မှုပဲ။ ဒီတော့ 'စွမ်း'နိုင်သူတွေသာ သူတို့ရဲ့ မေတ္တာကို

ဖော်ပြနိုင်စွမ်း ရှိကြတယ်''

ဦးပဥ္စင်းက စိတ်အားထက်သန်စွာဖြင့် ကျွန်တော့်ကို 'သင်္ကောစ' အကြောင်း ရှင်းပြနေလေသည်။

''ကဲ… ဒကာကြီး၊ မေးရဦးမယ်။ ဝန်ကြီးချုပ်ဦးနု၊ လွတ်လပ်ရေး ရပြီးစ မြန်မာနိုင်ငံအတွက် 'သင်္ကောစ' ဖြစ်ခဲ့သလား''

မမျှော်မလင့် မေးသော မေးခွန်းကြောင့် ကျွန်တော် ဘာဖြေရမှန်းမသိ ဖြစ်သွားရပါသည်။

''ဖြေစမ်းပါ ဒကာကြီးရဲ့''

''မှန်ပါ့ဘုရား၊ တပည့်တော်တစ်ယောက်တည်းရဲ့ အမြင်ကို ပြောပြပါရစေ။ ဝန်ကြီးချုပ်ဦးနုလည်း တိုင်းပြည်ကို ချစ်ခဲ့သူပါ ဘုရား၊ မေတ္တာရှိသူပါ ဘုရား''

''ဟုတ်ပါပြီ၊ သူလည်း 'သင်္ကောစ'ဖြစ်သလားလို့ ဦးဇင်းက မေးတာ။ လိုရင်း ဖြေစမ်းပါ''

'' 'သင်္ကောစ' မဖြစ်လို့ အာဏာအသိမ်းခံရတာ။ ဒီလိုပဲ ပြောရမှာပေါ့ ဘုရား''

''ဟုတ်တယ် ဒကာကြီး၊ လွတ်လပ်ရေး ရပြီး ဖ·ဆ·ပ·လ ခေတ်။ (၁၄)နှစ်ကြာတယ်။ (၁၄)နှစ်အတွင်းမှာ တိုင်းရင်းသားဒေသတွေရဲ့ ဖွံ့ဖြိုးရေးကိစ္စတွေကို ထိထိရောက်ရောက် ဘာကိုမှ မဆောင်ရွက်နိုင်ခဲ့ဘူး။ တိုင်းရင်းသားတွေ ပိုင်တဲ့ သဘာဝရေမြေ သယံဇာတတွေ၊ ယဉ်ကျေးမှုနဲ့ ဘာသာစကားစာပေတွေကို အလေးမထားခဲ့ဘူး။ ဒီတော့ ပြဿနာ တက်တော့တာပေါ့။ သူ့အာဏာ တည်မြဲရေးအတွက် ဦးတည်ပြီး စဉ်းစားလိုက်တာ။ နောက်ဆုံးတော့ တပ်မတော်ရဲ့ အာဏာသိမ်းခြင်းကို ခံလိုက်ရတော့တယ်။ ဝန်ကြီးချုပ် ဦးနုသာ 'သင်္ကောစ' ဖြစ်ခဲ့ရင် ဦးဇင်းတို့ တိုင်းပြည် အာရှမှာ နံပါတ်(၁) ဖြစ်နေပြီ''

'သင်္ကောစ' အကြောင်းက ဤမျှနှင့် မပြီးသေး။ ဦးဇင်းက ကျွန်တော့်ကို မေးပြန်လေ၏။

''ကဲ… သမိုင်းဆိုတာ ဆက်ပြီး တွေးမှ၊ ပြောမှ အရသာရှိတာ။ ဆက်ပြီး မေးရဦးမယ်။ ဦးနုအစိုးရ ပြီးတော့… တော်လှန်ရေးကောင်စီလက်ထက်၊ (၂၆)နှစ် ကြာတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း တစ်ဖြစ်လဲ ဦးနေဝင်း

ကကော တိုင်းပြည်အတွက် 'သက္ကောစ' ဖြစ်ခဲ့ရဲ့လား"

"အရှင်ဘုရားရယ်၊ အဖြေက ရှင်းရှင်းလေးပါ။ 'သက္ကော စ' မဖြစ်လို့ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ ဖြစ်ခဲ့ရတာလေ"

"ဟုတ်ပြီ၊ ဒါဆိုရင် ၁၉၈၈ ကနေပြီး ၂၀၁၀ အထိ (၂၂)နှစ်။ န·ဝ·တ၊ န·အ·ဖ၊ စစ်အစိုးရခေတ်။ အဲဒီခေတ် တိုင်းပြည်ခေါင်းဆောင် ဆိုသူ ဗိုလ်ချုပ်မှူးကြီးတွေ၊ ဗိုလ်ချုပ်ကြီးတွေ 'သက္ကောစ' ဖြစ်ခဲ့သလား"

ကျွန်တော်က မဖြေဘဲ ပြုံးပြီး ဦးပဥ္စင်းကို ကြည့်လိုက်ပါသည်။

"ရှင်းရှင်းလေးပါ ဒကာကြီး၊ သူတို့လည်း မြန်မာပြည်မှာ မွေးတဲ့ မြန်မာနိုင်ငံသားစစ်စစ်တွေ။ အများအားဖြင့် တောသူတောင်သားတွေရဲ့ သား သမီးတွေ။ မြန်မာပြည်ကို ချစ်ကြမှာ အမှန်ပဲ။ မြန်မာပြည်အပေါ်မှာလည်း မေတ္တာရှိကြမှာပဲ။ ဒါပေမဲ့ သူတို့လက်ထက်ရောက်မှ လက်နက်ကိုင်အဖွဲ့တွေ ပိုပြီး စီးပွားရေး တောင့်တင်းလာကြတယ်၊ အားကောင်းလာကြတယ်။ ဟန် ဆောင်ငြိမ်းချမ်းရေးကို အရယူပြီး လက်နက်တွေ စုကြတယ်။ ငြိမ်းချမ်းရေး ပျက်စီးခဲ့ရတယ်။ တိုင်းပြည်ရဲ့ သယံဇာတတွေလည်း နေ့ချင်းညချင်း ပျက်စီး ဆုံးရှုံးခဲ့ရတယ်။

လိုရင်းကို တည့်တည့်ပြောရရင် သူတို့ 'သက္ကောစ' မဖြစ်ခဲ့ဘူး။ သူတို့ မ 'စွမ်း' ဘူး။ တပ်မတော် အုပ်ချုပ်ခဲ့တာ နှစ်(၅၀)နီးပါး။ သူတို့တစ်တွေ တကယ်သာ အစွမ်းထက်ခဲ့ရင် ဦးဇင်းတို့ တိုင်းပြည်ကြီးဟာ အခုလောက်ဆိုရင် ကမ္ဘာ့အလယ်မှာ နံပါတ်(၁)ပေါ့။ စင်ကာပူနိုင်ငံကို ကြည့်။ 'သက္ကောစ' ဖြစ်သူတွေ ဦးဆောင်တော့ အားလုံးက မော့ကြည့်နေကြရတယ်လေ။ အခု ခက်နေတာက 'သက္ကောစ' မဖြစ်တဲ့သူတွေက ကိုယ့်ကိုယ်ကိုယ် 'သက္ကောစ' ဖြစ်တယ်လို့ အများကို အမှန်ထင်နေကြတဲ့ မိစ္ဆာဉာဏ်ကြောင့် ဦးဇင်းတို့ တိုင်းပြည် လူလုံးမလှ ဖြစ်နေရတာ။ အခုအထိ သူတို့က မသိကြသေးဘူး။ အချိန်တွေ နှမြောစရာကောင်းတယ်"

ကြေကွဲမှုအပြည့်ဖြင့် ဦးပဥ္စင်းက သူ၏စကားကို ဆိုလေ၏။

"ကဲ··· ဒကာကြီး၊ စကားဆိုတာ ကုန်အောင် ပြောမှ ပြည့်စုံတာ။ အခု ဦးဇင်းတို့ သမ္မတကြီးနဲ့ သူ့ရဲ့ အစိုးရအဖွဲ့။ 'သက္ကောစ' ဖြစ်သလား၊ စဉ်းစား။ ဦးဇင်းတို့ စောင့်ကြည့်ကြရမယ်။ အခုအချိန်အထိတော့ အားမရဘူး။

'သင်္ကောစ' ဖြစ်သူတွေနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရတစ်ရပ် မပေါ်ပေါက်သေးသရွေ့ ဦးဇင်းတို့ တိုင်းပြည် လွတ်လမ်းမမြင်ဘူး ဒကာကြီး။ 'သင်္ကောစ' အပြင် နောက်ထပ် (၁၄)ချက်ကိုလည်း ပြည့်စုံဖို့ လိုသေးတယ်''

ဦးဇင်းက နောက်အပတ်တွင် 'ဥဇုစ' ကို ဆွေးနွေးကြမည်ဟု ပြောပြီး ပြန်၍ ကြွသွားပါတော့သည်။ ကျွန်တော့်စိတ်ထဲတွင် တွေးစရာများ၊ ရေးစရာများ ရလိုက်ပါသည်။

ကျွန်တော်တို့ တိုင်းပြည် ဒီလောက်အထိ ခေတ်နောက်ကျပြီး စုတ်ပြတ်သတ်နေရတာ 'သင်္ကောစ' မဖြစ်သူတွေ ကြီးစိုးနေလို့ပဲ။

သို့သော် . . .

ယနေ့သည် မင်္ဂလာနံနက် ဖြစ်ခဲ့ရပါသည်။

♠♠♠

# ဥဇု... နံနက်ခင်း




"ဥဇု" - ရိုးသားရမယ်။

ကောက်ကျစ်ပါးနပ်၊ ဖဲ့ကတ်တင်းမူ၊
မပြုရှောင်ခွာ၊ ရိုးဖြောင့်ပါမှ၊
ကြီးပွားရ၊ မုချအမှန်သာ...။

♠ မေတ္တာပို့သသူဟာ
"ရိုးသားခြင်း"ဆိုတဲ့ "ဥဇု" မဖြစ်ဘဲ ...
ဘယ်လိုမှ စူးရှတဲ့ မေတ္တာမဖြစ်ဘူးဆိုတာ သိသင့်တယ်။
♠ "ဥဇု ဖြစ်တဲ့ အိမ်ထောင်ရေး"၊
"ဥဇု ဖြစ်တဲ့ လူမှုရေး"၊
"ဥဇု ဖြစ်တဲ့ စီးပွားရေး"၊
"ဥဇု ဖြစ်တဲ့ ဆက်ဆံရေး"၊
"ဥဇု ဖြစ်တဲ့ နိုင်ငံရေး" ဟာ
"ဥဇု" ဆိုတဲ့ "ရိုးသားခြင်း"အပေါ် အခြေခံတာကြောင့်
မေတ္တာစိတ်ကို ပေါ်ပေါက်စေတယ်။
ဒီတော့... မေတ္တာကြောင့် အောင်မြင်တယ်။
♠ ဒီကနေ့ အောင်မြင်မှုနဲ့ လွဲချော်နေတဲ့ အိမ်ထောင်ရေးက စလို့
နိုင်ငံရေးအထိ ပြဿနာတွေဟာ...
"ဥဇု" မဖြစ်လို့ပဲ။

## ၃၄။ နံနက်ခင်း

မန္တလေး အိပ်ရာဝင်ချိန်က ကျွန်တော်သည် ဆရာ ဒဂုန်တာရာ ရေးသားသော 'အောင်ဆန်း (သို့မဟုတ်) အရိုင်း' ဆိုသည့် ရုပ်ပုံလွှာရသစာတမ်းကို ဖတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းသည် တကယ်ရိုင်းသလား ဆိုသည့် အတွေးဖြင့် အိပ်ပျော်သွားခဲ့ရသည်။

ထိုရသစာတမ်းကို ဒဂုန်တာရာ ရေးခဲ့စဉ်က ၁၉၄၆၊ ဒီဇင်ဘာလ။ ဗိုလ်ချုပ်အောင်ဆန်းကို တစ်တိုင်းပြည်လုံးက ဟုန်းဟုန်းထပြီး ချစ်နေကြသည့် အချိန်။ လွတ်လပ်ရေး ကြိုးပမ်းမှုရေချိန် မြင့်တက်နေသည့်ကာလ။ တိုင်းပြည်အတွက် ဗိုလ်ချုပ်အောင်ဆန်းက အချိန်ပြည့် အလုပ်လုပ်နေသည့် ရက်စွဲများ။ ထိုကာလ၌ ဤရသစာတမ်းကို ဒဂုန်တာရာက ရေးသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဖတ်သည်။

'ကိုငွေးမြိုင်ရာ... ငါ အဲဒီလောက် မရိုင်းသေးပါဘူး' ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြုံးပြုံးကြီးဖြင့် ပြန်ပြောခဲ့သည်... တဲ့။

ဗိုလ်ချုပ်အောင်ဆန်းသည် ရိုင်းသလား၊ ယဉ်ကျေးသလား။ ထိုစိတ်ဖြင့် အိပ်ပျော်ခဲ့သော ကျွန်တော်။ ထိုစိတ်ဖြင့် အိပ်ရာမှ နိုးထခဲ့ရသည်။

ထိုနေ့ ကြာသပတေးနေ့ နံနက်...။

ဆွမ်းခံ ဦးဇင်း ကြွလာချိန်၌ ထိုအကြောင်းကို မေးဖြစ်ခဲ့သည်။ ဆွေးနွေးဖြစ်ခဲ့သည်။

"ဒကာကြီး၊ လူတစ်ယောက်ဟာ ရိုင်းသလား၊ ယဉ်ကျေးသလား ဆိုတာ... သူ့ကိုယ်ခန္ဓာပေါ်မှာ ဝတ်ရုံထားတဲ့ ယူနီဖောင်းတွေ၊ တိုက်ပုံတွေ၊ ခေါင်းပေါင်းတွေ၊ ခြုံထည်တွေနဲ့ တိုက်ရိုက်မပတ်သက်ဘူး။ ပြီးတော့ ပခုံးပေါ်မှာ တင်ထားတဲ့ အပွင့်တွေ၊ ရင်ဘတ်မှာ ချိတ်ဆွဲထားတဲ့ ဘွဲ့တံဆိပ်တွေ၊

နံရံမှာ ဖော်ကျူးထားတဲ့ ဂုဏ်ပြုလက်မှတ်တွေနဲ့ ဆုံးဖြတ်လို့ မရဘူး။ အဲဒီလူရဲ့ လုပ်ဆောင်ချက်ကို ကြည့်ရတယ်။ ကိုယ်နဲ့ ကိုယ့်မိသားစု အကျိုးကိုသာ ဆောင်ရွက်နေကြတဲ့ အသက်ကြီးရင့်နေသူ ခေါင်းဆောင်တွေဟာ လူရိုင်းတွေ၊ အတ္တကြီးမားသူတွေဟာ လူရိုင်းတွေ၊ ကိလေသာ ထုပြောသူတွေဟာ လူရိုင်းတွေ၊ ပြီးကော့ အမှားကို မှားမှန်းသိရက်နဲ့ ဝန်ခံပြောကြားဖို့၊ ဝန်ချတောင်းပန်ဖို့ စိတ်ကူးမရှိသူတွေဟာ လူရိုင်းတွေ၊ အများအကျိုး မကြည့်ဘဲ ကိုယ့်ကျိုး ကြည့်တဲ့စိတ်နဲ့ ရှင်သန်နေသူတွေဟာ လူရိုင်းတွေ"

"မှန်ပါ့ဘုရား"

"ဒီလိုပဲ၊ အများအကျိုး သယ်ပိုးနေသူတွေဟာ လူယဉ်ကျေးတွေ၊ အတ္တနည်းသူတွေဟာ လူယဉ်ကျေးတွေ၊ အများရဲ့ မျက်ရည်တွေကို သုတ်ပေးနေသူတွေဟာ လူယဉ်ကျေးတွေ၊ အများရဲ့ မျှော်လင့်ချက်ကို ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်နေသူတွေဟာ လူယဉ်ကျေးတွေ"

"မှန်ပါ့ဘုရား"

"ဒီတော့ ရိုးသားသူ၊ ဖြောင့်မတ်သူ၊ 'ဥဇုစ' ဖြစ်သူဟာ လူယဉ်ကျေး ပေါ့ ဒကာကြီး"

"တင်ပါ့ဘုရား"

"ဗိုလ်ချုပ်အောင်ဆန်းလောက် ယဉ်ကျေးတဲ့ဗိုလ်ချုပ် ဦးဇင်းဘဝမှာ မတွေ့ခဲ့ဖူးသေးဘူး။ ဗိုလ်ချုပ်အောင်ဆန်းဟာ အလွန်ယဉ်ကျေးတဲ့သူ၊ အလွန် ရိုးသားတဲ့သူ 'ဥဇုစ'ဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးပဲ"

"ရှင်းပြတော်မူပါဦး ဘုရား"

"ဦးဇင်းတို့ ဒီအပတ်မှာ 'ဥဇုစ'အကြောင်း ဆွေးနွေးမယ်လို့ ပြောခဲ့ကြ တယ်လေ။ ဥဇု ဆိုတာ ရိုးသားခြင်းပဲ။ ကောက်ကျစ်စဉ်းလဲခြင်း၊ လှည့်ဖြားခြင်း၊ လိမ်ညာခြင်း မပြုတာဟာ ရိုးသားခြင်းပဲ။ ရိုးသားခြင်းဟာ မေတ္တာရဲ့ အခြေခံ စိတ်ပဲ။ စင်ကြယ်တဲ့ ပိတ်ကားချပ်ပေါ်မှာ ရေးဆွဲတဲ့ ပန်းချီကားဟာ သစ်လွင် တောက်ပတယ်။ ညစ်ပေနေတဲ့ ပိတ်ကားချပ်ပေါ်မှာ ရေးဆွဲတဲ့ ပန်းချီကားဟာ တောက်ပပေါ်လွင်မှု မရှိနိုင်ဘူး။ 'ဥဇုစ' အကြောင်းကို ပြောရင် အကောင်းဆုံး ဥပမာကတော့ ဗိုလ်ချုပ်အောင်ဆန်းပဲ"

"ကောင်းတာပေါ့ ဘုရား"

"မေတ္တာမပွားမီမှာ ကျင့်သုံးရမယ့် အခြေခံကျင့်စဉ် (၁၅)ချက် ရှိတယ်။ မေတ္တာပွားများလိုသူဟာ 'သက္ကောစ' ဖြစ်ရုံမျှမက 'ဥဇုစ' လည်း ဖြစ်ဖို့လိုတယ်။ 'ဥဇုစ' ဆိုတာ 'ကိုယ်၊ နှုတ် ဖြောင့်မတ်ခြင်း' လို့ အဓိပ္ပာယ်ရတယ်။ ကိုယ်၊ နှုတ်၊ ဖြောင့်မတ်ခြင်း ဆိုတာ ပြောသလို လုပ်တယ်၊ လုပ်သလို ပြောတယ်။ အရပ်သုံးစကားနဲ့ ဆိုရင် 'ရိုးသားခြင်း'ပေါ့။ တိတိကျကျ ပြောရရင် 'မလှည့်ဖြားခြင်း'၊ 'မကောက်ကျစ်ခြင်း'၊ 'မစဉ်းလဲခြင်း'၊ 'အဖြစ်မှန်ကို ဖော်ပြတတ်ခြင်း'လို့ ဆိုလိုတယ်။ ကောက်ကျစ်စဉ်းလဲသူ၊ လှည့်ဖြားတတ်သူ၊ မရိုးသားသူတို့ဟာ သူတစ်ပါးအပေါ် မေတ္တာထားနိုင်ခြင်း မရှိဘူး။ ဒီလိုပဲ သန့်ရှင်းကောင်းမြတ်တဲ့ မေတ္တာတရားဆိုတာ ရိုးသားဖြောင့်မတ်သူတို့ရဲ့ နှလုံးအိမ်ထဲမှာသာ စိုက်ပျိုးယူလို့ ရတယ်။ ရှင်သန်ခွင့် ရှိတယ်။ မေတ္တာတရားကို ရိုးသားဖြောင့်မတ်သူတို့သာ ပွားများနိုင်တယ်"

"မှတ်သားထားပါ့မယ် ဘုရား"

"ဦးဇင်းတို့ တိုင်းပြည်မှာ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးတဲ့နောက် ခေါင်းဆောင်တွေ အသီးသီးပေါ်ပေါက်လာခဲ့တယ်။ ညောင်ရွှေသား ရှမ်းအမျိုးသားကြီး 'သမ္မတကြီး စဝ်ရွှေသိုက်' အလွန်ရိုးသားတယ်။ သူဟာ ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့သူပဲ။ 'သမ္မတကြီး ဒေါက်တာဘဦး'၊ ကရင်အမျိုးသားကြီး 'မန်းဝင်းမောင်'တို့ဟာလည်း တိုင်းပြည်အပေါ်မှာ ရိုးသားခဲ့တယ်။ 'ဝန်ကြီးချုပ်ဦးနု'၊ သူလည်း အတိုင်းအတာတစ်ခုအထိ ရိုးသားခဲ့တယ်"

"ဆက်ပြောပါ ဘုရား"

"ဒီလိုနဲ့ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီ တက်လာတယ်။ တော်လှန်ရေးကောင်စီရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ 'ဗိုလ်ချုပ်ကြီးနေဝင်း'။ တက်စတုန်းကတော့ ရိုးသားတယ်။ ဒါကြောင့် 'အစရိုးလို့… အစိုးရ' လို့ ခေါ်တာတဲ့"

ဦးဇင်းက ဆွေးနွေးနေရင်းဖြင့် ရယ်ရွှင်ဖွယ် ပြောသောကြောင့် ကျွန်တော့်မှာ ပြုံးလိုက်မိသည်။

"ဒီလိုနဲ့… ပလ္လင်ပေါ် အနေကြာတော့ အလိမ်ခံရတာတွေ များလာတယ်။ သူလည်း ရိုးသားချင်ပေမယ့် ရိုးသားခွင့် မရတော့ဘူး။ 'ဦးနေဝင်း' လည်း ဗုဒ္ဓဘာသာဝင်တစ်ယောက်ပဲ။ တိုင်းပြည်အပေါ် မေတ္တာထားမယ့်သူ၊

မေတ္တာပို့မယ့်သူပဲ။ ဒါပေမဲ့ ရိုးသားမှုတွေ ပျောက်ဆုံးလာတော့ သူ့ရဲ့မေတ္တာဟာ မစူးရှတော့ဘူး''

''မှန်လိုက်တာ ဘုရား''

''ဦးဇင်းတို့ရဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ 'ပြည်သူ့ကုပ်သွေး'ကို မစုပ်ခဲ့ဘူး။ ရိုးသားတယ်။ သူ အသက်စွန့်သွားချိန်မှာ တိုင်းပြည်အပေါ်က ဘာတစ်ခုမှ ယူမသွားခဲ့ဘူး။ ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစား မလုပ်ခဲ့ဘူး။ မုဆိုးမအဖြစ် ကျန်ရစ်ခဲ့တဲ့ 'ဒေါ်ခင်ကြည်'။ သူ့ခင်ပွန်း ကိုအောင်ဆန်းက အိမ်တစ်လုံး၊ မြေတစ်ကွက်တောင် မထားခဲ့နိုင်ဘူး။ ဒီနေ့ခေတ် ခေါင်းဆောင်တွေကတော့ ဆီအုန်းခြံဆိုလည်း ပိုင်လိုက်တာပဲ။ ရာဘာစိုက်ခင်း ဆိုလည်း ရှိတာပဲ။ စိန်တစ်လုံး သရက်ခြံဆိုလည်း အလွတ်မပေးဘူး။ လယ်မြေ၊ ယာမြေတွေ ဆိုရင်လည်း နာမည်အမျိုးမျိုးနဲ့ ရယူထားကြပြန်တယ်။ စီးပွားရေးလုပ်ငန်းတွေကတော့ နေရာအနှံ့မှာ ပုံစံအမျိုးမျိုးနဲ့ တွေ့နေရတယ်။ 'ပြည်သူ့ဘဏ္ဍာ'ကို 'ကိုယ့်ဘဏ္ဍာ'အဖြစ် ကျူးလွန်ခဲ့ကြတယ်။ ရိုးသားမှု မရှိဘူး။ အဲဒီလို ရိုးသားမှုမရှိတဲ့သူတွေဟာ မေတ္တာတွေ ပို့သ၊ မေတ္တာသုတ် ရွတ်ဆိုနေပေမယ့် ထိရောက်မှု မရှိဘူး၊ စူးရှမှု မရှိဘူး''

''တပည့်တော် မှတ်သားနာယူပါ့မယ် ဘုရား''

''ဟော... ဗိုလ်ချုပ်အောင်ဆန်း၊ ဘယ်လောက် ရိုးသားတယ် ဆိုတာ သမိုင်းသက်သေပဲ။ ရိုးသားခြင်းဟာ မေတ္တာထားခြင်းပဲ။ ရိုးသားစွာ နေထိုင်ခြင်းဟာ မေတ္တာပို့သနေခြင်းပဲ။ ဦးဇင်းတို့တစ်တွေက ပါးစပ်ကနေပြီး မေတ္တာပို့သနေတာနဲ့ပဲ ကျေနပ်နေကြတယ်။ ပါးစပ်နဲ့ 'ဝစီကံမြောက် မေတ္တာပို့သခြင်း' ကလည်း လိုအပ်ပါတယ်။ ဒါပေမဲ့ 'ကာယကံမြောက် မေတ္တာပို့သခြင်း'က ပိုပြီး မကောင်းဘူးလား''

''မှန်ပါ့ဘုရား''

''ကဲ... လမ်းအင်ဂျင်နီယာ တစ်ယောက် ဆိုပါစို့။ ကိုယ်တာဝန်ယူရတဲ့ လမ်းအပေါ်မှာ ရိုးသားလိုက်။ စာရင်းတွေ၊ အင်းတွေ မလိမ်နဲ့။ ကတ္တရာပုံးတွေ၊ ကျောက်ခဲတွေကို ကိုယ်ကျိုးအတွက် မသုံးနဲ့။ အဲဒါဟာ ဒီလမ်းအပေါ်မှာ သွားလာကြမယ့် သူတွေအတွက် မေတ္တာထားခြင်းပဲ''

''ဟုတ်တယ်နော်''

"ဒီလိုပဲ . . . ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေကြတဲ့ လက်နက်ကိုင်တွေ အပြန်အလှန် ရိုးသားကြဖို့ လိုတယ်။ တစ်ဖက်သတ်တည်း ရိုးသားနေကြရုံနဲ့ ငြိမ်းချမ်းခြင်းကို မရနိုင်ဘူး။ အင်အားကြီးတဲ့ အဖွဲ့အစည်းက ရိုးသားရင် ငြိမ်းချမ်းရေး မြန်မြန်ရမယ်။ အခုတော့ . . . 'ငြိမ်းချမ်းရေး' ဆိုတာ 'မေတ္တာရဲ့ သင်္ကေတ'လေ။ ငြိမ်းချမ်းရေးဆိုတဲ့ ပန်းချီကားကို ရိုးသားခြင်း ဆိုတဲ့ ဆေးနဲ့ အရောင်ခြယ်မှ လှမယ်၊ ကောင်းမယ်။ အခုတော့ ငြိမ်းချမ်းရေး ပန်းချီကားကို ရေးဆွဲမယ်လို့ ပြောပြီး ရိုးသားခြင်း စုတ်တံကို မကိုင်ကြဘူး။ ရိုးသားခြင်း ဆေးရောင်စုံကို မထိတို့ကြဘူး"

"မှန်လိုက်တာ ဘုရား"

"အခု ခက်နေတာက ဆွေးနွေးပွဲဆိုတာ အမိန့်နာခံပွဲ မဟုတ်ဘူး နော်။ အမိန့်နာခံခြင်းကိုသာ ဆွေးနွေးပွဲလို့ ဘဝတစ်လျှောက်လုံး တွေ့ခဲ့ကြရတာ။ ဒီနေ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေ ကိုယ့်အမိန့်ကို သူတို့ နာခံဖို့ ကြိုးစားနေမယ်ဆိုရင် ငြိမ်းချမ်းရေးက အဝေးကြီး။ ဆွေးနွေးပွဲဟာ ဆွေးနွေးပွဲ ဖြစ်နေဖို့ လိုတယ်။ ဆွေးနွေးပွဲလို့ ခေါင်းစဉ်တပ်ပြီး မရိုးမသားနဲ့ တစ်ဖက်လှည့်နဲ့ အမိန့်နာခံ ခိုင်းခြင်းဟာ ငြိမ်းချမ်းရေး ပျက်စီးရခြင်းရဲ့ လမ်းစ၊ မေတ္တာ ပျက်ယွင်းရခြင်းရဲ့ လမ်းစ"

"မှန်လိုက်တာဘုရား"

"ဗိုလ်ချုပ်အောင်ဆန်း ပင်လုံစာချုပ် ချုပ်ခဲ့စဉ်က အကျေအလည် ဆွေးနွေးကြတာနော်။ ပြောသင့်တာတွေကို ပွင့်ပွင့်လင်းလင်း ပြောတယ်။ ရိုးရိုးသားသား ပြောတယ်။ စိတ်ဆိုးစရာရှိရင် ပွင့်ပွင့်လင်းလင်း စိတ်ဆိုးတယ်။ မေးစရာရှိရင်လည်း ရိုးရိုးသားသား မေးတယ်။ ဖြေစရာရှိရင်လည်း ရိုးရိုးသားသား ဖြေတယ်။ ကတိမဲ့ပေးနိုင်တာကို မပေးဘူး။ ရိုးသားခြင်းတွေနဲ့ ပင်လုံညီလာခံကို တည်ဆောက်ခဲ့ကြတယ်။ 'ဥဇုစ'နဲ့ ဆက်ဆံခဲ့ကြတော့ 'ပင်လုံညီလာခံ'ကြီး အောင်မြင်ခဲ့တာပေါ့။ 'ပြည်ထောင်စုနေ့' ဆိုတာ ရိုးသားခြင်းရဲ့ မေတ္တာအသီးအပွင့်ပဲ"

"တပည့်တော် အဲဒီလောက်အထိ မတွေးမိပါ ဘုရား"

"ဟော . . . မဆလခေတ်နောက်ပိုင်းမှာ ရိုးသားခြင်းတွေ ပျက်စီးလာတယ်။ ဒီတော့ ပြည်သူက အစိုးရလုပ်သူအပေါ်မှာ မေတ္တာမရှိတော့ဘူး။

နောက်ဆုံး လူထုအုံကြွမှုကြီး ဖြစ်ခဲ့ရတယ်။ ဒါဟာ 'ဥဇုစ'ရဲ့ အမှန်တရားပဲ''

''ဟုတ်ပါ့ဘုရား''

''ဒီလိုပဲ… ၁၉၈၈… ဒြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံရဲ့ အလုံးစုံသော အာဏာကို ရယူတယ်၊ အပိုင်သိမ်းတယ်။ စစ်တန်းလျားကို ပြန်မယ်ပြောပြီး ဒီကနေ့ထိ လွှတ်တော်ထဲမှာ စစ်ယူနီဖောင်းဝတ်တွေကို တွေ့နေရတယ်။ ဘယ်မှာလဲ 'ဥဇုစ'၊ ဘယ်မှာလဲ 'ရိုးသားခြင်း'။ ဒီတော့ ပြည်သူလူထုရဲ့ မေတ္တာကို ဘယ်လိုလုပ်ပြီး ရနိုင်တော့မှာတုံး''

''အဲဒီလို အခုမှ တွေးမိပါတယ် ဘုရား''

''၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလည်း ကြည့်ဦး။ 'ဥဇုစ' ဖြစ်ခဲ့ရဲ့လား။ 'ဥဇုစ' မဖြစ်တော့ မေတ္တာရဲ့ သက်ရောက်မှုအား မရှိတော့ဘူးပေါ့''

''မှန်လိုက်တာ ဘုရား''

''အခုလည်း မိန့်ခွန်းတွေ ခြွေ၊ စကားတွေ ပြော၊ ကတိတွေ ပေး၊ 'ဥဇုစ'မဖြစ်ရင် 'မေတ္တာ'မဖြစ်ဘူး။ 'မေတ္တာ'မဖြစ်ရင် 'မေတ္တာ'မရဘူး။ ဒါကြောင့် မိန့်ခွန်းခြွေသူ၊ စကားပြောသူ၊ ကတိပေးသူ ခေါင်းဆောင်ဟာ 'ဥဇုစ' ဖြစ်၊ မဖြစ် ကိုယ့်ကိုယ်ကိုယ်… မေး၊ ကိုယ့်ကိုယ်ကိုယ်… ဖြေ။ အဲဒါဟာ 'မေတ္တာ'ရဲ့ အတိမ်အနက်ပဲ''

''ဟုတ်လိုက်တာ ဘုရား''

''၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်၊ တနင်္ဂနွေနေ့မှာ ရန်ကုန်မြို့ရဲ့ မြို့တော်ခန်းမမှာ ဗိုလ်ချုပ်အောင်ဆန်းက နောက်ဆုံးမိန့်ခွန်း ပြောခဲ့တယ်။ အဲဒီမိန့်ခွန်းကို လေ့လာကြည့်ရင် ဗိုလ်ချုပ်အောင်ဆန်းဟာ ဘယ်လောက်အထိ 'ဥဇုစ' ဖြစ်တယ်၊ 'ရိုးသားတယ်' ဆိုတာ သိသာစေတယ်၊ ပေါ်လွင်တယ်''

''မှန်လိုက်တာ ဘုရား''

''ဦးဇင်းတို့ရဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ 'မနောကံမြောက် ဥဇုဖြစ်ခြင်း'တွေ၊ 'ဝစီကံမြောက် ဥဇုဖြစ်ခြင်း'တွေ၊ 'ကာယကံမြောက် ဥဇုဖြစ်ခြင်း'တွေနဲ့ ပြည့်စုံနေတော့ သူ ပေးတဲ့မေတ္တာကို ဦးဇင်းတို့ ဒီကနေ့အထိ ခံစားရရှိနေတယ်။ ဒီလိုပဲ ပြည်သူတွေက ပေးတဲ့ မေတ္တာကိုလည်း ခေတ်အဆက်ဆက် ဗိုလ်ချုပ်က ရနေဦးမှာ''

“ဟုတ်လိုက်တာ ဘုရား”

“ဒီတော့ မေတ္တာပို့သသူဟာ ‘ရိုးသားခြင်း’ ဆိုတဲ့ ‘ဥဇု’ မဖြစ်ဘဲ ဘယ်လိုမှ ရှုးရှုတဲ့မေတ္တာ မဖြစ်ဘူး ဆိုတာ သိသင့်တယ်။ ‘ဥဇု ဖြစ်တဲ့ အိမ်ထောင်ရေး’၊ ‘ဥဇု ဖြစ်တဲ့ လူမှုရေး’၊ ‘ဥဇု ဖြစ်တဲ့ စီးပွားရေး’၊ ‘ဥဇု ဖြစ်တဲ့ ဆက်ဆံရေး’၊ ‘ဥဇု ဖြစ်တဲ့ နိုင်ငံရေး’ဟာ ဥဇုဆိုတဲ့ ရိုးသားခြင်းအပေါ် အခြေခံတာကြောင့် မေတ္တာစိတ်ကို ပေါ်ပေါက်စေတယ်။ ဒီတော့ မေတ္တာကြောင့် အောင်မြင်တယ်။ ဒီကနေ့ အောင်မြင်မှုနဲ့ လွဲချော်နေတဲ့ အိမ်ထောင်ရေး က စလို့ နိုင်ငံရေးအထိ ပြဿနာတွေဟာ ‘ဥဇု’မဖြစ်လို့ပဲ ဒကာကြီး”

“မှတ်သားထားပါ့မယ် ဘုရား”


“ဒီအချက်အလက်တွေကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ မရိုင်းဘူး၊ ယဉ်ကျေးတယ်၊ ဘာကြောင့်လဲ ဆိုတော့ သူဟာ ‘ဥဇု’ဖြစ်လို့ပဲ”

“တင်ပါ့ဘုရား”

“ကဲ... ဒကာကြီး၊ နောက်အပတ်ကျမှ ‘သုဟုဇူစ’ကို ဆက်ပြီး ဆွေးနွေးမယ်၊ ဦးဇင်းကို ခွင့်ပြုဦး”

♠♠♠

# သုဟုဇု ... နံနက်ခင်း




**"သုဟုဇု"** – အထူးရှိးဖြောင့်ရမယ်။

လောကီလောကုတ်အကျိုး၊
ပွားတိုးစိမ့်ငှာ၊ အရာရာ၌၊
အနာခံမည်၊ စိတ်ကာရည်လျက်၊
နိုင်ထက်ပြုမှု၊ တင်စီးမှုကို၊
ပြုလုပ်သသူ၊ ပြုမှုလာလျှင်၊
သည်းခံပြီးကာ၊ လွန်စွာဖြောင့်မှ၊
ကြီးပွားရ၊ မုချအမှန်သာ ...။

♠ ကြေးစည်ကို မှုးဝေနေအောင် ထုပြီး
အရပ်ဆယ်မျက်နှာကို
မေတ္တာပို့… အမျှဝေ…။
အဲဒီလို တိုင်းပြည်ကို ချစ်ပြခဲ့ကြသည်။

♠ အသံနေအသံထား ကြည်မြပီသစွာ မေတ္တာပို့ပြီး
ကိုယ့်ကိုယ်ကိုယ် နိုင်ငံကိုချစ်သူ…
လောကကြီးကို ကယ်တင်သူအဖြစ်
ကျေနပ်နေကြတော့သည်။

♠ ကိုယ့်ရပ် ကိုယ့်ရွာ၊ ကိုယ့်တိုင်းပြည်အကျိုးကို
လက်တွေ့ မသယ်ပိုးဘဲ
အတ္တတွေ ထူထောင်ရင်း
အနန္တစကြဝဠာအထိ မေတ္တာပို့နေကြသော
ကျွန်တော့်တို့လူ့အဖွဲ့အစည်းကို
ကျွန်တော် ဘယ်လိုနားလည်ရမှန်း မသိအောင် ဖြစ်နေမိတော့သည်။

## သုပဟုဇ ••• နံနက်ခင်း

နံနက် အိပ်ရာနိုးထချိန်ကတည်းက ဆွမ်းခံကြွတော်မူလာမည့် ဦးဇင်းကို မျှော်နေမိသည်။

'မေတ္တသုတ်တော်'၏ လေးနက်မှု၊ စနစ်တကျရှိမှုတို့ကို ကြားနာမှတ်သားခွင့် ရသဖြင့် ကိုယ့်ကိုယ်ကိုယ်လည်း အလွန်ကျေနပ်နေမိသည်။ 'သက္ကောစ'နှင့် 'ဥဇုစ'၏ လေးနက်မှုကို သဘောပေါက် နားလည်မိခြင်းသည် ပင် လူဖြစ်ရကျိုး နပ်လိုက်တာဟု တွေးမိနေပါသည်။

ထိုနေ့က ဦးဇင်းသည် နေမြင့်မှ ကျွန်တော့်အိမ်သို့ ရောက်လာခဲ့သည်။

"အရှင်ဘုရားကို တပည့်တော် မျှော်နေတာ ဘုရား"

ဦးဇင်းအတွက် အဆင်သင့် ဖျော်ထားသော ကော်ဖီပူပူတစ်ခွက်ကို ကျွန်တော်က ဆက်ကပ်လိုက်ပါသည်။

"တပည့်တော်က 'သုပဟုဇ္ဇူစ'အကြောင်းကို ကြားနာချင်နေတာဘုရား။ စိတ်စောနေတာ ဘုရား။ တပည့်တော်ကို ဆုံးမသွန်သင်ပေးပါဦး ဘုရား"

"ဒကာကြီး၊ 'သုပဟုဇ္ဇူစ'ဆိုတာ 'စိတ်နေစိတ်ထား ကောင်းစွာ ဖြောင့်မတ်သူသည်လည်းကောင်း'လို့ အဓိပ္ပာယ်ရတယ်။ တိတိကျကျ ပြောရရင် ကိုယ်၊ နှုတ် နှစ်ပါးသာမက စိတ်ထားကပါ ဖြောင့်မတ်တည်ကြည်ခြင်း ဖြစ်တယ်။ ကိုယ်၊ နှုတ် ကောက်ကျစ်မှုကို ပယ်ခြင်းဖြင့် 'ဥဇု'ဖြစ်စေတယ်။ စိတ်ထား ကောက်ကျစ်မှုကို ပယ်ခြင်းကတော့ 'သုပဟုဇ္ဇူ'ပဲ။ 'ဥဇုစ'ဆိုတာ 'အဓိသီလ'နဲ့ 'အဓိစိတ္တ'ပြည့်စုံရင် ဖြစ်စေနိုင်ပြီး 'သုပဟုဇ္ဇူစ'ကတော့ 'အဓိသီလ'၊ 'အဓိစိတ္တ' အပြင် 'အဓိပညာ'ပါ ပြည့်စုံမှသာ ပေါက်ဖွားနိုင်တဲ့ စိတ်အနေမြင့်မားမှုပဲ"

"တပည့်တော်က နားဝေးတယ် ဘုရား။ ဒီထက် ပေါ်လွင်အောင် ခေတ်ဥပမာများနဲ့ ရှင်းပြပါလား ဘုရား"

ကျွန်တော်၏စကားကို ကျေနပ်ဖြင့် ပြုံးပြီး ဦးဇင်းက နားထောင်သည်။

"မရှင်းလင်းတာကို မရှင်းလင်းဘူးလို့ ရိုးသားစွာ ပြောဆိုရဲတာက လည်း သတ္တိကစ်မျိုးပဲ ဒကာကြီး။ မသိတာကို မသိဘူးလို့ ဝန်ခံခြင်းဟာလည်း ရိုးသားခြင်းပဲ။ ဦးဇင်းလည်း ကြိုးစားပြီး ရှင်းပြပါ့မယ်"

"တင်ပါ့ဘုရား"

"ယောမင်းကြီး ဦးဘိုးလှိုင်ကို ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါတယ်ဘုရား။ မြင်းခြံနယ်၊ ရွာပုလဲဇာတိလို့ တပည့်တော် မှတ်သားဖူးပါတယ်"

"ဟုတ်တယ် ဒကာကြီး၊ သူ့ဖခင်က ရေနံချောင်းမြို့စား ယင်းတော ဝန်ကြီး။ အဲဒီ အဖမဲ့သားဖြစ်တဲ့ ဦးဘိုးလှိုင်ကို မင်းတုန်းမင်းသားထံမှာ သူ့မိခင် က အပ်နှံတယ်။ ပြောချင်တာကတော့ မင်းတုန်းမင်း၊ ကနောင်မင်းတို့နဲ့အတူ ပုဂံမင်းကို တော်လှန်ပုန်ကန်ကြတဲ့အထဲမှာ ယောမင်းကြီး ဦးဘိုးလှိုင် ဖြစ်လာ မယ့် မောင်လှိုင်လည်း ရဲဘော်တစ်ဦးအဖြစ် သက်စွန့်ကြိုးပမ်း ပါဝင်ခဲ့တယ်။ ဒါကြောင့် မင်းတုန်းမင်းကြီးက မောင်လှိုင်ကို သူကောင်းပြုတယ်။ ဒီလိုနဲ့ ရာထူးအမျိုးမျိုး ပေးတယ်"

"မှန်ပါ့ဘုရား"

"တစ်နေ့တော့ ယောမင်းကြီး ဦးဘိုးလှိုင်က အုပ်ချုပ်မင်းလုပ်သူ သက်ဦးဆံပိုင် ဘေရာဇ်ဘုရင်တို့ရဲ့ အားနည်းချက်ကြောင့် တိုင်းပြည် ထိခိုက် နစ်နာနေတာတွေကို သိရှိတော်မူပြီး သူ ပြုစုထားတဲ့ ကျမ်းထဲမှာ ဒီလို ရေးတယ်"

"တင်ပါ့ဘုရား၊ ကြားနာပါရစေ ဘုရား"

"အစ်မ နှမ၊ သမီးကကို၊

စ၍ဆက်နှင်း၊ လက်ဆောင်သွင်း၍

စိုးမင်းချစ်မြတ်၊ ထိုအမတ်သည်

အတတ်မရှိ၊ သတ္တိကင်းကွာ

ဘုန်းကြီးလာမူ၊ ပြည်ရွာပျက်ကြောင်း တစ်ပါးတည်း… လို့ ဆိုတယ်"

"ရှင်းပြပါလား ဘုရား"

"ဒီလို ဒကာကြီး၊ ဘုရင်တွေ၊ ဘုရင်စိတ်ပေါက်နေတဲ့ အာဏာရှင်တွေ၊ အရည်အချင်းမဲ့တဲ့ အကြီးအကဲတွေ၊ သမ္မတတွေဟာ တိုင်းပြည်အတွက် အရေးကြီးလှတဲ့ တာဝန်တွေကို မှူးမတ်၊ သေနာပတိများအား အပ်နှင်းကြတဲ့အခါ တံစိုးလက်ဆောင် သွင်းတဲ့သူတွေကိုသာ တာဝန်ပေးလေ့ရှိကြတယ်။ ဒါမှမဟုတ် ကိုယ့်အမျိုး၊ ကိုယ့်အဆွေ၊ ကိုယ့်သားသမီး၊ ကိုယ်နဲ့ ရင်းနှီးသူကိုသာ ရွေးချယ်ပြီး တာဝန်တွေ ပေးအပ်တတ်ကြတယ်။ ဒါမှမဟုတ်··· ကိုယ်နဲ့ အလျှင်းသင့်သူ၊ ကိုယ်နဲ့ နေဖော်နေဖက် အဲဒီလို လူမျိုးတွေကို တာဝန်ပေးအပ်တတ်ကြတယ်"

"မှန်ပါ့ဘုရား"

"အဲဒီလို ပုဂ္ဂိုလ်တွေဟာ တိုင်းပြည်ရဲ့ ကြီးမားတဲ့ တာဝန်တွေကို ထမ်းဆောင်ကြရတဲ့အခါ အတတ်ပညာကလည်း မရှိ။ အတတ်ပညာ မရှိတော့ အသိဉာဏ်က ကင်းမဲ့။ အသိဉာဏ်ကင်းမဲ့တော့ လိမ်လည်ကြ၊ လှည့်ပတ်ကြ။ စကားအပိုတွေ အချိုတွေကို ပြောကြ။ နောက်ဆုံး လိမ်ညာတာတွေ များလာတော့ သတ္တိတွေက နည်းလာတော့တယ်"

"ဟုတ်တာပေါ့ ဘုရား"

"အဲဒီလို အသိမဲ့သူတွေ၊ အတတ်မဲ့သူတွေ၊ သတ္တိမဲ့သူတွေ ဘုန်းတန်ခိုး ကြီးလာရင် တိုင်းပြည် ပျက်စီးတတ်တယ်လို့ မင်းတုန်းမင်းတရားကြီးကို ယောမင်းကြီး ဦးဘိုးလှိုင်က တင်လျှောက်တဲ့ စာချိုး၊ သတိပေးတဲ့ စကား"

"ကြားဖူးပါတယ်ဘုရား၊ ဒါပေမဲ့ မှတ်မှတ်သားသား၊ တွေးတွေးဆဆ တော့ မရှိခဲ့ပါ ဘုရား"

"အဲဒီလို တင်လျှောက်တဲ့အခါ မင်းတုန်းမင်းတရားကြီးက အရှင်ဧကရာဇ် သက်ဦးဆံပိုင်ပီပီ အမျက်ဒေါသ ထွက်တော့တာပေါ့။ ဒါဟာ အာဏာရှင်တို့ရဲ့ စရိုက်ပဲ ဒကာကြီး"

"အဲဒီအခါ ဘာဆက်ဖြစ်လဲ ဘုရား"

"မင်းတုန်းမင်းတရားကြီးက သူ့ရဲ့ ပလ္လင်ဘေးမှာ ထောင်ထားတဲ့ လှံကို ကိုင်ပြီး ဒီလိုပြောတယ်"

"တင်ပါ့ဘုရား"

"ပဲ့... ငလှိုင်၊ ဒီလုံအကြောင်းကို မင်းသိတယ် မဟုတ်လား"

"ဒါဟာ... ဦးဘိုးလှိုင်ကို ကြိမ်းမောင်းခြိမ်းခြောက်တာပဲ ဘုရား"

"ဟုတ်တယ်... ဒကာကြီး၊ ဦးဘိုးလှိုင်က ဒီလို ပြန်ပြောတယ်။ 'သိကြောင်းပါဘုရား၊ အဲဒီလုံဟာ အရှင့်ခမည်းတော်ရဲ့ လက်စွဲတော်လုံ ဖြစ်ကြောင်းပါဘုရား'... တဲ့"

"အဲဒီတော့ မင်းတုန်းမင်းကြီးက ဘာပြန်ပြောလဲဘုရား"

"ဟဲ့... ငလှိုင်၊ ဒီလုံနဲ့ မည်သူကို စီရင်ဖူးတယ် ဆိုတာ မင်း မှတ်မိရဲ့လား"

"စိတ်ဝင်စားဖို့တော့ ကောင်းနေပြီဘုရား၊ ဆက်ပြီး မိန့်တော်မူပါဦး ဘုရား"

"ဦးဘိုးလှိုင်က ပြန်ပြောတယ်။ ကျွန်တော်မျိုး၏ဖခင် ယင်းတော ဝန်ကြီးကို စီရင်ဖူးပါတယ် ဘုရား"

"ဟုတ်လားဘုရား၊ ဒါဆိုရင် ယောမင်းကြီး ဦးဘိုးလှိုင် အရွယ် မရောက်ခင်မှာ ယောမင်းကြီး ဦးဘိုးလှိုင်ရဲ့ အဖေကို အဲဒီလုံနဲ့ သတ်ခဲ့တာ ပေါ့နော်"

"မှန်တယ် ဒကာကြီး၊ ယောမင်းကြီး ဦးဘိုးလှိုင်က သူ့ရှင်ကို ကော့ ပြီး ဒီလို ဆက်ပြောတယ်။ 'ထိုးတော်မူပါဘုရား'... တဲ့"

'တော်တော်သတ္တိကောင်းတဲ့ ယောမင်းကြီးဦးဘိုးလှိုင်ပဲ' ဟု ကျွန်တော့် စိတ်ထဲတွင် မှတ်ချက်ပြုလိုက်မိသည်။

"အဲဒီအခါ အနီးအနားမှာရှိတဲ့ ဝန်မင်းတွေ၊ အမတ်တွေက ဦးဘိုးလှိုင် ကို 'ရဲတင်းလွန်းလှချေလား' ဆိုပြီး ဝေဖန်ကြတယ်တဲ့။ ဦးဘိုးလှိုင်က ဒီလို ပြန်ပြောတယ်။ 'နေရာတကာမှာ မှန်ပါ့ဘုရား၊ ဟုတ်ပါ့ဘုရား လိုက်လုပ်ပြီး ရာထူးကိုယူ အသက်ကို ရှင်နေရတာထက်စာရင် လုံအထိုးခံပြီး သေရတာက မြတ်ပါသေးတယ်'... တဲ့။ 'မင်းအလိုကို လိုက်၊ မင်းကြိုက်ကို လိုက်ပြီး တိုင်းပြည်ကို မှောက်မှောက်မှားမှား ပျက်စီးအောင် လုပ်မိခဲ့ရင် ကျွန်ုပ်တို့ ဝန်မင်းတွေဟာ နောင်အစဉ်အဆက် သမိုင်းမှာ ကဲ့ရဲ့စရာ ဖြစ်တော့မယ်။ နိုင်ငံ့ဝန်ကို ထမ်းနေရတဲ့ ဝန်မင်းတွေ၊ ပြည်သူ့ဝန်ကို ထမ်းနေရတဲ့ အမတ်မင်း တွေဟာ ကိုယ့်ရာထူး၊ ကိုယ်စည်းစိမ်ကို မမက်မောဘဲ နောင်လာနောက်သား

ကောင်းစားရေးအတွက် မှန်တယ်ထင်တဲ့ အရာကို ရဲရဲဝံ့ဝံ့ လုပ်ရဲရမယ်၊ ပြောရဲရမယ်'... လို့ ပြန်ဖြေသတဲ့"

"ကောင်းလိုက်တဲ့ အဖြေစကားပါလား ဘုရား"

"ဒါဟာ 'သုပဟုဇ္ဇ'ပဲ ဒကာကြီး"

"မှတ်သားထားပါ့မယ် ဘုရား"

"ယောမင်းကြီး ဦးဘိုးလှိုင်ဟာ 'အဓိသီလ'၊ 'အဓိစိတ္တ'နဲ့ ပြည့်စုံတဲ့အပြင် 'အဓိပညာ' တည်းဟူသော ဂုဏ်နဲ့လည်း ပြည့်စုံတဲ့အတွက် ဒီလိုစိတ်ထားမျိုး မွေးမြူနိုင်တာ။ ကိုယ့်စိတ်ထဲမှာ ရှိတဲ့အတိုင်း၊ ကိုယ့်ယုံကြည်ချက်အတိုင်း ပြောဆိုလုပ်ကိုင် ဆောင်ရွက်ခြင်းဟာ နိုင်ငံအပေါ်၊ တိုင်းပြည်အပေါ်၊ အနာဂတ် မျိုးဆက်တွေအပေါ်မှာ မေတ္တာထားခြင်းပဲ"

"မှတ်သားထားပါ့မယ် ဘုရား"

"ဇာတ်လမ်းက မပြီးသေးဘူး ဒကာကြီးရဲ့"

"သိချင်ပါတယ် ဘုရား"

"နောက်တစ်နေ့မှာတော့ ယောမင်းကြီး ဦးဘိုးလှိုင် တစ်ယောက် ရာထူးက လျှောကျတော့တာပဲ ဒကာကြီးရေ။ အဲဒီလို နိုင်ငံအကျိုးအတွက် မငဲ့မကွက် ဆောင်ရွက်ခဲ့တာကြောင့် ရာထူးကျခဲ့ရတာလည်း အကြိမ်ကြိမ်၊ ပြစ်ဒဏ်သင့်ခဲ့ရတာလည်း အခါခါ။ ရာထူးပြုတ်တဲ့အခါ ဒီအတိုင်း ငုတ်တုတ်ထိုင်ပြီး မနေဘူး။ ကိုယ်ကျိုးစီးပွားကို မရှာဘူး။ တိုင်းသူပြည်သား လူအများလေ့လာမှတ်သားစေဖို့အတွက် လောကဓာတ်ကျမ်း၊ ဝိမုတ္တိရသကျမ်း၊ ဥတုဘောဇန သင်္ဂဟကျမ်းတွေ ရေးခဲ့အပြင် စည်းမျဉ်းခံဘုရင်စနစ်ကို ဖော်ဆောင်တဲ့ ရာဇဓမ္မသင်္ဂဟကျမ်းကို ရေးခဲ့တဲ့အတွက် ရာထူးက ကျခဲ့ရဖူးတယ်။ သူ ရေးသားခဲ့သမျှ ကျမ်းတွေတိုင်းကလည်း ရှေးရိုးအစဉ်အလာ ကျမ်းဟောင်းတွေကို ပြန်ကူးထားတာ၊ ဘာသာပြန်ထားတာမျိုး မဟုတ်ဘူး။ ခေတ်နဲ့လျော်ညီတဲ့ နိုင်ငံတော်တစ်ခု တည်ဆောက်ဖို့ လိုအပ်တဲ့ အသိဉာဏ်တွေ၊ ထားသင့်ထားအပ်တဲ့ အမူအကျင့်တွေ၊ ဖြည့်ဆည်းသင့် ဖြည့်ဆည်းအပ်တဲ့ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး ဆိုင်ရာ အသိအမြင်တွေကို ဖွင့်ဆိုပေးတဲ့ ကျမ်းကြီး၊ ကျမ်းငယ်တွေပဲ"

ကျွန်တော်သည် ဦးဇင်း ပြောပြသည်များကို နားထောင်ရင်း ကြက်သီး

များပင် 'ဖြန်းဖြန်း··· ဖြန်းဖြန်း' ထသွားမိတော့သည်။ စိတ်ထဲတွင်လည်း အတွေးစများက အလိုလိုနေရင်း ဝင်ရောက်လာတော့၏။

ပြီးခဲ့တဲ့ကာလက ကျွန်တော်တို့ တိုင်းပြည်ရဲ့ ခေါင်းဆောင် ဆိုသူတွေ၊ အကြီးအကဲ ဆိုသူတွေ၊ အကြီးအမှူး ဆိုသူတွေ 'သက္ကောစ' ဖြစ်ခဲ့ကြပါရဲ့လား၊ 'ဉဇုစ' ဖြစ်ခဲ့ကြပါရဲ့လား၊ 'သုဟုဇုစ' ဖြစ်ခဲ့ကြပါရဲ့လား။

စွမ်းဆောင်ရည်မဲ့သူတွေက တိုင်းပြည်အပေါ် မေတ္တာထားခဲ့ကြသည်။ ရိုးသားခြင်း ကင်းမဲ့သူတွေက မေတ္တာစကားတွေကို လှိုင်လှိုင်ကြီး ပြောခဲ့ကြသည်။ 'အဓိသီလ'၊ 'အဓိစိတ္တ'၊ 'အဓိပညာ' မဲ့သူတွေက ရိုးဖြောင့်သူအဖြစ် မျက်နှာပြောင်တိုက် ဟန်ဆောင်ခဲ့ကြသည်။

ဘုရားစုံကို ဖူးပြီး 'မေတ္တာသုတ်တော်'ကို ရွတ်ဖတ်နေရုံဖြင့် တိုင်းပြည်ကို တည်ဆောက်၍ မရ။ ပါးစပ်က မေတ္တာပို့နေရုံဖြင့် ကောင်းမြတ်သော နိုင်ငံတစ်ခု မဖြစ်နိုင်။ အတွေးတိမ်တိမ်ဖြင့် သူတို့၏သမိုင်းကို သူတို့ ရေးထိုးခဲ့ကြသည်။

ကြေးစည်ကို မူးဝေနေအောင် ထုပြီး အရပ်ဆယ်မျက်နှာကို မေတ္တာပို့၊ အမျှဝေ။ အဲဒီလို တိုင်းပြည်ကို ချစ်ပြခဲ့ကြသည်။

အသံနေအသံထား ကြည်မြပီသစွာ မေတ္တာပို့ပြီး ကိုယ့်ကိုယ်ကိုယ် နိုင်ငံကို ချစ်သူ၊ လောကကြီးကို ကယ်တင်သူအဖြစ် ကျေနပ်နေကြတော့သည်။

ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်တိုင်းပြည်အကျိုးကို လက်တွေ့မသယ်ပိုးဘဲ အတ္တတွေ ထုထောင်ရင်း အနန္တစကြဝဠာအထိ မေတ္တာပို့နေကြသော ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ကျွန်တော် ဘယ်လိုနားလည်ရမှန်း မသိအောင် ဖြစ်နေမိတော့သည်။

ယောမင်းကြီး ဦးဘိုးလှိုင်ကတော့ သူ့ရင်ကို ကော့ပြီး ဘုရင့်လက်ထဲက လုံကို မကြောက်။ ရာထူးအပြုတ်ခံ၊ ဘဝအပျက်ခံပြီး တိုင်းပြည်နှင့် အနာဂတ် မျိုးဆက်သစ်အပေါ် 'သုဟုဇုစ'စိတ်ဖြင့် မေတ္တာထားခဲ့လေသည်။

ကျွန်တော်က ဤသို့ တွေးတောနေစဉ်···

"ကဲ··· ဒကာကြီး၊ ဦးဇင်းတို့ နိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်းလို ပုဂ္ဂိုလ်မျိုး၊ ပညာရှင်ဘက်မှာဆိုရင် ဆရာကြီး ဒေါက်တာသန်းထွန်းလို ပုဂ္ဂိုလ် မျိုး··· သူတို့ဟာ 'သုဟုဇုစ' ဖြစ်ကြသူတွေပဲ။ ဒကာကြီးလည်း 'သက္ကောစ'

ဖြစ်အောင်နေ၊ 'ဥဇုစ' ဖြစ်အောင် ကြိုးစား၊ 'သုပဟုဇူစ' ဖြစ်အောင် စိတ်ဓာတ်ကို မွေးမြူ။ ဒီလိုပဲ ဦးဇင်းတို့တိုင်းပြည် တကယ်လွတ်မြောက်ဖို့ 'သဏ္ဏာစ' ဖြစ်သူကို ရွေးချယ်ကြ၊ 'ဥဇုစ' ဖြစ်သူကို မြင်အောင် ကြည့်ကြ၊ 'သုပဟုဇူစ' ဖြစ်သူကို တွေ့အောင်ရှာကြ။ ဦးဇင်းလည်း ပြန်ကြွလိုက်ဦးမယ်။ နေမြင့်နေပြီ။ နောက်အပတ်မှ 'သုဝစော စသ'ကို ရှင်းကြတာပေါ့"

ကျွန်တော်က ဦးဇင်းကို ရိုသေစွာ ဝတ်ချကန်တော့ရင်း…

"တင်ပါ့ဘုရား… အရှင်ဘုရားဆုံးမတဲ့အတိုင်း တပည့်တော် ကြိုးစားပါ့မယ်။ တပည့်တော်တို့ တိုင်းပြည် ကမ္ဘာ့အလယ်မှာ ဝင့်ထည်ဖို့ လက်ရှိလွတ်တော်နဲ့ အစိုးရအဖွဲ့ထဲမှာ ယောမင်းကြီး ဦးဘိုးလှိုင်လို 'သုပဟုဇူစ'စိတ်ဓာတ်ရှိသူတွေ များလာရင် သိပ်ကောင်းမှာပဲ ဘုရား"

♠♠♠

# သုဝေဏာ... နံ့နက်ခင်း




**"သုဝေဏာ"** – ဆိုဆုံးမလွယ်ရမယ်။ ဝေဖန်ခံနိုင်ရမယ်။

မိမိအကျိုး၊ ပွားတိုးစိမ့်ငှာ၊
ပြောကြားသူကို၊ စိတ်မတိုဘဲ၊
ကြည်ဖြူလှစွာ စေတနာနှင့်၊
မကြာမကြာ၊ ပြောကြားပါနော်၊
နှုတ်ကဖော်ကာ၊ နာလွယ်ပါမှ၊
ကြီးပွားရ၊ မုချအမှန်သာ...။

♠ ဆိုဆုံးမ လွယ်သူများကတော့
သစ်ရွက်ကြွေတွေ၊ သစ်ရွက်နုတွေကို ကြည့်ပြီး
လောကရဲ့ မမြဲမှုကို တွေးယူတယ်။
လောကဓံကို မြင်အောင် ကြည့်တယ်။
တရားကို ရအောင်ရှာတယ်။

♠ ကိုယ့်ရဲ့ပိုင်ဆိုင်မှုဟာ
လောကသဘာဝ မမြဲရဲ့ အောက်မှာ
ဖြစ်မယ်…၊ တည်မယ်…၊ ပျက်မယ်…၊
မပျက်ဖို့ မတားဆီးဘူး။
စနစ်တကျ ပျက်ဖို့…၊
စည်းနဲ့ ကမ်းနဲ့ ပျက်ဖို့…၊
အဓိပ္ပာယ်ရှိရှိ ပျက်ဖို့… ကြိုးစားကြတယ်။
ပြင်ဆင်ကြတယ်။

# သုဝဏ္ဏ စော ... နံနက်ခင်း

လတပေါင်းသည် နွေလည်းမပီ၊ ဆောင်းကလည်း ဝိုးတဝါး။ နံနက်ပိုင်းတွင် အေးစိမ့်စိမ့်၊ နေ့ခင်းတွင် သွေ့ခြောက်ခြောက် ပူပြင်းပြင်း။ ရွက်အိုရွက်ဟောင်းတို့က တချို့ ကြွေလု၊ တချို့ ကြွေကျ၊ တချို့ လေပေါ်မှာ ဝဲပျံ၊ တချို့ မြေပြင်ပေါ်မှာ ရုပ်တိုက်ပြေး။ တချို့ သစ်ပင်တို့၏ သစ်ကိုင်းတို့သည် သစ်ရွက်ကြွေတို့၏နေရာ၌ ရွက်နုအဖူးအငုံတို့ဖြင့် နေရာယူလျက်။ တပေါင်း 'နွေ' နှင့် တပေါင်း 'နွေ' ကို စိန်ခေါ်နေကြတော့သည်။

ဒီနေ့ ဦးဇင်း ဆွမ်းခံကြွမည့်နေ့။

'သုဝဏ္ဏ စသ' ကို ကြားနာရမည် အသိကြောင့် အိပ်ရာကို စောစောထ၊ ရေမိုးချိုး၊ ဘုရားဝတ်တက်ပြီး ဦးဇင်းကို မျှော်နေမိသည်။

ထိုနေ့က ဦးဇင်းသည် ကျွန်တော့်အိမ်သို့ နံနက် ၆ နာရီ စွန်းစွန်းတွင် ကြွလာပါသည်။ နေရာထိုင်ခင်းပေးပြီး ပဲပြုတ်နှင့် ထမင်းဆီဆမ်းကို အရုဏ်ဆွမ်းအဖြစ် ဆက်ကပ်ပါသည်။ ဦးဇင်းက အညာသားဖြစ်၍ ပဲပြုတ်ကို နှစ်သက်သည်ဟု ကျွန်တော်က သိထားသည်။

"အရှင်ဘုရား၊ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားဒေသနာတော်တွေဟာ အလွန်လေးနက်ပြီး အလွန်တန်ဖိုးရှိတယ်ဆိုတာ တွေးတောနေမိပါတယ်ဘုရား။ အသိဉာဏ် တိုးလာလေလေ ပိုပြီး ကြည်ညိုလေလေပါပဲ ဘုရား"

ကျွန်တော်က စကားဦးသန်းလိုက်ပါသည်။

"မှန်တယ် ဒကာကြီး၊ သီဟိုဠ်ရဟန်းတော် အရှင်နာရဒ မဟာထေရ်မြတ်ရဲ့ 'Buddhism in a Nutshell' စာအုပ်မှာ ဒီလိုရေးသားထားတယ်။ The more I know Him, the more I love Him. The more I

love Him, the more I know Him. 'မြတ်ဗုဒ္ဓအကြောင်းကို သိလေလေ မြတ်ဗုဒ္ဓကို ကြည်ညိုချစ်ခင်လေလေ၊ မြတ်ဗုဒ္ဓကို ကြည်ညိုချစ်ခင်လေလေ မြတ်ဗုဒ္ဓအကြောင်းကို သိလေလေ' လို့ အဓိပ္ပာယ်ရတယ်။ အခု ဒကာကြီးက 'မေတ္တသုတ်တော်' နိဒါန်းပိုင်း အစပဲ ရှိသေးတယ်။ 'သဒ္ဓါဟောင်းကဲမိုး၊ သဒ္ဓါသစ်တိုးလို့၊ မြတ်ဗုဒ္ဓကို ကြည်ညို'နေပြီပေါ့"

"မှန်လိုက်တာ ဘုရား"

"ကဲ... 'သုဝစော စသ'ကို သွားရအောင်။ 'သုဝစော' ဆိုတာ မြန်မာလို တိုက်ရိုက်အနက်ဖွင့်ရရင်တော့ ဆိုဆုံးမလွယ်ခြင်းပဲ"

"ဒီထက် ပိုပြီး ရှင်းပြပါဦး ဘုရား"

"ဆိုဆုံးမလွယ်သူ ဆိုတာ တစ်စုံတစ်ယောက်က ဆုံးမလာခဲ့ရင် ဝမ်းသာအားရ လက်ခံတတ်တယ်။ နောင်အခါလည်း ဆုံးမပေးဖို့ ပန်ကြားတတ်တယ်။ ဆိုဆုံးမတဲ့အတိုင်းလည်း ကျင့်ကြံတတ်တယ်။ ဒီလို လူမျိုးဟာ သူတော်ကောင်းတရားကို ရလွယ်သူ ဖြစ်တယ်။ ဒီလိုပုဂ္ဂိုလ်မျိုးရဲ့ မေတ္တာဓာတ်ဟာ လောကကြီးအပေါ်မှာ ထက်မြက်တယ်၊ စူးရှတယ်"

"မှန်ပါ့ဘုရား"

"ဆိုဆုံးမ ခက်တဲ့သူကိုတော့ 'ဒုဗ္ဗစ'လို့ ခေါ်တယ်။ အဲဒီလို ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပဲ ဆုံးမ... ဆုံးမ... အပြောမခံဘူး၊ အရေးမလုပ်ဘူး။ ဆိတ်ဆိတ်နေတတ်တယ်၊ နှုတ်ဆိတ်နေတတ်တယ်။ စကားကို နားထောင်နေပေမယ့် ကြားချင်မှ ကြားတယ်။ ကြားခဲ့ရင်လည်း ပြောတဲ့အတိုင်း မကျင့်ကြံကြဘူး"

"မှန်ပါ့ဘုရား"

"ဆိုဆုံးမ ခက်သူတွေဟာ ကိုယ့်အကျိုးအတွက် ပြောနေပါလားလို့ မသိဘူး၊ နားမလည်ဘူး။ 'ငါ့ကို လာပြီး ဆရာကြီး လုပ်နေတယ်' 'လျှာရှည်နေတယ်' လို့ ထင်မှတ်ကြတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ လောကကြီးကို ဘယ်လိုမှ စောင့်ရှောက်လို့ မရဘူး"

"မှန်ပါ့ဘုရား"

"ဆိုဆုံးမ လွယ်သူများကတော့ ဆိုဆုံးမတတ်သူကို လိုလားတယ်၊ လေးစားမြတ်နိုးတယ်။ အမှန်တရား သိဖို့ ဆရာရှာရမယ် ဆိုတဲ့ ဘုရားစကား

တော်အတိုင်း ဆိုဆုံးမတတ်သူကို ချစ်ခင်တယ်။ အဲဒီ စိတ်ထားကိုက မေတ္တာစိတ် ဖြစ်နေပြီ ဒကာကြီး''

''မှန်ပါ့ဘုရား၊ ဥပမာများနဲ့ ရှင်းပြပါလား ဘုရား''

''ထင်ရှားတဲ့ ဥပမာ ပြောပြမယ်။ ကဲ-ဟိုမှာကြည့်စမ်း ဒကာကြီး''

ရွက်နုများ ဖူးသစ်ဝေနေသော သစ်ပင်ကို လက်ညှိုးထိုးပြလေ၏။

''သစ်ပင်တွေမှာ သစ်ရွက်တွေ ရှိတယ်။ သစ်ရွက်တွေဟာ ရွက်သစ်ဖူး ဘဝကနေပြီး သစ်ရွက်စိမ်းလေးတွေ ဖြစ်လာကြ။ အစိမ်းရောင်က နေပြီး အဝါရောင်ကို ပြောင်းကြ။ နောက်ဆုံး... သွေ့ခြောက်... ကြွေကျ။ ပြန်ပြီး ဖူးဝေ''

သစ်ပင်ကို ကြည့်ပြီး ဦးဇင်းက ပြောပြ၏။

''သစ်ရွက်ကြွေကို ကြည့်ပြီး အလွမ်းဓာတ်ခံရှိသူတွေက ချစ်သူကို လွမ်းကြမယ်။ အဆွေးဓာတ်ခံရှိသူတွေက ရွက်ကြွေတောကို ကြည့်ပြီး လွမ်းမောကြမယ်။ ဒါပေမဲ့ တရားဓာတ်ခံရှိသူတွေ အတွက်တော့ လောကကြီးရဲ့ မမြဲတဲ့သဘော၊ ဖြစ်-တည်-ပျက် သဘောကို ဆင်ခြင်မိကြတော့တယ်''

ဦးဇင်း၏စကားကြောင့် ငယ်ဘဝကို ပြေးပြီးသတိရမိသည်။ ကျွန်တော်သည် လေထဲတွင် လွင့်ပျံနေသော သစ်ရွက်ကြွေများကို လိုက်လံဖမ်းယူပြီး အချစ်အတွက် အဓိဋ္ဌာန်ဖူးသည်၊ ရူးသွပ်ခဲ့ဖူးသည်။ ထို့ကြောင့် တစ်ကိုယ်တည်း ပြုံးလိုက်မိ၏။

''ဒီလိုပဲ... ဒကာကြီး၊ ဆိုဆုံးမ လွယ်သူများကတော့ သစ်ရွက်ကြွေတွေ၊ သစ်ရွက်နုတွေကို ကြည့်ပြီး လောကရဲ့မမွှကို တွေးယူတယ်။ လောကခံကို မြင်အောင် ကြည့်တယ်။ တရားကို ရအောင်ရှာတယ်။ ကိုယ့်ရဲ့ပိုင်ဆိုင်မှုဟာ လောကသဘာဝ မမွှရဲ့ အောက်မှာ ဖြစ်မယ်၊ တည်မယ်၊ ပျက်မယ်။ မပျက်ဖို့ မတားဆီးဘူး။ စနစ်တကျ ပျက်ဖို့၊ စည်းနဲ့ကမ်းနဲ့ ပျက်ဖို့၊ အဓိပ္ပာယ်ရှိရှိ ပျက်ဖို့ ကြိုးစားကြတယ်၊ ပြင်ဆင်ကြတယ်''

''မှန်ပါ့ဘုရား၊ အရှင်ဘုရားရဲ့ ဆိုဆုံးမမှုကို နားထောင်နေရင်း တပည့်တော် တွေးမိတာလေးတစ်ခု လျှောက်ထားခွင့်ပြုပါ''

''ဘာများလဲ ဒကာကြီး''

''ဒီလိုပါ ဘုရား၊ တပည့်တော်တို့ တိုင်းပြည်ရဲ့ သမိုင်းမှာ ဖြစ်ခဲ့ဖူးတဲ့

ဖြစ်ရပ်။ ဥပမာ- ကင်းဝန်မင်းကြီး ဦးကောင်းက စုဖုရားလတ်ကို ပြောတယ်။ အင်္ဂလိပ်ကို ယှဉ်ပြီးတိုက်ရင် စစ်ရှုံးမယ်။ လက်နက်အင်အား၊ စည်းကမ်းအင်အား စနစ်ကျမှုမှာ အင်္ဂလိပ်ကို မမီဘူး။ အဲဒီလို ပြောတာကို စုဖုရားလတ်က လက်မခံဘူး။ ဒါဟာ ဆိုဆုံးမ ခက်ခဲခြင်းပဲ။ 'သုဝစော' မဖြစ်ခြင်းပဲ။ 'ဒုဗ္ဗစ' ဖြစ်ခြင်းပဲ။ နောက်ဆုံး တိုင်းပြည် ကျွန်ဖြစ်ခဲ့ရတယ်။ 'သုဝစော' မဖြစ်သူတွေ တိုင်းပြည်တစ်ခုရဲ့ အကြီးအကဲ ဖြစ်နေခြင်းဟာ တိုင်းပြည် နစ်မွန်းရခြင်းရဲ့ အကြောင်းရင်းပဲလို့ တွေးနေမိလို့ပါ"

"မှန်တာပေါ့ ဒကာကြီး၊ စုဖုရားလတ်က 'သုဝစော' မဖြစ်ဘူး။ 'ဒုဗ္ဗစ' ဖြစ်တယ်၊ ခေါင်းမာတယ်။ 'ဒုဗ္ဗစ' ဖြစ်ခြင်းဟာ အသိဉာဏ် နည်းခြင်းပဲ။ နိုင်ငံတကာကို ရောက်ခဲ့ဖူးတဲ့ ကင်းဝန်မင်းကြီး ဦးကောင်းရဲ့ စေတနာကို အသိအမှတ် မပြုဘူး၊ အသိဉာဏ်ကို မလေးစားဘူး။ ငါတကော ကောတယ်။ နောက်ဆုံးတော့ ကျွန်ဘဝကို ရောက်တဲ့အထိ 'ဒုဗ္ဗစ' ဖြစ်ခဲ့ကြတယ်"

"တင်ပါ့ဘုရား"

"စကားပြောနေရင်းနဲ့ ဦးဇင်း တွေးမိတာလေး ပြောရဦးမယ်"

"မှန်ပါ့ဘုရား"

"လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ ဆိုတာ ဆရာတပည့်လို ချစ်ခင်ကြတာ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဗိုလ်ချုပ်အောင်ဆန်းထက် (၃၉)နှစ် ကြီးတယ်"

"မှန်ပါ့ဘုရား"

"ဗိုလ်ချုပ်အောင်ဆန်းတို့က အင်္ဂလိပ်တွေကို တိုက်ထုတ်ဖို့အတွက် တရုတ်ပြည်ကို သွားကြတယ်။ အဆင်မပြေဘူး။ ဂျပန်ပြည်ကို ရောက်သွားတယ်။ စစ်ပညာသင်ယူခဲ့ကြတယ်။ ဂျပန်တွေနဲ့အတူ မြန်မာပြည်ကို ၁၉၄၂ နှစ်ဦးမှာ ပြန်လာခဲ့တယ်။ အင်္ဂလိပ်တွေကို တိုက်ထုတ်တယ်"

"ဖတ်မှတ်ဖူးပါတယ် ဘုရား"

"ဂျပန်တွေက မြန်မာပြည်ကိုလည်း ရောက်ရော မြန်မာပြည်သူတွေကို နှိပ်စက်တယ်၊ ညှဉ်းပန်းတယ်။ လက်သည်းခွံတွေ ခွာ၊ လူတွေကို ဓောက်ထိုးဆွဲ၊ ပါးရိုက်နားရိုက်လုပ်။ မြန်မာအမျိုးကောင်းသမီးတွေကို စော်ကား၊ ဖျက်ဆီး။ ဒါကြောင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဒီလို ပြောသတဲ့"

"မှန်ပါ့ဘုရား"

"ဟဲ့... အောင်ဆန်း၊ မင်း ပင့်လာတဲ့ဘုရားတွေ မင်း ပြန်ပို့ချေ"

"ဖတ်မှတ်ဖူးပါတယ် ဘုရား"

"အဲဒီအခါ ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ကို တိုက်ထုတ်ဖို့ ပြင်ဆင်တော့တာပဲ။ ဂျပန်စစ်တပ်ဟာ မြန်မာ့တပ်မတော်အတွက် ကျေးဇူးရှိပါတယ်၊ မတိုက်ပါရစေနဲ့လို့ မပြောဘူး"

"ဒီနေ့ခေတ် ခေါင်းဆောင်တွေနဲ့တော့ ကွာပါ့ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ ဒီနေ့ခေတ် ခေါင်းဆောင်တွေကတော့ တရုတ်ကို ကျေးဇူးရှင်ဆိုတဲ့စကား ထပ်တလဲလဲ သုံးပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့စကားကို 'ဒုဗ္ဗစ' လုပ်နေကြတယ်။ 'သုဝဏ္ဏ' မဖြစ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းကတော့ 'သုဝဏ္ဏ'ဖြစ်တယ်"

"မှန်ပါ့ဘုရား"

"ဗိုလ်ချုပ်အောင်ဆန်းရဲ့ ၁၉၄၅ ခု၊ မတ်လ (၁၇)ရက်နေ့ တပ်ထွက်မိန့်ခွန်းကို ရလား ဒကာကြီး"

"ရပါတယ် ဘုရား"

"ရွတ်ပြစမ်းပါ"

"ရဲဘော်တို့၊ အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး။ အခု စစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်။ ဗမာပီပီ ဗမာ့သွေးကို ပြပါ။ အထက်ဗိုလ်များရဲ့အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ် ထားကြပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်။ ဗမာ့ရန်သူကို ချေမှုန်းကြ။ အနီးကပ်ဆုံး ရန်သူကို ရှာပြီး တိုက်ကြ။ ဒါပဲ"

"ဟုတ်တယ် ဒကာကြီး၊ အဲဒီမိန့်ခွန်းထဲမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ 'သဏ္ဍာန' ဖြစ်မှုကို တွေ့ရတယ်။ 'ဥဇုစ'၊ 'သုဟုဇုစ' ဖြစ်မှုတွေကို အထင်းသား တွေ့မြင်ရတယ်။ ဒီလိုပဲ ပြည်သူလူထုရဲ့အသံ၊ ပြည်သူလူထုရဲ့စကား၊ ပြည်သူလူထုရဲ့ဆန္ဒကို နားထောင်တယ်။ ဆိုဆုံးမ လွယ်တယ်။ 'သုဝဏ္ဏ' ဆိုတဲ့ ဂုဏ်ကိုလည်း တွေ့ရတယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မေတ္တာဟာ တိုင်းပြည်အပေါ်မှာ စူးရှထက်မြက်ခဲ့ရတာပဲ"

"မှန်လိုက်တာ ဘုရား"

"ဒီနေ့ခေတ် ခေါင်းဆောင် ဆိုသူတွေ၊ အကြီးအကဲ ဆိုသူတွေဟာ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံ၊ ပြည်သူ့စကားကို နားမထောင်ကြဘူး။ ပြည်သူ ချစ်တဲ့သူ ခေါင်းဆောင်ဖြစ်မှ ပြည်သူ့အစိုးရ ဖြစ်ပေတော့မယ်ပေါ့။ ပြည်သူ မနှစ်သက်တဲ့သူ ခေါင်းဆောင်ဖြစ်ရင် အာဏာရှင်နိုင်ငံ ဖြစ်သွားမှာပေါ့။ ပြည်သူ့အတွက် အစိုးရတစ်ရပ်ဟာ 'သုဝစော' ဖြစ်ဖို့ အထူးလိုအပ်တယ်"

"မှန်လိုက်တာ ဘုရား"

"ကဲ… ဒကာကြီးက ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းကို ရွတ်ပြတော့ ဦးဇင်းကလည်း ဒကာကြီးကို ကဗျာတစ်ပုဒ် ရွတ်ဆိုပြမယ်။ ဘယ်သူရေး ထားသလဲ ဆိုတာ ဦးဇင်းလည်း မမှတ်မိတော့ဘူး။ အဲဒါကိုတော့ ခွင့်လွှတ်၊ ဦးဇင်း… ကိုရင်ဘဝတုန်းက ကျက်မှတ်ဖူးတဲ့ ကဗျာ။ စစ်ပြန်မဂ္ဂဇင်းထဲမှာ ဖော်ပြပါရှိတဲ့ ကဗျာ။ ၁၉၈၂ ခုနှစ်လောက် ထင်တာပဲ"

"တင်ပါ့ဘုရား"

"ကဗျာရဲ့ ခေါင်းစဉ်က 'ငါ' တဲ့။ ငါ (၂၁) လုံး ပါတယ်"

"တင်ပါ့ဘုရား"

"ငါပြောမှ မှန်၊ ငါကြံမှ ဟုတ်
ငါ့ကိုယ်ငါ၊ ငါပွဲထုတ်
ငါစွဲသရုပ်။
ငါပြင်မှ ယဉ်၊ ငါဆင်မှ လှ
ငါကိုယ်ငါ၊ ငါအားကျ
ငါစွဲအတ္တ။
ငါထင်ရာ၊ ငါတကောရယ်နဲ့
ငါ့သဘော၊ ငါ့အမြင်
ငါသာလျှင် စင်းလုံးချော
ငါအပြော သဲလဲစင်
ငါ့ကိုယ်ငါ ရှေ့တန်းတင်
ငါ့ကိုယ်လျှင် ငါတင်စား
ငါတကားရယ်နဲ့

ငါ့အမှား ငါမမြင်တဲ့
ငါ့အသွင် အရုက်ကင်းတယ်
သိမ်ဖျင်းဘိတကား"

"ကောင်းလိုက်တဲ့ ကဗျာပါလား ဘုရား"

"ကဲ... ဒကာကြီး၊ ဦးဇင်းတို့လည်း 'သုဝဏ္ဏသာမ'ဂုဏ်နဲ့ ညီအောင် နေကြမယ်။ ဟုတ်ပလား"

"မှန်ပါ့ဘုရား"


"နောက်တစ်ပတ်ကျမှ 'မုဒု'အကြောင်းကို ပြောကြတာပေါ့"

ဦးဇင်း၏ ဆိုဆုံးမမှုများကို ကြားနာပြီး ဤသို့ ကျွန်တော် တွေးလိုက်မိသည်။

"...'သစ္စောစ'၊ 'ဥဇုစ'၊ 'သုဟုဇုစ'၊ 'သုဝဏ္ဏသာမ စသော' ဖြစ်တဲ့ သူတွေ ဒီနိုင်ငံတော်ကြီးကို ဦးဆောင်ပါမှ ဒီနိုင်ငံတော်ကြီး ငြိမ်းချမ်းနိုင်မယ်။ လွတ်မြောက်နိုင်မယ်။ ဘယ်တော့များမှ မြင်တွေ့ခွင့် ရနိုင်ပါ့မလဲ"

♠♠♠

# မုဒု... နံနက်ခင်း




"မုဒု" – နူးညံ့ရမယ်။

ကိုယ်မှု နှုတ်မှု၊ စိတ်မှုတို့ကို၊
ပြုလိုသောအခါ၊ သူတကာတို့၊
နှစ်လိုဖွယ်ရာ၊ ကြင်နာစေတတ်၊
သပ်ရပ်ကျစ်လျစ်၊ ချစ်ဖွယ်အမှု၊
ပြုလုပ်၍သာ၊ နူးညံ့ပါမှ၊
ကြီးပွားရ၊ မုချအမှန်သာ...။

♠ "မုဒု" မဖြစ်တဲ့သူဟာ
အရှက်တရား၊ အကြောက်တရားတွေ ကင်းပျောက်လာတယ်။
ရှက်သင့်တာကို မရှက်။ မရှက်သင့်တာကို ရှက်။
ကြောက်သင့်တာကို မကြောက်။ မကြောက်သင့်တာကို ကြောက်။
ရှက်ကြောက်ကင်းပျောက်တော့
ကိုယ်ကျင့်တရားတွေ ဖောက်ပြန်လာကြတော့တယ်။
အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ…
သိန်းသန်းဝတ်ရုံတွေ ခန္ဓာကိုယ်ပေါ်မှာ ခြုံလွှမ်းထားပေမယ့်…
အဝတ်ဗလာ… ကိုယ်လုံးတီး ဘဝနဲ့ ရှင်သန်ကြရတယ်။

# မုဒ္ဒ ... နံနက်ခင်း

ထိုနေ့နံနက်က တစ်ပတ်လျှင် တစ်ကြိမ် ဆွမ်းခံနေကျ ဦးပဥ္စင်း 'အရှင်ဝဇီရဉာဏ' နံနက် ၆ နာရီ မထိုးမီ ဆွမ်းခံကြွလာတော့သည်။ နွေဦးပေါက်ရာသီ ဖြစ်သောကြောင့် နေအထွက် စောလေ၏။ ထို့ကြောင့် စောစောစီးစီး ဆွမ်းခံကြွရောက်ခြင်း ဖြစ်မည်ထင်သည်။ နေရာထိုင်ခင်းကို ပြင်ဆင်ပြီး ဦးပဥ္စင်းအား အရုဏ်ဆွမ်းအဖြစ် ကော်ဖီပူပူ၊ ပဲပြုတ်နှင့် ထမင်းပူကို ဆက်ကပ်လိုက်ပါသည်။ ကျွန်တော်တို့အိမ်သည်လည်း နံနက်တိုင်း ထိုသို့ စားနေကျဖြစ်ပါသည်။ ဦးပဥ္စင်းကလည်း သူ့အတွက် တမင်ရည်ရွယ်ပြီး အရုဏ်ဆွမ်းကို ပြင်ဆင်ခြင်း မပြုရန် မှာကြားထားပါသည်။

"အရှင်ဘုရား၊ သတင်းစာတွေထဲမှာလည်း ပါးရိုက်မယ်လို့ ပြောတဲ့ဝန်ကြီး၊ ပုဆိုးလှန်ပြတဲ့ဝန်ကြီး၊ အမေနှမ ကိုင်တုတ်တဲ့ ဝန်ကြီး၊ မြက်တစ်ပင်မှ မစိုက်ဖူးဘူးလို့ တစ်ဖက်လူကို နှိမ့်ချပြောဆို၊ သူတို့တစ်တွေကတော့ သစ်တွေခုတ်၊ သစ်တောတွေဖျက်ဆီး၊ ကြက်ဆူပင်တွေစိုက်။ အဲဒါတွေမြင်ရ၊ ဖတ်ရတိုင်း မေတ္တသုတ်တော်ထဲက 'မုဒု'ဆိုတာကို ပြေးပြေးပြီး သတိရမိပါတယ် ဘုရား"

"မှန်တယ် ဒကာကြီး၊ မေတ္တသုတ်တော်ထဲမှာ သက္ကော၊ ဥဇူစ၊ သုဟုဇူစ၊ သုဝစောစဿ၊ မုဒု၊ အနတိမာနီလို့ ပါတယ်။ အဲဒီအထဲမှာ 'မုဒု' ဆိုတာ စိတ်ထား နူးညံ့သိမ်မွေ့သူဖြစ်ခြင်း၊ စိတ်ထား နူးညံ့ပျော့ပျောင်းသူဖြစ်ခြင်းလို့ အဓိပ္ပာယ်ရတယ်"

"ရှင်းပြတော်မူပါဦး ဘုရား"

"လောကကြီးကို စောင့်ရှောက်ဖို့ စိတ်အားထက်သန်သူ၊ ကယ်တင်ဖို့ကြိုးစားအားထုတ်သူ၊ မေတ္တာထားလိုသူ၊ ခေါင်းဆောင်လုပ်လိုသူ၊ အကြီးအကဲလုပ်လိုသူတွေဟာ 'မုဒု'ဆိုတဲ့ ဂုဏ်နဲ့ ပြည့်စုံဖို့လည်း လိုတယ်။ နူးညံ့သိမ်မွေ့

တယ်ဆိုတာ ကြမ်းတမ်းခက်ထန်ခြင်းရဲ့ ဆန့်ကျင်ဘက်ကို ဆိုလိုတယ်။ နူးညံ့ပျော့ပျောင်းတယ် ဆိုတာကတော့ မာကျောခြင်းရဲ့ ဆန့်ကျင်ဘက်ကို ဆိုလိုတယ်။ အဓိပ္ပာယ်ကတော့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ သုံးပါးစလုံး ကြမ်းတမ်းခက်ထန်ခြင်း မရှိ၊ မာကျောခြင်း မရှိ၊ နူးညံ့သိမ်မွေ့တဲ့ ကိုယ်၊ နှုတ်၊ စိတ်အမူအရာ၊ နူးညံ့ပျော့ပျောင်းတဲ့ ကိုယ်၊ နှုတ်၊ စိတ်အမူအရာတို့ဖြင့် ပြည့်စုံခြင်းကို ဆိုလိုတယ်"

"တပည့်တော် နားမပေါက်သေးဘူး ဘုရား။ ဆက်ပြီး ရှင်းပြတော်မူပါဦး"

"ကဲ... နားလည်လွယ်ဖို့ ဦးပဥ္စင်းက ဒကာကြီးကို မေးမယ်။ ဒကာကြီးက ဖြေ"

"တင်ပါ့ဘုရား"

"ဗိုလ်ချုပ်အောင်ဆန်းရဲ့ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ နောက်ဆုံးမိန့်ခွန်းမှာ စကားလုံးတချို့ ကြမ်းကြမ်းတမ်းတမ်းတွေ ပါတယ်လို့ ဆိုကြတယ်။ ဦးပဥ္စင်းကို မှတ်မိသလောက် ရွတ်ပြစမ်းပါ"

ကျွန်တော်လည်း 'ဘာကို ရွတ်ဆိုရမလဲ' ဟု စဉ်းစားမိလိုက်သည်။ တွေးမိသည့်အပိုဒ်ကို ရွတ်ဆိုပြလိုက်၏။

"ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေး ရနိုင်လောက်တဲ့ စည်းကမ်းရှိကြပါ။ လွတ်လပ်ရေး ရနိုင်လောက်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းပါ။ လွတ်လပ်ရေး ရနိုင်လောက်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ လွတ်လပ်ရေး အရသာကို ခံစားချင်တယ် ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ အခုကတည်းက ခင်ဗျားတို့ရဲ့ အကျင့်ဟောင်း၊ အကျင့်ဆိုးတွေ၊ သောက်ကျင့်တွေ ပြင်ကြဖို့ လိုပြီ ဆိုတာ ကျွန်တော် ဒီကနေ့ ပြောခဲ့ချင်တယ်"

"ကဲ... ဟုတ်ပြီ ဒကာကြီး။ အဲဒီ မိန့်ခွန်းထဲမှာ တိုင်းပြည်ရဲ့ အနာဂတ်အတွက် စေတနာတရားတွေ တွေ့ရတယ်။ မေတ္တာတရားတွေ မြင်ရတယ်။ ကရုဏာတရားတွေ လွှမ်းခြုံနေတယ်။ နူးညံ့သိမ်မွေ့ခြင်းနှင့် နူးညံ့ပျော့ပျောင်းခြင်း ဆိုတာ ပြောသူရဲ့ စေတနာအင်အား၊ ကရုဏာအင်အား၊ မေတ္တာအင်အားပေါ်မှာ ခံစားနားလည်နိုင်တယ်။ စကားလုံးတချို့ကို ကြည့်ပြီး 'မုဒု' မဖြစ်ဘူးလို့ မတွေးရဘူး။ စေတနာမဲ့တဲ့ စကား၊ ကရုဏာမဲ့တဲ့ စကား၊

မေတ္တာမဲ့တဲ့ စကား၊ မာယာများတဲ့ စကား၊ ဟန်ဆောင်စကားတွေဟာ ချိုသာပေမယ့် 'မုဒု' မဖြစ်ဘူး''

''ဆက်ပြီး ရှင်းပြပါဦး ဘုရား''

''မိဘပြည်သူများခင်ဗျာလို့ အကြိမ်ကြိမ်ခေါ်နေရုံနဲ့ 'မုဒု' ဖြစ်တယ်လို့ မဆိုနိုင်ဘူး။ လုပ်ရပ်ကို ကြည့်ရတယ်''

''တင်ပါ့ဘုရား''

''အရှင်ဥတ္တမနန္ဒရဲ့ 'အမြင်မှန်စေ' ဆိုတဲ့ ကဗျာတစ်ပုဒ် ရှိတယ်''

''သိပါရစေ ဘုရား၊ တပည့်တော်က ကဗျာဆိုရင် အလွန်နှစ်သက်ပါတယ် ဘုရား''

''ကဗျာက ဒီလို… ဒကာကြီး''

- ရှက်ကြောက် ကင်းပျောက်
ကိုယ့်ကျင့်ဖောက်သော်
သိန်းသန်းဝတ်ရုံ
ကိုယ်၌ခြုံလည်း
မလုံအင်္ဂါ
ဟင်းလင်းသာတည်း…။

- စိတ်ရင်းမကောင်း
အသိခေါင်းသော်
ဘွဲ့ပေါင်းထွေလီ
ကိုယ်၌ သီလည်း
မသတီမုန်း
လူဖြစ်ရှုံး၏ …။

- ဆွေဥာဝတ်ရုံ
ဘွဲ့ပေါင်းဂုဏ်ကြောင့်
အယုတ်အမြတ်
မသတ်မှတ်ဘူး
သူ့လုပ်ရပ်သာ
အရင်းခံသာတည်း…။

ဦးပဥ္စင်း ရွတ်ဆိုပြသော ကဗျာကို ကျွန်တော်က စာအုပ်ဖြင့် ရေးသား မှတ်ယူထားလိုက်ပါသည်။

“ ‘မုဒု’ မဖြစ်တဲ့သူဟာ အရှက်တရား၊ အကြောက်တရားတွေ ကင်း ပျောက်လာတယ်။ ရှက်သင့်တာကို မရှက်၊ မရှက်သင့်တာကို ရှက်။ ကြောက် သင့်တာကို မကြောက်၊ မကြောက်သင့်တာကို ကြောက်။ ရှက်ကြောက် ကင်းပျောက်တော့ ကိုယ်ကျင့်တရားတွေ ဖောက်ပြန်လာကြတော့တယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ သိန်းသန်းဝတ်ရုံတွေ ခန္ဓာကိုယ်ပေါ်မှာ ခြုံလွှမ်းထားပေမယ့် အဝတ်ဗလာ ကိုယ်လုံးတီးဘဝနဲ့ ရှင်သန်ကြရတယ်”

“တင်ပါ့ဘုရား”

“ဒီလိုပဲ၊ စိတ်ရင်းမကောင်းဘူး ဆိုတာ ကိုယ်ကျင့်သီလ မကောင်း ဘူးလို့ ပြောတာ။ အသိခေါင်းတယ် ဆိုတာ အသိဉာဏ်မဲ့တယ်လို့ ဆိုလိုတာ။ အဲဒီလို စိတ်ရင်းကလည်း မကောင်း၊ အသိဉာဏ်ကလည်း ခေါင်းပါးတဲ့ သူတွေမှာ ဘွဲ့တံဆိပ်တွေ၊ သူရဲကောင်းတံဆိပ်တွေ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဆွဲသီထားပေမယ့် လူတွေရဲ့ ရွံရှာခြင်း၊ မုန်းတီးခြင်း၊ မသတီခြင်းကို ခံကြရ တယ်။ ကိုယ်ကျင့်သီလ မကောင်းသူ၊ အသိဉာဏ် နုန့်နဲ့သူတွေဟာ ဘယ်တော့ မှ ‘မုဒု’ မဖြစ်နိုင်ဘူး။

သူတို့ဟာ ရွှေစင်အမည်ခံ ဘော်၊ ကြေး ရောစပ်ထားတဲ့ ရွှေတုံး တစ်တုံးနဲ့ တူတယ်။ ရွှေစင်လို့ အမည်ပေးထားပေမယ့် မာကျောနေတော့တယ်။ ‘အမုဒု’ တွေပေါ့။ ‘မုဒု’ ဖြစ်တဲ့သူတွေကတော့ ရွှေသားအတိနဲ့သာ ဖွဲ့စည်း ထားတဲ့ ရွှေစင်ရွှေတုံးအစစ်ပဲ။ နူးညံ့တယ်၊ ပျော့ပျောင်းတယ်”

“တင်ပါ့ဘုရား”

“လူတစ်ယောက်ရဲ့ ‘မြင့်မြတ်ခြင်း’၊ လူတစ်ယောက်ရဲ့ ‘ယုတ်ညံ့ ခြင်း’ ကို ဆွေမျိုးအနွယ်၊ ဂုဏ်အရှိန်အဝါ၊ ရာထူး အကြီးအသေး၊ ကိုးကွယ် ယုံကြည်တဲ့ ဘာသာတရား၊ အသားဖြူခြင်း အသားမည်းခြင်း၊ ယောကျ်ား ဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်းနဲ့ ခွဲခြားသတ်မှတ်လို့ မရဘူး။ မြင့်မြတ်တဲ့အလုပ်ကို လုပ်နေသူဟာ မြင့်မြတ်သူပဲ။ နိမ့်ကျတဲ့အလုပ်ကို လုပ်နေသူဟာ နိမ့်ကျသူပဲ။ ကိုယ့်ရဲ့လုပ်ရပ်က ကိုယ့်ရဲ့မြင့်မြတ်ခြင်း၊ နိမ့်ကျခြင်းကို ဖော်ပြတယ်။ ‘အမုဒု’ တွေကတော့ နိမ့်ကျတဲ့ အပြောအဆိုတွေ၊ အလုပ်အကိုင်တွေ၊ စိတ်နေစိတ်ထား

တွေကို မြင့်မြတ်တယ်လို့ ကြွေးကြော်ကြတယ်၊ တွေးထင်ကြတော့တယ်”

“တင်ပါ့ဘုရား”

“မှားမှန်းသိရက်နဲ့၊ တောင်းပန်သင့်မှန်းသိရက်နဲ့ တောင်းပန်မှု မပြုခြင်းဟာ ‘မုဒု’မဖြစ်ခြင်းပဲ။ တောင်းပန်သင့်လို့ တောင်းပန်တာဟာ ရှက်စရာမဟုတ်ပါ။ တောင်းပန်သင့်ရက်နှင့် မတောင်းပန်တာကမှ ရှက်စရာ။ အဲဒါ ‘အမုဒု’ပဲ”

“တင်ပါ့ ဘုရား”

“ဒကာကြီး သိပါတယ်”

“ဘာများပါလဲ ဘုရား”

“ဗိုလ်ချုပ်အောင်ဆန်းရဲ့ နာမည်ကျော် စာတစ်ကြောင်း”

“သိပါရစေ ဘုရား”

“ကြည်··· ပဲပြုတ်နဲ့နံပြား ရရင် စားချင်တယ် ဆိုတဲ့ စာကြောင်းကလေး”

“သိပါတယ် ဘုရား”

“အဲဒီစာကြောင်းမှာ စာလုံး (၁၁)လုံး ပါတယ်။ အဲဒီစာလုံး (၁၁)လုံးထဲမှာ ‘မုဒု’တွေ အများကြီးပါတယ်”

“သိပါရစေ ဘုရား”

“ကိုယ့်ရဲ့ အိမ်ရှင်မကို ခေါ်တဲ့အခေါ်အဝေါ်မှာ နူးညံ့ပျော့ပျောင်းခြင်းသဘော တွေ့ရတယ်။ ဒေါ်ခင်ကြည်က ဗိုလ်ချုပ်အောင်ဆန်းထက် ၂ နှစ်နဲ့ ၁၀ လ နီးပါး ကြီးတယ်။ ဒေါ်ခင်ကြည်က ၁၉၁၂၊ ဧပြီ၊ ၁၆ မှာ မွေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၁၅၊ ဖေဖော်ဝါရီ၊ ၁၃ မှာ မွေးတယ်။ ဒေါ်ခင်ကြည်ကို ဗိုလ်ချုပ်အောင်ဆန်းက ‘ကြည်’လို့ ခေါ်တယ်။ ဒါဟာ အိမ်ရှင်မအပေါ်မှာ ‘မုဒု’ဖြစ်ခြင်းပဲ”

“တင်ပါ့ဘုရား”

“နောက်တစ်ချက် ပြောရဦးမယ်။ ပဲပြုတ်နဲ့ နံပြားကို စားချင်တယ်လို့ပဲ··· ဗိုလ်ချုပ်အောင်ဆန်းက ဆိုတယ်။ တိုင်းပြည်ရဲ့ အထွတ်အထိပ်ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်နေပြီး ဘယ်မြို့က မုန့်ဟင်းခါး စားချင်တယ်၊ ဘယ်တိုင်းပြည်က ဟန်ဘာဂါ စားချင်တယ်။ အဲဒီလို မပြောဘူး

အိမ်မှာရှိတဲ့ အစားအစာကိုပဲ တောင်းဆိုတယ်။ အဲဒါ မိသားစုအပေါ်မှာ ထားတဲ့ 'မုဒု'ပဲ"

"တင်ပါ့ဘုရား"

"နောက်တစ်ချက် ပြောရဦးမယ်။ အဲဒီစာလုံး (၁၁)လုံးထဲမှာ 'ရရင်' ဆိုတဲ့ စာလုံး(၂)လုံး။ ဘယ်လောက်များ 'မုဒု' ဖြစ်လိုက်သလဲ။ ငါဟာ အိမ်ဦးနတ်ပဲ၊ ငါဟာ အိမ်ထောင်ဦးစီးပဲ၊ ငါဟာ ဒီအိမ်မှာ ဗိုလ်ပဲ၊ မဖြစ် ဖြစ်အောင် လုပ်ပေး။ ဒီလိုမျိုး 'အမုဒု'သဘောတွေ မပါဘူး။ ကြည့်စမ်းပါဦး၊ 'ရရင်' တဲ့။ ရမှစားမယ်၊ ဖြစ်နိုင်မှ စားမယ်။ ဒါဟာ 'မုဒု'သဘောပဲ"

"တင်ပါ့ဘုရား"

"နောက်ဆုံးတစ်ချက် ပြောရဦးမယ်"

"ဘာများပါလဲ ဘုရား"

"ပဲပြုတ်နဲ့ နံပြား စားချင်တဲ့ကိစ္စ။ အိမ်ရှင်မကိုပဲ ခိုင်းတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းတို့အိမ်မှာ အိမ်ဖော်မရှိဘူး၊ အိမ်ဖော် မထားဘူး။ ကိုယ့်မိသားစုအရေးကို အားလုံး ပိုင်းဝန်းဖြေရှင်းကြတဲ့သဘော။ ဗိုလ်ချုပ်အောင်ဆန်းရဲ့အိမ်မှာ ရဲဘော်လေးတွေ၊ အကြပ်တပ်သားလေးတွေ၊ ဗိုလ်လေးတွေတော့ ရှိမှာပဲ။ ဒါပေမဲ့ သူတို့ကို ကျေးကျွန်သဖွယ် မခိုင်းဘူး။ ငွေဝယ်ကျွန်သဖွယ် မဆက်ဆံဘူး၊ ဝေါက်ဝေါက်ငမ်းငမ်း မပြုမူဘူး။ စစ်သား လေးတွေ၊ ရဲဘော်လေးတွေကို တန်ဖိုးထားတယ်၊ နှိမ့်ချခြင်း မပြုဘူး။ ဒါဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မြင့်မြတ်တဲ့စိတ်၊ မွန်မြတ်တဲ့ နှလုံးသား၊ ကြီးမြတ်တဲ့ အပြုအမူ။ အဲဒါ ဗိုလ်ချုပ်အောင်ဆန်းရဲ့ 'မုဒု'ပဲ"

"တင်ပါ့ဘုရား"

"ဦးပဥ္ဇင်းတို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ 'သက္ကော'လည်း ဖြစ်တယ်။ 'ဥဇု'လည်း ဖြစ်တယ်။ 'သုဟုဇု'လည်း ဖြစ်တယ်။ 'သုဝစော'လည်း ဖြစ်တယ်။ ဟော… 'မုဒု'လည်း ဖြစ်တယ်။ ဒီတော့ သူရဲ့မေတ္တာဟာ အစွမ်းထက်တော့တာပေါ့။ တိုင်းပြည် အပေါ် သက်ရောက်မှု အားကြီးခဲ့တော့တာပေါ့"

ဦးပဥ္ဇင်း၏စကားကြောင့် ယနေ့ ခေါင်းဆောင်ဟု ကိုယ့်ကိုယ်ကိုယ် ကင်ပွန်းတပ်နေသူများ၏ ဘဝဖြတ်သန်းခဲ့မှုနှင့် သူတို့၏ ဘဝဖြတ်သန်းနေမှု

များကို တွေးတောဆင်ခြင်ပြီး ရင်လေးနေမိပါတော့သည်။

"ကဲ… ဒကာကြီး၊ နောက်တစ်ပတ်မှာ 'အနတိမာနီ' ကို ဆွေးနွေးကြတာပေါ့။ 'မုဒု' ဖြစ်သူတွေနဲ့ ကြုံဆုံမှ အကုသိုလ်ကင်းမယ်၊ 'မုဒု' မဖြစ်သူတွေနဲ့ ပေါင်းဖော်ရရင် အကုသိုလ်ကြီးတယ် ဒကာကြီး"

♠♠♠

# အနတ္တမာနီ... နံနက်ခင်း




**"အနတ္တမာနီ"** – ထောင်လွှားမှုကို ပယ်ရမယ်။

သမုဒ်ရေပြင်၊ မမြင်စဖူး၊
တွင်းနှဖားတွင်၊ ငါလျှင်တတ်သိ၊
မရှိငွေ့ပြင်၊ ငါဘုရင်ဟု၊
မည်သူအောက်မျှ၊ မချလိုလျက်၊
ထက်ကနေလို၊ ကိုယ်ကိုမြှင့်မောက်၊
မာန်တက်ရောက်မှု၊ မပြုရှောင်ခွါ၊
မာန်နည်းပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ...။

♠ "ရှင်အေဝဒတ်"က
အဲဒီသက်န်းကို ဝတ်ဆင်ပြီး
ကြွားကြွားဝါဝါ နေပြတယ်။
လမ်းသလားပြတယ်။

♠ ဒီနေ့ခေတ် လူပုဂ္ဂိုလ်တွေလိုပေါ့...။
ရာထူးလေးရလို့ ယူနီဖောင်းလေး ဝတ်ခွင့်ရပြီဆိုရင်
အဲဒီ ယူနီဖောင်းကို ဝတ်ပြီး ဘဝင်မြင့်နေကြတာမျိုး...။

♠ ရာထူးဆိုတာ
နေရာယူဖို့ မဟုတ်ဘူး... တာဝန်ယူဖို့...။

♠ ယူနီဖောင်းဆိုတာ
ဂုဏ်အရှိန်အဝါအတွက် မဟုတ်ဘူး...
လောကကြီးကို ကယ်တင်ဖို့ စောင့်ရှောက်ဖို့အတွက်
ဆင်မြန်းထားတဲ့ ပစ္စည်း...။

# အနတ်မာနီ··· နံနက်ခင်း

“နင်တို့လင်မယား ဘယ်သူက ဖိတ်လို့ ငါတို့အိမ်ရဲ့ ဆွမ်းကပ်ကို လာရတာလဲ။ ဒီအိမ်ရိပ်ကို မနင်းပါနဲ့လို့ အပြတ်ပြောထားပြီးပြီပဲ။ ငါတို့ မင်္ဂလာယူနေတဲ့အချိန်။ သွားကြ၊ နင့်ကိုလည်း မမြင်ချင်ဘူး၊ နင့်မိန်းမ မျက်နှာကိုလည်း မကြည့်ချင်ဘူး၊ နင့်ကလေးကိုလည်း မတွေ့ချင်ဘူး၊ သွားကြ··· မကြာခင် ဘုန်းကြီးတွေ ကြွလာတော့မယ်”

တစ်နေ့က···

မိတ်ဆွေတစ်ယောက် ခေါ်၍ တပေါင်းလပြည့်အကြို ဆွမ်းကပ်ပွဲ ကျင်းပသော အိမ်တစ်အိမ်သို့ ကျွန်တော် ရောက်သွားခဲ့ရပါသည်။ ဆရာတော်ဘုရားများ၊ ဘုန်းတော်ကြီးများ ကြွမလာမီ ထိုအိမ်ရှိ မိသားစုများ စကားများကြလေ၏။ အကြောင်းရင်းမှာ ထိုအိမ်ရှင်၏ သားဖြစ်သူက မိဘများ၊ မောင်နှမများ သဘောမတူ မကြည်ဖြူသည့် မိန်းကလေးကို အိမ်ထောင်ပြု သွား၍ ဖြစ်သည်··· တဲ့။ ငေါက်ငမ်းစကားသံများ၊ မောက်မာသော စကားသံများကြောင့် ချွေးမဖြစ်သူကလည်း မျက်ရည်တွေဝဲ၊ သားဖြစ်သူကလည်း မျက်နှာတွေပျက်။ ဝမ်းနည်းစရာ အကောင်းဆုံးကတော့ (၃)နှစ်အရွယ် သမီးငယ်လေး၏ စိတ်ခံစားချက်။

ဆရာတော်ဘုရားများက ဆွမ်းဘုဉ်းမပေးမီ ဗုဒ္ဓဘာသာတို့၏ ထုံးစံ အတိုင်း ပရိတ်တော်(၁၁)သုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြလေ၏။ ‘မေတ္တ သုတ်တော်’ကို ရွတ်ဖတ်နေစဉ်တွင် ကျွန်တော့်စိတ်ထဲ၌ အားမလိုအားမရ ဖြစ်သွားမိသည်။

ဤသို့ဖြင့် ဦးပဉ္ဇင်း ‘အရှင်ဝဇိရဉာဏ’ ဆွမ်းခံကြွမည့်နေ့ကို ကျွန်တော် မျှော်နေမိသည်။ ဦးပဉ္ဇင်းက ကြာသပတေးနေ့တိုင်း ဆွမ်းခံကြွလေ့ရှိသည်။

ဦးပဥ္စင်းနှင့် တွေ့ဆုံသည့်နေ့တွင် ကျွန်တော် တွေ့ကြုံခဲ့ရသော ဆွမ်းကပ်ပွဲ အကြောင်းကို ပြောဖြစ်ခဲ့ပါသည်။

"အဲဒါပဲ ဒကာကြီး၊ ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင်တွေဟာ ရွတ်ဆိုခြင်း နဲ့ပဲ ကျေနပ်နေကြတယ်။ 'လျှာပေါ်ဝဲ သရဏဂုံ' နဲ့ ကျေနပ်နေကြတယ်။ 'မေတ္တာသုတ်တော်'ကိုလည်း 'လျှာပေါ်ဝဲ' စကားလုံးတွေနဲ့ ကြည်နူးနေကြတယ်။ တကယ်တော့ ဦးပဥ္စင်းတို့ ဘုရားရှင်ရဲ့သာသနာတော် ဆိုတာ ရွတ်ဆိုနေရုံ၊ ရွတ်ဖတ်တတ်ရုံနဲ့ မပြီးဘူး။ လိုက်နာဖို့၊ ကျင့်ဆောင်ဖို့၊ လက်တွေ့ လုပ်ကြည့်ဖို့ ဖြစ်တယ်။ ကဲ… အခုလည်းကြည့်၊ 'မေတ္တာသုတ်တော်'ကိုတော့ ရွတ်ဖတ်နေကြပြီး ရင်ထဲမှာက မာနတွေ၊ အာဃာတတွေ၊ အငြိုးတွေနဲ့"

"တင်ပါ့ဘုရား"

"ကဲ… ဒီနေ့ 'အနတိမာနီ'အကြောင်းကို ပြောကြဖို့ မဟုတ်လား"

"တင်ပါ့ဘုရား၊ တပည့်တော် မျှော်လင့်နေတာပါ ဘုရား"

"… 'အနတိမာနီ' ဆိုတာ အမျိုးအနွယ်ကြောင့်ဖြစ်စေ၊ ဥစ္စာပစ္စည်း ငွေကြေးကြောင့် ဖြစ်စေ၊ ရာထူးဂုဏ်သိန် စည်းစိမ်အာဏာကြောင့် ဖြစ်စေ၊ အသက်အရွယ်ကြောင့် ဖြစ်စေ၊ ပညာကြောင့် ဖြစ်စေ၊ အလှကြောင့်ဖြစ်စေ မရှိမာန၊ ရှိမာန… မာန်မာန ကင်းခြင်းကို… ဆိုလိုတယ်။ သူတစ်ပါးအပေါ် မထီမဲ့မြင် မပြုခြင်း၊ ကိုယ်နဲ့ မတူမတန်ဟု သဘောမထားခြင်း၊ အဖက်မလုပ် အရေးမစိုက်သလို မပြုမူခြင်း။ အဲဒါဟာ 'အနတိမာနီ'ရဲ့ သဘောပဲ"

"တင်ပါ့ဘုရား"

"ဒကာကြီးပဲ စဉ်းစားကြည့်ပါ။ မာနကြီးသူများဟာ ဘယ်လိုလုပ်ပြီး မေတ္တာပွားများလို့ ရမှာတုံး။ မာနကြီးခြင်းဆိုတာ စိတ်ထား ခက်ထန်ခြင်းရဲ့ အနက်အဓိပ္ပာယ်တစ်မျိုး"

"တင်ပါ့ဘုရား"

"ရှင်ကြီးဒေဝဒတ်နဲ့ တို့များ ဘုရားရဲ့ ဆက်ဆံရေးကို ကြည့်။ တစ်နေ့ တော့ အဖိုးတစ်သိန်း ထိုက်တန်တဲ့သင်္ကန်း အလှူခံယူမှုနဲ့ ပတ်သက်ပြီး 'ရှင်သာရိပုတ္တရာ' နဲ့ 'ရှင်ဒေဝဒတ်'တို့ အယူအဆ ကွဲလွဲကြတယ်"

"သိပါရစေ ဘုရား"

"ရှင်သာရိပုတ္တရာက သာသနာတော်ရဲ့ မျက်နှာကို ကြည့်ပြီး သံဃာ

များအတွက် ရည်မှန်းလျှုဒါန်းခြင်းကို နှစ်သက်တယ်။ ရှင်ဒေဝဒတ်က သာသနာတော်ရဲ့မျက်နှာကို မကြည့်။ သူနဲ့ခင်မင်သူတွေက လှူဒါန်းတဲ့အတွက် သူသာ အလှူခံယူထိုက်တယ်လို့ ယူဆတယ်''

''တင်ပါ့ဘုရား''

''တကယ်တော့ ရှင်ဒေဝဒတ်ဟာ အသိဉာဏ်ပညာဘက်ကို ဦးမလှည့်ဘဲ ခံစားမှုဘက်ကို ဦးလှည့်ခဲ့တဲ့သူ၊ လောကုတ္တရာဘက်ကို ဦးမလှည့်ဘဲ လောကီဘက်ကို ဦးလှည့်ခဲ့တဲ့သူ၊ အနတ္တဘက်ကို ဦးမလှည့်ဘဲ အတ္တဘက်ကို ဦးလှည့်ခဲ့တဲ့သူ။ ဒါဟာ... ပညာ၊ ဉာဏ်၊ သတိ နည်းပါးခြင်းရဲ့ ပြယုဂ်''

''တင်ပါ့ဘုရား''

''ရှင်သာရိပုတ္တရာကတော့ ခံစားမှုက ပဓာနမကျ။ ပညာသည်သာ ပဓာနကျတယ်လို့ သိမြင်တဲ့သူ၊ တစ်ဦးတစ်ယောက် ကောင်းစားရေးထက် သံဃာ့အဖွဲ့အစည်း တစ်ရပ်လုံး ညီညွတ်ဖို့ စဉ်းစားတဲ့သူ၊ အတ္တဘက်ကို ဦးမလှည့်ဘဲ အနတ္တဘက်ကို ဦးလှည့်ခဲ့တဲ့သူ။ အဲဒါ ပညာ၊ ဉာဏ်၊ သတိ ကြီးမားခြင်းရဲ့ ပြယုဂ်''

''တင်ပါ့ဘုရား''

''ဒီလိုနဲ့... ရှင်ဒေဝဒတ်က အဲဒီသင်္ကန်းကို ဝတ်ဆင်ပြီး ကြွားကြွား ဝါဝါ နေပြတယ်၊ လမ်းသလား ပြတယ်။ ဒီနေ့ခေတ် လူပုဂ္ဂိုလ်တွေလိုပေါ့။ ရာထူးလေး ရလို့၊ ယူနီဖောင်းလေး ဝတ်ခွင့်ရပြီ ဆိုရင် အဲဒီ ယူနီဖောင်းကို ဝတ်ပြီး ဘဝင်မြင့်နေကြတာမျိုး။ ရာထူး ဆိုတာ နေရာယူဖို့ မဟုတ်ဘူး၊ တာဝန်ယူဖို့။ ယူနီဖောင်း ဆိုတာ ဂုဏ်အရှိန်အဝါအတွက် မဟုတ်ဘူး၊ လောကကြီးကို ကယ်တင်ဖို့ စောင့်ရှောက်ဖို့အတွက် ဆင်မြန်းထားတဲ့ပစ္စည်း''

''တင်ပါ့ဘုရား''

''ဒီအပြုအမူကို ကြည့်ခြင်းဖြင့် လူတစ်ယောက်ရဲ့ စရိုက်ဆိုး၊ ဉာဉ်ဆိုးတွေကို အကဲခတ်လို့ ရတယ်။ မာနရဲ့သဘောဟာ သူများထက် အသာစီးရမှ ကျေနပ်တဲ့စိတ်၊ အနစ်နာခံလိုတဲ့စိတ် မဟုတ်ဘူး။ အသာစံလိုတဲ့စိတ်၊ အစုအပေါင်း အများနဲ့ တစ်သားတည်းနေလိုခြင်း ကင်းတဲ့စိတ်၊ ဗိုလ်လုပ်လိုတဲ့စိတ်။ အဲဒါဟာ 'အနတ္တိမာနီ'ရဲ့ ဆန့်ကျင်ဘက်ပဲ''

''တင်ပါ့ဘုရား''

"မာနရဲ့သဘောဟာ ယှဉ်ပြိုင်လိုတယ်။ ယှဉ်ပြိုင်တဲ့အခါ ကိုယ့်မှာ တကယ်မရှိတဲ့ ဂုဏ်သတ္တိတွေကို တကယ်ရှိသယောင် ဟန်ဆောင်ပြရတော့တယ်။ ပြီးတော့ တကယ်ရှိနေတဲ့ အားနည်းချက်တွေ၊ အပြစ်အနာအဆာတွေကို ဖုံးကွယ်ကြရပြန်တယ်၊ လိမ်လည်ကြရပြန်တယ်"

"မှတ်သားထားပါ့မယ် ဘုရား"

"လိမ်လည်မှု၊ လှည့်ဖြားမှု၊ အကောက်ကြံမှုတို့ ဆိုတာ မာနရဲ့ ဂုဏ်သတ္တိတွေပဲ။ မာနကြောင့် ပြိုင်ဆိုင်လိုတဲ့စိတ် ဖြစ်ပေါ်လာတယ်။ ပြိုင်ဆိုင်လိုတဲ့စိတ်ကြောင့် သတ္တိရှိသယောင် ဆောင်ပြရတယ်။ နောက်ဆုံး လိမ်လည်ရတော့တယ်၊ ကောက်ကျစ်ရတော့တယ်။ ဒီလိုနဲ့ ကိုယ့်ရဲ့ လိမ်လည်မှုတွေ၊ ကောက်ကျစ်မှုတွေ၊ လှည့်ဖြားမှုတွေကို ဖုံးဖုံးဖိဖိ လုပ်ဖို့အတွက် ဗိုလ်နေရာ ရမှ ဖြစ်မယ်။ ဗိုလ်လုပ်ချင်လာတော့တယ်။ ဗိုလ်နေရာက တစ်ပြားသားမှ လျှော့ကျမခံနိုင်ဘူး။ လျှော့ကျတာနဲ့ ဘဝပျက်ပြီလေ။ ဒီတော့ ကိုယ်နဲ့ ကိုယ့်အုပ်စုကို ဗိုလ်မဖြစ်ဖြစ်အောင် သူတစ်ပါးကို ရက်စက်ကြတော့တယ်၊ ယုတ်မာကြတော့တယ်။ အမြန် ဗိုလ်လုပ်နိုင်မယ့် နည်းတွေကို ရှာကြံကြတော့တယ်။ မဖြစ်သင့် မဖြစ်အပ်တဲ့ ပဋိပက္ခတွေကို လျှို့ဝှက်ဖန်တီးကြတော့တယ်။ နောက်ကွယ်က နေပြီး ကြိုးကိုင်ကြတော့တယ်။ ဒါဟာ 'အနတိမာနီ' ဆိုတဲ့ 'မေတ္တသုတ်တော်'ထဲက ဆိုဆုံးမမှုကို မလိုက်နာခြင်းရဲ့ အဖြေတွေပဲ"

ဦးပဥ္စင်းက မျက်လွှာကို ချပြီး သူ၏ ဟောတရား ပြောစကားများကို ဆို၏။ ကျွန်တော်က နားထောင်နေရင်းဖြင့် ယနေ့လက်ရှိ နိုင်ငံတော်၏ အဖြစ်အပျက်များကို တွေးဆနေမိသည်။ ရုပ်ရှင်ပိတ်ကားပေါ်တွင် အရုပ်များ ထင်လာသကဲ့သို့ တရေးရေး မြင်ယောင်နေမိတော့၏။ 'မေတ္တသုတ်တော်'၏ အနှစ်သာရသည်ကား ကြီးမားလှပေစွ။

"ဒီမယ် ဒကာကြီး… မာနကြီးတဲ့သူတွေ၊ 'အနတိမာနီ' မဲ့သူတွေဟာ အရည်အချင်းမရှိဘဲ နေရာတစ်ခုကို အရှက်အကြောက် ကင်းမဲ့စွာ လုယူတတ်ကြတယ်၊ တောင်းယူတတ်ကြတယ်၊ တိုက်ယူတတ်ကြတယ်၊ လိမ်ညာပြီး ယူတတ်ကြတယ်"

"တင်ပါ့ဘုရား"

"တောင်းယူ၊ တိုက်ယူ၍ ရနိုင်သောအရာနဲ့ တောင်းယူ၊ တိုက်ယူ၍

မရနိုင်သောအရာ ဆိုတာ ရှိတယ် ဒကာကြီး။ အရာဝတ္ထု၊ ဥစ္စာပစ္စည်းတွေ၊ နေရာတွေ၊ ပလ္လင်တွေကိုသာ တောင်းယူ၊ တိုက်ယူလို့ ရကောင်းရမယ်။ လုယူ၊ ညစ်ပတ်ယူလို့ ရကောင်းရမယ်။ လူတွေရဲ့ စစ်မှန်တဲ့ ဦးညွှတ်ခြင်း၊ စစ်မှန်တဲ့ အရိုအသေပေးခြင်း၊ စစ်မှန်တဲ့ အပူဇော်ခံရခြင်း၊ လူအများရဲ့ စစ်မှန်တဲ့ တုံ့ပြန်မေတ္တာ၊ စစ်မှန်တဲ့ တုံ့ပြန်အချစ်၊ စစ်မှန်တဲ့ တုံ့ပြန်နှလုံးသားကိုတော့ လုယူလို့ မရဘူး၊ တိုက်ယူလို့ မရဘူး၊ ညစ်ယူလို့ မရဘူး၊ လိမ်ညာယူလို့ မရဘူး"

"တင်ပါ့ဘုရား"

"… 'အနတိမာနီ' လို့ ခေါ်တဲ့ မာနထောင်လွှားမှု ကင်းသူ၊ လူတွေအပေါ် အလေးဂရုပြုသူ၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အယုတ်အလတ် အမြတ်မရွေး၊ လူတိုင်းအပေါ်မှာ ငဲ့ညှာတတ်ခြင်း ဆိုတဲ့ စိတ်ထားနူးညံ့သူ။ သူတို့တစ်တွေကတော့ သူတို့ရဲ့ မေတ္တာစေတ်ကြောင့် အချိန်ကာလတစ်ခု အရောက်မှာ လူတွေရဲ့ စစ်မှန်တဲ့အချစ်၊ လူတွေရဲ့ စစ်မှန်တဲ့နှလုံးသား၊ လူတွေရဲ့ စစ်မှန်တဲ့ အပူဇော်ခံမှု၊ လူတွေရဲ့ စစ်မှန်တဲ့ အရိုအသေပေးမှု၊ လူတွေရဲ့ စစ်မှန်တဲ့ ဦးညွှတ်မှုကို ပိုင်ဆိုင်ကြရတော့တယ်"

"ကောင်းလိုက်တာ ဘုရား"

"အနီးစပ်ဆုံး ပြောမယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝဖြတ်သန်းမှုကိုကြည့်၊ ဗိုလ်ချုပ်အောင်ဆန်းက 'အနတိမာနီ' ဂုဏ်နဲ့ ပြည့်စုံသူပဲ"

"သိပါရစေ ဘုရား"

"ဘယ်လောက်အထိ မာနကင်းသလဲဆိုရင် ငါးမူးတန်က နေပြီး ရုပ်ရှင်ကြည့်ခဲ့တဲ့သူ၊ လမ်းဘေး လက်ဖက်ရည်ဆိုင်မှာ သူလိုကိုယ်လို စားသောက်နေထိုင်သွားတဲ့သူ၊ လမ်းဘေးက အကြော်သည် တစ်ယောက်ကိုတောင် သူ့ရဲ့အနွေးထည်အင်္ကျီ ချွတ်ပေးခဲ့တဲ့သူ၊ နှီးရခက်တဲ့ မော်တော်ကား အစုတ်ကိုသူလိုကိုယ်လို စီးခဲ့တဲ့သူ၊ သူ့မိခင်ထံကို ပြန်ခဲ့တာတောင် ကိန်းကြီးခန်းကြီးမနိုင်တဲ့သူ။ ရဲဘော်လေးတွေ၊ စစ်သားလေးတွေကို မိတ်ဆွေအရင်းလို ချစ်ချစ်ခင်ခင် လေးလေးစားစား ဆက်ဆံခဲ့တဲ့သူ။ တိုင်းပြည်ရဲ့ နံပါတ်(၁) ခေါင်းဆောင်ကြီးဖြစ်ပေမယ့် သူရဲ့အပါးတော်မြဲ ဗိုလ်ထွန်းလှလို စာရေးဆရာ ဖြစ်ချင်တယ်လို့ ဘွင်းဘွင်းကြီး ဝန်ခံပြောကြားတဲ့သူ။ ဘယ်လောက် မာနကင်းလိုက်သလဲ ဒကာကြီး"

“ဒါကြောင့် လူထုရဲ့အချစ်ကို ဒီကနေ့အထိ ရနေတာပေါ့ ဘုရား”

“ပြီးတော့ တိုင်းပြည်ခေါင်းဆောင်ကြီးတဲ့၊ ကြည့်စမ်းပါဦး၊ စွပ်ကျယ် စုတ်ကို ဝတ်ပြီး တာဝါလိန်းနေအိမ်ရဲ့ မြေပြင်ပေါ်မှာ ပေါက်ပြားတစ်လက်နဲ့ သစ်ပင်စိုက်ခဲ့တဲ့သူ။ လွတ်လပ်ရေး ရပြီးရင် တပ်က ထွက်မယ်။ နိုင်ငံရေး လောကက အနားယူမယ်။ ခြံစိုက်ပြီး အေးအေးလူလူ နေမယ်။ စာရေးဆရာ လုပ်မယ်။ မေမြို့ကို ရောက်တုန်း မြေဈေး၊ အိမ်ဈေးတွေ ဘယ်လောက် ရှိသလဲလို့ မေးမြန်းခဲ့တဲ့သူ။ ကိုယ့်လုပ်အားနဲ့သာ ဝယ်ဖို့ ကြိုးစားခဲ့တဲ့သူ”

“ဒါကြောင့် ပြည်သူတွေရဲ့ ဦးညွှတ်မှုကို ဒီကနေ့ထိ ရနေတာပေါ့ ဘုရား”

“မောင်သန်းစိုး(ချောက်)ရဲ့ ကဗျာတစ်ပုဒ် ဦးပဥ္စင်း သတိရလို့ ရွတ်ပြမယ်”

“သိပါရစေ ဘုရား”

“ခေါင်းစဉ်ကိုတော့ မေ့နေပြီ”

“တင်ပါ့ဘုရား”

“သိဒ္ဓတ္ထက၊ သံသရာမှာ
အကာကိုပစ်၊ အနှစ်ကိုရှာ… သစ္စာ…။
ဒေဝဒတ်က၊ သံသရာမှာ
အနှစ်ကိုပစ်၊ အကာကိုရှာ… တဏှာ…”

“ကောင်းလိုက်တာဘုရား”

“မေတ္တာသုတ်တော်ကို ပါးစပ်က ရွတ်ဆိုနေပြီး လိမ်လည်မှုတွေ၊ ကောက်ကျစ်မှုတွေ၊ မာနတွေနဲ့ ရှင်သန်နေထိုင်သူဟာ အနှစ်ကိုပစ်ပြီး အကာကို ရှာနေကြတဲ့သူတွေ။ ဒေဝဒတ် ဘက်တော်သားတွေပဲ ဒကာကြီး”

“မှတ်သားထားပါ့မယ် ဘုရား”

“ကိုယ်နဲ့ ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်အပေါ် မရှိမာန၊ ရှိမာန ကင်းမဲ့ခြင်းဟာ လောကကြီးအပေါ် စောင့်ရှောက်ခြင်း၊ ကယ်တင်ခြင်း၊ ကူညီ ခြင်းပဲ။ နောက်တစ်ပတ်မှ ‘သန္တုဿကောစ’ ဆိုတဲ့ ‘ရောင့်ရဲလွယ်ခြင်း အကြောင်း’ ကို ဆွေးနွေးကြတာပေါ့”

♠♠♠

# သန္တုဿကော...နံနက်ခင်း




**"သန္တုဿကော"** - ရောင့်ရဲလွယ်မှု မေတ္တာရ။

ရတတ်သမျှ၊ သဘာဝနှင့်၊
အားရမရှိ၊ မိုးသို့ထိအောင်၊
လှေကားထောင်မည်၊ စိတ်ကရည်သို့၊
မဖြစ်တို့ဖွယ်၊ အသွယ်သွယ်ကို၊
နှစ်လိုလှစွာ၊ ရောင့်ရဲလွယ်မှု၊
ကြီးပွားရ၊ မုချအမှန်သာ...။

♠ လူ့ဘဝမှာ. . .
အချိန်ကြာကြာ ဘယ်လောက်အထိ
နေခွင့်ရသလဲ ဆိုတာထက်. . .
လူဘဝမှာ. . .
ဘယ်လို ရှင်သန်နေထိုင်သွားသလဲဆိုတာက
ပိုပြီး အရေးကြီးတယ်။

♠ အသိဉာဏ်နည်းသူတွေက
ရှိဖို့ကြိုးစားရင်းနဲ့ သေသွားကြတယ်။
အသိဉာဏ်ကြီးသူတွေကတော့
လောကဓမ္မကို သိဖို့ကြိုးစားရင်းနဲ့
ရှင်သန်နေထိုင်တတ်ကြတယ်။

# သဒ္ဓါသဃကော••• နံနက်ခင်း

"ဦးဇင်း သပိတ်ထဲမှာ ဆွမ်းထမင်းနဲ့ ဆွမ်းဟင်းတွေ ပြည့်စုံနေပါပြီ ဒကာကြီး"

ကျွန်တော်က ဦးပဥ္စင်း၏ သပိတ်ကို ဖွင့်ပြီး ငုံ့ကြည့်လိုက်သည်။ ဆွမ်းထမင်းက တစ်ဝက်မရှိတရှိ။ ဆွမ်းဟင်းခွက် (၅)ခွက်မှာတော့ ဆွမ်းဟင်းများက အပြည့်။ ပဲဟင်းက တစ်ခွက်၊ ဘဲဥကြော်က တစ်ခွက်၊ မျှစ်နှင့် ချဉ်ပေါင်ကို ရောပြီး ကြော်ထားသည့် ဟင်းက တစ်ခွက်၊ ပဲသီးကြော်က တစ်ခွက်၊ မျှစ်သုပ်က တစ်ခွက်။

"တပည့်တော်က အရှင်ဘုရားကို ဆွမ်းလောင်းဖို့ စောင့်နေတာပါ ဘုရား။ ဒီနေ့ တပည့်တော်တို့အိမ်မှာ ဆိတ်သားနှပ်နဲ့ သီးစုံချဉ်ရည်ဟင်း ချက်ပါတယ် ဘုရား"

"ဒီနေ့ ဆွမ်းတစ်နပ်အတွက်တော့ ပြည့်စုံနေပါပြီ ဒကာကြီး။ ဒကာကြီးက ဦးဇင်းကို လောင်းလှူလိုက်မယ်ဆိုရင် ဦးဇင်းအတွက် မလိုအပ်တော့ဘူး။ လိုအပ်နေတဲ့ အခြားသော သံဃာတော်များကိုသာ လောင်းလှူပါ။ ဦးဇင်းအတွက်တော့ ဒီလောက်ဆိုရင် တစ်ဝမ်းတစ်ခါး တစ်နံနက်စာ ဖူလုံပါပြီ။ တစ်ခါတစ်ရံ လူတွေက မလိုအပ်ဘဲ စုဆောင်းနေကြ၊ သိမ်းပိုက်နေကြတယ်။ ဒါဟာ လေးလံခြင်းကို ဖန်တီးနေခြင်းပဲ"

ကျွန်တော်က လက်အုပ်ချီပြီး တရိုတသေ နားထောင်ပေးလိုက်ပါသည်။

"တကယ်တော့ ရတတ်သမျှ၊ ရှိတတ်သမျှ၊ ဖြစ်တတ်သမျှနဲ့ ရောင့်ရဲတင်းတိမ် ကျေနပ်တဲ့ စိတ်သဘာဝကို 'သန္တုဋ္ဌိ' လို့ ခေါ်တယ်။ ဒါ့ကြောင့် 'သန္တုဋ္ဌိ' ဆိုတာ 'ရောင့်ရဲတင်းတိမ်လွယ်ခြင်းသည်လည်း

ကောင်း’ လို့ အဓိပ္ပာယ်ရတယ်။ ဒီတစ်ပတ် ‘သန္တုဿကောစ’ ကို ဆွေးနွေးကြမယ် မဟုတ်လား”

“မှန်ပါတယ် ဘုရား”

“ရောင့်ရဲတင်းတိမ်ခြင်းဟာ အရှုံးပေးတဲ့စိတ် မဟုတ်ဘူးနော်”

“တင်ပါ့ဘုရား”

“ရောင့်ရဲတင်းတိမ်ခြင်းဟာ ပျင်းရိတဲ့ စိတ်လည်း မဟုတ်ဘူးနော်”

“တင်ပါ့ဘုရား”

“ရောင့်ရဲတင်းတိမ်ခြင်းဟာ မွန်မြတ်တဲ့စိတ်၊ မြင့်မြတ်တဲ့စိတ်”

“တပည့်တော်ကို ဒီထက် နားလည်အောင် ရှင်းပြတော်မူပါ ဘုရား”

“ရောင့်ရဲတင်းတိမ်လွယ်သူ ဆိုတာ ကိုယ်မျှော်လင့်တာတွေ ဖြစ်ခွင့်မရလို့ ပူလောင်နေတဲ့သူမျိုး မဟုတ်ဘူး။ ကိုယ်မျှော်လင့်တာတွေ ပိုင်ဆိုင်ခွင့်မရလို့ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း အပြစ်မတင်ဘူး၊ စိတ်မဆိုးဘူး။ မေတ္တာနဲ့သဟဇာတ ဖြစ်အောင် နေတတ်တဲ့စိတ်”

“ဆက်ပြီး ရှင်းပြပါဦး ဘုရား”

“ဖြစ်တတ်သမျှ၊ ရှိတတ်သမျှ၊ ရတတ်သမျှနဲ့ ရောင့်ရဲခြင်း မရှိတဲ့သူတွေဟာ အမြဲတမ်းရှာဖွေနေရတယ်၊ ကြောင့်ကြနေရတယ်၊ ဗျာပါရတွေနဲ့နေထိုင်ကြရတယ်။ ကိုယ်လိုချင်တာ မရလို့ စိတ်မချမ်းမသာ ဖြစ်ကြရတယ်၊ စိတ်ဆိုးကြရတယ်။ ရပြန်ပြီ ဆိုတော့လည်း ပိုပြီး ရချင်လာပြန်တယ်။ ဒီတော့စိတ်မသက်မသာ ဖြစ်ကြရတယ်။ စိတ်ဆိုးခြင်း၊ စိတ်မသက်မသာဖြစ်ခြင်းဆိုတာ မေတ္တာရဲ့ ဆန့်ကျင်ဘက်။ ဒါ့ကြောင့် မေတ္တာတရား ပွားများနေသူတစ်ယောက်ဟာ ဘယ်လောက်ထိ ရောင့်ရဲတင်းတိမ်နိုင်တဲ့ စိတ်ရှိသလဲဆိုတာကို ကြည့်ရုံနဲ့ သူ့မေတ္တာ အတိမ်အနက်ကို သိနိုင်တယ်”

“ဒီထက်ပိုပြီး ရှင်းပြပါဦး ဘုရား”

“တကယ်တော့ ရလာတဲ့ ဥစ္စာပစ္စည်းကို ကောင်းခြင်း၊ မကောင်းခြင်းဆိုတဲ့ အာရုံနှစ်မျိုးမှာ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း မဖြစ်စေဘဲ ကျေနပ်တတ်သူဟာ ငြိမ်းချမ်းတယ်။ ငြိမ်းချမ်းခြင်းဟာ မေတ္တာရဲ့ ဗဟိုချက်ပဲ။ ငြိမ်းချမ်းခြင်းဆိုတဲ့ ဗဟိုရှိမှ မေတ္တာဆိုတဲ့ စက်ဝိုင်းကို ရေးဆွဲလို့ ရတယ်”

“တင်ပါ့ဘုရား”

"ရောင့်ရဲတင်းတိမ် ဆိုတာကို တစ်ခုချင်း အနက်ဖွင့်ကြည့်ရအောင်။ 'ရောင့်ရဲ'တယ် ဆိုတာ ရသမျှသော အစားအစာ၊ ရသမျှသော ဥစ္စာ၊ ရသမျှသော ရာထူးဂုဏ်သိန်၊ ရသမျှသော အခြေအနေကို သတိရှိရှိ လက်ခံတတ်ခြင်း၊ သတိရှိရှိ လက်ခံကျင့်သုံးတတ်ခြင်း ဖြစ်တယ်။ 'တင်းတိမ်'တယ် ဆိုတာက တော့ အဲဒီ ရတတ်သမျှသော အစားအစာ၊ ဥစ္စာ၊ ရာထူးဂုဏ်သိန်၊ စည်းစိမ်၊ အာဏာ၊ အခြေအနေတို့ အပေါ်မှာ မကျေမနပ်၊ မချင့်မရဲ ဒေါသမဖြစ်ဘဲ လက်ခံနိုင်တဲ့စိတ်"

"သိပါရစေဦး ဘုရား"

"ကဲ··· ဒကာကြီး နားလည်လွယ်အောင် ကြိုးစားပြီး ရှင်းပြမယ်"

"တင်ပါ့ ဘုရား"

"တို့များ ဘုရားက ဘုရင့်သားတော် ဖြစ်ပါရက်နဲ့ နန်းတော်ကြီး ထဲမှာ ဖွားမြင်တော်မူခွင့် မရခဲ့ဘူး။ လုမ္ဗိနီ အင်ကြင်းတောမှာ ဖွားမြင်တော်မူ ရရှာတယ်။ အဲဒီလို မွေးဖွားတော်မူခဲ့ခြင်းကို မကျေမနပ် မဖြစ်ခဲ့ဘူး"

"မှန်လိုက်တာ ဘုရား"

"ဖွားမြင်တော်မူနေစဉ်တုန်းကလည်း သူ့ဖခည်းတော် သူ့အပါးမှာ မရှိခဲ့ဘူး။ ဒီအတွက်လည်း မကျေမနပ် မဖြစ်ခဲ့ဘူး"

"ဟုတ်သားပဲ ဘုရား"

"ဒီလိုပဲ··· ဖွားမြင်တော်မူပြီး (၇)ရက်မြောက်တဲ့ နေ့မှာ သူ့ရဲ့ မယ်တော် နတ်ရွာစံတယ်။ ဒီတော့ မိထွေးနို့ကို စို့ခဲ့ရပြန်တယ်။ အဲဒီအတွက် လည်း မကျေမနပ် မဖြစ်ခဲ့ဘူး"

"အခုမှ တွေးမိပါတယ် ဘုရား"

"ပြောချင်တာက ဒီလို ပစ္စည်းဥစ္စာ အခြေအနေများနဲ့ ရောင့်ရဲတင်း တိမ်ခြင်းဟာ မေတ္တာနဲ့ သဟဇာတဖြစ်တဲ့စိတ်။ ဒါပေမဲ့ သက်တော် ၂၉ နှစ် အရောက် ဘုရင့်ထီးနန်းကို စွန့်၊ သစ္စာရှာဖို့ ခရီးထွက်ခဲ့တယ်။ အသိဉာဏ် အရာမှာ ရောင့်ရဲတင်းတိမ်ခြင်းကို 'သန္တုသဿကော စ'လို့ မခေါ်ဘူးနော်"

"ကောင်းလိုက်တာ ဘုရား"

"ပစ္စည်းလေးပါးအပေါ်မှာ ရောင့်ရဲတင်းတိမ်ခြင်းသည်သာ 'သန္တု သဿကော စ'···"

"မှတ်ထားပါ့မယ် ဘုရား"

"ဒီထက် ထင်ရှားတဲ့ ဥပမာ ပေးဦးမယ်"

"သိပါရစေ ဘုရား"

"ဦးဇင်းတို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း။ 'သန္တုဋ္ဌိသကော'ဖြစ်တဲ့ ပုဂ္ဂိုလ်ကြီး"

"ပြောပြပါ ဘုရား"

"သူ ကွယ်လွန်သွားတဲ့ အချိန်ထိ သူ့မှာ နေစရာအိမ် မရှိဘူး။ အိမ်ထောင်ကျပြီးတဲ့နောက် အစိုးရက ထားတဲ့ 'တာဝါလိန်း' နေအိမ်မှာပဲ ယာယီမျှ နေခွင့်ရခဲ့တယ်။ သူ့ရဲ့မင်္ဂလာဆောင် အခမ်းအနားကိုလည်း ကြည့်။ ဘယ်လောက်အထိ ရိုးစင်းလိုက်သလဲ။ ဂျပန်ခေတ် စစ်ဝတ်စုံနဲ့ပဲ မင်္ဂလာပွဲကို တက်ခဲ့တယ်။ သူ့မှာ ဒါကလွဲလို့ တခြားဝတ်စရာ အဝတ်အထည် ကောင်းကောင်း မရှိရှာဘူး"

"မှန်လိုက်တာ ဘုရား"

"ပြီးတော့ နေ့စဉ် စားသောက်နေထိုင်မှုကိုလည်း ကြည့်ဦး။ မနက်အစောကြီးမှာ ထမင်းကြမ်း၊ ဒါမှမဟုတ် ထမင်းပူပူကို ပဲပြုတ်ဆီဆမ်းပြီး မြိန်မာပီပီ စားခဲ့တဲ့သူ။ ဝက်အူချောင်းကြော်နဲ့ ရုံဖန်ရံခါမှ ထမင်းစားခွင့်ရတာတောင် သားသမီးတွေကို ကိုယ်တိုင် ခွံ့ကျွေးခဲ့တဲ့သူ။ သူ့ပိုင်ဆိုင်မှုမှာ အင်္ကျီအဝတ်အစား ကောင်းကောင်း နှစ်စုံ၊ သုံးစုံထက် မပိုခဲ့ပေမယ့် အသိဉာဏ် ရင့်ကျက်ဖို့အတွက် ဖတ်တဲ့ စာအုပ်တွေကတော့ တစ်ပုံတစ်ပင်ကြီး။ ရှိတဲ့ ပိုက်ဆံ၊ ရတဲ့ပိုက်ဆံနဲ့ စာအုပ်တွေ ဝယ်ဖတ်ခဲ့တဲ့သူ။ စား၊ ဝတ်၊ နေရေးမှာ ရောင့်ရဲတင်းတိမ်ပေမယ့် အသိဉာဏ်အရာမှာတော့ အငမ်းမရ ရှာဖွေခဲ့တဲ့သူ"

"ဟုတ်လိုက်တာ ဘုရား"

"ဒီနေ့ခေတ် ခေါင်းဆောင် ဆိုသူတွေကတော့ တိုင်းပြည်အပေါ်မှာ မေတ္တာထားတယ်လို့ ပါးစပ်က ဆိုကြတယ်။ လက်တွေ့မှာတော့ 'သန္တုဋ္ဌိသကော' မဖြစ်ကြဘူး။ ပစ္စည်းဥစ္စာ၊ အာဏာပါဝါအရာမှာ ရောင့်ရဲတင်းတိမ်မှု မရှိကြဘူး။ ဒါပေမဲ့ အသိဉာဏ်ရှာဖို့၊ အသိဉာဏ် ရင့်ကျက်ဖို့အတွက်တော့ စာဖတ်ချိန်သူတို့မှာ မရှိကြပြန်ဘူး။ ဒီတော့ ကမ္ဘာ့အမြင်၊ လောကအမြင် မရှိကြတော့ဘူး။ ကျဉ်းမြောင်းတဲ့ မိမိအမြင်ကိုပဲ 'သောတာပန်အမြင်'လောက်

ထိ သူတို့ကိုယ်သူတို့ ထင်မှတ်မှားနေကြတော့တယ်"

"မှန်လိုက်တာဘုရား၊ ဟိုနေရာမှာလည်း သူတို့ ပိုင်တယ်။ ဒီနေရာမှာလည်း သူတို့ပိုင်တယ်။ နိုင်ငံပိုင်ပစ္စည်း အားလုံးကို သူတို့ပိုင် လုပ်လိုက်ကြတာ၊ မပြောချင်တော့ပါဘူး ဘုရား"

"သတိရလို့ ပြောရဦးမယ် ဒကာကြီး"

"တင်ပါ့ဘုရား"

"တစ်ခါတော့ ဝေဘူဆရာတော်ဘုရားကြီးထံကို မြို့ပိုင်မင်းရယ်၊ အရေးပိုင်မင်းရယ် လာရောက်ပြီး ဖူးမြော်ကြသတဲ့။ မိတ်ဆက်ပေးတဲ့သူက ဒါက မြို့ပိုင်မင်းပါဘုရား၊ ဟိုဘက်က ပုဂ္ဂိုလ်ကြီးကတော့ အရေးပိုင်မင်းကြီးပါ ဘုရား။ အဲဒီတော့ ဝေဘူဆရာတော်ဘုရားကြီးက ဒီလိုပြန်ပြီး မိန့်တော်မူသတဲ့"

"သိပါရစေ ဘုရား"

"ဒကာကြီးတို့များ 'ပိုင်'လိုက်ကြတာ။ တကယ်'ပိုင်'တာရော ဟုတ်ရဲ့လားကွဲ့... တဲ့"

"ကောင်းလိုက်တဲ့ ဆုံမစကားပါလား ဘုရား"

"...'သန္တုသဿကော' မဖြစ်တဲ့သူတွေဟာ တကယ်မပိုင်ဆိုင်တာကို တကယ်ပိုင်ဆိုင်တယ် ထင်ပြီး ဒီထက်ဒီ ပိုင်ဆိုင်ဖို့ ကြိုးစားတတ်ကြတယ်။ အဲဒီလို ကြိုးစားရင်းနဲ့ သူတို့ဘဝတွေဟာ ပူလောင်လာတော့တယ်။ နစ်မွန်းလာတော့တယ်။ မေတ္တာနဲ့ သဟဇာတ မဖြစ်ကြတော့ဘူး"

"မှန်လိုက်တာ ဘုရား"

"တို့များရဲ့ လွတ်လပ်ရေးဖခင် လူသူတော်ကောင်းကြီး ဗိုလ်ချုပ်အောင်ဆန်းကတော့ အလင်းနဲ့ အမှောင်၊ အနှစ်နဲ့ အကာကို ငယ်ငယ်ရွယ်ရွယ်နဲ့ ခွဲခြားပြီး မြင်တတ်ခဲ့တယ်။ အသက်ငယ်ပေမယ့် အသိဉာဏ် အလွန်ကြီးမားတဲ့သူ"

"အခုမှ အဲဒီလောက်အထိ တွေးမိပါတော့တယ် ဘုရား"

"ဗိုလ်ချုပ်အောင်ဆန်းက လူ့ဘဝမှာ ရက်ပေါင်း (၁၁၈၄၀) မျှသာ နေခွင့်ရခဲ့တဲ့သူ။ လူ့ဘဝမှာ အချိန်ကြာကြာ ဘယ်လောက်အထိ နေခွင့်ရသလဲ ဆိုတာထက် လူ့ဘဝမှာ ဘယ်လို ရှင်သန်နေထိုင်သွားသလဲ ဆိုတာက ပိုပြီး

အရေးကြီးတယ်။ အသိဉာဏ်နည်းသူတွေက ရှိဖို့ကြိုးစားရင်းနဲ့ သေသွားကြတယ်။ အသိဉာဏ်ကြီးသူတွေကတော့ လောကဓမ္မကို သိဖို့ကြိုးစားရင်းနဲ့ ရှင်သန်နေထိုင်တတ်ကြတယ်''

''မှတ်သားထားပါ့မယ် ဘုရား''

''… 'သန္တုဋ္ဌိသကော' ဖြစ်သူတွေဟာ ရှိပြီးရင်း ရှိဖို့ မကြိုးစားဘူး။ ဒါပေမဲ့ သိပြီးရင်း သိဖို့ ကြိုးစားကြတယ်''

''ကောင်းလိုက်တာဘုရား၊ အရှင်ဘုရား စကားကို နားထောင်နေရင်းနဲ့ အရှင်ဘုရားကို တပည့်တော် ကဗျာတစ်ပုဒ်လောက် ရွတ်ဆိုပြချင်ပါတယ် ဘုရား''

''ဘာကဗျာများလဲ ဒကာကြီးရဲ့''

''တောင်ကြီးသား 'ကိုနေကို' ရေးတဲ့ 'ခင်ကြည်ယောက်ျား' ဆိုတဲ့ ကဗျာပါ ဘုရား''

''ကဲ… ရွတ်ပြပါဦး ဒကာကြီး''

-''ကုပ်သွေးမစုပ်၊ တို့ဗိုလ်ချုပ်က၊
အနေစုတ်လည်း၊ ရွှေထုပ်ပဝါ၊
ကမ္ဘာ့အလယ်မှာ၊ ဝင့်ထည်ခဲ့တယ်
သူငယ်ချင်း။
- ကုပ်သွေးစုပ်တဲ့၊ ဟိုး… လူရှုပ်တွေက၊
အနေမစုတ်၊ သမိုင်းစုတ်နဲ့၊
အထုပ်ပိုက်ကာ၊ ကမ္ဘာ့အလယ်မှာ ရှုံ့စရာ။
- ခင်ကြည့်ယောက်ျား၊ ဗိုလ်စစ်သားက၊
ကိုယ်ကျိုးအတွက်၊ အပ်တစ်ချောင်းတောင်၊
မယူခဲ့ဘူး။
ဒါပေမဲ့…
ယူသွားခဲ့တာ…
မင်းတို့ ငါတို့ နှလုံးသား။
- စိန်ခင် မြေခင်၊ ဂုဏ်ခင်ယောက်ျား၊
ဟိုး… လူရမ်းကားတွေကတော့၊

ကိုယ်ကျိုးအတွက် 'ဆယ်သက်'စာကို၊
ယူသွားရက်တယ်။
ဒါပေမဲ့ . . .
မယူနိုင်တာ . . .
မင်းတို့ ငါတို့ နှလုံးသား"

ကျွန်တော် ရွတ်ဆိုပြသော ကဗျာကို ဦးပဥ္စင်းက နားထောင်ပြီး နောက် . . .

"အင်း . . . ကောင်းလိုက်တဲ့ ကဗျာ။ 'သန္တာသဘော' ဖြစ်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းက ကိုယ်ကျိုးအတွက် အပ်တစ်ချောင်းတောင် မယူခဲ့ဘူး နော်။ 'သန္တာသဘော'မဲ့သူများကတော့ ဆယ်သက်စာ အကုသိုလ်တွေ ယူသွား ကြတော့တာပေါ့။ ဦးဇင်းတို့၊ ဒကာကြီးတို့လည်း 'သန္တာသဘော'ဖြစ်အောင် ကြိုးစားခြင်းဖြင့် လောကကြီးကို မေတ္တာပွားများကြမယ်။ နောက်တစ်ပတ် ရောက်မှ 'သုဘရောစ'ကို ဆွေးနွေးကြတာပေါ့"

♠♠♠

## သုဘရော...နံ့နက်ခင်း




**"သုဘရော"** - သူတကာကို အပူမရှာပါနဲ့။

မရှိတာကို၊ မလိုမတ၊

ရှိသမျှနှင့်၊ စိတ်ကကျေအေး၊

အမွေးလွယ်မှ၊ ကြီးပွားရ၊ မုချအမှန်သာ...။

♠ မေတ္တာဆိုတာ ချစ်ခြင်းပဲ။
ချစ်ခြင်းကို ဆရာကြီးဦးရွှေအောင်က
"ကော်စေး"နဲ့ ခိုင်းနှိုင်းပြီး ဥပမာ ပြခဲ့ဖူးတယ်။

♠ အရာဝတ္ထုတစ်ခုနဲ့ အခြားအရာဝတ္ထုတွေ
ဖရိုဖရဲ မပြိုကွဲဘဲ တစ်စည်းတစ်လုံးတည်းရှိဖို့
"ကော်စေး" ကို အသုံးပြုရသလို…
လူတစ်ဦးနဲ့ တစ်ဦး…
မိသားစုတစ်စုနဲ့ အခြားမိသားစုတစ်စု…
လူမျိုးစုတစ်စုနဲ့ အခြားလူမျိုးစုတစ်စု…
ဘာသာတစ်ခုနဲ့ အခြားဘာသာတစ်ခု…
ဖရိုဖရဲ မပြိုကွဲဘဲ တစ်စည်းတစ်လုံးတည်းရှိဖို့
"မေတ္တာ"ကို အသုံးပြုရတယ်။

## သုဘရော ••• နံနက်ခင်း

ထိုနေ့နံနက်က ကျွန်တော် အိပ်ရာ အထနောက်ကျခဲ့ပါသည်။

နောက်ကျရသည့် အကြောင်းရင်းမှာ ကျွန်တော်၏ တူမ ဖြစ်သူသည် သူ၏ ယောက်ျားနှင့် အဆင်မပြေဖြစ်ပြီး ကျွန်တော့်အိမ်သို့ ဆင်းလာခဲ့သည်။ ည ၁၂ နာရီတွင် တယ်လီဖုန်း ဆက်၏။ ဤသို့ဖြင့် နံနက် ၃ နာရီတွင် ကားဂိတ်သို့ သွားပြီး ကြိုရသည်။ သူ ပြောသမျှကို နားထောင်၊ သူ ငိုသမျှကို ချော့မော့။ ဤသို့ဖြင့် နံနက် ၄ နာရီခွဲတွင် မှေးခနဲ အိပ်ပျော်သွားခဲ့ရသည်။ ဦးပဥ္ဇင်း ဆွမ်းခံကြွလာသည်ဟု အိမ်ရှင်မက ပြောမှ ကမန်းကတန်းဖြင့် အိပ်ရာမှ နိုးထခဲ့ရသည်။

"တပည့်တော် အိပ်ရာထ နောက်ကျသွားတာကို ခွင့်လွှတ်တော်မူပါ ဘုရား"

ထိုအချိန်တွင် ကျွန်တော့်အိမ်သို့ ရောက်လာသည့် တူမက ဦးပဥ္ဇင်း၏ သပိတ်တော်ထဲသို့ ဆွမ်းလောင်းရန် ပြင်ဆင်လေသည်။

"ဒီတူမပါပဲ ဘုရား၊ သူ့ယောက်ျားက ကျူရှင်ဆရာ ပေါက်စပါ။ နယ်မှာ နေပါတယ်။ နယ်မှာနေတော့ ဝင်ငွေ မကောင်းလှပါဘူး ဘုရား။ အဲဒီကြားထဲမှာ ရတဲ့ဝင်ငွေနည်းနည်းနဲ့ ကားဝယ်ပေးဖို့ တပည့်တော်ရဲ့ တူမက ပူဆာသတဲ့ ဘုရား။ သူ့ယောက်ျားကလည်း ကားဝယ်မယ့်အစား အဆောက် အအုံကို ပြင်ဆင်တိုးချဲ့တာ ပိုမကောင်းဘူးလားလို့ ပြောသတဲ့ ဘုရား။ အဲဒါနဲ့ စကားများကြတယ်။ နောက်ဆုံးတော့ အိမ်ပေါ်က ဆင်းလာတဲ့အထိ ရောက် တော့တာပါပဲ။ သူ့ကို ကြို၊ သူ့ကို ချော့။ ဒီလိုနဲ့ မိုးလင်းခါနီးမှ တပည့်တော် မှေးခနဲ အိပ်ပျော်သွားမိပါတယ် ဘုရား"

ဦးပဥ္ဇင်းက မျက်လွှာကို ချပြီး နားထောင်လျက်...

''တစ်ခါတလေ ဖြစ်တတ်ပါတယ် ဒကာကြီး၊ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ 'သုဘရောစ'အကြောင်းကို ဆွေးနွေးဖို့ မဟုတ်လား။ ဒကာကြီးရဲ့ တူမ၊ သူတို့ အိမ်ထောင်ရေးဟာ 'သုဘရောစ' ဆိုတဲ့ ဂုဏ်နဲ့ညီရင် ဒီလို စိတ်အနှောင့်အယှက်ဖြစ်မှုမျိုး မကြုံနိုင်ဘူး။ 'ဒုဗ္ဘရ'ဖြစ်လို့ ဒီလိုကြုံရတာ''

''သိခွင့်ရပါရစေ ဘုရား''

''တကယ်တော့ 'သုဘရောစ' ဆိုတာ 'မွေးမြူလွယ်သူသည် လည်း ကောင်း' လို့ အဓိပ္ပာယ်ရတယ်။ ဒီထက်ပိုပြီး နားလည်လွယ်အောင် ပြောရရင် သူတစ်ပါးကို မှီခိုနေရသူ ဖြစ်နေပါလျက် သူတစ်ပါးက ကျွေးသမျှ၊ ပေးသမျှနဲ့ ကျေနပ်ခြင်းဟာ 'သုဘရော' ဆိုတဲ့ ဂုဏ်ပဲ''

''တင်ပါ့ဘုရား''

''သူတစ်ပါးကို မှီခိုနေရသူ ဖြစ်နေပါလျက် သူတစ်ပါးက ကျွေးသမျှ၊ ပေးသမျှနဲ့ မကျေနပ်နိုင်သူ၊ သူတကာကို အပူရှာတဲ့သူ။ သူတို့ကို 'ဒုဗ္ဘရ'လို့ ခေါ်တယ်။ အမွေးအမြူခက်သူ၊ ကိုယ့်ဘဝကို ကိုယ်နားမလည်သူ၊ ကိုယ့်ဘဝ ကို ကိုယ်မကျေနပ်သူသာ ဖြစ်တယ်။ အဲဒီလို မဟုတ်ဘဲ သူတစ်ပါးက ကျွေးသမျှ၊ မွေးသမျှနဲ့ ကိုယ့်ဘဝကို တည်ဆောက်နိုင်စွမ်း ရှိသူတွေကိုတော့ 'သုဘရ'လို့ ခေါ်တယ်။ 'သုဘရ' ဖြစ်ခြင်းဟာ ငြိမ်းချမ်းခြင်းပဲ။ ဒကာကြီးရဲ့ တူမဟာ သူတို့ရဲ့ အိမ်ထောင်ရေးမှာ 'သုဘရ'ဖြစ်ဖို့ မကြိုးစားဘူး။ 'ဒုဗ္ဘရ' ဖြစ်တော့ ပူလောင်ကြတော့တာပေါ့''

''ဒီထက်ပိုပြီး ရှင်းပြတော်မူပါဦး ဘုရား''

''ဥပမာ ဦးဇင်းတို့ ရဟန်းတွေ ဆိုကြပါစို့၊ အကြင်ရဟန်းသည် အကောင်းကို လှူစေကာမူ မျက်နှာမသာမယာ၊ မနှစ်မသက်တဲ့ အမူအရာကို ပြခြင်းဟာ 'ဒုဗ္ဘရ'ပဲ။ လောင်းလှူသူရှေ့မှာလည်း ဘယ်လိုဟာတွေ လှူနေ တာလဲလို့ တွေးတောနေတယ် ဆိုရင် 'ဒုဗ္ဘရ'ပဲ။ 'ဒုဗ္ဘရ' ဆိုတာ လောဘရဲ့ အနက်အဓိပ္ပာယ် နောက်ထပ်တစ်မျိုးပဲ။ အဲဒီလို မဟုတ်ဘဲ လောင်းလှူသမျှ ရတတ်သမျှနဲ့ ကျေနပ်နှစ်သက်ခြင်း၊ ကြည်လင်သော မျက်နှာရှိခြင်းဟာ 'သုဘရ'ပဲ။ 'သုဘရ'ဟာ 'အလောဘ' အလိုနည်းခြင်းရဲ့ အနက်အဓိပ္ပာယ် တစ်မျိုးပဲ''

''မှတ်သားထားပါ့မယ် ဘုရား''

"ငါ့ကိုသာ လှူကြ။ နည်းနည်းမလှူကြနဲ့၊ များများလှူ။ အညံ့ကို မလှူကြနဲ့၊ အကောင်းကို လှူ။ နှေးနှေးမလှူကြနဲ့၊ မြန်မြန်လှူ။ အဲဒီလို စိတ်ထားမျိုးနဲ့ ရှင်သန်နေထိုင်တဲ့ ရဟန်းတော်ဟာ ကိုယ်တောင့်တတဲ့အတိုင်း မရခဲ့သော် စိတ်ထိခိုက်တယ်။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရတယ်။ စိတ်ဆင်းရဲနေတဲ့သူရဲ့ နှလုံးအိမ်ထဲမှာ ဘယ်လိုလုပ်ပြီး မေတ္တာဓာတ်တွေ ကိန်းအောင်းနိုင်မှာတုံး။ ဒါဟာ 'ဒုဗ္ဘရ' ရဲ့အကျိုးပဲ"

"တင်ပါ့ဘုရား"

"ငါ့မှာ… ငါ့တစ်ကိုယ်စာအတွက် လိုအပ်သလောက် ပြည့်စုံနေပြီ။ ဒါ့ကြောင့် လိုအပ်နေသူတွေကိုသာ လှူကြ၊ တန်းကြ။ ကိုယ်တတ်နိုင်သလောက် လှူကြ။ အဲဒီလို စိတ်ထားရှိတဲ့ ရဟန်းတော်ဟာ တောင့်တမှု ဆိုတဲ့ 'အာရုံ' နည်းပါးတာကြောင့် စိတ်ဆင်းရဲမှု မဖြစ်တော့ဘူး။ စိတ်ချမ်းသာလာတော့တယ်။ စိတ်ချမ်းသာသူ၊ ပျော်ရွှင်ဝမ်းမြောက်သူရဲ့ နှလုံးအိမ်ထဲမှာသာ 'မေတ္တာ' ဆိုတဲ့ ပျိုးပင်ဟာ ရှင်သန်နိုင်တယ်။ ဒါဟာ 'သုဘရ'၊ 'သုဘရော'ပဲ"

"ဒါဆိုရင် အရှင်ဘုရား"

"ပြောပါဦး ဒကာကြီး"

"အိန္ဒိယနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖခင် မဟတ္တမဂန္ဒီကြီးဟာ 'သုဘရော' ဆိုတဲ့ ဂုဏ်နဲ့ ညီတာပေါ့ ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ ကိုယ့်နိုင်ငံ ကျွန်ဖြစ်နေတဲ့အချိန်၊ ကိုယ့်နိုင်ငံ ဆင်းရဲနေတဲ့အချိန်မှာ ပြည်တွင်းဖြစ် ပစ္စည်းများကိုသာ အားပေးဖို့ လူထုကို ပြောဆိုတယ်။ ကိုယ်ကိုယ်တိုင်ကလည်း သစ်သားဖိနပ်ကို စီးတယ်။ ကိုယ့်ရဲ့ 'ဒိုတီ' ကိုတောင် ကိုယ်ကိုယ်တိုင် ရက်ကန်းစင်မှာ ရက်လုပ်ပြီး ဝတ်ဆင်တယ်။ ကိုယ့်နိုင်ငံထွက် ပစ္စည်းနဲ့ ကိုယ့်ဘဝကို တည်ဆောက်တယ်။ ကိုယ့်နိုင်ငံကို တည်ဆောက်တယ်။ 'သုဘရော' ဂုဏ်နဲ့ ညီတဲ့သူ။ အဲဒီလို ပုဂ္ဂိုလ်မျိုးက တိုင်းပြည်ကို ဦးဆောင်တယ်။ ဒီတော့ သူ့ရဲ့ မေတ္တာဟာ ထက်မြက်တယ်၊ စူးရှတယ်၊ ထိရောက်တယ်။ သူတို့နိုင်ငံ တိုးတက်တယ်"

"မှန်လိုက်တာ ဘုရား"

"ဒီလိုပဲ… မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဗိသုကာကြီး သက်တော်ရှည် ဘိုးဘိုးကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟာလည်း 'သုဘရော' ဆိုတဲ့

ဂုဏ်ရှိသူ။ ရန်ကုန်မြို့၊ စမ်းချောင်းရပ်မှာ သူနေခဲ့တဲ့အိမ်။ အခု ရှိသေးလားတော့ မသိဘူး။ သာမန် သစ်သားအိမ်လေးတစ်လုံးပဲ။ သူ့ဘဝရဲ့ တည်ဆောက်မှုဟာ အလွန်ရိုးစင်းတယ်''

''ဖန်ပါတယ် ဘုရား၊ ဒါ့ကြောင့် ကဗျာဆရာကြီး တင်မိုးက ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ဂုဏ်ပြုခဲ့တဲ့အနေနဲ့ 'အဖိုးသခင်ကိုယ်တော်မှိုင်း ··· သို့' ဆိုတဲ့ ကဗျာကို ရေးသားခဲ့ပါတယ်။ တပည့်တော်တို့ ဆယ်တန်းကျောင်းသားဘဝတုန်းက သင်ကြားခဲ့ရဖူးပါတယ် ဘုရား''

''ဒါဆိုရင် ရသလောက် ရွတ်ဆိုပြစမ်းပါ ဒကာကြီး''

''- ကွမ်းအစ်တစ်လုံး၊ သျှောင်တစ်ထုံးနှင့်
ရင်ဖုံးအင်္ကျီ၊ ဖျင်ပင်နီနှင့်
ယောထည်ပုဆိုး၊ မင်ကြောင်ထိုးနှင့်
အဖိုးကဝိ၊ ပညာရှိ။
- ကဝိ၏ဉာဏ်၊ ရဲစွမ်းမှန်လည်း
တော်လှန်ရာ၌ ထက်ခဲ့၏။
- ကဝိ၏ဓား၊ နှုတ်စကားလည်း
ထောင်ထားရာ၌ ထက်ခဲ့၏။
- ကဝိ၏သွေး၊ ကျွန်နံ့ဆေး၍
အားမွေးရာ၌ ထက်ခဲ့၏။
- သူ့ကျွန်မခံ၊ မျိုးမာန် မချ
မခ သူ့အောက်၊ မမြှောက် သူ့လက်
မမက် ကျွန်ဆု၊ မမှု ကျွန်ဘွဲ့
မငဲ့ ကိုယ်ကျိုး၊ ဤအဖိုးကား
အမျိုးနှင့်တူ၊ အေးတူ ပူမျှ
သူ့ဘဝကို၊ သမရောမွေ့ခဲ့လေပြီ''

''ဆရာကြီးတင်မိုးရဲ့ ကဗျာတွေက ပြောင်မြောက်လိုက်တာ။ ဟုတ်တယ် ဒကာကြီး။ မမက် ကျွန်ဆု၊ မမှု ကျွန်ဘွဲ့၊ မငဲ့ ကိုယ်ကျိုး ဆိုတာ··· လောကကြီးအပေါ်ထားတဲ့ မေတ္တာပဲ။ အဖိုးသခင်ကိုယ်တော်မှိုင်း ဘဝမှာ ရင်ဖုံးအင်္ကျီ ပြည်တွင်းဖြစ် ဖျင်ပင်နီရယ်၊ ကွမ်းအစ်တစ်လုံးရယ်၊ ယိုင်နဲ့နဲ့

ပျဉ်ထောင်အိမ်လေး တစ်လုံးရယ်။ ဒါဟာ 'သုဘာရော' ဆိုတဲ့စိတ်နဲ့ ရှင်သန်နေထိုင်ခြင်းပဲ။ လိုအပ်တာထက် ဘာကိုမှ မတောင်းဆိုဘူး။ လိုအပ်တာထက် ဘာကိုမှ မတောင့်တဘူး။ ဒါပေမဲ့ တိုင်းပြည်ငြိမ်းချမ်းဖို့အတွက်ကိုတော့ စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့တယ်"

"မှန်ပါတယ် ဘုရား"

"မေတ္တာဆိုတာ ချစ်ခြင်းပဲ၊ ချစ်ခြင်းကို ဆရာကြီး ဦးရွှေအောင်က 'ကော်စေး'နဲ့ ခိုင်းနှိုင်းပြီး ဥပမာ ပြခဲ့ဖူးတယ်။ အရာဝတ္ထုတစ်ခုနဲ့ အခြားအရာဝတ္ထုတွေ ဖရိုဖရဲ မပြိုကွဲဘဲ တစ်စည်းတစ်လုံးတည်း ရှိဖို့ 'ကော်စေး'ကို အသုံးပြုရသလို လူတစ်ဦးနဲ့ တစ်ဦး၊ မိသားစု တစ်စုနဲ့ အခြားမိသားစုတစ်စု၊ လူမျိုးစု တစ်စုနဲ့ အခြားလူမျိုးစု တစ်စု၊ ဘာသာတစ်ခုနဲ့ အခြားဘာသာ တစ်ခု ဖရိုဖရဲ မပြိုကွဲဘဲ တစ်စည်းတစ်လုံးတည်း ရှိဖို့ 'မေတ္တာ'ကို အသုံးပြုရတယ်တဲ့"

"မှတ်သားထားပါ့မယ် ဘုရား"

"... 'သုဘာရော'ဆိုတဲ့ ဂုဏ်နဲ့ ညီသူဟာ လောကကြီးအပေါ်ကို သူ့မေတ္တာက အလိုလို သက်ရောက်နေပြီ။ ဦးဇင်းတို့ တိုင်းပြည်ကြီးရဲ့ အတိတ်သမိုင်းကို ပြန်ကြည့်။ တိုင်းပြည်ကို ဦးဆောင်သူတွေဟာ 'သုဘာရော' စိတ်ဓာတ်ကင်းမဲ့ပြီး 'ဒုဗ္ဘရော'တွေ များခဲ့ကြတယ်"

"မှန်လိုက်တာ ဘုရား"

"ဒကာကြီး ရေးတဲ့ စာအုပ်တွေထဲမှာ ပါတယ်လေ။ 'နေစရာ မရှိသူများ' ဆိုတဲ့ စာတစ်ပုဒ်မှာ"

"ဟုတ်ပါတယ် ဘုရား။ သူတို့တစ်တွေက ဟိုမြို့မှာလည်း သူ့အိမ်၊ ဒီမြို့မှာလည်း သူ့ခြံ၊ ဟိုနေရာမှာလည်း သူ့မြေကွက်၊ ဒီနေရာမှာလည်း သူ့လုပ်ကွက်၊ ဟိုနေရာမှာလည်း ငါပိုင်၊ ဒီနေရာမှာလည်း ငါ့မိသားစုပိုင်၊ တကယ့် 'ဒုဗ္ဘရော'တွေပါ ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ 'ဒုဗ္ဘရော'တွေက အလိုကြီးတဲ့သူတွေ၊ အလိုမပြည့်တဲ့သူတွေ၊ တောင့်တမှု လွန်ကဲနေသူတွေ။ ဒီတော့ ကြောင့်ကြမှု ကြီးမားသူတွေ ဖြစ်လာကြပြီး သူတို့နှလုံးအိမ်ဟာ ညစ်နွမ်းနေတော့တယ်။ ပျော်ရွှင်မှုတွေ ပျောက်ဆုံးကုန်တော့တယ်။ အဲဒီလို ပုဂ္ဂိုလ်များရဲ့ နှုတ်ဖျားက

ဘယ်လောက်ပဲ 'မေတ္တသုတ်တော်'ကို ရွတ်ဆိုနေပါစေ၊ ထိရောက်မှု မရှိနိုင်ဘူး၊ စူးရှထက်မြက်မှု မဖြစ်နိုင်ဘူး''

''မှတ်သားထားပါ့မယ် ဘုရား''

''ဦးဇင်းတို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ 'သုဘရော'လား၊ 'ဒုဗ္ဗရော'လား''

''အရှင်ဘုရားရယ်၊ ဗိုလ်ချုပ်အောင်ဆန်းဟာ 'သုဘရော'ဂုဏ်နဲ့ ညီတဲ့သူပါ ဘုရား''

''ဟုတ်တယ် ဒကာကြီး၊ ဘယ်လောက်အထိများ ဘဝကို မွေးမြူတည်ဆောက်မှု ရိုးစင်းလိုက်သလဲ။ ဖဆပလဥက္ကဋ္ဌ ဖြစ်ချိန်မှာတောင် လမ်းဘေးက ထမင်းဆိုင်မှာ ထမင်းစားခဲ့တဲ့သူ။ ထမင်းဖိုးပေးစရာ ပိုက်ဆံမရှိလို့ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောပြီး စားခဲ့တဲ့သူ။ သူ့ရုံးခန်းထဲက သူ့ခုတင်၊ သူ့အိပ်ရာ၊ သူ့စောင်၊ သူ့ခြင်ထောင်မှာ ဘယ်သူမှ မအိပ်နိုင်ကြဘူး။ ဘာကြောင့်လဲ ဆိုတော့ တကယ့်ကို ကျဉ်းကျဉ်းကျပ်ကျပ်ကလေး။ ဗိုလ်ချုပ်အောင်ဆန်းဟာ သူ့ဘဝကို 'သုဘရော' ဆိုတဲ့ ဂုဏ်နဲ့ တည်ဆောက်ခဲ့တော့ သူ့မေတ္တာဟာ စူးရှတယ်၊ ထက်မြက်တယ်။ ဒါ့ကြောင့် ဒီကနေ့အထိ သူ့ကို လွမ်းဆွတ် တမ်းတနေကြရတာပေါ့''

''မှန်ပါတယ် ဘုရား''

''ကဲ… ဒကာကြီး၊ ဘုရားရှင်ရဲ့ 'မေတ္တသုတ်တော်'မှာ ပါတဲ့ 'သုဘရောစ'။ ကိုယ့်ဘဝကို တည်ဆောက်တဲ့နေရာမှာ အရိုးအစင်းဆုံး တည်ဆောက်ခြင်း၊ မွေးမြူလွယ်ခြင်းသည် တောင့်တမှု ကင်းခြင်းလည်း ဖြစ်တယ်။ ကြောင့်ကြမှု ကင်းခြင်းလည်း ဖြစ်တယ်။ သူတကာကို အပူမရှာခြင်းဟာ ကိုယ်ကိုယ်တိုင်လည်း စိတ်ချမ်းသာ၊ အများကိုလည်း စိတ်ချမ်းသာစေခြင်းကို ဖန်တီးနေခြင်းလည်း ဖြစ်တယ်။ ဒါ့ကြောင့် စိတ်ကြည်လင်ခြင်းကို ဖြစ်ပေါ်စေတယ်။ ကိုယ်ကိုယ်တိုင် ကြည်လင်တဲ့စိတ် ရှိပါမှ ကိုယ့်ရဲ့ မေတ္တာဟာ အေးချမ်းတယ်။ 'သုဘရော' စိတ်ဓာတ်ရှိသူတွေ ဦးဇင်းတို့တိုင်းပြည်ရဲ့ အကြီးအကဲ ဖြစ်တဲ့ တစ်နေ့ ဦးဇင်းတို့တိုင်းပြည် ငြိမ်းချမ်းပြီ။ 'ဒုဗ္ဗရော'တွေ ကြီးစိုးတဲ့ကာလမှာ မေတ္တာဆိုတာ ပင်လယ်ထဲမှာ ရေချိုရှာရသလိုပဲ''


“မှန်လိုက်တာ ဘုရား”

“နောက်တစ်ပတ်မှာ ‘အပွင့်ကိစ္စ’ ကို ဆွေးနွေးကြမယ်။ ဒကာကြီးရဲ့ တူမ ဒကာမလေးလည်း ‘သုဘရော’ ဆိုတဲ့ စိတ်ကိုမွေး၊ ဟုတ်ပလား။ ဒါမှ ငြိမ်းချမ်းတဲ့ အိမ်ထောင်ရေး ဖြစ်မယ်”

“တင်ပါ့ဘုရား”

♠♠♠

# အပ္ပကိစ္စော...နံနက်ခင်း




**"အပ္ပကိစ္စော"** – ကိုယ့်အလုပ်ကို ကိုယ်... စိတ်ပါဝင်စားစွာလုပ်ပါ

လိုရင်းမပါ၊ ဗလာကြွင်းခြင်း၊
ဟိတ်ဟန်ကာင်း၍၊ အကျဉ်းချုံးအုပ်၊
အရှုပ်နည်းမှ၊ ကြီးပွားရ၊ မုချအမှန်သာ...။

♠ မေတ္တာနဲ့ နှောင်ဖွဲ့ခြင်းဟာ စည်းလုံးမှုပဲ။
မေတ္တာပျောက်ပြီး ဒေါသတွေ ရောက်လာရင်တော့
စည်းလုံးမှုတွေ ပြိုကွဲ…
အနစ်သာရတွေ ပျက်စီး…
မိသားစုဘဝတွေ ဖရိုဖရဲဖြစ်…
နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားရေးဘဝတွေ ပြိုလဲကျဆုံး…။

♠ ဒါ့ကြောင့် မှန်ကန်တဲ့ စည်းလုံးမှု…
ဖြူစင်တဲ့ အနှစ်သာရ ဖြစ်ဖို့အတွက်
အရေးအကြီးဆုံး စိတ်ထားဟာ
အပြန်အလှန် မှန်ကန်တဲ့မေတ္တာပဲ။

# အပ္ပကိစ္စော… နံနက်ခင်း

"လူတို့ရဲ့ လောကမှာ ကိုယ်ချစ်တဲ့သူအပေါ် အပြန်အလှန် ထားတဲ့ မေတ္တာရယ်၊ ကိုယ့်မိသားစုပေါ်မှာ ထားတဲ့မေတ္တာရယ်၊ လောကကြီးအပေါ်မှာ ထားတဲ့ မေတ္တာရယ်… ဆိုပြီး မေတ္တာ(၃)မျိုး (၃)စား ရှိတယ် ဒကာကြီးရဲ့။ အသွင်သဏ္ဍာန်အားဖြင့် အမျိုးမျိုးကွဲပြားနေတဲ့ အရာတွေကို မေတ္တာဆိုတဲ့ စိတ်နဲ့ တစ်သားတည်း ဖြစ်စေနိုင်တယ်။ မေတ္တာဆိုတဲ့ ဓာတ်နဲ့ တစ်စုတစ်ပေါင်းတည်း ဖြစ်စေနိုင်တယ်။ ဒါ့ကြောင့် အပြန်အလှန်ထားတဲ့ မေတ္တာဆိုတာ စုစည်း ညီညွတ်မှု တစ်သားတည်း ဖြစ်စေမှုအတွက် အဓိကအခြေခံ အကြောင်းတရားပဲ။ ငြိမ်းချမ်းရေးရဲ့ မျိုးစေ့ပဲ"

ထိုနေ့နံနက်က ဦးပဥ္စင်းနှင့် အေးအေးလူလူ စကားပြောခွင့် ရခဲ့ပါသည်။ ကြားနာခွင့် ရခဲ့ပါသည်။

"မေတ္တာနဲ့ နှောင်ဖွဲ့ခြင်းဟာ စည်းလုံးမှုပဲ။ မေတ္တာပျောက်ပြီး ဒေါသတွေ ရောက်လာရင်တော့ စည်းလုံးမှုတွေ ပြိုကွဲ၊ အနှစ်သာရတွေ ပျက်စီး၊ မိသားစုဘဝတွေ ဖရိုဖရဲဖြစ်၊ နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားရေးဘဝတွေ ပြိုလဲကျဆုံး။ ဒါ့ကြောင့် မှန်ကန်တဲ့ စည်းလုံးမှု၊ ဖြူစင်တဲ့ အနှစ်သာရ ဖြစ်ဖို့အတွက် အရေးအကြီးဆုံး စိတ်ထားဟာ အပြန်အလှန် မှန်ကန်တဲ့မေတ္တာပဲ"

ကျွန်တော့်စိတ်ထဲတွင် 'မေတ္တသုတ်တော်'၏ သိမ်မွေ့မှုကို သိရှိခွင့်ရသောကြောင့် အလွန်ကျေနပ်နေမိပါသည်။

"ကိုယ်ချစ်တဲ့သူအပေါ်မှာ ဖြစ်စေ၊ ကိုယ့်မိသားစုအပေါ်မှာ ဖြစ်စေ၊ ကိုယ့်နိုင်ငံအပေါ်မှာဖြစ်စေ… မှန်ကန်တဲ့အချစ်၊ မှန်ကန်တဲ့ မေတ္တာဖြစ်ဖို့ 'သက္ကော'လို့ ခေါ်တဲ့ စွမ်းနိုင်လောက်သူ ဖြစ်ရမယ်။ 'ဥဇု' ပြောတဲ့အတိုင်းလုပ်၊ လုပ်တဲ့အတိုင်း ပြောတဲ့သူ၊ တစ်နည်းအားဖြင့် ကိုယ်၊ နှုတ် ဖြောင့်မတ်သူ ဖြစ်ရမယ်။ 'သုဟုဇူ' ကိုယ့်စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောဆိုလုပ်ကိုင်နေထိုင်သူ၊

တစ်နည်းအားဖြင့် စိတ်နေစိတ်ထား ကောင်းစွာ ဖြောင့်မတ်သူ ဖြစ်ရမယ်။ 'သုဝစော' ဆိုဆုံးမလွယ်သူ ဖြစ်ရမယ်။ 'မုဒု' စိတ်ထားနူးညံ့သိမ်မွေ့သူ ဖြစ်ရမယ်။ 'အနတိမာနီ' လွန်ကဲ တက်ကြွတဲ့မာန မရှိသူ ဖြစ်ရမယ်။ 'သန္တုဿကော' ပစ္စည်းအပေါ်မှာ ရောင့်ရဲလွယ်သူ ဖြစ်ရမယ်။ 'သုဘရော' ကိုယ့်ဘဝကို ကျေနပ်စွာ မွေးမြူလွယ်သူ ဖြစ်ရမယ်။ ဒီကနေ့ ဦးဇင်းတို့ ဆွေးနွေးဖို့ ရည်ရွယ်ထားတာ ဘာများပါလိမ့်''

''တင်ပါ့၊ 'အပ္ပကိစ္စောစ' ပါ ဘုရား''

'' 'အပ္ပကိစ္စောစ' ကို 'နည်းပါးသော ကိစ္စရှိသူသည် လည်းကောင်း' လို့ ဆိုကြတယ်။ ဆိုလိုချင်တာကတော့ လောကကြီးအပေါ်မှာ မေတ္တာထားလိုသူဟာ အမှုကိစ္စ နည်းပါးရမယ်။ ကိုယ်နဲ့ အပ်စပ်တဲ့အမှုကိုပဲ ပြုရမယ်။ ကိုယ်နဲ့ မအပ်စပ်တဲ့အမှုကိစ္စတွေ များနေရင် စိတ်တည်ငြိမ်မှု ပျက်ပြားမယ်။ မိမိ ပြုလုပ်ရမယ့် အလုပ်မှတစ်ပါး တခြားမဆိုင်တဲ့ အကျိုးမရှိတဲ့ အလုပ်တွေအပေါ်မှာ ကြောင့်ကြစိုက်ထုတ်မှု များနေရင် ဘယ်လိုလုပ်ပြီး စိတ်ကြည်လင်တော့မလဲ''

''တပည့်တော်ကို ဒီထက်ပိုပြီး နားလည်အောင် ရှင်းပြတော်မူပါဦး ဘုရား''

''အိမ်တစ်အိမ် ဆိုကြပါစို့။ သမက်နဲ့ ယောက္ခမ အဆင်မပြေတဲ့ ဇာတ်လမ်းတွေ ဒကာကြီး ကြားဖူးမှာပါ''

''ကြားဖူးပါတယ်ဘုရား။ 'သမက်နဲ့ ယောက္ခမ ဘောက်ကျလို့လည်း အားမရနိုင်ပါ' ဆိုတဲ့ သီချင်းတောင် ရှိပါသေးတယ် ဘုရား''

''ဘောက်ကျတယ် ဆိုတာ ဘာတုံး ဒကာကြီး''

''ဘောက်ကျတယ် ဆိုတာ တစ်ယောက်ကိုတစ်ယောက် ကြည့်မရတာ၊ မျက်နှာချင်းဆိုင်လိုက်တိုင်း အဆင်မပြေတာ၊ ဘာကိုပဲ လုပ်လုပ် အကောင်းမမြင်တာ၊ အပြန်အလှန် တစ်ယောက်ကို တစ်ယောက် အမြင်ကတ်နေတာ''

''ဟုတ်တယ် ဒကာကြီး၊ လိုရင်းပြောရရင် တစ်ယောက်ကိုတစ်ယောက် မေတ္တာပျက်ယွင်းတယ် ဆိုတာ 'ဘောက်ကျ'တာပဲ''

''မှန်လိုက်တာ ဘုရား''

"ဘာလို့ တစ်ယောက်ကို တစ်ယောက် 'ဘောက်ကျ'နေရတာလဲ"

"ယောက္ခမဖြစ်သူက ကိုယ့်နေရာကို ကိုယ်မနေဘူးဘုရား၊ ဟိုနေရာမှာ ဝင်ပါ၊ ဒီနေရာမှာ ဝင်စွက်။ ကိုယ့်နေရာကို မနေတတ်တဲ့ ယောက္ခမနဲ့ တစ်အိမ်တည်း အတူနေရခြင်းဟာ ဒုက္ခပါဘုရား။ ယောက္ခမက သူ့အလုပ်ကို သူမလုပ်ဘဲ သမက်လုပ်သူကို လျှာရှည်။ ထိုင်… ထိုင်ပြန်ပြီ၊ ထ… ထပြန်ပြီ။ မလိုအပ်ဘဲ ဩဝါဒတွေ အရှည်ကြီး ပေး။ ဒီတော့ ယောက္ခမကို သမက်က ကြည့်မရ…"

"ဒါတင်ပဲလား ဒကာကြီး"

"သမက်ဖြစ်သူကို သားအရင်းလိုထင်ပြီး နေရာတကာ ဆုံးမ။ သမက်ဆိုတဲ့ သူကလည်း ယောက္ခမစကားကို နားမဝင်။ ဒီတော့ ယောက္ခမက သမက်ကို ထောင့်မကျိုးဘူးလို့ စွပ်စွဲ…"

"ဒီလိုပြဿနာမျိုး မဖြစ်ဖို့ ဘယ်လိုနေထိုင်သင့်သလဲ ဒကာကြီး"

"ယောက္ခမက ကိုယ့်အလုပ်ကို ကိုယ်လုပ်၊ ကိုယ့်နေရာမှာ ကိုယ်နေ၊ ကိုယ်နဲ့မဆိုင်ရင် ဝင်ပြီးမရှုပ်နဲ့။ ဒီလိုပဲ သမက်ကလည်း ကိုယ့်တာဝန်ကို ကိုယ်ကျေ။ သူ့အိမ်မှာ နေပြီး ကိုယ်နဲ့မအပ်စပ်တဲ့ အလုပ်ကို မလုပ်မိစေနဲ့။ ယောက္ခမရော… သမက်ရော ကိုယ်နဲ့အပ်စပ်တဲ့ အလုပ်ကို လုပ်ရင် ဒီလိုပြဿနာမျိုး မဖြစ်နိုင်ပါဘူး ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ အဲဒါ 'အပ္ပကိစ္စတာ'ရဲ့ သဘာဝပဲ။ ကိုယ်နဲ့အပ်စပ်တဲ့အလုပ်ကိုသာ စိတ်ပါဝင်စားစွာ လုပ်ဆောင်ခြင်းဟာ ကိုယ်နဲ့စပ်ဆက်တဲ့ ပတ်ဝန်းကျင်အပေါ်ကို မေတ္တာထားခြင်းပဲ။ ဒါဟာ 'အပ္ပကိစ္စတာ'ပဲ"

"တင်ပါ့ဘုရား"

"ဥပမာ… စာသင်ဆရာတစ်ယောက် ဆိုပါစို့။ သူ့အလုပ်က စာသင်သား ကလေးတွေအပေါ်မှာ စာသင်ကြားပေးဖို့။ လိမ္မာရေးခြား ရှိအောင် သွန်သင်ပေးဖို့ ဖြစ်တယ်။ အခုတော့ စာသင်ကြားပေးတဲ့ဆရာက စာသင်ချိန်မှာ စာရေးတစ်ယောက်လို စာရင်းတွေ လုပ်နေရတယ်။ ကိန်းဂဏန်းတွေ ဖြည့်စွက်နေရတယ်။ စာသင်ကြားတဲ့ဆရာက စာသင်ချိန်မှာ လူကြီးတွေကို ကြိုဆိုဖို့ ပြင်ဆင်နေရတယ်။ စာသင်ကြားတဲ့ဆရာက စာသင်ချိန်မှာ စာသင်ကြားခွင့် မရဘဲ ကင်းစောင့်နေရတယ်။ ကြက်ဆူပင်ကို ရေလောင်းနေရတယ်။ ကြက်

ဆူပင် တစ်ပင်ရှင်သန်ဖို့က ကလေးတွေ စာတတ်ဖို့ထက် ပိုပြီး အရေးကြီးနေတယ်။ စာသင်ဆရာနဲ့ မအပ်စပ်တဲ့ အလုပ်တွေကို လုပ်နေရခြင်းကြောင့် ကိုယ့်စာသင်သား ကလေးတွေအပေါ်မှာ ဘယ်လိုလုပ်ပြီး ထိရောက်တဲ့ သင်ကြားမှု ဖြစ်နိုင်တော့မှာလဲ။ ဒါဟာ မေတ္တာ ပျက်ယွင်းခြင်းပဲ''

''မှန်ပါ့ဘုရား၊ သမိုင်းပါမောက္ခဖြစ်တဲ့ ဆရာကြီး ဒေါက်တာ သန်းထွန်း ရေးပေးဖူးတဲ့ စာတစ်ပိုဒ်ရှိပါတယ် ဘုရား။ 'ဆရာအိုတွေရဲ့ ဆုံးမစာ လိုချင်တယ် ဆိုလို့' ဆိုပြီး အခုလို ရေးပေးခဲ့ပါတယ် ဘုရာ့''

''ဘာများလဲ··· ဒကာကြီး''

''သုတေသနဖက်မှ
တက္ကသိုလ်အသက်ရှည်မယ်။
ခုတော့···
သုတေသန ဆိတ်သုဉ်းပြီ။
တက္ကသိုလ်လည်း သေပြီပေါ့။
တက္ကသိုလ်ဆရာတွေ၊
ပါမောက္ခတွေက
နားချိန်၊ အားချိန်မရှိ။
အောင်စာရင်းလုပ်။
ဘွဲ့နှင်း။
အစည်းအဝေးထိုင်။
နံရံထုံးရိုက်။
မြောင်းဖော်၊ သစ်ပင်စိုက်
ကင်းဆော်။
ဂုဏ်ထူးတန်းမှာ လူအပြည့်
ရိုးရိုးတန်းမှာ လူမရှိ။
ကျမ်းကို အငှားရေး။
ခရစ်တစ်များများပေး။
ဒါတွေ ငါမြင် ငါသိ။
တက္ကသိုလ်ကို နင်တို့မဖျက်

ဘယ်ကောင်ဖျက်မလဲ"

"ဟုတ်တယ် ဒကာကြီး၊ သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ဆုံးမစာကို ဦးဇင်းလည်း ကြားဖူးတယ်၊ ဖတ်ဖူးတယ်။ တက္ကသိုလ်ကျောင်းတော်ကြီးတွေ ဆိုတာ သုတေသနလုပ်ငန်းတွေ၊ စာတမ်းတွေနဲ့ တည်ဆောက်မှ ကမ္ဘာ့အဆင့်မီမယ်။ အခုတော့ ဆရာတွေရော၊ ကျောင်းသားတွေရော ကိုယ်နဲ့မအပ်စပ်တဲ့ အလုပ်တွေကို လုပ်နေကြရတယ်။ 'အပွကိစ္စောစ' မဖြစ်တော့ဘူး။ ကိုယ်နဲ့မအပ်စပ်တဲ့ အလုပ်တွေကို လုပ်နေခြင်းဟာ ကိုယ်နဲ့ဆက်စပ်တဲ့ ပတ်ဝန်းကျင်ကို ဖျက်ဆီးခြင်းပဲ။ မေတ္တာပျက်ယွင်းခြင်းပဲ။ ဆရာကြီးရဲ့ ဆုံးမစာဟာ ပညာရေးအတွက် 'အပွကိစ္စောစ'ဖြစ်ဖို့ ပြောဆိုခြင်းဖြစ်တယ်"

"တင်ပါ့ဘုရား၊ တပည့်တော် သဘောပေါက်သလိုလို ရှိလာပါပြီဘုရာ့"

"ဦးဇင်းတို့နိုင်ငံမှာ နေရာမှား၊ တာဝန်မှား၊ အလုပ်မှားတွေ တစ်ပုံကြီးပဲ။ 'အပွကိစ္စောစ' မဖြစ်တာတွေ အများကြီးပဲ"

"ရှင်းပြတော်မူပါဦး ဘုရား"

"ဦးဇင်းတို့ ရဟန်းတော်တွေက ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓလို့ခေါ်တဲ့ သာသနာ(၃)ရပ်နဲ့ ပျော်မွေ့ကြရမှာ၊ သီတင်းသုံးကြရမှာ၊ နေထိုင်ကြရမှာ။ အခုတော့ ဦးဇင်းတို့နိုင်ငံမှာ လူထုက ဆင်းရဲချို့တဲ့နေရှာတော့ သူတို့အတွက် ဦးဇင်းတို့တစ်တွေက 'ပရဟိတ'အလုပ်တွေ လုပ်နေကြရတော့တယ်"

"တင်ပါ့ဘုရား"

"ပရိယတ္တိစာသင်တိုက်ဆိုတာ ဗုဒ္ဓသာသနာတော်ရဲ့ ရတနာသိုက်ပဲ။ အခုတော့ ပရိယတ္တိစာသင်တိုက်တွေဟာ ဟိုးအရင်ခေတ်ကာလမျိုးနဲ့ နှိုင်းယှဉ်ရင် ဦးဇင်းတော့ အားမရဘူး။ စာသင်သားတချို့ဟာ 'ဖေ့ဘွတ်'နဲ့ အချိန်တွေ ဖြုန်းတီးနေကြတော့တယ်။ ပရိယတ္တိစာပေကို စွမ်းစွမ်းတမံ ကျက်မှတ်နေတဲ့စာသင်သား ရဟန်းတော်တွေဆိုတာ အရင်ကလောက် မရှိတော့ဘူး။ ဒီတော့ ပရိယတ္တိဘက်မှာ အားနည်းလာတော့တယ်။ တချို့သော ရဟန်းတော်

များကတော့ စာသင်စာချ အလုပ်ထက် ပရဟိတဘက်မှာ ပိုပြီး အားသန်နေကြတယ်။ ဒီတော့ 'အပ္ပကိစ္စောစ' မဖြစ်ကြတော့ဘူး။ မိမိ အားထုတ်ရမယ့် အလုပ်မှာ အားစိုက်ခွင့် နည်းပါးလာတော့တာပေါ့''

''ကင်ပါ့ဘုရား''

''... 'အပ္ပကိစ္စောစ' ဆိုတဲ့ ကိုယ်နဲ့အပ်စပ်တဲ့ အလုပ်အပေါ်မှာသာ စေတနာပါပါ၊ ဉာဏ်ပါပါနဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်ခြင်းဟာ ကိုယ့်ပတ်ဝန်းကျင်အပေါ် မေတ္တာထားခြင်း၊ ကိုယ့်အမျိုးအပေါ် မေတ္တာထားခြင်း၊ စောင့်ရှောက်ခြင်း မည်တယ် ဒကာကြီး။ နောက်အပတ်များကြမှ 'သလ္လဟုကဝုတ္တိ' ကို ဆွေးနွေးကြတာပေါ့။ ဦးဇင်းလည်း တခြားအိမ်တွေကို ဆွမ်းခံကြွရဦးမယ်''

ဦးပဥ္စင်း ပြန်သွားပြီးနောက် 'အပ္ပကိစ္စောစ' အကြောင်းကို ဆက်ပြီးတွေးနေမိသည်။

မိမိပြုလုပ်ရမယ့် အလုပ်မှတစ်ပါး အခြားမဆိုင်တဲ့ အလုပ်တွေအတွက် ကြောင့်ကြစိုက်ထုတ်နေသူ၊ အလုပ်များနေသူတွေဟာ မိမိအလုပ်အပေါ်မှာ၊ မိမိတာဝန်အပေါ်မှာ လစ်ဟင်းမှုတွေ ဖြစ်ပေါ်လာတဲ့အတွက် မိမိအတွက်လည်း အကျိုးပျက်။ အများအတွက် အကျိုးလည်း မရှိ··· တဲ့။


'အပ္ပကိစ္စောစ' ဖြစ်တဲ့သူများမှာတော့ ကိုယ်တာဝန်အပေါ်မှာ အားစိုက်တယ်။ တခြားအနှောင်အဖွဲ့တွေ မရှိဘူး။ ကြောင့်ကြမှုတွေ မရှိဘူး။ ဒါ့ကြောင့် မိမိအတွက်လည်း အကျိုးရှိ၊ အများအတွက်လည်း အကျိုးရှိတယ်···တဲ့။

ဒါဆိုရင်··· တပ်မတော်ရဲ့ အဓိက တာဝန်ဟာ တိုင်းတစ်ပါးရဲ့ ကျူးကျော်မှုတွေကို ကာကွယ်ဖို့၊ တွန်းလှန်ဖို့၊ တိုက်ခိုက်ဖို့။ ပြည်ထောင်စုကြီး မပြိုကွဲဖို့။ အခုတော့··· အုပ်ချုပ်ရေးပိုင်းမှာ ပါလိုပါ၊ စီမံခန့်ခွဲရေးပိုင်းမှာ ဝင်လိုဝင်၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးပိုင်းမှာ နေရာယူလိုယူ၊ လွှတ်တော်ထဲမှာ မြင်တွေ့နေရ။

'အပ္ပကိစ္စောစ' မဖြစ်လေတော့။

♠♠♠

# သလ္လဟုကာဝုတ္တိ... နံ့နက်ခင်း




**"သလ္လဟုကာဝုတ္တိ"** – ဟန်မထုတ်ချင်ပါနဲ့၊ ဟန်မလုပ်ချင်ပါနဲ့။

ဝတ်မှုစားမှု၊ နေထိုင်မှု၌၊
မပြုကိန်းခန်း၊ စခန်းမကြီး၊
စိတ်ကြီးမဝင်၊ ဆင်ခြင်တိုင်းထွာ၊
ဝတ်စားစာကို၊ ရရာသုံးလျက်၊
သက်မွေးပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ...။

♠ စကားအရာ၌ ကြွယ်ဝသူ၊
အမိန့်အာဏာဖြင့် စေခိုင်းနိုင်သူ၊ စေခိုင်းခွင့်ရှိသူများသည်လည်း
သေလွန်ခါနီး အပြီးသတ်အချိန်၌
ဂူးဂူးဝါးဝါးဖြင့် စကားကို မပီမသပြောဆိုပြီး
ဆွံ့အ၍ သေကြရသည်။

♠ အရာရာကို စေစားနိုင်သည့်
ရှင်ဘုရင်ကြီးများပင်လျှင်
သေလွန်ခါနီး အပြီးသတ်အချိန်၌
ပိုင်ဆိုင်မှုများ၏ လေးလံမှုများကြောင့် သော်လည်းကောင်း…
အမှားများ၏ လေးလံမှုကြောင့် သော်လည်းကောင်း
သံဝေဂများ၊ နောင်တများဖြင့် သေဆုံးကြရသည်။

## သလ္လဟုကဝုတ္တိ··· နံနက်ခင်း

"ဒူဝေ··· ဝေ···"

"ဒူဝေ··· ဝေ···"

"ဒူဝေ··· ဝေ···"

ဘုရားခန်းထဲမှ ကြေးစည်တီးသံ ထွက်ပေါ်လာ၏။ အသက်ရှစ်ဆယ်နီးပါးအရွယ် အပျိုကြီး နှင်းနှင်း၏ မေတ္တာပို့ ရွတ်ဆိုတော့မည်ဟု ထိုကြေးစည်သံက အချက်ပေးလိုက်ခြင်း ဖြစ်သည်။

"**သက္ကောစ**-လေးသစ္စာကို၊ လှစ်ကာသိရန်၊ မြဲမြံကြံ့ခိုင်၊ ကျင့်စွမ်းနိုင်သည်လည်း၊ **အသသ**-ဖြစ်ရာ၏၊ **ဥဇုစ**-ကိုယ်လည်းအဟုတ်၊ နှုတ်လည်းမမှား၊ မျိုးမပြားဘဲ၊ ရိုးသားဖြောင့်မတ်သည်လည်း၊ **အသသ**-ဖြစ်ရာ၏၊ **သုဟုဇုစ**-ကွေ့ကောက်လိမ်လည်၊ တစ်ဆံခြည်မျှ၊ ကြံစည် စိတ်မစောဘဲ၊ သဘောမနော၊ ရိုးမတ်သည်လည်း၊ **အသသ**-ဖြစ်ရာ၏"

နှင်းနှင်းက လေယူလေသိမ်းမှန်မှန် အသံကြည်ကြည်လင်လင်ဖြင့် မေတ္တာသုတ်တော်၏ အဖွင့်ကို 'မွှန်း'နေလေတော့သည်။

"**သုဝစောစ**-ပညာရှိများ၊ ဆိုဆုံးမစကားကို၊ မရှားမပယ်၊ နာယူလွယ်သည်လည်း၊ **အသသ**-ဖြစ်ရာ၏။ **မုဒုစ**-ရွှေဇမ္ဗူရာဇ်၊ မြူညစ်စင်သန့်၊ အမှုန့်ခံသကဲ့သို့၊ နူးညံ့သိမ်မွေ့သော၊ ကိုယ်နှုတ်နှလုံး ရှိသည်လည်း၊ **အသသ**-ဖြစ်ရာ၏။ **အနတိမာနီစ**- ဓာတိဂေါတ္တ၊ စသည်ဂုဏ်ရောင်၊ မှန်ကင်းထောင်သကဲ့သို့၊ အခေါင်ပင့်မြှောက်၊ မမြင့်မောက်ဘဲ၊ အောက်ကျ နောက်ကျ မာန်နှိမ်ချသည်လည်း၊ **အသသ**-ဖြစ်ရာ၏။ **သန္တုဿကောစ**- ယထာလာဘ သာရုပ္ပ စသည်ဖြင့်၊ သန္တောသ နိဿရည်း၊ မလိပ်လည်းစေဘဲ၊ ရွှည်း

လေးပါး၌၊ ရောင့်ရဲသည်လည်း၊ **အသ**-ဖြစ်ရာ၏''

ဦးပဍ္ဍင်း ဆွမ်းခံကြွလာပြီ။ နှင်းနှင်းက မေတ္တာပို့ဖို့ နိဒါန်းပျိုးစသာ ရှိသေးသည်။

''**သုဘရောစ**-ကောင်းသော ဆိုးသော သဘောမထား၊ မပြော ကြားဘဲ၊ ပေါများပြန်သည်၊ ရှားပြန်သည်ဟု၊ မမြည်မဆို၊ သူ ကြည်ညို၍၊ လှူလိုသမျှ၊ ရသမျှနှင့်၊ မျှတဖွယ်ရေး၊ အလေးအပေ့၊ အပျော့အမာ၊ အရာရာ ၌၊ အဆာမကျယ်၊ မွေးမြူလွယ်သည်လည်း၊ **အသ**-ဖြစ်ရာ၏၊ **အပ္ပကိစ္စောစ**- နဝကမ္မ၊ ဗာဟီရကို၊ ကိစ္စတစ်ခု၊ မပြုကြရာ၊ ကိုယ့်တွက်တာနှင့်၊ ပက်ပါကြံ၍၊ ဆုံကာတွေ့လည်း၊ နေ့ရှည်ရက်များ၊ အားပါးမထုတ်၊ သပိတ်ဖုတ်ခြင်း၊ သင်္ကန်း ချုပ်ခြင်းမှုကိုသာ၊ အဟုတ်သီးခြား၊ အလုပ်ကြီးထားသောအားဖြင့်၊ နည်းပါး သော အမှုကိစ္စရှိသည်လည်း၊ **အသ**-ဖြစ်ရာ၏၊ **သလ္လဟုကဝုတ္တိစ**-တစ်တော ထွက်ဝင်၊ တစ်ပင်ထွက်သွား၊ ကျေးငှက်များသို့…''

နှင်းနှင်း၏ မေတ္တာပို့ ရွတ်ဆိုသံကို ဦးပဍ္ဍင်းက အာရုံစိုက်လိုက်ပြီး-

''ဒကာကြီး ဦးဘုန်း၊ အခု ရွတ်ဆိုနေတဲ့ မေတ္တာပို့အလင်္ကာဟာ မြင်းခြံမြို့ အဂ္ဂမဟာပဏ္ဍိတ ပထမဂိုဏ်းချုပ် ကိုးဆောင်တိုက် ဝေဇယန္တာ အုတ်ကျောင်းဆရာတော် အရှင်ဝေပုလ္လာဘိဓေ ရေးသားစီရင်တော်မူခဲ့တာ''

''တင်ပါ့ဘုရား''

''ဒီနေ့ 'သလ္လဟုကဝုတ္တိ' အကြောင်းကို ဆွေးနွေးကြဖို့နော်''

''မှန်ပါတယ် ဘုရား''

''… 'သလ္လဟုကဝုတ္တိ' ဆိုတာ 'ဝန်ကျဉ်းပေါ့ပါးသော အဖြစ်ရှိခြင်း' လို့ အဓိပ္ပာယ်ရတယ်''

''ဒီထက် အသေးစိတ် ရှင်းပြတော်မူပါဦး ဘုရား''

''အမှုကိစ္စ များပြားသူတွေဟာ အဲဒီအရေးကိစ္စတွေကြောင့် ကိုယ်နဲ့ ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်အပေါ်မှာ ကိုယ့်စိတ်ထဲရှိသလောက် မကူညီနိုင် တော့ဘူး။ အသုံးအဆောင်ပစ္စည်းတွေ များပြားနေခဲ့ရင် အဲဒီ အသုံးအဆောင် တွေကို သိမ်းရဆည်းရ၊ စောင့်ရှောက်ရ၊ ပြုရပြင်ရ၊ စီမံရ။ အဲဒီအခါ လိုရင်း ခရီးကို ရောက်ဖို့ ဖင့်နွဲကြန့်ကြာကုန်တော့တာပေါ့''

''တင်ပါ့ဘုရား''

"ဒကာကြီးကို မေးရဦးမယ်"

"မေးတော်မူပါ ဘုရား"

"ဒကာကြီးက မကြာခဏ စာပေအတွက် ခရီးထွက်ရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီအခါ အဝတ်အစားတွေကို ဘယ်လို ရွေးချယ်သလဲ"

"မှန်ပါ့ဘုရား၊ ၃ ညအိပ်ခရီးအတွက် ဆိုရင်တော့ အင်္ကျီအဖြူ နှစ်ထည်၊ တိုက်ပုံတစ်ထည်၊ ပုဆိုးနှစ်ထည်၊ တီရှပ် ၅ ထည် ယူသွားပါတယ် ဘုရား။ လက်နှိပ်ဓာတ်မီးကတော့ မပါမဖြစ်ပေါ့။ လိုအပ်တဲ့ ဆေးဝါးလေးတွေ ဆောင်သွားပါတယ် ဘုရား။ များများယူသွားတော့ များများသယ်ရပါတယ် ဘုရား။ များများသယ်ရတော့ များများပင်ပန်းပါတယ် ဘုရား"

"ဒါဆိုရင်... ဟုတ်ပြီ၊ လိုအပ်သလောက်တော့ သယ်ရမှာပေါ့။ ဆောင်းတွင်းအတွက်ဆိုရင် နွေးနွေးထွေးထွေး ဖြစ်စေဖို့ အနွေးထည် တစ်ထည် လောက်တော့ ပါသင့်တယ်။ ဒီလိုပဲ မိုးတွင်းအတွက် ဆိုရင်တော့ မိုးကာ၊ မိုးထဲရေထဲ စီးလို့ရတဲ့ ဖိနပ်။ အဲဒီလောက်တော့ ဖြစ်သင့်တာပေါ့"

"တင်ပါ့ဘုရား၊ တပည့်တော် အတွေ့အကြုံတစ်ခု ပြောပြပါရစေ ဘုရား"

"ဆိုစမ်းပါဦး၊ ဒကာကြီးရဲ့"

"မိုးညှင်း အင်းတော်ဘက်ကို စာပေဟောပြောပွဲခရီး သွားစဉ်က သတင်းထောက်တစ်ယောက် ပါလာပါတယ် ဘုရား။ ဆောင်းတွင်းကြီးမှာ အနွေးထည်က ၃ ထည်၊ ဘွတ်ဖိနပ်က ၂ ရန်၊ ကျောပိုးအိတ်က ၁ လုံး၊ ဘီးပါတဲ့ အဝတ်သေတ္တာက ၁ လုံး။ ပြီးတော့ ကင်မရာအိတ်ကြီးနဲ့။ လမ်းမှာ မီးရထားက တွဲချော်ပါလေရော။ ကိုယ့်အထုပ်ကို ကိုယ်ထမ်းပြီး ၄ မိုင်လောက် လမ်းလျှောက်ကြရတယ်။ သူ့ခမျာ ဖိနပ်က ပေါက်၊ သေတ္တာကိုလည်း ထမ်း။ ခရီးက မတွင်ဘူး ဘုရား။ သူ လိုချင်တဲ့ သတင်းဓာတ်ပုံတွေ၊ သတင်းတွေ ရိုက်ဖို့၊ ယူဖို့ မလုပ်နိုင်တော့ဘူး"

"ဟုတ်တယ် ဒကာကြီး၊ အဲဒါ 'သလ္လဟုကဝုတ္တိ'ရဲ့ သဘာဝပဲ။ လောကမှာ မိမိ ရှိသင့်သည်ထက် အသုံးအဆောင်တွေ ပိုမိုများပြားနေရင်

အဲဒီအရာတွေကို သိမ်းဆည်းရ၊ စောင့်ရှောက်ရ၊ ပြုပြင်ရ၊ စီမံရတဲ့ ကိစ္စတွေ အလွန်များပြားလာတာကြောင့် သူရဲ့ မူရင်းပဓာန အလုပ်အပေါ်မှာ စိတ်ပါလက်ပါ မလုပ်နိုင်တော့ဘူး။ မဆောင်ရွက်နိုင်တော့ဘူး။ ပတ်ဝန်းကျင်အပေါ်မှာ ကိုယ့်စိတ်ထဲရှိသလောက် မကူညီနိုင်တော့ဘူး၊ မေတ္တာမထားနိုင်တော့ဘူး"

"မှန်လိုက်တာ ဘုရား"

"ဓမ္မရေးရာမှာလည်း ဓမ္မသက်သက်အားထုတ်ဖို့ ရည်ရွယ်သူဟာ မိမိ လုံလောက်ရုံမျှ ပစ္စည်းများကိုသာ လိုအပ်သလောက် ဆောင်ထားသင့်တယ်။ ဓမ္မရေးရာ တစ်ခုတည်းသာမဟုတ် အများရေးအတွက် ဆောင်ရွက်မည့်ပုဂ္ဂိုလ်၊ ဒါမှမဟုတ် လောကအပေါ် စောင့်ရှောက်လိုသူ၊ မေတ္တာထားလိုသူဟာ ပေါ့ပါးတဲ့အဖြစ်ရှိသူ 'သလ္လဟုကဝုတ္တိ' ဖြစ်ဖို့လိုအပ်တယ်"

"တင်ပါ့ဘုရား"

"ဒကာကြီး ရေးတဲ့ 'နေစရာမရှိသူများ' ဆိုတဲ့ စာတစ်ပုဒ်မှာ…"

"မှန်ပါ့ဘုရား"

"ဦးဇင်း မှတ်မိနေတယ်၊ အဲဒီထဲက ဒကာမကြီး နေစရာအတွက် တကယ်ဒုက္ခရောက်နေရှာရတာ။ ဘယ်လောက်ထိများ ဒုက္ခကြီးသလဲ ဆိုရင် ရန်ကုန် အင်းလျားလမ်းမှာ တိုက်(၁)လုံး။ ရန်ကုန် မင်းဓမ္မလမ်းမှာ နောက်ထပ် တိုက်(၁)လုံး၊ မပြီးသေးဘူး။ နေပြည်တော်မှာလည်း တိုက်(၂)လုံး ရှိသေးတယ်။ ပြင်ဦးလွင်မှာလည်း ခြံနဲ့ဝင်းနဲ့။ မန္တလေး သိပ္ပံလမ်းဘက်မှာလည်း တိုက်က (၂)လုံး။ တောင်ကြီးမှာလည်း တိုက်(၁)လုံး ရှိသေးတယ်"

"ဟုတ်ပါတယ် ဘုရား"

"ဒါကြောင့် သူ့မှာက ဟိုနေရာမှာလည်း တိုက်။ ဒီနေရာမှာလည်း ခြံ။ ဟိုမြို့မှာလည်း နေရာကောင်းကောင်း။ ဒီမြို့မှာလည်း ခြံဝင်းကျယ်ကျယ်။ ဒီတော့ ညအိပ်ရာဝင်တိုင်း ဟိုမြို့မှာ သွားပြီး အိပ်ရရင် ကောင်းမလား၊ ဒီမြို့မှာပဲ အိပ်စက်ရရင် ကောင်းမလား။ ဟိုတိုက်ကို စိတ်မချ၊ ဟိုခြံကို စိတ်မချ၊ ဟိုမြို့ကို စိတ်က ရောက်လိုက်၊ ဒီမြို့ကို စိတ်က ရောက်လိုက်နဲ့။ ညညဆို အိပ်တောင် မပျော်ရှာဘူး။ နေစရာအတွက် တော်တော်ကြီးကို ဒုက္ခရောက်နေရှာတဲ့သူ"

"မှန်ပါတယ် ဘုရား၊ သူတို့တစ်တွေက တော်တော်ကြီးကို သနားစရာ

ကောင်းကြပါတယ်။ မတရား ရယူပိုင်ဆိုင်ထားကြတာ ဆိုတော့ မတရားကို သိမ်းပိုက်ချင်တဲ့စိတ် ဖြစ်နေတော့တာပေါ့။ ရှိလွန်းတော့လည်း ကြောင့်ကြ စိတ်ကြောင့် အိပ်မပျော်။ ဘယ်သူ့ကိုမှလည်း မယုံကြည်။ ကိုယ့်အိမ်က ဘုရားရှေ့မှာ စိတ်ဖြောင့်လက်ဖြောင့် ပူဇော်ကန်တော့ခွင့် မရ။ အလွန် သနားစရာကောင်းတဲ့သူတွေပါ ဘုရား"

ဦးပဋ္ဌင်းက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပေးသည်။

"မှန်တယ် ဒကာကြီး၊ ငှက်များဟာ အခြား ဘာမျှ မပါ၊ မိမိ အတောင်ပံဖြင့်သာ လိုရာပျံသန်းသွားလာသကဲ့သို့ မိမိလိုအပ်သမျှကိုသာ ဆောင်ယူထားခြင်းဖြင့် မိမိ ဦးတည်ရာအလုပ်ကို ထိထိရောက်ရောက် လုပ်နိုင် ခြင်းဟာ 'သလ္လဟုကဝုတ္တိ'ရဲ့ အကျိုးပဲ"

"မှတ်သားထားပါ့မယ် ဘုရား"

"ကြုံလို့ပြောရဦးမယ်၊ ဦးဇင်းဇာတိ ရွာက ဘုန်းကြီးကျောင်းမှာ ဦးဇင်းရဲ့ ဥပဇ္ဈယ်ဆရာတော်ဘုရားက သူ့ကို လာပြီး လှူဒါန်းတဲ့ ပစ္စည်းတွေ ကို မရှိသူများအား အမြဲတမ်း ပြန်ပြီး စွန့်ကြဲလေ့ရှိတယ်။ ကျောင်းမှာ တိုင်ကပ်နာရီ တစ်လုံးပဲ ထားတယ်။ နာရီတွေကို လာပြီးလှူရင် ပြန်ပြီး စွန့်ကြဲလိုက်တာပဲ။ နာရီတွေက များ၊ အချိန်တွေက မတူ။ အဲဒီနာရီတွေကို ပြင်နေရတာနဲ့ မူရင်းပဓာနအလုပ်ကို လုပ်ဖို့ အာရုံနည်းစေတဲ့အတွက် အဲဒီလို ဆောင်ရွက်တာပဲ။ ပြီးတော့ ဘုန်းတော်ကြီးရဲ့ ကျောင်းဝိုင်းထဲမှာ အဆောက် အအုံတွေ အများကြီး ပေးပြီး မဆောက်ဘူး။ အဆောက်အအုံတွေ များလေလေ ဒုက္ခများလေလေ။ ဒါပေမဲ့ သစ်ပင်ကြီးတွေကိုတော့ မခုတ်ရဘူး။ ပြုစုတယ်။ ပျိုးထောင်တယ်။ သစ်ပင်ကြီးတွေဟာ အကောင်းဆုံး ကျောင်းသင်္ခမ်းတွေပဲတဲ့။ ထိန်းသိမ်းရလွယ်ကူတယ်။ အေးမြတဲ့အရိပ်ကို ပေးတယ်။ ဦးဇင်း ဆိုရင် ရွာကျောင်းကို ပြန်ရောက်တိုင်း စိတ်ထဲမှာ အေးချမ်းသွားမိတယ်"

"မှန်ပါ့ဘုရား"

"ကဲ··· ဒကာကြီးလည်း ပေါ့ပါးတဲ့ အဖြစ်ရှိသူ 'သလ္လဟုကဝုတ္တိ' ဖြစ်စေခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်။ ကိုယ့်ကိုယ်ကိုယ် စောင့် ရှောက်ခြင်းဟာ လောကကြီးကို စောင့်ရှောက်ခြင်း မေတ္တာထားခြင်းပဲ။ နောက်တစ်ပတ် ရောက်မှ 'သန္တိန္ဒြိယော'ကို ဆက်ပြီး ဆွေးနွေးကြမယ်"

ထိုနေ့က တစ်နေ့လုံး 'သလ္လဟုကဝုတ္တိ' ကို တစိမ့်စိမ့်တွေးနေမိသည်။

အော်… ဗိုလ်ချုပ်အောင်ဆန်းတို့များ သူ့မိဘရပ်ထံကို ပြန်တာတောင် ပေါ့ပါးလိုက်တာပါလား။ မြန်မာပြည်အနှံ့ ခရီးဆန့်ပြီး အလုပ်တွေ လုပ်တဲ့ နေရာမှာလည်း ပေါ့ပါးလိုက်တာ။ 'ရှင်ဘုရင် တစ်ခါထွက် ပဲကြီးတစ်လှေ ချက်' ဆိုတဲ့ ပုဂ္ဂိုလ်မျိုး မဟုတ်။ ကားတန်းရှည်ကြီးတွေ မပါ။ 'တီတီ တော်တော်'တွေ မလုပ်။ တကယ့်ကို 'သလ္လဟုကဝုတ္တိ' ဆိုတဲ့ ဂုဏ်နဲ့ ပြည့်စုံ သူပါလား။ သူ ကွယ်လွန်သွားပြီး သူ့ကိုယ်ပိုင်ပစ္စည်းတွေကို မြင်ရ၊ တွေ့ရ ပြန်တော့ 'တော်တော်ကြီးကို ပေါ့ပါးတဲ့ အဖြစ်ရှိသူပဲ' ဟု ခံစားနေမိသည်။

ဓမ္မပဒထဲ၌ ပါသည့် စာတစ်ပိုဒ်ကို ပြေး၍ သတိရမိပြန်သည်။

ပစ္စည်း၊ ဥစ္စာ၊ စည်းစိမ်၊ ချမ်းသာ မည်မျှပင် ပြည့်စုံသော သူ ဖြစ်ပါစေ၊ သေလွန်ခါနီး အပြီးသတ်အချိန်၌ သုံးချင်ရာ သုံးစွဲခွင့် မရဘဲ သေဆုံးကြရသည်။

ခွန်အားဗလ မည်မျှပင် ပြည့်စုံသောသူ ဖြစ်ပါစေ၊ သေလွန်ခါနီး အပြီးသတ်အချိန်၌ အင်အားကုန်ခန်း အားပြတ်၍ သေကြရသည်။

စကားအရာ၌ ကြွယ်ဝသူ၊ အမိန့်အာဏာဖြင့် စေခိုင်းနိုင်သူ၊ စေခိုင်း ခွင့် ရှိသူများသည်လည်း သေလွန်ခါနီး အပြီးသတ်အချိန်၌ ဂူးဂူးဝါးဝါးဖြင့် စကားကို မပီမသပြောဆိုပြီး ဆွံ့အ၍ သေကြရသည်။

အရာရာကို စေစားနိုင်သည့် ရှင်ဘုရင်ကြီးများပင်လျှင် သေလွန်ခါနီး အပြီးသတ်အချိန်၌ ပိုင်ဆိုင်မှုများ၏ လေးလံမှုများကြောင့် သော်လည်းကောင်း၊ အမှားများ၏ လေးလံမှုကြောင့် သော်လည်းကောင်း သံဝေဂများ၊ နောင်တ များဖြင့် သေဆုံးကြရသည်… တဲ့။

ပိုင်ဆိုင်မှုအားကြီးသူတွေဟာ လေးလံနေသူတွေ…။

ဒီတော့… ကိုယ့်ပိုင်ဆိုင်မှုကြောင့် အနေမဖြောင့်၊ အသေမဖြောင့်…။

ပေါ့ပါးသူ မဖြစ်လေတော့…


လေးလံတဲ့ ဘဝမှာ ရွှေ့ချင်ပေမယ့် အရွှေ့ကနေး…။

အမြင့်ကို ရောက်ချင်ရင်…

'သလ္လဟုကဝုတ္တိ' ဖြစ်ဖို့ လိုပါသည်။

♠♠♠

## သန္တိန္ဒြိယော... နံနက်ခင်း




**"သန္တိန္ဒြိယော"** – မိမိစိတ်ကို မိမိကောင်းစွာ စောင့်စည်းထိန်းကျောင်းပါ။

ကိုးရိုးကားရား၊ နေသွားမတော်၊
မလျော်စကား၊ စိတ်ထားမငြိမ်၊
ဣန္ဒြေမဲ့ခြင်း၊ အလျှင်းမရှိ၊
မျက်စိနားနှာ၊ ကိုယ်စိတ်နှုတ်လျှာ၊
စောင့်စည်းပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ...။

♠ တိုင်းပြည်ကို ခေါင်းဆောင်ခွင့်ရကြသူများ…
တိုင်းပြည်ကို ဦးဆောင်နေကြသူများဟာ
ဣန္ဒြေခြောက်ပါးအပေါ် မထိန်းသိမ်းနိုင်ဘူးဆိုရင်
သူတို့သမိုင်းဟာ… သမိုင်းအရိုင်း ဖြစ်စေတော့တယ်။

♠ ဣန္ဒြေခြောက်ပါးအပေါ် အလိုမလိုက်တဲ့…
ထိန်းသိမ်းနိုင်စွမ်းရှိတဲ့…
စောင့်စည်းနိုင်စွမ်းရှိတဲ့…
ဗိုလ်ချုပ်အောင်ဆန်းတို့လို…
ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့လို…
ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်တို့လို… ပုဂ္ဂိုလ်မျိုးဟာ
"သန္တိန္ဒြိယော"ဆိုတဲ့ ဂုဏ်နဲ့ ရှင်သန်နေထိုင်ခဲ့ကြသူတွေ ဖြစ်တယ်။

♠ ဒါ့ကြောင့်…
သမိုင်းကြောင်း ကောင်းတယ်…
သမိုင်းကြောင်း လှတယ်။

# သန္တုဋ္ဌိယော… နံနက်ခင်း

"ဦးဇင်းတို့ မြတ်ဗုဒ္ဓဟာ အနှိုင်းမဲ့ မဟာမေတ္တာရှင်၊ အနှိုင်းမဲ့ မဟာကရုဏာရှင်။ ဘုရားရှင်ရဲ့ တရား၊ ဓမ္မ၊ သတ္တိ၊ စွမ်းရည်တွေထဲက 'မေတ္တာသုတ်ဒေသနာတော်'ရဲ့ အရေးပါပုံကို ဦးဇင်းတို့ ဆွေးနွေးခဲ့ကြတာ 'သလ္လဟုကဝုတ္တိ' အထိ ရောက်ခဲ့ပြီနော်"

"တင်ပါ့ဘုရား"

ထိုနေ့ နံနက်ခင်းတွင် ဦးပဥ္စင်းက 'မေတ္တာသုတ်တော်'ကို အလင်္ကာဖွဲ့ပြီး အစမှ နေ၍ ပြန်ပြီး ရှင်းပြတော်မူပါသည်။

"…'သက္ကော'ဆိုတာ 'စွမ်းနိုင်သူ ဖြစ်ရမယ်'လို့ အဓိပ္ပာယ်ရတယ်။ အမိနဲ့သား၊ မယားနဲ့လင်၊ အရှင်နဲ့ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သဟာချင်း၊ ပြုခင်းဖွယ်ရာ၊ မိမိတာကို၊ မလိုစေဘဲ၊ စွဲမြဲလှစွာ၊ ပြုလုပ်ပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ… တဲ့"

"မှတ်သားထားပါ့မယ် ဘုရား"

"… 'ဥဇု' ဆိုတာ 'ရိုးသားရမယ်'လို့ ဆိုလိုတာ။ ကောက်ကျစ်ပါးနပ်၊ ဖွဲ့ကတ်တင်းမူ၊ မပြုရှောင်ခွာ၊ ရိုးဖြောင့်ပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ… တဲ့"

"မှန်ပါ့ဘုရား"

"… 'သုဟုဇူ' ဆိုတာ 'အထူးရိုးဖြောင့်ရမယ်'လို့ ပြောတာ။ လောကီလောကုတ်အကျိုး၊ ပွားတိုးစိမ့်ငှာ၊ အရာရာ၌၊ အနှာခံမည်၊ စိတ်ကရည်လျှက်၊ နိုင်ထက်ပြုမှု၊ တင်စီးမှုကို၊ ပြုလုပ်သသူ၊ ပြုမူလာလျှင်၊ သည်းခံပြီးတာ၊ လွန်စွာဖြောင့်မှ၊ ကြီးပွားရ၊ မုချအမှန်သာ… တဲ့"

"ကောင်းလိုက်တာ ဘုရား"

"... 'သုဝစော' ဆိုတာ 'ဝေဖန်ခံနိုင်ရမယ်' လို့ ဆိုလိုတာ။ မိမိအကျိုး၊ ပွားတိုးစိမ့်ငှာ၊ ပြောကြားသူကို စိတ်မတိုဘဲ၊ ကြည်ဖြူလှစွာ စေတနာနှင့်၊ မကြာမကြာ၊ ပြောကြားပါနော်၊ နှုတ်က ဖော်ကာ၊ နာလွယ်ပါမှ၊ ကြီးပွားရ၊ ၊မုချအမှန်သာ... တဲ့"

"တင်ပါ့ဘုရား"

"... 'မုဒု' ဆိုတာ 'နူးညံ့ရမယ်' လို့ အဓိပ္ပာယ်ရှိတယ်။ ကိုယ်မှုနှုတ်မှု၊ စိတ်မှုတို့ကို၊ ပြုလိုသောအခါ၊ သူတကာတို့၊ နှစ်လိုဖွယ်ရာ၊ ကြင်နာစေတတ်၊ သပ်ရပ်ကျစ်လျစ်၊ ချစ်ဖွယ်အမှု၊ ပြုလုပ်၍သာ၊ နူးညံ့ပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ... တဲ့"

"မှတ်သားထားပါ့မယ် ဘုရား"

"... 'အနတိမာနီ' ဆိုတာ 'ထောင်လွှားမှုကို ပယ်လိုက်ပါ' တဲ့။ သမုဒ်ရေပြင်၊ မမြင်စဖူး၊ တွင်းနဖားတွင်၊ ငါလျှင်တတ်သိ၊ မရှိငါ့ပြင်၊ ငါဘုရင်ဟု၊ မည်သူ့အောက်မျှ၊ မချလိုလျက်၊ ထက်က နေလို၊ ကိုယ်ကိုမြင့်မောက်၊ မာန်တက်ရောက်မှု၊ မပြုရှောင်ခွာ၊ မာန်နည်းပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ... တဲ့"

"တင်ပါ့ဘုရား"

"... 'သန္တုဿကော' ဆိုတာ 'ရောင့်ရဲလွယ်မှ မေတ္တာရ' လို့ ဆိုလိုတယ်။ ရတတ်သမျှ၊ သဘာဝနှင့်၊ အားရမရှိ၊ မိုးသို့ထိအောင်၊ လောဘကား ထောင်မည်၊ စိတ်ကရည်သို့၊ မဖြစ်တို့ဖွယ်၊ အသွယ်သွယ်ကို၊ နှစ်လိုလှစွာ၊ ရောင့်ရဲလွယ်မှ၊ ကြီးပွားရ၊ မုချအမှန်သာ... တဲ့"

"မှန်ပါ့ဘုရား"

"... 'သုဘရော' ဆိုတာ 'သူတကာကို အပူမရှာပါနဲ့' လို့ ပြောတာ။ မရှိတာကို၊ မလိုမတ၊ ရှိသမျှနှင့်၊ စိတ်က ကျေအေး၊ အမွေးလွယ်မှ၊ ကြီးပွားရ၊ မုချအမှန်သာ... တဲ့"

"တင်ပါ့ဘုရား"

"... 'အပ္ပကိစ္စော' ဆိုတာ 'မိမိအလုပ်ကို စိတ်ပါဝင်စားစွာ လုပ်ပါ။ ကြိုးစားပါ' တဲ့။ လိုရင်းမပါ၊ ဗလာကြွင်းခြင်း၊ ဟိတ်ဟန်ကင်း၍၊ အကျဉ်းချုံးအုပ်၊ အရှုပ်နည်းမှ၊ ကြီးပွားရ၊ မုချအမှန်သာ... တဲ့"

"ကောင်းလိုက်တာ ဘုရား"

"... 'သလ္လဟုကဝုတ္တိ' ဆိုတာ 'ဟန်မထုတ်ချင်နဲ့၊ ဟန်မလုပ်ချင်နဲ့' လို့ ဆိုလိုတာ။ ဝတ်မှုစားမှု၊ နေထိုင်မှု၌၊ မပြုကိန်းခန်း၊ စခန်းမကြီး၊ စိတ်ကြီးမဝင်၊ ဆင်ခြင်တိုင်းထွာ၊ ဝတ်စားစာကို၊ ရရာသုံးလျက်၊ သက်မွေးပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ... တဲ့"

"တင်ပါ့ဘုရား"

"အဲဒီအထိက အကျင့်သီလပိုင်း။ အခု 'သန္တိန္ဒြိယောစ'ကို ရောက်ပြီနော်။ 'သန္တိ'ဆိုတာက ငြိမ်သက်ခြင်း။ 'ဣန္ဒြိယ'ဆိုတာက ဣန္ဒြေ။ ဒီတော့ 'သန္တိန္ဒြိယော' ဆိုတာ 'ဣန္ဒြေကို ငြိမ်သက်စွာ စောင့်စည်းခြင်း'ပဲ။ ငြိမ်သက်သော ဣန္ဒြေရှိခြင်းပဲ။ တစ်နည်းပြောရရင် မိမိစိတ်ကို မိမိ ကောင်းစွာ စောင့်စည်းခြင်းပဲ၊ ထိန်းကျောင်းခြင်းပဲ"

"ရှင်းပြတော်မူပါဦး ဘုရား"

"မိမိပတ်ဝန်းကျင်အပေါ်၊ ကိုယ်နဲ့ဆက်ဆံရတဲ့ လောကအပေါ်မှာ ဣန္ဒြေလို့ ဆိုတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်... အဲဒီ ဣန္ဒြေ ခြောက်ပါးကို တည်ငြိမ်အောင်၊ ငြိမ်သက်အောင် ပြုမူနေထိုင်ခြင်းဟာ မိမိကိုယ်မိမိ စောင့်စည်းခြင်း ဖြစ်တယ်။ ထိန်းကျောင်းခြင်း ဖြစ်တယ်။ အဲဒီလို မိမိကိုယ်မိမိ စောင့်စည်းခြင်း၊ ထိန်းကျောင်းခြင်းဟာ လောကကြီးအပေါ် စောင့်စည်းခြင်း၊ စောင့်ရှောက်ခြင်း၊ ထိန်းကျောင်းခြင်းပဲ၊ မေတ္တာထားခြင်းပဲ"

"တင်ပါ့ဘုရား"

"ဣန္ဒြေမဲ့တဲ့ အပြုအမူတွေနဲ့ ရှင်သန်နေထိုင်တဲ့ လူတစ်ယောက်ဟာ သူရူးတစ်ယောက်နဲ့ တူတယ်။ စိတ်မနှံ့တဲ့သူနဲ့ တူတယ်။ အဲဒီလို ဣန္ဒြေမဲ့တဲ့ အပြုအမူရှိသူတွေဟာ လောကကြီးအပေါ်မှာ ဘယ်လိုလုပ်ပြီး စောင့်ရှောက်နိုင်တော့မလဲ၊ ထိန်းကျောင်းနိုင်တော့မလဲ"

"တင်ပါ့ဘုရား"

"ကိုယ့်အကျိုးလည်း မသိ၊ သူတစ်ပါးအကျိုးလည်း နားမလည်တဲ့ သူဟာ သူရူးပဲ၊ စိတ်မနှံ့တဲ့သူပဲ။ သူတို့တစ်တွေဟာ ကိုယ် ဘာတွေလုပ်ခဲ့၊ ပြောခဲ့တယ်၊ ဘာတွေ လုပ်နေ၊ ပြောနေတယ်ဆိုတာ မသိကြဘူး။ ဟီရိဩတ္တပ္ပ လို့ ခေါ်တဲ့ အရှက်အကြောက် ကင်းမဲ့နေတာကိုလည်း မသိကြဘူး။ မျက်စိ၊

နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်··· ဣန္ဒြေမဲ့နေခြင်းကိုလည်း သတိမပြုမိကြဘူး။ အဲဒီလို လူပုဂ္ဂိုလ်ကြီးများဟာ လောကကြီးအပေါ်မှာ ဘယ်လိုလုပ်ပြီး မေတ္တာထားလို့ ရနိုင်ပါ့မလဲ ဒကာကြီး''

''ရှင်းပြတော်မူပါဦး ဘုရား''

''ချပ်ဝတ်တန်ဆာကို ကြည့်ပြီး ဒီပုဂ္ဂိုလ်ဟာဖြင့် ဣန္ဒြေရှိတယ်။ ဂုဏ်ဒြပ်ကို ကြည့်ပြီး ဒီလူဟာဖြင့် ဣန္ဒြေရှိတယ်။ ရာထူးဂုဏ်သိန်အာဏာကို ကြည့်ပြီး ဒီလူကြီးဟာဖြင့် ဣန္ဒြေရှိတယ်။ အဲဒီလို ယူဆလို့ မရဘူး ဒကာကြီးရဲ့။ ဣန္ဒြေဆိုတာ ချပ်ဝတ်တန်ဆာ၊ ဂုဏ်ဒြပ်၊ ရာထူးဂုဏ်သိန် အာဏာပေါ်မှာ မူမတည်ဘူး။ သူ့ရဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ရဲ့ စောင့်စည်းမှုပေါ်မှာသာ ဣန္ဒြေက မူတည်တယ်''

''တင်ပါ့ဘုရား''

''မေတ္တာထားလိုသူဟာ အဲဒီဣန္ဒြေတွေကို ထိန်းသိမ်းစောင့်စည်းရတယ်။ နှစ်သက်ဖွယ်ရာ 'ဣဋ္ဌာရုံ'နဲ့ တွေ့ရင်လည်း သူရဲ့စိတ်ဟာ တည်ငြိမ်ရမယ်။ ဒီလိုပဲ မနှစ်သက်ဖွယ် 'အနိဋ္ဌာရုံ'နဲ့ ကြုံတွေ့ရတဲ့အခါမှာလည်း သူရဲ့စိတ်ကို တည်ငြိမ်အောင် စောင့်စည်းရမယ်။ အဲဒီလို မိမိရဲ့ ဣန္ဒြေကို မိမိအလိုသို့ လိုက်ပါအောင် မဆွဲဆောင်နိုင်ဘဲ မိမိက ဣန္ဒြေနောက်ကို တကောက်ကောက် လိုက်ပါနေသူမျိုးဟာ လောကကြီးအပေါ်မှာ ဘယ်လိုလုပ်ပြီး မေတ္တာထားလို့၊ စောင့်ရှောက်လို့ ရနိုင်ပါ့မလဲ ဒကာကြီးရဲ့''

''မှန်ပါ့ဘုရား''

''ကိုးရိုးကားရား၊ နေသွားမတော်၊ မလျော်စကား၊ စိတ်ထားမငြိမ်၊ ဣန္ဒြေမဲ့ခြင်း၊ အလျှင်းမရှိ၊ မျက်စိနားနှာ၊ ကိုယ်စိတ်နှုတ်လျှာ၊ စောင့်စည်းပါမှ၊ ကြီးပွားရ၊ မုချအမှန်သာလို့ 'သန္တိန္ဒြိယော'ကို အလင်္ကာနဲ့ ဖွင့်ဆိုကြတယ်''

''ကိုးရိုးကားရား၊ နေသွားမတော် ဆိုတာကိုတော့ နားလည်လွယ်လို့ သဘောပေါက်ပါတယ်ဘုရား။ 'မလျော်စကား' ဆိုတာကို ရှင်းပြပါဦးဘုရား''

''ဒကာကြီးကလည်း ··· နေ့စဉ်သတင်းစာတွေ ဖတ်နေတာပဲ။ သတင်းတွေ တွေ့နေရတာပဲ။ ကိုယ့်အဆင့်အတန်း၊ ကိုယ့်ရာထူးနဲ့ မလျော်မညီ ရင့်ရင့်သီးသီး မောက်မောက်မာမာ စကားတွေကို ပြောဆိုနေကြသူတွေ အများကြီးပဲ။ အဲဒါ မလျော်စကားရဲ့ အဓိပ္ပာယ်ပဲ''

ဦးပဋ္ဌင်းပြော၍ စိတ်ထဲတွင် ပြေး၍ မြင်လိုက်မိသည်။

"ဖေ့စ်ဘုတ်တွေထဲမှာလည်း ဖတ်ဖို့၊ မြင်ဖို့ မသင့်လျော်တဲ့ ကွန်မန့်တွေ၊ ပို့စ်တွေ၊ ဓာတ်ပုံတွေ"

"မှန်ပါ့ဘုရား"

"ဒါတွေဟာ ကိုယ့်ရဲ့ ဣန္ဒြေခြောက်ပါးအပေါ်မှာ စောင့်စည်းမှု မရှိလို့ ဖြစ်နေကြရတာ"

"မှန်လိုက်တာ ဘုရား"

"ဣန္ဒြေခြောက်ပါးရဲ့ ဆွဲဆောင်မှုနောက်ကို အလွယ်တကူ လိုက်ပါနေကြသူများဟာ ငြိမ်းချမ်းမှု မရှိသူတွေပဲ။ ဣန္ဒြေခြောက်ပါးရဲ့ ဆွဲဆောင်မှုကြောင့် ဘဝပျက်စီးသွားသူတွေ အများကြီးပဲ"

ဦးပဋ္ဌင်း၏ ဆိုဆုံးမစကားကို နာယူရင်း ကျေနပ်နေမိသည်။

"အရက်ကို အလွန်အကျွံ သောက်သုံးနေသူတွေ၊ ဥစ္စာစီးပွားကို အလွန်အကျွံ ရှာဖွေ၊ စုဆောင်း၊ ကြံစည်နေသူတွေ၊ တွေးတောဆင်ခြင်မှု မရှိဘဲ ရေးသားနေမှုတွေ၊ ပြောဆိုနေမှုတွေ၊ ဆွေးနွေးနေမှုတွေ၊ ကိုယ့်ရဲ့ အနာဂတ်သမိုင်းကို ကိုယ့်နှုတ်ထွက် စကားတစ်လုံးနဲ့ ဖျက်ဆီးပစ်နေကြတဲ့သူတွေ၊ ကိုယ့်အမျိုး၊ ဘာသာ သာသနာ ကောင်းစားရေး၊ အရှည်တည်တံ့ရေးဆိုတာ မှန်ပေမယ့် ကိုယ့်ရဲ့ ပြောဆို၊ လုပ်ကိုင်၊ ဆောင်ရွက်နေမှုတွေဟာ အခြားသော အမျိုး၊ အခြားသောဘာသာ၊ အခြားသော သာသနာကို တိုက်ခိုက်သလိုမျိုး ဖြစ်နေမှုတွေ။ ဒါတွေဟာ မိမိရဲ့ ဣန္ဒြေခြောက်ပါးဖြစ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်အပေါ်မှာ သတိမပြု၊ သတိမထား ဉာဏ်မသွင်းလို့ ဖြစ်နေကြရတာ"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

"အခုဆိုရင် ကိုယ့်ရဲ့ အာရုံခြောက်ပါးအပေါ်မှာ အလိုလိုက်မှုကြောင့် ဖြစ်နေကြရတဲ့ စစ်ပွဲကြီးတွေ၊ အကြမ်းဖက်မှုကြီးတွေ၊ ငြိမ်းချမ်းရေး ပျက်ယွင်းနေမှုတွေ၊ ကမ္ဘာပေါ်မှာ အများကြီး တွေ့နေရတယ် ဒကာကြီး"

"ဟုတ်လိုက်တာ ဘုရား"

"နိုင်ငံတစ်ခုက အခြားနိုင်ငံတစ်ခုအပေါ်မှာ ဗိုလ်ကျ စိုးမိုးလိုမှုတွေ၊ လူမျိုးကြီးဝါဒ၊ ဘာသာကြီးဝါဒ ကျင့်သုံးလိုမှုတွေဟာ လူမျိုးစုလိုက်၊ နိုင်ငံ

လိုက် အာရုံခြောက်ပါးအပေါ်မှာ ဣန္ဒြေမရှိမှုကြောင့် ဖြစ်နေကြရတာ''

''မှန်လိုက်တာ ဘုရား''

''မိသားစု ငြိမ်းချမ်းရေးအတွက် 'သန္တိန္ဒြိယော' လို့ ခေါ်တဲ့ အာရုံခြောက်ပါးအပေါ် စောင့်စည်းခြင်းဟာ အရေးကြီးတယ်။ ဒီလိုပဲ ချစ်ကြသူ၊ ခင်ကြသူ နှစ်ဦးနှစ်ဖက်အတွက် ရေရှည်ချစ်နိုင်ကြဖို့၊ ချစ်တတ်ကြဖို့ ဆိုတာ 'သန္တိန္ဒြိယော' ဆိုတဲ့ မေတ္တာစိတ်အပေါ်မှာ အခြေခံကြရမယ်''

''မှတ်သားထားပါ့မယ် ဘုရား''

''မိသားစုအတွက်သာမက ကိုယ့်နေတဲ့ရပ်ရွာ၊ ကိုယ်နေတဲ့ မြို့ပြ၊ ကိုယ်နေတဲ့နိုင်ငံ တည်ငြိမ်အေးချမ်းဖို့အတွက် အာရုံခြောက်ပါးအပေါ်မှာ စောင့်စည်းခြင်း ဆိုတဲ့ 'သန္တိန္ဒြိယော'ဟာ အခြေခံမှုပဲ''

''မှန်ပါ့ဘုရား''

''တိုင်းပြည်ကို ခေါင်းဆောင်ခွင့် ရကြသူများ၊ တိုင်းပြည်ကို ဦးဆောင်နေကြသူများဟာ ဣန္ဒြေခြောက်ပါးအပေါ် မထိန်းသိမ်းနိုင်ဘူး ဆိုရင် သူတို့သမိုင်းဟာ သမိုင်းအရိုင်း ဖြစ်စေတော့တယ်။ ဣန္ဒြေခြောက်ပါးအပေါ် အလိုမလိုက်တဲ့၊ ထိန်းသိမ်းနိုင်စွမ်း ရှိတဲ့၊ စောင့်စည်းနိုင်စွမ်း ရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့လို၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့လို၊ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်တို့လို… ပုဂ္ဂိုလ်မျိုးဟာ 'သန္တိန္ဒြိယော' ဆိုတဲ့ ဂုဏ်နဲ့ ရှင်သန်နေထိုင်ခဲ့ကြသူတွေ ဖြစ်တယ်။ ဒါ့ကြောင့် သမိုင်းကြောင်းကောင်းတယ်၊ သမိုင်းကြောင်း လှတယ်''

''ဟုတ်လိုက်တာ ဘုရား''

''သမိုင်းကြောင်း မကောင်းတဲ့ ပုဂ္ဂိုလ်တွေ၊ သမိုင်းအရိုင်းကို ရေးထိုးသွားတဲ့ ခေါင်းဆောင်တွေ၊ သမိုင်းအညစ်နဲ့ လူဖြစ်ခဲ့ကြတဲ့ ဦးဆောင်သူတွေ၊ လူပုံအလယ်မှာ မသတီမုန်း လူဖြစ်ရှုံးခဲ့ရတဲ့ အကြီးအကဲ ဆိုသူတွေဟာ သူတို့ကိုယ်တိုင် 'မေတ္တသုတ်တော်'ကို ရွတ်ဆိုနေကြပေမယ့် 'သန္တိန္ဒြိယော' ကို နားမလည် သဘောမပေါက်၊ ဣန္ဒြေခြောက်ပါး အလိုနောက်ကို တကောက်ကောက် အလိုက်ကြီး လိုက်ခဲ့ကြလို့ အမှားကြီး မှားခဲ့ကြတဲ့သူတွေ''

''မှန်လိုက်တာ ဘုရား''

''… 'မေတ္တသုတ်တော်' ဆိုတာ 'နှုတ်ဆောင်'မဟုတ်ဘူး။ 'လုပ်

ဆောင်'ကြရမှာ''

''ကောင်းလိုက်တာ ဘုရား''

''... 'သန္တိန္ဒြိယော' ဆိုတာ ကိုယ်ကိုယ်တိုင် ငြိမ်းချမ်းရေးလည်း ဟုတ်သလို ကိုယ့်ပတ်ဝန်းကျင်နဲ့ ကိုယ့်နိုင်ငံ ငြိမ်းချမ်းရေးလည်း ဟုတ်တယ်။ နောက်တစ်ပတ် ကြာသပတေးနေ့မှ 'နိပကော'ကို ဆွေးနွေးကြတာပေါ့။ ဒကာကြီးလည်း ဋ္ဌေမြှေခြောက်ပါးအလိုကို မလိုက်မိစေနဲ့၊ ကြားလား''

♠♠♠

# နီပကော… နံနက်ခင်း




**"နီပကော"** – ရင့်ကျက်သော ပညာရှိပါ။

အမှုကိစ္စ၊ ဟူသမျှ၌၊ နှစ်ဝကျိုးပြစ်၊ စိစစ်ဖွေရှာ၊
သေချာစေ့ငု၊ ပြန်ရှုဆင်ခြင်၊ မပြုပြင်ဘဲ၊
အလျင်စလို၊ ပြုလုပ်လို၍၊ ကံကိုသာချ၊ ကမ္ဘသကာ၊
ဖြစ်လိုရာလေ၊ ဖြစ်ပစေဟု၊ မပြုနှလုံး၊ ဉာဏ်ကိုသုံး၍၊
ထုံးနည်းစိစစ်၊ ဖြစ်သင့်မသင့်၊ နှိုင်းချင့်ဆင်ခြင်၊ အမြင်သန်မြန်၊
ရင့်ဉာဏ်ပြည့်မှ၊ ကြီးပွားရ၊ မုချအမှန်သာ…။

♠ ယနေ့ခေတ်ကြီးမှာ…
နွားတွေက မြုံစောင့်…
ခွေးတွေက လယ်ထွန်…
ကြောင်တွေက ရေကူးဖို့ကြိုးစား…
ရင့်ကျက်တဲ့ ပညာမရှိဘဲ မေတ္တာထားလိုသူတွေကြောင့်
လောကကြီး ပျက်စီးနေရပါကောလား…။

♠ ပင်လယ်ကို မမြင်ဖူးတဲ့သူတွေက
မာလိန်မှူး လုပ်ချင်ကြ…
တောကို မမြင်ဖူးတဲ့လူတွေက
ကျွမ်းကျင်တဲ့ မုဆိုးလို့ ကြွေးကြော်နေကြ…
ရေကို တစ်ခါမှ မကူးဖူးတဲ့သူတွေက
ရေကူးနည်းစာအုပ်ကို ပြုစုလိုက်ကြ။

♠ "နီပကော" မဖြစ်ဘဲ
"နီပကော" ဖြစ်ချင်ယောင် ဆောင်ကြ။

# နိပကော… နံနက်ခင်း

ကြာသပတေးနေ့၏ နံနက်ခင်းသည် မေတ္တာစိတ်ဖြင့် ထုံမွမ်း၍နေ၏။ အရှေ့ဘက်မှ ပြူထွက်စ နေမင်းကြီးသည် အိမ်ရှေ့ရှိ ဝါးပင်ပျိုတို့ကို သူ၏ ရောင်ခြည်နုနုများဖြင့် ပွေ့ဖက်ထား၏။ နှုတ်ဆက်နေ၏။ ကျေးငှက်တို့၏ တီတီတာတာ အသံများသည် သာယာသော နံနက်ခင်းကို ပိုပြီး နုပျိုအောင် ဖန်တီးပေးနေ၏။ အိမ်၏ မျက်နှာကြက်၌ တွယ်ကပ်ပြီး နေထိုင်ကြကုန်သော အိမ်မြှောင်တချို့သည် ဘုရားခန်းထဲမှ ထွက်ပေါ်လာသော ကြေးစည်သံ ချိုလွင်လွင်ကို နားစွင့်ပြီး စုတ်ထိုး၍ သာစုခေါ်ကြလေ၏။

"ဒီလိုရှိတယ် ဒကာကြီး၊ 'မေတ္တသုတ်တော်' ကို ရွတ်ဖတ်ပူဇော်ကြတဲ့ သူတိုင်းဟာ မန္တန်တစ်ပုဒ်လိုပဲ သဘောထားနေကြတယ်။ တကယ်တော့ မေတ္တသုတ်တော်မှာ 'ကရဏီယ မတ္ထကုသလေန' ဆိုတဲ့ အဓိပ္ပာယ်ကို လေးလေးနက်နက် ထည့်ပြီး မစဉ်းစားကြဘူး။ 'မေတ္တသုတ်တော်' ဆိုတာ 'နှုတ်ဆောင်' ရုံမျှမဟုတ်၊ သိက္ခာ ၃ ရပ်နဲ့ 'လုပ်ဆောင်' ရမယ်လို့ ဆိုလိုတာ။ အခုတော့ ဦးဇင်းတို့ ဒကာ၊ ဒကာမတွေက 'နှုတ်ဆောင်' ပြီး ကျေနပ်နေကြတယ်။ ဝစီကံမေတ္တာနဲ့ သာယာနေကြတယ်"

လက်အုပ်ချီမိုးပြီး ဦးပဥ္စင်း၏ စကားကို နာယူနေမိပါသည်။

"အခု ဦးဇင်းတို့ မေတ္တသုတ်တော်ကို ဆွေးနွေးခဲ့ကြတာ 'သန္တုဿကောစ' ပြီးလို့ 'နိပကောစ' ကို ရောက်ပြီနော်"

"မှန်ပါ့ဘုရား"

"… 'နိပကော' ကို 'ရင့်ကျက်သောပညာ ရှိခြင်း' လို့ နားလည်ပေးပါ။ ရင့်ကျက်သော ပညာရှိသူများသာ ကိုယ်နဲ့ ဆက်စပ်ပတ်သက်နေတဲ့ လောကကြီးအပေါ်မှာ မေတ္တာထားလို့ ရနိုင်မယ်။ ရင့်ကျက်သော ပညာဖြင့်

ပြည့်စုံမှု မရှိသူများဟာ ဘယ်လိုလုပ်ပြီး စူးရှတဲ့ မေတ္တာကို လောကကြီး အပေါ်မှာ ထားလို့ရနိုင်မလဲ ဒကာကြီး"

"ရှင်းပြတော်မူပါဦး ဘုရား"

"ပင်လယ်ရေကြောင်း သွားလာတဲ့ခရီးမှာ ကျွမ်းကျင်တဲ့ မာလိန်မှူး လိုအပ်တယ်။ ကောင်းကင်ကို ကြည့်ပြီး မိုးလေဝသကို ခန့်မှန်းနိုင်တဲ့ မာလိန်မှူး၊ ညအခါမှာလည်း ကြယ်တာရာတွေကို ကြည့်ပြီး လမ်းမှန်ကို ရောက်အောင် သွားတတ်တဲ့ မာလိန်မှူး။ အဲဒီလို ရင့်ကျက်တဲ့ ပညာနဲ့ ပြည့်စုံတဲ့ မာလိန်မှူးဟာ ပင်လယ်ခရီးသွားတွေအပေါ်မှာ များစွာ လုံခြုံမှုကို ပေးနိုင်တယ်။ ဒါဟာ 'နိပကော'ရဲ့ အဓိပ္ပာယ်ပဲ"

"မှန်ပါ့ဘုရား"

"ဒီလိုပဲ စစ်ချီ၊ စစ်တက်၊ စစ်တိုက်တဲ့ နေရာမှာ တိုက်ပွဲအတွေ့ အကြုံရှိတဲ့ စစ်သည်ကောင်း လိုအပ်တယ်။ တောကျွမ်းတဲ့မုဆိုးဟာ နက်ရှိုင်း တဲ့တောဆိုတာ သူ့အဖို့ အိမ်ပဲ။ ရောဂါဖြစ်နေတဲ့ လူနာတစ်ယောက်ကို အဲဒီ ရောဂါဝေဒနာ ကင်းပျောက်အောင် ကျွမ်းကျင်တဲ့ သမားတော်နဲ့သာ ကုသ ရတယ်။ ဒါ့ကြောင့် 'နိပကော'လို့ ခေါ်တဲ့ ရင့်ကျက်သော ပညာရှိသူသည်သာ လောကကြီးကို ကယ်တင်နိုင်မယ်၊ စောင့်ရှောက်နိုင်မယ်"

"မှတ်သားထားပါ့မယ် ဘုရား"

"... 'နိပကော'၊ ရင့်ကျက်တဲ့ ပညာရှိခြင်း ဆိုတာ မိမိပြုရမယ့် အမှုကို နားလည်ကျွမ်းကျင်သူ၊ လုပ်သင့် မလုပ်သင့် စတဲ့ အချိန်၊ ကာလ၊ နေရာ၊ ဒေသတို့ကို နှိုင်းချိန်တတ်သူ၊ အကြောင်းအကျိုးကို တွေးတောမြော်မြင် တတ်သူ၊ အဆိုးအကောင်းကို တွေးဆဆင်ခြင်တတ်သူ၊ မိမိတာဝန်ယူထားတဲ့ ကိစ္စအဝဝကို ပြီးမြောက်အောင်မြင်သည်အထိ လုပ်ဆောင်နိုင်စွမ်းရှိသူလို့ ဆိုကြတယ်"

"တင်ပါ့ဘုရား"

"သတိရလို့ ပုံပြင်လေးတစ်ပုဒ် ပြောပြရဦးမယ်"

"ပုံပြင်ဆိုရင် တပည့်တော်က အလွန်နှစ်သက်ပါတယ် ဘုရား"

"တစ်ခါတုန်းက မျက်စိကု ကျွမ်းကျင်တဲ့ သမားတော်ကြီးတစ်ပါး ရှိသတဲ့။ ဘယ်လောက်ထိများ ကျွမ်းကျင်သလဲ ဆိုရင် လူတစ်ယောက်ရဲ့

ဝေဒနာဖြစ်နေတဲ့ မျက်စိကို ကိုင်တွယ်စမ်းသပ်လိုက်ရုံနဲ့ ဘာရောဂါ၊ ဘယ်ဓာတ်စာ ကျွေးရမယ်၊ ဘယ်လောက် အချိန်ကြာကြာကျွေးရမယ်၊ ဘယ်ကာလမှာ ပျောက်ကင်းမယ်၊ အဲဒီလို အတိအကျပြောနိုင်တဲ့ သမားတော်ကြီး''

''တင်ပါ့ဘုရား''

''အဲဒီသမားတော်ကြီးမှာ သူနဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့ အမွှာညီငယ်တစ်ယောက်ရှိတယ်။ သူကတော့ သောတအာရုံ 'နား' ဝေဒနာကု သမားတော်ကြီးပေါ့။ သူကလည်း ဘယ်လောက်ထိများ 'နား' ဝေဒနာကု ကျွမ်းကျင်လိုက်သလဲဆိုရင် 'နား' ဝေဒနာဖြစ်နေတဲ့ လူနာရဲ့စကားသံ အတိုးအကျယ်ကို နားထောင်ရုံမျှနဲ့ ဒီဝေဒနာရှင်ဟာဖြင့် ဘာရောဂါ ဖြစ်နေတာ၊ ဘာဆေးပေးရမှာ၊ ဘယ်ဓာတ်စာနဲ့ ကုရမှာ၊ အချိန် ဘယ်လောက်ကြာရင် ရောဂါပျောက်ကင်းမယ်၊ အဲဒီလောက်အထိ ကျွမ်းကျင်တဲ့ သမားတော်ကြီး''

''တပည့်တော် စိတ်ဝင်စားလာပြီ ဘုရား''

''တစ်နေ့တော့ မျက်စိကုသမားတော်ကြီးက အရေးကြီးတဲ့ ခရီးတစ်ခုကို ထွက်သွားရရှာတယ်။ အဲဒီအခါ မျက်စိဝေဒနာရှင်တွေက နားအထူးကုသမားတော်ကြီးကို မျက်စိအထူးကု သမားတော်ကြီးအထင်နဲ့ ကုခိုင်းသတဲ့လေ''

''အဲဒီတော့ ဘာဖြစ်လဲ ဘုရား''

''ညီအစ်ကိုနှစ်ယောက်ဟာ ရုပ်ရည်ချင်းသာ ခွဲမရအောင် တူကြတာ၊ ပညာချင်းက မတူကြဘူးလေ၊ ဘယ်လိုလုပ်ပြီး ကုစားပေးလို့ ရမှာတုံး။ ဒီလိုပဲ နားအထူးကု သမားတော်ကြီး ခရီးထွက်တဲ့ အချိန်မှာလည်း မျက်စိအထူးကု သမားတော်ကြီးကို 'နား' ဝေဒနာသည်တွေက ဆေးကုခိုင်းသတဲ့လေ''

''ဟုတ်လား ဘုရား''

''ဒီလိုနဲ့ သူတို့သမားတော် ညီအစ်ကိုနှစ်ယောက်ဟာ သူတို့ လူနာတွေကို ကြုံရင်ကြုံသလို ကြည့်ပေးကြဖို့ မေတ္တာစိတ်တွေ ဖြစ်လာသတဲ့လေ''

''ဟုတ်လား ဘုရား''

''မျက်စိပညာကို နားပညာရှင်က မကျွမ်းကျင်။ ဒီလိုပဲ နားပညာကိုလည်း မျက်စိပညာရှင်က မတတ်မြောက်။ နောက်ဆုံးမှာတော့ သူတို့နှစ်ယောက်စလုံးရဲ့ လူနာတွေဟာ မျက်လုံးလည်း 'ကွယ်'၊ နားလည်း 'ကန်း' ဖြစ်ကုန်ကြရတော့တယ်''

"ဟုတ်လား ဘုရား"

"ရင့်ကျက်တဲ့ပညာ မရှိဘဲ လောကကြီးအပေါ်မှာ မေတ္တာထားလိုက်ကြတာ ဒုက္ခရောက်သွားပါကောလား"

"မှန်လိုက်တာ ဘုရား"

ကျွန်တော့်စိတ်ထဲတွင် ကျွန်တော်တို့၏ ဖြတ်သန်းမှုဘဝများ၊ သမိုင်းကြောင်းများကို ပြေး၍ အစီအရီ မြင်လိုက်မိသည်။

လောက၏အလုပ်များ၌ ထိုအလုပ်ကို နားလည်ကျွမ်းကျင်မှု မရှိဘဲ နေရာယူထားသူတွေက ကျွန်တော်တို့ ဝန်းကျင်မှာ တစ်ပုံတစ်ပင်။ လုပ်သင့် မလုပ်သင့်ကို ချင့်ချိန်မှုမရှိဘဲ ဖြစ်ချင်ရာဖြစ် ဆိုပြီး လုပ်ပစ်လိုက်ကြသူတွေက သမိုင်းတစ်လျှောက်မှာ ဒုနဲ့ဒေး။ ကာလ၊ ဒေသ၊ ပယောဂ၊ ဥပမိကို မနှိုင်းချိန်ဘဲ အမြော်အမြင် နည်းစွာဖြင့် ဆုံးဖြတ်နေကြသူတွေက အပြုံးမပျက်ကြ။ မိမိ ပေးထားသော ကတိကို မတည်၊ မိမိ ယူထားသော တာဝန်ကို မျက်နှာလွှဲခဲပစ် လုပ်ပြီး မျက်နှာပြောင်တိုက်နေသူတွေက ရာဇဝင်ကို ရေးထိုးနေကြ။

ဘောလုံးပွဲ တစ်ခုလိုပေါ့။ ဘယ်လောက်ပဲ ဘောလုံးပညာ ကျွမ်းကျင်နေပါစေ နေရာအထားမှားရင် အောင်ပွဲ မရနိုင်သလိုမျိုး။ ခေတ်အဆက်ဆက်မှာ ရင့်ကျက်တဲ့ပညာ ကြီးစိုးမှု မရှိဘဲ နေရာအလွဲ၊ ပညာအလွဲများဖြင့် တိုင်းပြည်ကို ထူထောင်ခဲ့ကြသည်။ ချစ်ခဲ့ကြသည်။ မေတ္တာထားခဲ့ကြသည်။ နောက်ဆုံးတော့ အရှုံးသမိုင်း၊ အမုန်းသမိုင်းဖြင့် နိဂုံးချုပ်ခဲ့ကြသည်။

"ဒကာကြီး သိပါတယ်၊ အဖေကို ချစ်တဲ့သားက အဖေနဖူးမှာ ကိုက်နေတဲ့ ခြင်ကောင်လေးကို လက်နဲ့ အသာအယာ မောင်းထုတ်ရင် ရနိုင်ရက်ကယ်နဲ့ လက်နဲ့ အသာအယာ မောင်းမထုတ်ဘူး၊ တူနဲ့ ထုသတဲ့။ ဒါဟာ 'နိပကော' ဆိုတဲ့ ဂုဏ်နဲ့ မညီတဲ့ သားတစ်ယောက်ရဲ့ မေတ္တာပဲ"

ဦးပဍ္ဍင်း၏ စကားကို နာယူနေရင်း 'နိပကော'ကို ကိုယ်ဉာဏ်မီသလောက် ဆက်ပြီး တွေးနေမိသည်။

တကယ်လို့များ သီပေါဘုရင်နဲ့ စုဖုရားလတ်တို့ဟာ နိုင်ငံခြားကို ရောက်ဖူးပြီး နိုင်ငံခြားမှာ ပညာတွေသင်၊ ပညာတတ်ကြီးတွေဖြစ်၊ နိုင်ငံတကာ အတွေ့အကြုံတွေများ ရှိခဲ့ကြရင် မြန်မာပြည်ကြီး သူ့ကျွန်ဘဝ မရောက်နိုင်

ပေဘူး။ သီပေါဘုရင်နဲ့ စုဖုရားလတ်တို့ဟာ 'နိပကော'မဖြစ်ဘဲ တိုင်းပြည်အပေါ် မေတ္တာထားခဲ့ကြသူတွေ။

အခုလည်း နိုင်ငံတကာ အမြင်မရှိဘဲ တိုင်းပြည်အပေါ် မေတ္တာထားနေခြင်းများကို မြင်တွေ့နေရ၍ ရင်လေးနေမိသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ ခေတ်အမြင်ရှိတဲ့ လူငယ်တွေ၊ စာဖတ်တဲ့ လူငယ်တွေ၊ အင်္ဂလိပ်ကို အင်္ဂလိပ်စကားနဲ့ 'သူတင် ကိုယ်တင်' ပြန်ပြီး ပြောနိုင်မှ ဖြစ်မယ်ဆိုတဲ့ အသိဝင်လာကြတဲ့ လူငယ်တွေ၊ ပညာတတ်ပြီး အမြော်အမြင်ကြီးတဲ့ လူငယ်တွေ။ သူတို့တစ်တွေ ရန်ကုန်တက္ကသိုလ်မြေမှာ စုရုံးမိကြသည်။ စုစည်းမိကြသည်။ 'နိပကော'ဖြစ်သူတွေ စုရုံးမိခြင်း၊ စုစည်းမိခြင်းဟာ မြန်မာ့လွတ်လပ်ရေးရဲ့ အရုဏ်ဦးကို မြင်တွေ့ရခြင်းပါပဲ။ တကယ်တော့ 'နိပကော' ဖြစ်ကြသူများသူသာ လောကကြီးအပေါ်မှာ စူးရှထက်မြက်တဲ့ မေတ္တာ သက်ရောက်မှု ရှိနိုင်တယ်ဆိုတာ အလွန် မှန်လှပါကောလားဟု တွေးတောရင်း ဘုရားရှင်ကို အထူးကြည်ညို သဒ္ဓါပွားမိလိုက်သည်။

ယနေ့ခေတ်ကြီးမှာ နွားတွေက ခြံစောင့်၊ ခွေးတွေက လယ်ထွန်၊ ကြောင်တွေက ရေကူးဖို့ ကြိုးစား။ ရင့်ကျက်တဲ့ပညာ မရှိဘဲ မေတ္တာထားလိုသူတွေကြောင့် လောကကြီး ပျက်စီးနေရပါကောလား။

ပင်လယ်ကို မမြင်ဖူးတဲ့သူတွေက မာလိန်မှူး လုပ်ချင်ကြ။ တောကို မမြင်ဖူးတဲ့လူတွေက ကျွမ်းကျင်တဲ့ မုဆိုးလို့ ကြွေးကြော်နေကြ။ ရေကို တစ်ခါမှ မကူးဖူးတဲ့သူတွေက ရေကူးနည်း စာအုပ်ကို ပြုစုလိုက်ကြ။ 'နိပကော' မဖြစ်ဘဲ 'နိပကော' ဖြစ်ချင်ယောင် ဆောင်ကြ။ ဒီတော့ လူနဲ့ လူပတ်ဝန်းကျင်ကြီး ပျက်စီး၊ ပြိုလဲ၊ ဖွံ့ဖြိုးမှုတွေ နိမ့်ကျ။

"ဒီမယ် ဒကာကြီး၊ လောကကြီးအပေါ်မှာ မေတ္တာထားလိုသူဟာ ရင့်ကျက်သောပညာဖြင့် ပြည့်စုံဖို့ လိုတယ်။ ရင့်ကျက်သောပညာဖြင့် ပြည့်ဝအောင် ကြိုးစားကြရမယ်။ ဆန္ဒနဲ့ ဝီရိယ ထက်သန်ကြရမယ်။ ဒါ့ကြောင့် မေတ္တသုတ်တော်ရဲ့ ရှေ့သွား အကျင့်မြတ် (၁၅) ချက်ထဲမှာ ပါတဲ့ 'နိပကော' ပညာရှိသူ၊ တစ်နည်းအားဖြင့် နေရာတိုင်းမှာ ဉာဏ်နဲ့ယှဉ်သူ ရင့်ကျက်တဲ့ ပညာဖြင့် ပြည့်ဝသူ ဖြစ်ရမယ်လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဆုံးမတော်မူတာပေါ့"

"တပည့်တော် အလေးအနက် တွေးတောမိပါပြီ ဘုရား"

"အမူကိစ္စ၊ ဟူသမျှ၌၊ နှစ်ဝကျိုးပြစ်၊ စိစစ်ဖွေရှာ၊ သေချာစေ့ငု၊ ပြန်ရှုဆင်ခြင်၊ မပြုပြင်ဘဲ၊ အလျင်စလို၊ ပြုလုပ်လို၍၊ ကံကိုသာချ၊ ကမ္ဘသကာ၊ ဖြစ်လိုရာလေ၊ ဖြစ်ပစေဟု၊ မပြုနှလုံး၊ ဉာဏ်ကိုသုံး၍၊ ထုံးနည်းစိစစ်၊ ဖြစ်သင့်မသင့်၊ နှိုင်းချင့်ဆင်ခြင်၊ အမြင်သန်မြန်၊ ရင့်ဉာဏ်ပြည့်မှ၊ ကြိုးပွားရ၊ မုချအမှန်သာ… လို့ 'နိပကော'ကို ပညာရှိသူတော်ကောင်းများက အဓိပ္ပာယ် ဖွင့်ဆိုကြတယ် ဒကာကြီး"

"တပည့်တော် သဘောပေါက်ပါပြီ ဘုရား"

"စိတ်ဓာတ်ကျိုးကြေ၊ ညှိုးချွေနေသူ သိမ်ငယ်သူကို နာလန်ထူစေတာ ပညာ။ အတွေးခေါ် ကြေးညှော်တက်နေသူတွေကို တလက်လက် ထွန်းပြောင် အောင် စွမ်းဆောင်ပေးနိုင်တာ ပညာ…"

"မှန်ပါ့ဘုရား"

"မသိတရား အယူမှားနေသူတွေကို အဖြူလား၊ အမည်းလား ကွဲပြား သွားအောင် ဘွားခနဲ လင်းစေတာ ပညာ။ ဒါ့ကြောင့် 'နိပကော' ဆိုတာ မေတ္တသုတ်ရဲ့ ရှေ့သွား နိဒါန်းမှာ ထည့်သွင်းထားရခြင်းပဲ ဒကာကြီး"

"တင်ပါ့ဘုရား"

"နောက်တစ်ပတ် ကြာသပတေးနေ့မှ 'အပ္ပဂဗ္ဘော'ကို ဆွေးနွေးကြ တာပေါ့"

"တပည့်တော် မျှော်နေပါ့မယ် ဘုရား"

"ဒကာကြီးလည်း 'နိပကော'ဖြစ်အောင် စာဖတ်ပါ၊ ခရီး များများ သွားပေးပါ။ လူပေါင်းစုံနဲ့ ပေါင်းသင်းပေးပါ။ ဘာသာပေါင်းစုံနဲ့ ရင်းနှီး ကျွမ်းဝင်အောင် နေပေးပါ။ လူတစ်ယောက်ဟာ 'နိပကော' ဖြစ်လာလေလေ လူကိုလူလို့ မြင်တတ်လာလေလေပဲ ဒကာကြီး။ 'နိပကော' မဖြစ်သူများက တော့ ကိုယ်နဲ့ ကိုယ့်အသိုင်းအဝိုင်းကိုသာ လူလို့ မြင်တတ်ကြတယ်။ 'နိပကော' ဖြစ်ခြင်းဖြင့် ဦးဇင်းတို့တစ်တွေ ဦးဇင်းတို့နဲ့ ထိစပ်နေတဲ့ လောကကြီးကို စောင့်ရှောက်ကြရအောင်၊ ကယ်တင်ကြရအောင်၊ မေတ္တာထားကြရအောင်"

♠♠♠

# အပွဂျော… နံနက်ခင်း




**"အပွဂျော"** – ကြမ်းတမ်းသော အမူအရာများမရှိရပါ။ အစဉ်သိမ်မွေ့ပါ။

ရှိသေထိုက်ကြား၊ လူသူများကို၊
တရားမသွင်း၊ စကားဖျင်းနှင့်
အတင်းပြောကြမ်း၊ ငေါက်ငမ်းဆဲတိုင်း၊
နှုတ်ထွက်ရိုင်းပျ၊ မျက်ဒေါသနှင့်
စိတ်ပါကြမ်းခြင်း၊ အလျှင်းကွာလှမ်း၊
ကြမ်းတမ်းမှု၊ ကြီးပွားရ၊ မှုချအမှန်သာ…။

♠ လိုရင်း အနှစ်ချုပ်ကတော့…
မေတ္တာခြံမှ… ဘဝ လုံခြုံမယ်။
♠ ဘဝဆိုတဲ့ သစ်ပင်ဟာ
မေတ္တာဆိုတဲ့ မြေသီကောင်းကောင်း…
မြေပြင်ပေါ်မှာ စိုက်ပျိုးမှ ရှင်သန်မယ်။
♠ ပြီးတော့…
ပညာဆိုတဲ့ နေခြည်နုနု ဖျန်းပက်ရမယ်။
သီလဆိုတဲ့ ရေကြည်ချိုချို အစဉ်မပြတ် သွန်းလောင်းပေးရမယ်။

# အပ္ပဂဗ္ဗော··· နံ့နက်ခင်း

ကဆုန်လပြည့်နေ့က ကျောင်းသား၊ ကျောင်းသူ လူငယ်လေးများနှင့် အတူ ကျွန်တော့်အိမ်ရှိ ဘုရားကို ရေသပ္ပာယ်ကြပါသည်။

ဘုရား ရေသပ္ပာယ်ခြင်း အထိမ်းအမှတ်အဖြစ် အိမ်တွင် ဆွမ်းကပ်၏။ ကြာသပတေးနေ့တိုင်း ဆွမ်းခံကြွတော်မူတတ်သော 'အရှင်ဝဇီရဉာဏ'သည် လည်း ပင့်ဖိတ်ထားသော သံဃာတော်များထဲတွင် တစ်ပါးအပါအဝင် ဖြစ် သည်။

ကဆုန်လပြည့်နေ့ ဖြစ်၍ ကဆုန်လပြည့်နေ့အကြောင်းကို ကျောင်းသား လူငယ်လေးများနှင့် 'အရှင်ဝဇီရဉာဏ'တို့ အချီအချ ဆွေးနွေးဖြစ်ခဲ့ကြပါသည်။ ဆွေးနွေးနေကြရင်းဖြင့် လူငယ်လေးများကို ယဉ်ကျေးလိမ္မာအောင် ဦးပဉ္စင်းက သွန်သင်ပေးပါသည်။

"ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင်များအဖို့ ကဆုန်လပြည့်နေ့ ဆိုတာ အလွန် ထူးမြတ်တဲ့နေ့ကွဲ့။ ဘာကြောင့်လဲ ဆိုတော့ ဦးဇင်းတို့ရဲ့ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော် မူတဲ့ မြတ်စွာဘုရားနဲ့ ဆက်နွှယ်နေလို့ပဲ။ အဲဒါကို ဘယ်သူသိတုံး"

နားထောင်နေသည့် ကျောင်းသားတစ်ယောက်က-

"ကျွန်တော် သိတယ်ဗျ"

ထိုကျောင်းသားကို ကြည့်ရသည်မှာ ရဟန်းသံဃာတော်များနှင့် စကား ပြောဖူးပုံ မပေါ်။ ထို့ကြောင့် အသုံးအနှုန်း လွဲနေသည်။

"ကဲ··· သိသလောက် ပြောပါဦးကွဲ့"

"ဘုရားမွေးတဲ့နေ့"

"ဒါပဲလားကွဲ့"

"ဒါပဲ သိတယ်ဗျ"

ဦးဇင်းက ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးပြီး နားထောင်သည်။ ပြီးမှ ဆွေးနွေးသည်။

"အေး… ဟုတ်တယ် ဒကာလေးတို့ရဲ့၊ ကဆုန်လပြည့်နေ့ဟာ ဘုရားဖြစ်မယ်လို့ 'ဗျာဒိတ်တော်ရတဲ့နေ့'။ ပြီးတော့ 'ဘုရားဖွားမြင်တော်မူတဲ့နေ့'၊ ဘုရားရှင်ရဲ့ မွေးနေ့ကို ဖွားမြင်တော်မူတဲ့နေ့လို့ သုံးနှုန်းရမယ်။ မှတ်ထားကြနော်။ ဒီလိုပဲ ဦးဇင်းတို့ရဲ့ဘုရားက ကဆုန်လပြည့်နေ့မှာပဲ 'သမ္မာသမ္ဗုဒ္ဓဘုရား'အဖြစ်ကို ရောက်တော်မူတယ်။ နောက်ပြီး ဘုရား 'ပရိနိဗ္ဗာန် စံဝင်တော်မူတဲ့နေ့'လည်း ဖြစ်တယ်။ အတိုကောက် မှတ်ချင်ရင်တော့ 'ဗျာဒိတ်-ဖွားမြင်-ဗောဓိပင်-စံဝင်နန်းနိဗ္ဗာန်'လို့ အလင်္ကာနဲ့ မှတ်။ ဟုတ်ပြီလား။ ဘုန်းတော်ကြီးများနဲ့ စကားပြောရင် 'ဗျ'ဆိုတဲ့ စကားလုံးကို မသုံးကြရဘူးနော်။ မှတ်ထားပေးကြဦး။ 'အရှင်ဘုရား' ဆိုတဲ့ စကားလုံးကို သုံးနှုန်းရတယ်"

ထိုနေ့က ကျွန်တော့်အိမ်ရှိ လူငယ်ကျောင်းသားလေးများသည် သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူသော ဘုရားအကြောင်းကို သိခွင့်ရခဲ့ကြသည်။

ဤသို့ဖြင့် ကဆုန်လပြည့်ကျော် (၂)ရက်နေ့သည် ကြာသပတေးနေ့ဖြစ်၍ 'အရှင်ဝဇီရဉာဏ'သည် ကျွန်တော့်အိမ်သို့ ဆွမ်းခံကြွတော်မူပါသည်။ လပြည့်နေ့က လူငယ်ကျောင်းသားလေးများ၏ အပြောအဆို မတတ်မှုအတွက် ကျွန်တော်က ဦးပဥ္စင်းကို ဦးစွာ တောင်းပန်ရပါသည်။

"ဒကာကြီးရဲ့ တပည့်တွေက သင်ပေးမယ့်သူ မရှိလို့ စကားလုံးအသုံးအနှုန်း လွဲချော်နေကြခြင်းသာ ဖြစ်တယ်။ မိုက်ရိုင်းနေကြခြင်း မဟုတ်ဘူး။ ကြမ်းတမ်းနေကြခြင်း မဟုတ်ဘူး။ လူငယ်တွေရဲ့ အားနည်းချက်ဆိုတာ သင်ပေးပြင်ပေးလို့ ရတယ်။ လူငယ်တွေရဲ့ အမှားများဟာ လောကကြီးကို ဒုက္ခမဖြစ်စေဘူး။ လူကြီးတွေရဲ့ အမှားများကသာ လောကကြီးကို အန္တရာယ်ဖြစ်စေတယ်။ လောကကြီးရဲ့ အကျိုးကို ပျက်စီးစေတယ်။ ဒါ့ကြောင့် လူငယ်တွေကို ကလေးဘဝကတည်းက ယဉ်ကျေးဖို့၊ လိမ္မာဖို့၊ တကယ် မေတ္တာထားတတ်ဖို့အတွက် ဦးဇင်းတို့က သင်ပေးကြရမယ်။ ဆရာတွေ၊ မိဘတွေက သင်ပေးကြရမယ်"

ဤသို့ဖြင့် ထိုနေ့က 'အပ္ပဂဗ္ဗော'အကြောင်းကို ဆွေးနွေးဖြစ်ကြပါတော့သည်။

“ဒီလိုရှိတယ် ဒကာကြီး။ ဦးဇင်းတို့ရဲ့ မေတ္တသုတ်တော်မှာ ‘**ကရဏီယ မတ္ထ ကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။ သက္ကော၊ ဥဇူစ၊ သုဟုဇူစ၊ သုဝစော စဿ၊ မုဒု၊ အနတိမာနီ၊ သန္တုဿကော စ၊ သုဘရောစ၊ အပ္ပကိစ္စောစ၊ သလ္လဟုကဝုတ္တိ သန္တိန္ဒြိယောစ၊ နိပကောစ၊ အပ္ပဂဗ္ဘော၊ ကုလေသွ နနုဂိဒ္ဓေါ၊ န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူပရေ ဥပဝဒေယျုံ။ သုခိနောဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ**’ လို့ ရွတ်ဆိုကြတယ် မဟုတ်လား”

“ဟုတ်ပါတယ် ဘုရား”

“အဲဒီ မေတ္တသုတ်တော်ထဲမှာ ‘အပ္ပဂဗ္ဘော’ဆိုတာ ပါတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပြောတဲ့ အဓိပ္ပာယ်ကို ထောက်ဆမိကြရဲ့လား။ ဒကာကြီး ကော သိလား”

“သိချင်ပါတယ် ဘုရား”

“. . . ‘ပဂဗ္ဘ’ဆိုတာ ‘ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံး ကြမ်းတမ်းသူ၊ ရိုင်းစိုင်းသူ’လို့ အဓိပ္ပာယ်ရတယ်။ အဲဒါရဲ့ ဆန့်ကျင်ဘက် . . . ‘န ပဂဗ္ဘော’ ‘အပ္ပဂဗ္ဘော’ ဆိုတာကတော့ ‘ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံး ယဉ်ကျေးသူ၊ သိမ်မွေ့သူ၊ ရိုင်းစိုင်းခြင်း မရှိသူ၊ ကြမ်းတမ်းခြင်း မရှိသူ’လို့ အဓိပ္ပာယ်ရတယ်။ တိတိကျကျ ပြောရရင် ‘**ကာယပါဂဗ္ဘိယ**-ကိုယ်အမူအရာရိုင်းစိုင်းမှု၊ ‘**ဝစီပါဂဗ္ဘိယ**-နှုတ်အမူအရာ ရိုင်းစိုင်းမှု၊ ‘**မနောပါဂဗ္ဘိယ**-စိတ်ထားရိုင်းစိုင်းမှု။ အဲဒီ သုံးမျိုးစလုံး ကင်းသူကို ‘**အပ္ပဂဗ္ဘ**-မရိုင်းစိုင်းသူ၊ ယဉ်ကျေးဖွယ်ရာရှိသူလို့ နားလည်ပေး။ ဒီတော့ ‘အပ္ပဂဗ္ဘော’ ဆိုတာ ကြမ်းတမ်းသော အမူအရာများ မရှိခြင်းဘဲ၊ အစဉ်သိမ်မွေ့ခြင်းပဲ”

“တင်ပါ့ဘုရား”

“ဒကာကြီးပဲ စဉ်းစားကြည့်၊ ကြမ်းတမ်းတဲ့ အမူအရာ ရှိသူတွေဟာ သူနဲ့ ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်အပေါ်ကို ဘယ်လိုလုပ်ပြီး မေတ္တာထားလို့ ရမှာတုံး”

“မှန်လိုက်တာ ဘုရား”

“မိသားစုတစ်စုမှာ အဖေနဲ့ အမေ စကားများကြ၊ ရန်ဖြစ်ကြတယ် ဆိုပါစို့။ စကားများတော့ စကားမှားတယ်။ သူလည်း မှားတယ်၊ ကိုယ်လည်း

မှားတယ်။ နူတ်အမူအရာတွေ ကြမ်းတမ်းလာတယ်။ နောက်ဆုံးတော့ တစ်ယောက်ကိုတစ်ယောက် မေတ္တာတွေ ခန်းခြောက်လာတော့တယ်။ မေတ္တာတွေ ပျက်ယွင်းလာတော့တယ်။ စိတ်မထိန်းနိုင်ကြတော့ ကိုယ်ထိလက်ရောက်တွေ ဖြစ်လာကြတော့တယ်။ အပြန်အလှန် မေတ္တာတွေ မဲ့ကုန်ကြရလေတော့ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်း၊ မျှော်လင့်ချက်တွေ ခန်းခြောက်၊ အနာဂတ်တွေ ကွယ်ပျောက်။ အဓိပ္ပာယ်မဲ့တဲ့ မိသားစုဘဝကြီး ဖြစ်ကုန်ကြရတော့တာပေါ့။ ဒါဟာ 'အပ္ပဂဗ္ဗော' ဆိုတဲ့ မေတ္တသုတ်တော်ထဲက စကားလုံးကို မလေးစားကြလို့၊ မလိုက်နာကြလို့ ဖြစ်လာရတဲ့ အကျိုးဆက်ပဲ''

ဦးပဋ္ဌင်း၏ အဆုံးမစကားကြောင့် ကျွန်တော့်၏ ငယ်ဘဝကို ပြေး၍ မြင်ယောင်မိတော့သည်။ ကျွန်တော် မူလတန်း ကျောင်းသားဘဝတုန်းက အဖေနဲ့ အမေတို့ ညတိုင်း စကားများကြသည်။ မနက်တိုင်း ရန်ဖြစ်ကြသည်။ နောက်ဆုံးတော့ အဖေနဲ့ အမေ ကွဲကြသည်။ ကျွန်တော်တို့ မောင်နှမ ၆ ယောက် တကွဲတပြားစီ နေခဲ့ရဖူးသည်။ ၃ နှစ်လောက်ကြာမှ အဖေနဲ့ အမေတို့ ပြန်ပြီးပေါင်းဖက်ကြသည်။ ထိုစဉ်တုန်းက ကျွန်တော်သည် မျှော်လင့်ချက်များ ပျောက်ဆုံးခဲ့ရဖူး၏။ ဝမ်းနည်းမှုများဖြင့် လူမသိသူမသိ ငိုကြွေးခဲ့ရတဲ့ ညတွေ အများကြီးပါ။ အဖေနှင့်အမေ နှစ်ဦးစလုံးက စိတ်ကြမ်း၊ နူတ်ကြမ်း၊ ကိုယ်ကြမ်းဖြင့် တစ်ယောက်ကိုတစ်ယောက် အပြစ်တင်ကြသည်။ အပြစ်ပေးကြသည်။ ရိုက်ကြ နှက်ကြသည်။ နောက်ဆုံးမှာတော့ ကျွန်တော်တို့ မိသားစုအားလုံး အရှုံးနှင့် ရင်ဆိုင်ကြခဲ့ရပါသည်။

''ဒီနေရာမှာ နူတ်အမူအရာရဲ့ သိမ်မွေ့ခြင်းကို ပြောရဦးမယ်''

ဆရာတော်ဘုရား၏ အပြောစကားကြောင့် ကျွန်ုပ်၏ အတွေးများ ဤနေရာတွင် ရပ်တန့်သွားခဲ့ရသည်။

''ဘာများပါလဲ ဘုရား''

''ကိုယ့်ရဲ့စကားတစ်ခွန်းဟာ 'ပိယဝါစာ' နူတ်ချိုတိုင်း မပြည့်စုံဘူး။ 'သမ္မာဝါစာ' မှန်ကန်တဲ့၊ မျှတတဲ့၊ တရားနည်းလမ်းကျတဲ့၊ ကြောင်းကျိုးဆက်စပ်မှု ပြည့်စုံတဲ့ စကားလည်း ဖြစ်ဖို့လိုတယ်။ တချို့လူတွေရဲ့ စကားတွေက 'ပိယဝါစာ'တော့ ဖြစ်ပါရဲ့။ ဒါပေမဲ့ 'သမ္မာဝါစာ'တော့ မဖြစ်ကြဘူး။ အဲဒါဟာ အလွန်ကြောက်စရာကောင်းတယ်''

ကျွန်တော်တို့ လူမှုဝန်းကျင်တွင် 'ပီယဝါစာ' စကားများကို အကြိမ်ကြိမ် ကြားနေရသည်။ လက်တွေ့တွင် ဘာတစ်ခုမှ ဖြစ်မလာပါ။ 'ပီယဝါစာ' စကားများသည် နားထောင်၍ အလွန်ကောင်းသည်။ 'တဒင်္ဂ နားအေး'။ ကတိကဝတ်တွေကို လွယ်လွယ်ပေး။ ကိုယ့်စကားကို ကိုယ်ကိုယ်တိုင်က နားမထောင်။ ပြီးတော့ ကိုယ်ကိုယ်တိုင် ကတိပေးထားတဲ့ သူတွေအပေါ်မှာလည်း မလေးစား၊ မထိမဲ့မြင်တွေပြု။ 'ပီယဝါစာ'ဖြစ်တိုင်း 'အပ္ပဂဗ္ဗော' ဖြစ်ပါရဲ့လားဟု ကျွန်တော့်ကို ဦးပဍ္ဍင်းက တွေးတောခိုင်းလိုက်ခြင်း ဖြစ်သည်။

"ကိုယ်၊ နှုတ်ဖြင့် မပြု၊ မပြော၊ မကြမ်းတမ်းစေကာမူ မိမိစိတ်ထဲမှာ 'ကာမဝိတက်'လို့ ခေါ်တဲ့ မကောင်းတဲ့ အကြံစည်တွေ၊ သူတစ်ထူးရဲ့ အကျိုးစီးပွားနဲ့ဘဝကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်တွေးတောနေမှုတွေ၊ လူတွေရဲ့ မျှော်လင့်ချက်၊ စိတ်ကူးနဲ့ အိပ်မက်တွေကို ဘယ်လိုနည်းနဲ့ ဖျက်ဆီးရရင် ကောင်းမလဲလို့ တွေးဆ စိတ်ကူးနေခြင်းတွေဟာလည်း စိတ်ရဲ့ ရိုင်းစိုင်းမှုပဲ၊ စိတ်ရဲ့ မယဉ်ကျေးမှုပဲ ဒကာကြီး"

"မှတ်သားထားပါ့မယ် ဘုရား"

ဦးပဍ္ဍင်း၏ စကားလုံးများသည် ကျွန်တော့်အဖို့ တွေးစရာများ ရလိုက်ပါသည်။ ယနေ့ကာလတွင် လူတို့သည် အချင်းချင်း ရန်စနေကြသည်။ ဟိုဆိုင်က ပစ္စည်းကို မဝယ်ကြနဲ့၊ ဟိုပစ္စည်းကိုဖြင့် မသုံးကြနဲ့။ ဘာကြောင့်လဲ ဆိုတော့ သူတို့နဲ့ ငါတို့ဟာ ဘာသာချင်း မတူကြလို့၊ ခြားနားကြလို့ . . . တဲ့။ ကျန်းမာရေးနဲ့ မညီညွတ်လို့ ဒီပစ္စည်းကို မသုံးစွဲသင့်ဘူး ဆိုရင် ထားပါတော့။ ဒါတွေဟာ အပြန်အလှန် မေတ္တာမဲ့ဖို့ အစပျိုးနေခြင်းပဲ။ အချိန်ကာလတစ်ခုမှာ ကြီးမားတဲ့ ပဋိပက္ခကြီး ဖြစ်လာဖို့အတွက် ပြုစုပျိုးထောင်နေကြခြင်းပဲ။ ကြောက်စရာ ကောင်းလိုက်တာ။

"လောကကြီးကို ဘာနဲ့ တည်ဆောက်မှ မြဲမြံသလဲ သိလား ဒကာကြီး။ လောကကြီး ငြိမ်းချမ်းဖို့အတွက် အခြေခံတရားဟာ ဘာလဲ ဒကာကြီး"

ကျွန်တော်၏ အတွေးစများကို ဖြတ်လိုက်ပြီး ဦးပဍ္ဍင်း၏ မေးခွန်းကို ဖြေဖို့ စဉ်းစားလိုက်ပါသည်။

ဦးပဍ္ဍင်းကပင် သူ၏မေးခွန်းကို သူကိုယ်တိုင်း ရှင်းပြဖြေဆိုပြပါသည်။

"နေခြုံတိုင်း ဘဝ မလုံဘူး ဒကာကြီး"

"တင်ပါ့ဘုရား"

"ဥစ္စာခြံ့တိုင်းလည်း ဘဝ မလုံခြုံဘူး ဒကာကြီး"

"မှန်ပါ့ဘုရား"

"အာဏာခြံ့တိုင်းလည်း ဘဝဟာ မလုံခြုံနိုင်ဘူး ဒကာကြီး"

"တင်ပါ့ဘုရား"

"ဒီလိုပဲ လက်နက်ခြံ့တိုင်းလည်း ဘဝဟာ မလုံခြုံနိုင်ဘူး ဒကာကြီး"

"မှန်ပါ့ဘုရား"

"သီလခြံ့မှ ဘဝလုံမယ်၊ ပညာခြံ့မှ ဘဝလုံမယ်"

"မှန်လိုက်တာ ဘုရား"

"လိုရင်း အနှစ်ချုပ်ကတော့ မေတ္တာခြံ့မှ ဘဝလုံခြုံမယ်။ ဘဝဆိုတဲ့ သစ်ပင်ဟာ မေတ္တာဆိုတဲ့ မြေဆီကောင်းကောင်း မြေပြင်ပေါ်မှာ စိုက်ပျိုးမှ ရှင်သန်မယ်။ ပြီးတော့ ပညာဆိုတဲ့ နေခြည်နုနု ဖျန်းပက်ရမယ်။ သီလဆိုတဲ့ ရေကြည်ချိုချို အစဉ်မပြတ် သွန်းလောင်းပေးရမယ်"

"ကောင်းလိုက်တာ ဘုရား"

"ဘုရားကန်တော့တိုင်း သီလယူကြတယ် မဟုတ်လား။ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်၊ သူတစ်ပါး အိမ်ရာ ကျူးလွန်ခြင်း၊ သေရည် သေရက် သောက်သုံးခြင်း ဆိုတာ ကိုယ်အမူအရာ ကြမ်းတမ်းခြင်းပဲ။ လိမ်လည် ပြောဆိုခြင်းဆိုတာက နှုတ်အမူအရာ ကြမ်းတမ်းခြင်းပဲ။ သီလစောင့်ထိန်းခြင်း ဆိုတာ စိတ်အမူအရာ၊ နှုတ်အမူအရာ၊ ကိုယ်အမူအရာကို စောင့်ထိန်းခြင်းပဲ။ အဲဒါ 'အပ္ပဂဗ္ဘော'ရဲ့ သဘာဝပဲ"

"ကျေးဇူးကြီးလိုက်တာ ဘုရား"

"'...'ရှိသေထိုက်ငြား၊ လူသူများကို၊ တရားမသွင်း၊ စကားဖျင်းနှင့်၊ အတင်းပြောကြမ်း၊ ငေါက်ငမ်းဆဲတိုင်း၊ နှုတ်ထွက်ရိုင်းပျ၊ မျက်ဒေါသနှင့်၊ စိတ်ပါကြမ်းခြင်း၊ အလျှင်းကွာလှမ်း၊ မကြမ်းတမ်းမှ၊ ကြီးပွားရ၊ မုချအမှန်သာ' လို့ 'အပ္ပဂဗ္ဘော'ကို အလင်္ကာနဲ့ ဖွင့်ဆိုကြသေးတယ်။ မှတ်ရ၊ သားရတာ ပိုပြီး လွယ်ကူစေတာပေါ့'

"မှတ်သားထားပါ့မယ် ဘုရား"

"ကဲ-ဒီတော့ လူတစ်ယောက်ဟာ သူနဲ့ ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်

အပေါ်မှာ မေတ္တာရှိချင်ယောင်ဆောင်နေသူလား၊ တကယ်မေတ္တာရှိသူလား ဆိုတာကို သိချင်ရင် သူ့ရဲ့ ကိုယ်အမူအရာကို ကြည့်ပြီး ဆုံးဖြတ်ရုံနဲ့ သိနိုင်တယ်။ ဒီလိုပဲ သူ့ရဲ့ နှုတ်ထွက်စကားကို ထောက်ဆကြည့်ရုံနဲ့လည်း ခန့်မှန်းလို့ ရတယ်''

''မှန်လိုက်တာ ဘုရား''

''နောက်တစ်ပတ် ကြာသပတေးနေ့ ပြန်ပြီး တွေ့ကြမှ 'ကုလေသုအနနုဂိဋ္ဌေါ'ကို ဆွေးနွေးကြတာပေါ့''

ကျွန်တော့်အိမ်မှ ဦးပဉ္ဇင်း ဆွမ်းခံပြီး ပြန်ကြွသွားသော်လည်း ကျွန်တော့်အတွေးများက အမျှင်တန်းလျက်။

♠♠♠

# ကုလေသု အနနုဂိဒ္ဓေါ... နံနက်ခင်း




**"ကုလေသု အနနုဂိဒ္ဓေါ"** – ပုဂ္ဂိုလ်စွဲ မထားနဲ့။

ငါ၏ဆရာ၊ ငါ၏ဘိုးဘွား၊
ငါ၏သားပဲ၊ ငါ့လင်ငါ့မယား၊
ငါ့မိသားစု၊ ဗဟိုပြုကြား၊
စသည်အားဖြင့်၊ တရားယွင်းယို၊
ပုဂ္ဂိုလ်စွဲခြင်း၊ အလွန်ကင်းမှ၊
ကြီးပွားရ၊ မုချအမှန်သာ...။

♠ အစွန်းရောက် မေတ္တာမှန်သမျှဟာ
မီးတောင်ကြီးနဲ့ တူပြန်တယ်။
တစ်ချိန်ချိန်မှာ ကိုယ်ကိုယ်တိုင်လည်း ပျက်စီးတယ်။
လောကကြီးကိုလည်း ဖျက်ဆီးတယ်။

♠ သူတစ်ထူးရဲ့ ကျေးဇူးကို သိတတ်တာ ကောင်းပါတယ်။
ဒါပေမဲ့...
အဲဒီကျေးဇူးတရားကို အကြောင်းပြုပြီး
ပုဂ္ဂိုလ်စွဲမိပြီဆိုရင်တော့...
အစွန်းရောက်မေတ္တာတွေကို ပျိုးထောင်သလို ဖြစ်သွားပြီ။

## ကုလေသု အနနဂိဒ္ဒေါ ••• နံနက်ခင်း

"မေတ္တာ ဟူသည်မှာ ချစ်ခြင်းသဘောပဲ ဒကာကြီး။ ချစ်ခြင်းသဘောမှာ မိမိကိုယ်ကိုယ် ချစ်ခြင်း၊ မိသားစုကို ချစ်ခြင်း၊ ဒေသကို ချစ်ခြင်း၊ လူမျိုးကို ချစ်ခြင်း၊ အယူဝါဒကို ချစ်ခြင်း၊ ဘာသာ သာသနာကို ချစ်ခြင်း၊ တိုင်းနိုင်ငံကို ချစ်ခြင်း၊ လူသားတွေကို ချစ်ခြင်း အမျိုးမျိုးပဲ ရှိတယ်။ အမြင့်မြတ်ဆုံး ချစ်ခြင်းကတော့ လောကကြီးကို ချစ်မြတ်နိုးခြင်းပဲ"

ဒီနေ့••• ကြာသပတေးနေ့၏ နံနက်ခင်းသည် အုံ့မှိုင်း၍ နေ၏။ မနေ့ညက မိုးရွာထားသည်။ ထို့ကြောင့် မိုးကိုမျှော်နေသော သစ်ပင်၊ သစ်ရွက်တို့သည် ယနေ့နံနက်၌ အစိမ်းနုရောင်၊ အစိမ်းရင့်ရောင်၊ စိမ်းဖန့်ဖန့်အရောင်များဖြင့် အလှချင်း ပြိုင်နေကြသည်။ အိမ်ရှေ့ရှိ စိန်ပန်းပင်ကြီးသည်လည်း အနီရောင် အပွင့်များဖြင့် ဝေဆာနေ၏။ ဟိုအဝေးရှိ ငုဝါပင်ကြီးသည်လည်း အဝါရောင်ပန်းများဖြင့် လှချင်တိုင်း လှနေသည်။ ခြံစည်းရိုးတွင် စိုက်ထားသော စံပယ်ရုံသည်လည်း အဖြူရောင် အပွင့်ငယ်လေးများဖြင့် လောကကြီးကို ပူဇော်နေ၏။ ငုံတချို့၊ ပွင့်တစ်လီ••• အနီရောင်ရင့်ရင့် နှင်းဆီပန်းပွင့်များသည်လည်း နှင်းဆီပင်ပေါ်၌ ခံ့ညားထည်ဝါစွာ ဣန္ဒြေဖြင့် ဖူးပွင့်နေသည်။

"မိမိကိုယ်ကိုယ် မိမိချစ်ခြင်း ဆိုတာ အနိမ့်စားမေတ္တာပဲ။ မိမိဆရာသမားကိုသာ ချစ်ခြင်းကလည်း မြင့်မြတ်သောချစ်ခြင်း မဟုတ်သေးဘူး။ မြင့်မြတ်တဲ့မေတ္တာ မဟုတ်သေးဘူး။ ဒီလိုပဲ မိမိရဲ့ မိသားစု၊ မိမိရဲ့ အစုအဖွဲ့ကို ချစ်ခြင်းကလည်း စံပြုအပ်တဲ့ချစ်ခြင်းမျိုး မဟုတ်ဘူး။ တိုင်းပြည်နဲ့ လူမျိုးကို ချစ်ခြင်း။ အဲဒီအချစ်မျိုးကတော့ မြင့်မြတ်တဲ့ချစ်ခြင်းပဲ။ သို့သော်လည်း ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက်သာမက လူသားမျိုးနွယ်ကြီး တစ်ခုလုံးအပေါ်မှာ ချစ်ခြင်းကတော့ တကယ့်စံပြုအပ်တဲ့ မြင့်မြတ်တဲ့ချစ်ခြင်းပဲ"

ဦးပဥ္စင်း၏ အဆုံးအမ စကားများကို ကျွန်တော်က လက်အုပ်ချီမိုး နာယူတော်မူရင်း ဘုရားရှင်၏ မေတ္တာတော် အနန္တကို တွေးဆနေမိသည်။

"လောကကြီးအပေါ်မှာ ချစ်ချင်တဲ့ လူတစ်ယောက်၊ မေတ္တာထား လိုတဲ့လူတစ်ယောက်ဟာ ပုဂ္ဂိုလ်စွဲ ကင်းဖို့လိုတယ်။ ငါ့အတွက်ဆိုတဲ့ 'ငါ'၊ 'ငါ'ဗဟိုပြု ချစ်ခြင်း၊ 'ငါ'ဆိုတဲ့ ပုဂ္ဂိုလ်ကိုစွဲပြီး ချစ်ခြင်းဟာ အနိမ့်စားအချစ်ပဲ။ တိရစ္ဆာန်တို့ရဲ့ ချစ်ခြင်းပဲ"

"တင်ပါ့ဘုရား"

"ဒီလိုပဲ… ကိုယ့်မိသားစုကို စွဲလမ်းပြီး ချစ်တဲ့ အချစ်၊ ထားတဲ့ မေတ္တာ။ အဲဒါဟာလည်း အပြစ်ကင်းတဲ့ ချစ်ခြင်းမျိုး မဟုတ်ဘူး။ ဘာကြောင့် လဲဆိုတော့ ကိုယ့်မိသားစု ဆိုတဲ့ ပုဂ္ဂိုလ်စွဲပါနေတယ်။ ဒါ့ကြောင့် ကိုယ့်မိသားစု အကျိုးကို အစွန်းရောက် တည်ဆောက်ကြရင်းနဲ့ ကိုယ့်ပတ်ဝန်းကျင်ကို မေ့လျော့သွားတော့တယ်"

"မှန်ပါ့ဘုရား"

"ဒီလိုပဲ… ကိုယ့်ဆရာသမားရဲ့ ကျေးဇူးကို အောက်မေ့ပြီး ကိုယ့် ဆရာသမား ခိုင်းသမျှကို အမှန်အမှား မစဉ်းစားဘဲ ဆောင်ရွက်ခြင်းဟာလည်း ပုဂ္ဂိုလ်အစွဲပါတဲ့ မေတ္တာမျိုးပဲ။ ဒီဆရာဟာဖြင့် ငါ့အတွက် ကျေးဇူးကြီးလှ တယ်၊ ဒီပုဂ္ဂိုလ်ဟာဖြင့် ငါ့ရဲ့ကျေးဇူးရှင်ကြီး။ ဒါ့ကြောင့် သူ့အပေါ်မှာ ငါ မေတ္တာထားရမယ်။ ဒါဟာလည်း မှန်ကန်တဲ့ မေတ္တာမျိုးတော့ မဟုတ်သေးဘူး ဒကာကြီး"

"ဘာကြောင့်များပါလဲ ဘုရား"

"ရဲဘော်ရဲဘက်စိတ်ဆိုတာ မေတ္တာရဲ့ ဝေါဟာရတစ်မျိုးပဲ။ သူငယ် ချင်း၊ မိတ်ဆွေ၊ ဇနီး၊ ခင်ပွန်း၊ ဆရာသမား၊ သားသမီး၊ တူ၊ တူမ၊ အဖေ၊ အမေ၊ အဖိုး၊ အဖွား၊ ကျေးဇူးရှင်… ဒါတွေဟာလည်း မေတ္တာရဲ့ ဆင့်ပွား ဝေါဟာရတွေပဲ။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်း… အစရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စု ဆိုတဲ့ စကားလုံးတွေဟာလည်း မေတ္တာရဲ့ ဆင့်ပွားအဓိပ္ပာယ်တွေပါပဲ။ ဒီမြေမှာ နေ၊ ဒီရေကို သောက်၊ ဒီမြေမှာမွေး၊ ဒီလေကို ရှုရှိုက်သူ အားလုံးဟာ ဘယ်လိုလူမျိုးပဲဖြစ်စေ၊ ဘယ်အမျိုးအနွယ်ပဲ ဖြစ်စေ၊ ဘယ်လို ယုံကြည်ကိုးကွယ်မှုပဲ ရှိပါစေ၊ ချစ်ခြင်း

မျက်စိနဲ့ ကြည့်ရင် အားလုံးဟာ မေတ္တာစက်ဝန်းထဲက အပြန်အလှန် မေတ္တာထားအပ်တဲ့ သူတွေချည်းပါပဲ ဒကာကြီး။ လူမှုဆက်ဆံရေး နယ်ပယ်မှာ မေတ္တာကို အခြေပြုပြီး ဆောင်ရွက်ကြရတယ်''

''မှတ်သားထားပါ့မယ် ဘုရား''

''မေတ္တာကို အခြေပြုတဲ့နေရာမှာ 'မေတ္တာအကျဉ်း၊ မေတ္တာအကျယ်' ဆိုတာ ရှိတယ်''

''ရှင်းပြတော်မူပါဦး ဘုရား''

''မေတ္တာအကျဉ်း၊ မေတ္တာအကျယ်' တွေ့ရင် 'မေတ္တာအကျယ်'ကို ဦးစားပေးရမယ်''

''ဘယ်လိုများပါလဲ ဘုရား''

''မိမိကိုယ်ကျိုးနဲ့ မိသားစုအကျိုး ယှဉ်လာရင် မိမိကိုယ်ကျိုးက 'မေတ္တာအကျဉ်း'၊ မိသားစုအကျိုးက 'မေတ္တာအကျယ်'။ မိသားစုအကျိုးကို ဦးစားပေးရမယ်''

''တင်ပါ့ဘုရား''

''မိသားစုအကျိုးနဲ့ လူများစုအကျိုး ယှဉ်လာရင် မိသားစုအကျိုးက 'မေတ္တာအကျဉ်း'၊ လူများစုအကျိုးက 'မေတ္တာအကျယ်'။ လူများစုရဲ့ အကျိုးကို ဦးစားပေးရမယ်''

''တင်ပါ့ဘုရား''

''မိမိ ဆရာသမားအကျိုးနဲ့ တိုင်းပြည်အကျိုး ယှဉ်လာရင်ကော''

''မိမိ ဆရာသမားအကျိုးက 'မေတ္တာအကျဉ်း'ပါ ဘုရား။ တိုင်းပြည်အကျိုးက 'မေတ္တာအကျယ်'ပါ ဘုရား''

''ဒါဆိုရင် . . .''

''တိုင်းပြည်အကျိုးကို ဦးစားပေးရပါမယ် ဘုရား''

''ဟုတ်ပြီ ဒကာကြီး၊ အကျိုးစီးပွားချင်း ထိပ်တိုက်တွေ့ဆုံကြရတဲ့ အခါမှာ 'မေတ္တာအကျယ်'ကို ဦးစားပေးခြင်းဟာ မေတ္တာရဲ့ အတိမ်အနက်ပဲ။ ဆိုလိုချင်တာကတော့ မိမိအကျိုးစီးပွားနဲ့ မိသားစုအကျိုးစီးပွား ထိပ်တိုက် တွေ့ကြရတဲ့အခါမှာဖြစ်စေ၊ မိမိ မိသားစု အကျိုးစီးပွားနဲ့ လူအများရဲ့ အကျိုး စီးပွား ထိပ်တိုက်တွေ့ကြရတဲ့အခါမှာ ဖြစ်စေ၊ လူအများရဲ့ အကျိုးစီးပွားနဲ့

နိုင်ငံတော်၊ နိုင်ငံသားအကျိုးစီးပွား ထိပ်တိုက်တွေ့ကြရတဲ့အခါမှာ ဖြစ်စေ 'မေတ္တာအကျဉ်း'၊ 'မေတ္တာအကျယ်'ကို သိရမယ်။ ဆင်ခြင်ရမယ်။ ဉာဏ် သွင်းရမယ်။ သိပြီးတဲ့နောက် 'မေတ္တာအကျယ်'ကို ဦးစားပေးခြင်းဟာ မေတ္တာရဲ့ လေးနက်မှုပဲ''

ဦးပဥ္ဇင်း၏ ဆုံးမစကားကြောင့် အတွေးနယ်ချဲ့လိုက်မိသည်။

'မေတ္တာအကျဉ်း'၊ 'မေတ္တာအကျယ်'… တဲ့။

မိမိရဲ့ ဆရာသမားကျေးဇူးကို ငဲ့ညှာပြီး လူအများအပေါ်မှာ မေတ္တာ မဲ့နေကြသူတွေကို ကျွန်တော်တို့ဝန်းကျင်မှာ တွေ့နေရသည်။

မိမိအစုအဖွဲ့ အကျိုးဖြစ်ထွန်းရေးနဲ့ မိမိအစုအဖွဲ့ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရည်ရွယ်ပြီး ရေးဆွဲထားတဲ့ ဥပဒေတွေ ကျွန်တော်တို့ မြင်တွေ့နေကြရသည်။

ကိုယ့်အစုအဖွဲ့ အောင်နိုင်ရေးက အဓိကလား၊ ကိုယ့်နိုင်ငံသားအားလုံး လွတ်မြောက်ရေးက အဓိကလား။

ကျဉ်းမြောင်းသော အသိဉာဏ်သည် ကျဉ်းမြောင်းသော မေတ္တာကို သာ ပျိုးထောင်၏။

ကျဉ်းမြောင်းသော အမြင်သည် ကျဉ်းမြောင်းသော မေတ္တာကို စိုက်ပျိုး၏။

ကျဉ်းမြောင်းသော စိတ်ဓာတ်သည် ကျဉ်းမြောင်းသော မေတ္တာကိုသာ ပွင့်ဖူးစေ၏။

''တကယ်တော့ 'မေတ္တာအကျယ်'ထဲမှာ 'မေတ္တာအကျဉ်း' ဆိုတာ ကလည်း အလိုအလျောက် ပါဝင်ပြီး ဖြစ်စေတယ် ဒကာကြီး။ I နဲ့ We လိုပေါ့။ I win. နဲ့ We win. မတူဘူး။ I win. 'ငါ နိုင်တယ်' ဆိုတာ မေတ္တာအကျဉ်း၊ ကျဉ်းမြောင်းတဲ့မေတ္တာ။ We win. 'ငါတို့ နိုင်တယ်' ဆိုတာ မေတ္တာအကျယ်၊ ကျယ်ပြန့်တဲ့ မေတ္တာ။ We ထဲမှာ I က အလိုအလျောက် ပါဝင်ပြီး ဖြစ်စေတယ်လေ။ အဲဒီ We ဆိုတဲ့ စကားလုံးမှာ ငါ့ဆရာသမား၊ ငါ့မိသားစု၊ ငါ့အစုအဖွဲ့၊ ငါ့လူမျိုးစု၊ ငါတို့ရဲ့ဝါဒ၊ ငါတို့ရဲ့ အယူအဆ၊ ငါ့နိုင်ငံသား၊ ငါ့လောက။ အဲဒီလို တဖြည်းဖြည်းချင်း 'မေတ္တာအကျဉ်း'၊ 'မေတ္တာအကျယ်'ကို နားလည်ရမယ်''

ဦးပဋ္ဌင်း၏ ဥပမာ အပေးကောင်းမှုကြောင့် ရင်ထဲတွင် ရှင်းကနဲ၊ လင်းကနဲ ဖြစ်သွားရပါသည်။

"မေတ္တသုတ်တော်မှာ 'ကုလေသု အနနုဂိဒ္ဓေါစ' တဲ့။ 'ကုလေသု' ဆိုတာ 'အိမ်သူ အိမ်သား လူတို့၌' လို့ တိုက်ရိုက် အဓိပ္ပာယ်ရတယ်။ ဆက်စပ်ပြီး တွေးကြည့်ရင်တော့ လူပုဂ္ဂိုလ်ကို ရည်ညွှန်းတယ်။ 'အနနုဂိဒ္ဓေါစ' ဆိုတာကတော့ 'တွယ်တာ မက်မောခြင်း မရှိသူသည် လည်းကောင်း' လို့ ဖွင့်ဆိုကြတယ်။ ဒီတော့ 'ကုလေသု အနနုဂိဒ္ဓေါစ' ဆိုတာ 'အိမ်သူ အိမ်သား လူတို့၌ တွယ်တာမက်မောခြင်း မရှိသူသည် လည်းကောင်း'။ သာမန်လူတွေ နားလည်လွယ်အောင် ပြောရရင် 'ပုဂ္ဂိုလ်စွဲ မထားနဲ့' လို့ ပြောတာ ဒကာကြီး။ 'မေတ္တာအကျဉ်း' တွေကို 'မေတ္တာအကျယ်' နဲ့ အစားထိုးကြရမယ်"

"တင်ပါ့ဘုရား"

"ပုဂ္ဂိုလ်စွဲထားတယ် ဆိုတာ ကျဉ်းမြောင်းတဲ့မေတ္တာပဲ"

"မှန်လိုက်တာ ဘုရား"

"... 'ကုလေသု အနနုဂိဒ္ဓေါ' ကို စာသံပေသံနဲ့ ဖွင့်ဆိုရရင် မိဘ ဆွေမျိုး၊ အဆွေခင်ပွန်းတို့၌ တွယ်တာလွန်းသူသည် တစ်ရပ်တစ်ကျေးသို့ ပညာရေး၊ စီးပွားရေး၊ ကြီးပွားရေးတို့အတွက် မခွဲနိုင် မခွာရက် ဖြစ်ပြီး မိမိအတွက်ရော သူတစ်ပါး အတွက်ပါ အကျိုးဆုတ်ယုတ်ရန်သာ ဖြစ်စေတယ်။ တိုးတက်မှု မရှိဘူး။ ရဟန်းတော်များအနေနဲ့ ဆိုရင်တော့ လူဒါယကာ၊ လူဒါယိကာမများကို တွယ်တာနေခြင်းဟာ တရားရှာဖို့ ဆုတ်ယုတ်ရာ ဆုတ်ယုတ်ကြောင်းပဲ။ လူတွေက ပူဆွေးရင် ကိုယ်ကလည်း လိုက်ပြီး ပူဆွေး။ လူတွေက ဝမ်းသာရင် ကိုယ်ကပါ လိုက်ပြီး ဝမ်းသာ။ ဒါယကာ ချမ်းသာရင် ကိုယ်ကလည်း လိုက်ပြီး ချမ်းသာ။ ဒါယကာ ဆင်းရဲရင် ကိုယ်ကလည်း လိုက်ပါပြီး ဆင်းရဲ။ ဒီတော့ လူ့ကိစ္စတွေမှာ ဦးဇင်းတို့ ရဟန်းတွေက ပါဝင်ကြောင့်ကြစိုက်နေရတာကြောင့် တရားမရနိုင်ဘူး။ ဒါ့ကြောင့် မေတ္တာ ရှေ့သွား ကျင့်စဉ် (၁၅)ချက်ထဲမှာ '**ကုလေသု အနနုဂိဒ္ဓေါ**- ကိုယ်လည်းခွာ စိတ်လည်းခွာပြီး အိမ်သူအိမ်သားလူအများထံမှာ ချဉ်းကပ်ပါ' လို့ ဆိုလိုတယ်"

"ကောင်းလိုက်တာ ဘုရား"

"ဦးဇင်းတို့ ရဟန်းတွေ၊ သံဃာတော်တွေ 'ကုလေသု အနနုဂိဒ္ဓေါစ' အတိုင်း မကျင့်ကြံနိုင်ကြဘူး ဆိုရင် 'ဘုန်းကြီးအမှု ရွာပတ်'၊ 'ရွာအမှု ဘုန်းကြီးကပ်' ဆိုသလို ဖြစ်ကုန်နိုင်တယ်"

"မှတ်သားထားပါ့မယ် ဘုရား"

"ကျဉ်းမြောင်းတဲ့ မေတ္တာမှန်သမျှဟာ အစွန်းရောက်မေတ္တာတွေပဲ။ အစွန်းရောက်မေတ္တာ ဆိုတာ လောဘအစွန်း၊ ဒေါသအစွန်း၊ မောဟအစွန်း နဲ့ တွယ်ငြိနေကြတယ်။ အဲဒီ အစွန်းရောက် မေတ္တာမှန်သမျှဟာ မီးတောက် မီးလျှံနဲ့ တူတယ်။ ကိုယ်ကိုယ်တိုင်လည်း အရင်လောင်ကျွမ်းနေတယ်။ ပြီးတော့ အရာရာအားလုံးကိုလည်း ကူးစက်လောင်ကျွမ်းစေတော့တယ်"

"တင်ပါ့ဘုရား"

"အစွန်းရောက်မေတ္တာ မှန်သမျှဟာ မီးတောင်ကြီးနဲ့ တူပြန်တယ်။ တစ်ချိန်ချိန်မှာ ကိုယ်ကိုယ်တိုင်လည်း ပျက်စီးတယ်၊ လောကကြီးကိုလည်း ဖျက်ဆီးတယ်"

"မှန်ပါ့ဘုရား"

"သူတစ်ထူးရဲ့ ကျေးဇူးကို သိတတ်တာ ကောင်းပါတယ်။ ဒါပေမဲ့ အဲဒီကျေးဇူးတရားကို အကြောင်းပြုပြီး ပုဂ္ဂိုလ်စွဲမိပြီ ဆိုရင်တော့ အစွန်းရောက် မေတ္တာတွေကို ပျိုးထောင်သလို ဖြစ်သွားပြီ"

"မှန်လိုက်တာ ဘုရား"

"ဒါ့ကြောင့် သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးရဲ့ မေတ္တသုတ်တော်မှာ ရှေးဦးပြုကျင့်ရမယ့် အခြေခံ (၁၅)ချက် ရှိတယ်။ အချက်နံပါတ်(၁၄)က '**ကုလေသု အနနုဂိဒ္ဓေါစ**-ပုဂ္ဂိုလ်စွဲ မထားနဲ့' လို့ ဆုံးမတော်မူခဲ့တာပေါ့"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

"ငါ၏ဆရာ၊ ငါ၏ဘိုးဘွား၊ ငါ၏သားပဲ၊ ငါ့လင်ငါ့မယား၊ ငါ့မိသားစု၊ ဇဟိုပြုငြား၊ စသည်အားဖြင့်၊ တရားယွင်းယိ၊ ပုဂ္ဂိုလ်စွဲခြင်း၊ အလွန်ကင်းမှ၊ ကြီးပွားရ၊ မုချအမှန်သာ… လို့ 'ကုလေသု အနနုဂိဒ္ဓေါ'ကို အလင်္ကာနဲ့ အတိုကောက် မှတ်သားပါ ဒကာကြီး"

"တင်ပါ့ဘုရား"

"ချစ်ခြင်းမေတ္တာသဘောကို မြင်အောင် ကြည့်တဲ့ နေရာမှာ တဏှာ မျက်လုံး၊ မာနမျက်လုံး၊ ဒိဋ္ဌိမျက်လုံးတွေဟာ ကျဉ်းမြောင်းတဲ့ မေတ္တာကို ဖြစ်စေတယ်။ ကျဉ်းမြောင်းတဲ့ မေတ္တာထားသူများကို မေတ္တာတရား ခေါင်းပါး သူတွေအဖြစ် လောကကြီးက မှတ်တမ်းတင်တတ်ကြတယ်"

"တင်ပါ့ဘုရား"

"ဟိုမှာ တွေ့လား၊ စိန်ပန်းပွင့်တွေ၊ ငုဝါပွင့်တွေ၊ နှင်းဆီပွင့်တွေ၊ စံပယ်ပွင့်လေးတွေ။ ပြီးတော့ အရိပ်ပေးနေတဲ့ သစ်ပင်ကြီးတွေ။ သူတို့မှာ ပုဂ္ဂိုလ်စွဲမရှိဘူး။ ဘယ်သူပဲ ပန်ဆင်ပါစေ၊ ဘယ်သူပဲ အရိပ်ခိုပါစေ။ အားလုံး အတွက် ဖူးလာကြ၊ ပွင့်လာကြ၊ အရိပ်ပေးနေကြတယ်။ ပန်းပွင့်တွေ၊ သစ်ပင် တွေကို အတုယူပါ ဒကာကြီး"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

"နောက်တစ်ပတ် ကြာသပတေးနေ့မှာ 'နစခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူပရေ ဉပဝဒေယျုံ' ဆိုတဲ့ 'သူတော်ကောင်းများ မကဲ့ရဲ့အောင် နေ'ကို ဆွေးနွေးကြတာပေါ့"

"မျှော်နေပါ့မယ် ဘုရား"

"ဒကာကြီးလည်း မှတ်ထားဦးနော်။ ပုဂ္ဂိုလ်စွဲကင်းမှ ကိုယ့်မေတ္တာဟာ လောကကြီးအတွက် စစ်မှန်တဲ့အလင်းကို ဖြစ်စေမယ်"

♠♠♠

# နစခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူပရေ ဥပဝဒေယျုံ ... နံနက်ခင်း




**"နစခုဒ္ဒမာစရေ ကိဉ္စိယေန ဝိညူပရေ ဥပဝဒေယျုံ"** –
ပညာရှိသူတော်ကောင်းများ၏ အကဲ့အရဲ့လွတ်အောင် နေထိုင်ပါ။

အမှုကိစ္စ၊ အဝဝမှာ၊
သေးငယ်စွာပင်၊ ဖြစ်ပါလျှင်လည်း၊
ပညာရှင်တို့၊ နှစ်မြို့ကင်းမဲ့၊
ကဲ့ရဲ့ဖွယ်ရာ၊ မဖြစ်ပါမှ၊
လုံးဝအရှင်း၊ ပြစ်မှုကင်းမှ၊
ကြီးပွားရ၊ မုချအမှန်သာ ...။

♠ သူတို့ဟာ…
အကုသိုလ်ကို ကုသိုလ်ထင်မှတ်…
အတ္တကို အနတ္တထင်မှတ်…
ဒုက္ခကို သုခထင်မှတ်…
အဓမ္မကို ဓမ္မလို့ ထင်မှတ်…
အလင်းနဲ့ အမှောင်ကို ခွဲခြားမသိတဲ့ ပုဂ္ဂိုလ်တွေ…။
♠ သူတို့ကို ပညာရှိ သူတော်ကောင်းများက မချီးမွမ်းဘူး။
တကယ့်သုခချမ်းသာ အစစ်ဆိုတာ
ကိုယ့်နှလုံးအိမ်ထဲမှာ ရှိတဲ့
"အကြည်ဓာတ်" ပမာဏ အနည်း အများပဲ။

## နစခုဒ္ဒမာစရေ ကိဉ္စိ၊
## ယေန ဝိညူပရေ ဥပဝဒေယျုံ ••• နံနက်ခင်း

"**သန္တံ**-ငြိမ်းအေးသော၊ **ပဒံ**-နိဗ္ဗာန်သို့၊ **အဘိသမေစ္စ**-ဉာဏ်ဖြင့် သက်ဝင်၍ နေလိုသော၊ **မတ္ထကုသလေန**-အကျိုးစီးပွား၌ လိမ္မာသောသူသည်၊ **ယံကရဏီယံ**-အကြင်ပြုကျင့်ရမည့် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ သုံးရပ်သည်၊ **အတ္ထိ**-ရှိ၏။ **တံ**-ယင်းကို၊ **ကရဏီယံ**- ပြုကျင့်အပ်၏"

ကျွန်တော်၏ အိမ်ရှင်မ 'ဒေါ်သံယောဇဉ်နွယ်'က ပန်းပင်များကို ရေလောင်းရင်း 'မေတ္တသုတ်တော်'ကို ပါဠိနှင့်အနက် တွဲလျက် ရွတ်ဆိုပူဇော်နေ၏။

"**သက္ကော**-ကျင့်နိုင်စွမ်း ရှိရမည်။ **ဥဇုစ**-ကိုယ်၊ နှုတ် ဖြောင့်မတ်ရမည်။ **သုဟုဇုစ**-ကိုယ်၊ နှုတ်၊ နှလုံး၊ စိတ်နေစိတ်ထား ကောင်းစွာ ဖြောင့်မတ်ရမည်။ **သုဝစော စဿ**-ဆိုဆုံးမ လွယ်ရမည်။ **မုဒု**-စိတ်ထားနူးညံ့သိမ်မွေ့ရမည်။ **အနတိမာနီ**-လွန်ကဲမြင့်မောက်သောမာန မရှိရာ"

ထိုနေ့က ကြာသပတေးနေ့ ဖြစ်၍ အိမ်သို့ ဆွမ်းခံကြွမည့် ဦးပဥ္စင်း 'အရှင်ဝဇီရဉာဏ'ကို ကျွန်တော်က မျှော်ရင်း တံမြက်စည်း လှည်းလျက် ရှိပါသည်။

"**သန္တုဿကောစ**-ပစ္စည်းလေးပါးတို့၌ ရောင့်ရဲလွယ်ရမည်။ **သုဘရောစ**-မွေးမြူလွယ်ရမည်။ **အပ္ပကိစ္စောစ**-အမှုကိစ္စ နည်းပါးရမည်။ **သလ္လဟုကဝုတ္တိ**- ဝန်ကျဉ်းပေါ့ပါးသော အသက်မွေးမှု ရှိရမည်။ **သန္တိန္ဒြိယောစ**-ငြိမ်သက်သော ဣန္ဒြေရှိရမည်။ **နိပကောစ**-ရင့်ကျက်သောပညာ ရှိရမည်။ **အပ္ပဂဗ္ဘော**-ကိုယ်၊ နှုတ်၊ နှလုံး ကြမ်းတမ်းခြင်း မရှိရာ။ **ကုလေသု**-လူတို့၌ **အနနုဂိဒ္ဓေါ**-တွယ်တာမှု ကင်းရမည်"

ထိုအချိန်တွင် ဦးပဥ္စင်း ကြွလာပါသည်။ နေရာထိုင်ခင်း ပေးပြီးနောက် ကျွန်တော်တို့ ဇနီးမောင်နှံက ဆွမ်းလောင်းကြပါသည်။ သီလယူကြပါသည်။ သီလပေးပြီးနောက် ဦးပဥ္စင်း ဤသို့ စကားစလေ၏။

"ဒကာမကြီး 'ဒေါသံဃောဇဉ်နွယ်'က 'မေတ္တသုတ်တော်'ကို ပါဠိနဲ့ အနက် တွဲပြီး ရွတ်ဆိုပူဇော်နေသံ ကြားမိတော့ ဦးဇင်းရဲ့ မယ်တော်ကြီးကို ပြေးပြီး သတိရမိတယ်။ ဦးဇင်းရဲ့ မယ်တော်ကြီးက ဒီလို အမြဲဆုံးမတယ်။ 'သူတော်ကောင်းများ မကဲ့ရဲ့အောင် နေ' တဲ့။ ပါဠိလို ပြောရရင်တော့··· 'နစခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူပရေ ဥပဝဒေယျုံ' လို့ မေတ္တသုတ်တော်မှာ ပါတယ်လေ။ ဒကာမကြီးက အဲဒီပါဠိကို အဓိပ္ပာယ်ဖွင့်တတ်ရင် ဖွင့်ဆိုပြစမ်းပါ"

ကျွန်တော့်၏ အိမ်ရှင်မက ကျောင်းဆရာမ အငြိမ်းစား။ ပြီးတော့ ပရိတ်တော်ကို အမြဲတမ်း ရွတ်ဖတ်နေတဲ့သူ။ ဒီတော့ အသံနေအသံထားဖြင့် သူ တတ်သလောက်၊ မှတ်သလောက် အဓိပ္ပာယ် ဖွင့်ဆိုပါလေတော့သည်။

"**ယေနဝိညူပရေ**-ပညာရှိတို့၊ **ဥပဝဒေယျုံ**-ကဲ့ရဲ့ပြစ်တင် စွပ်စွဲနိုင်မည့်၊ **ခုဒ္ဒံ**-ယုတ်ညံ့သေးသိမ်သော ဒုစရိုက်ကို၊ **ကိဉ္စိ**-အနည်းငယ်မျှလည်း၊ **နအာစရေ**-မပြုကျင့်ရာ။ တပည့်တော်မ အဲဒီလို ကျက်မှတ်ဖူးပါတယ် ဘုရား"

"ဒကာမကြီးက မေတ္တသုတ်တော်ကို နေ့တိုင်း ရွတ်ဆိုတာပဲလား"

"တင်ပါ့ဘုရား၊ မနက် အိပ်ရာထမှာ တစ်ကြိမ်၊ ညအိပ်ရာဝင်မှာ တစ်ကြိမ် အမြဲတမ်း ရွတ်ဖတ်ပူဇော်ပါတယ် ဘုရား။ အရှင်ဘုရားတို့ အပတ်စဉ်တိုင်း မေတ္တသုတ်တော်ကို ဆွေးနွေးနေတာ တပည့်တော် သတိပြုမိပါတယ် ဘုရား။ အဲဒီအခါ မေတ္တသုတ်တော်ရဲ့ လေးနက်မှုကို သိလာရပါတယ်။ ဒီတော့ ရွတ်ဆိုရတာလည်း ပိုပြီး တွေးဆမိပါတယ်။ ပိုပြီး ထိရောက်ပါတယ် ဘုရား။ ကိုယ်ကိုယ်တိုင်လည်း အဲဒီ အင်္ဂါရပ်တွေနဲ့အညီ နေထိုင်နိုင်ဖို့ အမြဲကျင့်ကြံကြိုးစားနေမိပါတယ် ဘုရား"

"သာဓုခေါ်ပါတယ် ဒကာမကြီး၊ ပညာရှိ သူတော်ကောင်းများဟာ သူတစ်ဖက်သားအပေါ်မှာ လိုအပ်မှသာ ပြစ်တင်ကဲ့ရဲ့ခြင်းအမှုကို ပြုကြတယ်။ ပညာရှိတို့ဟာ ချီးမွမ်းထိုက်သူကို ချီးမွမ်းကြသလို ကဲ့ရဲ့ထိုက်သူကိုလည်း ကဲ့ရဲ့ကြတယ်။ ပညာရှိတို့ဟာ ကုသိုလ်အမှုကို ချီးမွမ်းကြပြီး အကုသိုလ်

ဒုစရိုက်မှုကို ကဲ့ရဲ့လေ့ရှိကြတယ်။ အများအတွက်လည်း အကျိုးလည်းမရှိ၊ အများအတွက်လည်း အနှစ်သာရလည်း မရှိတဲ့ ဒုစရိုက်မှုမျိုးကို အနည်းငယ်မျှပင် ဖြစ်စေကာမူ မပြုလုပ်ခြင်းဟာ မေတ္တာကြီးမားသူတို့ရဲ့ ဓလေ့စရိုက်ပဲ''

''တပည့်တော်ကို ဒီနေ့ခေတ်နဲ့အညီ ပေါ်လွင်အောင် ရှင်းပြပေးပါလား ဘုရား''

''ရိုးရိုးလေး ပြောကြည့်ရအောင်၊ လမ်းထိပ်က အကြော်ရောင်းတဲ့ ဒေါ်အုန်း၊ သူဟာ သူ့မိသားစုအတွက် မှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်းမှုကို ပြုတယ်။ လိမ်လည်ပြီး မပြောဆိုဘူး။ ဝီရိယရှိရှိ သူ့ရဲ့အလုပ်ကို သူလုပ်တယ်။ ဆွမ်းခံကြွတဲ့ ကိုရင်လေးတွေကအစ ဦးဇင်းတွေအဆုံး အားလုံးကို နံနက်တိုင်း ဆွမ်းလောင်းလှူတယ်။ ရပ်ကျိုးရွာကျိုးကို ဆောင်ရွက်တယ်။ အခက်အခဲရှိတဲ့ လူတွေကို သူ တတ်နိုင်သလောက် ကူညီတယ်။ ဒါပေမဲ့ သူဟာ တဲစုတ်နဲ့ နေရတယ်။ ဝင်ငွေ လောက်လောက်လားလား မရှိဘူး။ သာမန်လူတွေရဲ့ အမြင်မှာတော့ ဒေါ်အုန်းဟာ လူဆင်းရဲတစ်ယောက်ပဲ''

လမ်းထိပ်က ဒေါ်အုန်းတို့၏ မိသားစုအကြောင်းကို ကျွန်တော် ကောင်းကောင်းသိပါသည်။ ဒေါ်အုန်းက မုဆိုးမ။ သားအကြီးကောင်က ဆိုင်ကယ်တက္ကစီ ဆွဲသည်။ သမီးအလတ်မက မုန့်ဟင်းခါး ရောင်းသည်။ အငယ်ဆုံးသမီးက တက္ကသိုလ်တက်နေသည်။ အလွန်ရိုးသားပြီး အလွန်ကူညီတတ်သော မိသားစု ဖြစ်သည်။ တစ်ရပ်ကွက်လုံးက သူတို့မိသားစုကို ချစ်ကြသည်။ ခင်ကြသည်။

''ဒီလိုပဲ... ဦးဇင်း ဆွမ်းခံကြွတဲ့ ရပ်ကွက်တစ်ခုက အငြိမ်းစား သူဌေးကြီး ဆိုတဲ့ လူကြီးမင်းတစ်ယောက်။ ဘုံဆွမ်းလောင်းအသင်းမှာ နာယကနေရာကို ယူထားပြီး ဘာအလုပ်မှ တာဝန်မယူဘူး။ သူ့ရဲ့ အလုပ်အကိုင်က ငွေတိုးချေးစားတယ်တဲ့။ မြေအပေါင်ခံတယ်။ အိမ်အပေါင် ခံတယ်။ နေ့စဉ် ဆွမ်းလောင်းလှူတာ မရှိဘူး။ ရပ်ကျိုးရွာကျိုးကိုလည်း မဆောင်ရွက်ဘူး။ တစ်ရပ်ကွက်လုံးကလည်း အဲဒီ အငြိမ်းစား သူဌေးကြီးကို မချစ်သော်လည်း အောင့်ကာနမ်း၊ ဟန်ဆောင်ပြီး ပေါင်းသင်းနေကြရတယ်။ သာမန်မျက်စိနဲ့ ကြည့်ရင်တော့ သူဌေးမင်းကြီးပေါ့။ ဉာဏ်မျက်စိနဲ့ ကြည့်ရင် 'မေတ္တာ အလွန်ဆင်းရဲတဲ့လူကြီး'ပဲ''

ယနေ့ခေတ်ကြီးသည် တကယ့် ကပြောင်းကပြန် ခေတ်ကြီး။ ဒါ့ကြောင့် ဦးပဥ္စင်းကို ကျွန်တော်က ဤသို့ လျှောက်ထားမိပါသည်။

"အရှင်ဘုရားရယ်... ဒီနေ့ တပည့်တော်တို့ လူမှုဝန်းကျင်မှာ 'လိမ်နိုင်... သမာဓိ'၊ 'ညာနိုင်... သစ္စာ' ဆိုတဲ့ ခေတ်ကြီးပါ ဘုရား။ ဒီလိုပါပဲ 'ဒေါသကြီးမှ... လူရာဝင်'၊ 'အတ္တကြီးမှ... လူကြည်ညို'တဲ့ ခေတ်ကြီးပါ ဘုရား။ 'မှန်တာပြော... မော'၊ 'ဟုတ်တာလုပ်...ပြုတ်' ဆိုတဲ့ ခေတ်ကြီးပါ ဘုရား"

"မှန်တယ် ဒကာကြီး၊ ဒါပေမဲ့..."

ဦးပဥ္စင်း သူ့စကားကို ရပ်တန့်လိုက်ပြီးနောက် ကျွန်တော်တို့ဇနီးမောင်နှံကို အကဲခတ်လိုက်ပါသည်။

"ဒကာကြီး၊ လူတွေရဲ့ မျက်ရည်ကို လမ်းခင်းပြီးမှ ဘဝကို တည်ဆောက်နေတဲ့ သူတွေ၊ လူတွေရဲ့ဒုက္ခကို ကိုယ့်ခြေထောက်နဲ့ နင်းခြေပြီးမှ ကိုယ့်အိမ်မက်ကို အကောင်အထည်ဖော်နေတဲ့သူတွေ၊ အများမိသားစုတွေရဲ့ ဘဝကို ဖျက်ဆီးပြီးမှ ကိုယ့်မိသားစုဘဝကို ဖန်တီးနေတဲ့သူတွေ။ သူတို့ဟာ အကုသိုလ်ကို ကုသိုလ်ထင်မှတ်၊ အတ္တကို အနတ္တ ထင်မှတ်၊ ဒုက္ခကို သုခ ထင်မှတ်၊ အဓမ္မကို ဓမ္မလို့ ထင်မှတ်၊ အလင်းနဲ့ အမှောင်ကို ခွဲခြားမသိတဲ့ ပုဂ္ဂိုလ်တွေ။ သူတို့ကို ပညာရှိ သူတော်ကောင်းများက မချီးမွမ်းဘူး။ တကယ့် သုခချမ်းသာအစစ် ဆိုတာ ကိုယ့်နှလုံးအိမ်ထဲမှာ ရှိတဲ့ 'အကြည်ဓာတ်'ပမာဏ အနည်းအများပဲ"

"မှန်ပါ့ဘုရား... ဒါပေမဲ့ သူတို့မှာ သုံးမကုန်၊ ဖြုန်းမကုန်အောင် ငွေကြေး၊ ဥစ္စာ၊ ဓန ဆိုတာ အလျှံအပယ်ပါပဲ ဘုရား"

"ဒကာကြီးရယ်၊ 'လင်းတတစ်ထောင်' ဝန်းရံခြင်း ခံနေရတဲ့ အကောင်ဟာ ဘာကောင်လဲ"

ကျွန်တော်လည်း ချက်ချင်း မဖြေနိုင်ပါ။

"ကဲ- ဒကာမကြီး၊ 'လင်းတတစ်ထောင်' ဝန်းရံခစားနေရတဲ့ အကောင်ဟာ ဘာကောင်ဖြစ်မလဲ"

ကျွန်တော်၏ အိမ်ရှင်မသည်လည်း မဖြေနိုင်ပါ။

"မှတ်ထား ဒကာကြီး၊ ဘာမှ မဟုတ်တဲ့လူတွေ ချီးကျူးခံနေရတဲ့

သူဟာ ဘာမှမဟုတ်တဲ့ သူပဲ။ 'လင်းတတစ်ထောင်' ဝန်းရံခစားခြင်း ခံရတဲ့ အကောင်ဟာ 'အပုပ်ကောင်'ပေါ့ ဒကာကြီးရဲ့"

ဦးပဋ္ဌင်း၏ စကားက အတွေးများ ပါလာပါသည်။

"သူတော်ကောင်းများဟာ မေတ္တာအင်အားကြီးမားသူကို ချီးမွမ်းကြတယ်၊ နှစ်သက်ကြတယ်။ လူ့ဘဝမှာ သာမန်လူတွေ ချီးကျူးတာ၊ သာမန်လူတွေ ကဲ့ရဲ့တာ ဘာမှ မဆန်းကြယ်ဘူး။ အသိဉာဏ်နည်းသူဟာ သူ့ရဲ့ နုန့်နဲ့တဲ့ အသိဉာဏ် သေးသေးလေးနဲ့ ချီးကျူးတတ်တယ်။ ကဲ့ရဲ့တတ်တယ်။ ဒါပေမဲ့ ပညာရှိသူတော်ကောင်းများ ကဲ့ရဲ့ရင်တော့ သတိပြုကြရမယ်။ ဆင်ခြင်ကြရမယ်။ ပြင်ဆင်ကြရမယ်"

"မှန်ပါ့ဘုရား"

"ဆရာတော်ဦးဖုမ်ိ စကားနဲ့ ပြောရရင် ဘယ်သူတွေ ကဲ့ရဲ့... ကဲ့ရဲ့၊ ဘုရား မကဲ့ရဲ့အောင် နေ။ ဟုတ်ပလား"

"မှတ်သားထားပါ့မယ် ဘုရား"

"ပန်းနှစ်မျိုးရှိတယ်၊ ဘုရားပန်းနဲ့ ငရဲပန်း"

"တင်ပါ့ဘုရား"

"ဘုရားပန်း ဆိုတာ ပညာရှိသူတော်ကောင်းများ ချီးမွမ်းခံရတဲ့သူ၊ တစ်နည်းပြောရရင် ပညာမဲ့ သူယုတ်မာတွေ မုန်းတီးခြင်း ခံရတဲ့သူ။ ပေါ်လွင်အောင် ပြောရရင် ဘုရားက ချစ်တဲ့သူ၊ ဒေဝဒတ်က မုန်းတီးခြင်း ခံရတဲ့သူ"

"တင်ပါ့ဘုရား"

"ဘုရားပန်း ဆိုတာ အမြဲတမ်း အမြင့်တစ်နေရာရှိနေတဲ့ ပန်း"

"ဟုတ်ပါတယ် ဘုရား"

"ငရဲပန်း ဆိုတာ သူယုတ်မာအချင်းချင်း ချီးမွမ်းခံရတဲ့သူ၊ တစ်နည်းပြောရရင် ပညာရှိသူတော်ကောင်းများ ကဲ့ရဲ့ခံရတဲ့သူ။ ပေါ်လွင်အောင် ပြောရရင် ဘုရားက မနှစ်သက်တဲ့သူ။ ဒေဝဒတ်ရဲ့ အချစ်ခံရတဲ့သူပေါ့"

"တင်ပါ့ဘုရား"

"ငရဲပန်း ဆိုတာ အမြဲတမ်း အနိမ့်ဆုံး တစ်နေရာရှိနေတဲ့ ပန်း"

"မှန်လိုက်တာ ဘုရား"

"အမြင့်မှာရှိတဲ့ပန်းကို အမြင့်မှာရှိတဲ့ သူတွေကပဲ လှမ်းနိုင်တယ်

ဆွတ်ယူနိုင်တယ်၊ ပန်ဆင်နိုင်တယ်။ အနိမ့်မှာရှိတဲ့ ငရဲပန်းကိုတော့ အနိမ့်ဆုံးက လူတွေပဲ ဆွတ်ယူကြတယ်၊ ပန်ဆင်ကြတယ်။ အနိမ့်မှာရှိတဲ့ပန်း ဆိုတော့ ခြေထောက်နဲ့ နင်းခြေခြင်းကို ခံကြရတာပေါ့"

"တင်ပါ့ဘုရား"

"အမ္ဘကိစ္စ၊ အဝဝမှာ၊ သေးငယ်စွာပင်၊ ဖြစ်ပါလျှင်လည်း၊ ပညာရှင်တို့၊ နှစ်မြို့ကင်းမဲ့၊ ကဲ့ရဲ့ဖွေရှာ၊ မဖြစ်ပါမှ၊ လုံးဝအရှင်း၊ ပြစ်မှုကင်းမှ၊ ကြီးပွားရ၊ မုချအမှန်သာ… လို့ 'နစခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူပရေ ဥပဝဒေယျုံ'ကို အလင်္ကာနဲ့ ဖွင့်ဆိုကြတယ်"

"မှတ်သားထားပါ့မယ် ဘုရား"

"ကိုယ်တိုင်က စွမ်းဆောင်နိုင်သူ မဟုတ်ပါဘဲ စွမ်းသယောင်ဟန်ဆောင်နေတဲ့သူ၊ ဒီလိုပဲ မရိုးသားတဲ့သူ၊ ဖြောင့်မတ်ခြင်း မရှိတဲ့သူ၊ သူများကိုတော့ အပြစ်တွေ ပေးပြီး ကိုယ့်ကိုတော့ နည်းနည်းလေးမှ အဝေဖန်မခံနိုင်တဲ့သူ၊ နှုတ်ကြမ်းသူ၊ မာနကြီးသူ၊ ရောင့်ရဲတင်းတိမ်မှု မရှိသူ၊ လူတကာကို အပူရှာတဲ့သူ၊ ကိုယ့်ဖို့သာ အမြဲကြည့်တတ်သူ၊ ဟန်ဆောင်တတ်သူ၊ ကိုယ့်စိတ်ကို အလိုလိုက်တဲ့သူ၊ နေရာတိုင်းမှာ ဉာဏ်မသွင်းဘဲ ဆုံးဖြတ်တတ်သူ၊ သိမ်မွေ့ခြင်း မရှိသူ၊ ပုဂ္ဂိုလ်စွဲကြီးသူများဟာ သူတော်ကောင်းတွေရဲ့ အကဲ့ရဲ့ကို ခံကြရတဲ့သူတွေပဲ"

"တင်ပါ့ဘုရား"

"အဲဒါနဲ့ ဆန့်ကျင်ဘက်။ အရာရာကို စွမ်းဆောင်နိုင်ပြီး ကိုယ့်တာဝန်ကို ကိုယ်ယူ၊ ကိုယ့်တာဝန်ကို ကိုယ်ခံတဲ့သူ။ ပြီးတော့ ရိုးသားတဲ့သူ၊ အထူးရိုးဖြောင့်တဲ့သူ၊ အပြုံးမပျက် အဝေဖန်ခံနိုင်တဲ့သူ၊ စကားပြောဆိုရာမှာ နူးညံ့သိမ်မွေ့တဲ့သူ၊ ထောင်လွှားမှု မာနကင်းသူ၊ ရောင့်ရဲတင်းတိမ်တတ်သူ၊ သူတကာကို အပူမရှာတဲ့သူ၊ ကိုယ့်အရေးထက် အများအရေးကို ဦးစားပေးတတ်သူ၊ ဟန်မဆောင်တဲ့သူ၊ မိမိစိတ်ကို ကောင်းစွာ ထိန်းကျောင်းတဲ့သူ၊ နေရာတိုင်းမှာ ဉာဏ်နဲ့ယှဉ်ပြီး အလုပ်လုပ်တတ်တဲ့သူ၊ ကိုယ် နှုတ် နှလုံး သုံးပါး အစဉ်သိမ်မွေ့တဲ့သူ၊ အများနဲ့ယှဉ်လာရင် ပုဂ္ဂိုလ်စွဲကင်းတဲ့သူ။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို သူတော်ကောင်းများက ချီးမွမ်းကြတယ်၊ ချစ်ခင်ကြတယ်။ သူတော်ကောင်းများ ချစ်ခင်ချီးမွမ်းခြင်း ခံရတဲ့သူဟာ မေတ္တာပြည့်ဝနေသူတွေပဲ။ မေတ္တာပြည့်ဝ၊


နှလုံးလှနေသူတွေကိုသာ သူတော်ကောင်း၊ သူတော်မြတ်များက ချီးမွမ်းကြတယ်"

"မှတ်သားထားပါ့မယ် ဘုရား"

"ကဲ... ဒီတော့၊ မိမိဟာ 'လင်းတတစ်ထောင်' ဝန်းရံခံနေရတဲ့ 'အပုပ်ကောင်'လား၊ မိမိဟာ 'ကျေးငှက်သာရကာ'တို့ ချစ်ခင်ဝန်းရံခြင်း ခံနေရတဲ့ 'တောရဲ့အရှင်သခင် ဥဒေါင်းမင်း'လား။ ကိုယ့်ကိုယ်ကိုယ် စဉ်းစား။ အများအတွက်လည်း အကျိုးလည်းမရှိ၊ အနှစ်သာရလည်း မရှိတဲ့ ဒုစရိုက်မှုမျိုးကို အနည်းငယ်မျှပင် ဖြစ်စေကာမူ မပြုလုပ်ခြင်းဟာ မေတ္တာကြီးမားသူတို့ရဲ့ ခလေ့စရိုက်ပဲ။ ဒီတော့... ပညာရှိသူတော်ကောင်းများ အကဲ့အရဲ့ လွတ်အောင် နေထိုင်ခြင်းသည် လောကအပေါ် စောင့်ရှောက်ခြင်း၊ မေတ္တာထားခြင်းပဲ ဒကာကြီး။ နောက်တစ်ပတ်မှ ပြန်ဆုံကြမယ်နော်"

♠♠♠

ကာရက်ကီယံ… နံနက်ခင်း




**ကာရက်ကီယံ** – လက်တွေ့ပြကျင့်ကြပါ။

♠ အမျက်ဒေါသကို အမျက်ဒေါသနဲ့ တုံ့ပြန်နေရုံနဲ့ မငြိမ်းချမ်းဘူး။
စစ်မက်တို့ရဲ့ အခြေခံစိတ်ဟာ ဒေါသ. . .။
ဒီလိုပဲ ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်း၊
အနိုင်ကျင့်ခြင်း၊ ဗိုလ်ကျခြင်းများဟာ
ဒေါသစိတ်ကြောင့် ဖြစ်လာတဲ့
မေတ္တာမဲ့စရိုက်လက္ခဏာတွေပဲ။

## ကရဏီယံ ··· နံနက်ခင်း

"မေတ္တာပွားများခြင်းကြောင့် ရလာတဲ့ အကျိုးတရားတွေက အများကြီးပဲ ဒကာကြီး"

ကြာသပတေးနေ့ နံနက်တွင် ဦးပဥ္စင်းက 'မေတ္တသုတ်တော်' ကို ဆက်ပြီး ရှင်းပြပါသည်။

"ဘုရားရှင်လက်ထက်တော်တုန်းက ကမ္မဋ္ဌာန်းတရား ပွားများကြကုန်သော ရဟန်းငါးရာကို အကြောင်းပြုပြီး မေတ္တသုတ်တော်ကို ဟောကြားတော်မူခဲ့တာ။ ဘုရားရှင်ရဲ့ မေတ္တသုတ်တော်ကို ကြားနာပြီးတဲ့နောက် အဲဒီရဟန်းငါးရာဟာ မေတ္တာဘာဝနာကို ပွားများအားထုတ်ကြတဲ့အတွက် နတ်များရဲ့ ချစ်ခင်စောင့်ရှောက်မှုကို ရရှိတော်မူခဲ့တယ်။ ဝါကျွတ်တဲ့အချိန်မှာ ထိုရဟန်းငါးရာတို့ဟာ ရဟန္တာအဖြစ်ကို ရောက်တော်မူသတဲ့။ မေတ္တာဘာဝနာကို ပွားများအားထုတ်ခြင်းဖြင့် အကျိုး (၁၁)ပါးကို ရရှိစေနိုင်တယ်"

"သိပါရစေ ဘုရား"

"မေတ္တာဂုဏ်ရည်၊ ဆယ့်တစ်လီကား၊ အညီသတ္တဝါ၊ မလပ်ပါအောင်၊ ခါခါနေ့စဉ်၊ မေတ္တာယှဉ်မူ၊ ကြည်လင်အိပ်ပျော်၊ ထချိန်တော်၍၊ နိုးသော်ရွှင်ရွှင်၊ အိပ်မက်မြင်လည်း၊ အစဉ်ကောင်းစွာ၊ မြင်မက်ရာ၏။ ပြည်ရွာလူသား၊ နတ်အများလည်း၊ မြင်ကြားရသမျှ၊ ချစ်ခင်ကြသဖြင့်၊ ဒေဝတွေတွေ၊ စောင့်ရှောက်လေ၏။ မီးရေခိုးသူ၊ များရန်သူလည်း၊ မယူမဖျက်၊ မနှောင့်ယှက်တည်း။ စိတ်စက်လည်းတည်၊ မျက်နှာကြည်၍၊ သေမည်ခါချဉ်း၊ တွေဝေကင်း၏။ မှန်း၍မမွ၊ မဂ်မရလည်း၊ ဗျာန်ရလေလစ်၊ ဗြဟ္မာဖြစ်သည်··· ဆယ့်တစ် မေတ္တာအကျိုးတည်း··· တဲ့။ ဒါကြောင့် ကိုယ်ရောစိတ်ပါ ကျန်းကျန်းမာမာနဲ့ မိမိအကျိုး၊ လောကအကျိုး နှစ်ဖြာသော အကျိုးကို ထိရောက်စွာ ဆောင်ရွက်

နိုင်စေတယ်၊ ဒါဟာ မေတ္တာရဲ့အကျိုး၊ မေတ္တာရဲ့တန်ခိုးပဲ"

"မှန်ပါ့ဘုရား"

"မေတ္တာပို့သသူတို့ ထားရှိရမယ့် သဘောထား '**မာတာ ယထာ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တမနုရက္ခေ။ ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ**'..."

"မြန်မာလို ဘယ်လို အဓိပ္ပာယ်ရသလဲ ဘုရား"

" 'မိခင်သည် ရင်၌ဖြစ်သော တစ်ဦးတည်းသော သားကို အသက်ရှင်စေရန် စောင့်ရှောက်သကဲ့သို့ ဤအတူပင်... ခပ်သိမ်းသော သတ္တဝါတို့၌ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏' လို့ အဓိပ္ပာယ်ရတယ် ဒကာကြီး။ ဒီတော့ မေတ္တာ ပွားများတယ် ဆိုတာ ပါးစပ်ကနေ အလွယ်တကူ ရွတ်ဆိုနေခြင်းမျိုး မဟုတ်ဘူး။ မိမိရဲ့ စိတ်သန္တာန်မှာ တကယ့်ကို မေတ္တာစိတ်တွေ ထုံမွှမ်းနေမှ ပို့သလို့ရတဲ့ စိတ်သဘာဝမျိုး"

"ဆက်ပြီး ရှင်းပြတော်မူပါဦး ဘုရား"

"ရင်၌ဖြစ်သော တစ်ဦးတည်းသော သားငယ်အပေါ်မှာ ထားရှိတဲ့ မိခင်လို မေတ္တာမျိုး၊ စိတ်ထားမျိုး။ အဲဒီလို မေတ္တာစိတ်မျိုးဟာ အလွန် အကျိုးများတယ်။ အခုတော့ ဦးဇင်းတို့ နယ်ပယ်မှာ အသံနေအသံထားနဲ့ မေတ္တာပို့နေကြတာ၊ လူကြားကောင်းအောင် 'မေတ္တသုတ်တော်' ကို ရွတ်ဆို နေကြတာ၊ ကြေးစည်ကို မူးနေအောင် တီးပြီး အမျှအတန်း ပေးဝေနေကြတာ။ မိမိ စိတ်ထဲမှာက အာဃာတမီးတွေ၊ ဗျာပါဒမီးတွေ၊ မာန်မာနမီးတွေ၊ မောဟ မီးတွေ၊ လောဘမီးတွေ၊ ဒေါသမီးတွေနဲ့။ မိမိရင်ထဲမှာ အပူဆိုတဲ့ မီးတောက်တွေကို အရင်မငြိမ်းသတ်ဘဲ မေတ္တာပို့နေကြတာတွေကို နေ့စဉ် မြင်တွေ့ ကြားသိနေရတယ်။ မိခင်လို မေတ္တာစိတ်မျိုး မရှိဘဲ မေတ္တာပို့သနေသူ တွေက လူ့လောကမှာ အများကြီးပါ ဒကာကြီးရယ်"

"မှန်ပါတယ် ဘုရား"

"တကယ်တော့ မေတ္တာပို့သခြင်း မပြုမီ ဦးစွာပြုကျင့်အပ်တဲ့ ကျင့်စဉ် အင်္ဂါ (၁၅)ချက်နဲ့ ပြည့်စုံရဦးမယ်လေ။ ဒကာကြီး မှတ်မိရဲ့ မဟုတ်လား"

"မှတ်မိပါတယ် ဘုရား"

"အနှစ်ချုပ် ပြန်ပြောစမ်းပါဦး"

"(၁) **သက္ကော**-စွမ်းနိုင်သူ ဖြစ်ရမယ်။ စွမ်းနိုင်သူ ဖြစ်ရမယ် ဆိုတာ ယုံကြည်ချက် ခိုင်မာသူ၊ ကျန်းမာသူ၊ မပျင်းရိသူ၊ ကြိုးစားသူ၊ ဉာဏ်ရှိသူ"

"ဟုတ်ပြီ... ဆက်ပြောပါဦး"

"(၂) **ဥဇု**-ဖြောင့်မတ်သူ။ ဖြောင့်မတ်သူဆိုတာ ကိုယ်၊ နှုတ်၊ ဖြောင့်မတ်ခြင်းကို ဆိုလိုတယ်။ ပြောသလို လုပ်တယ်၊ လုပ်သလို ပြောတယ်"

"ဟုတ်ပြီ... ဒကာကြီး"

"(၃) **သုဟုဇူ**-အလွန်ဖြောင့်မတ်သူ။ အလွန်ဖြောင့်မတ်သူ ဆိုတာ ကိုယ်၊ နှုတ်၊ စိတ်၊ ဖြောင့်မတ်ခြင်းကို ဆိုလိုတယ်။ စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောတယ်၊ စိတ်ထဲမှာ ရှိတဲ့အတိုင်း လုပ်တယ်"

"ဟုတ်ပါပြီ ဒကာကြီး... ဆက်စမ်းပါဦး"

"(၄) **သုဝစော**-ဆိုဆုံးမလွယ်သူ၊ အဝေဖန်ခံနိုင်သူ။ (၅) **မုဒု**-ခက်ထန်ကြမ်းတမ်းခြင်း မရှိသူ၊ နူးညံ့သူ၊ ညွတ်ပျောင်းလွယ်သူ။ (၆) **အနတိမာနီ**-လွန်ကဲတက်ကြွသော မာန်မာန မရှိသူ၊ ထောင်လွှားမှုကို ပယ်သတ်နိုင်သူ"

"ကဲ... ဟုတ်ပြီ၊ (၇) သန္တုဿကော... ဘာလဲ"

"**သန္တုဿကော**-ရောင့်ရဲလွယ်သူ၊ တင်းတိမ်လွယ်သူ။ (၈) **သုဘရော**-သူတကာအပေါ်မှာ အပူမရှာဘဲ ရသမျှနဲ့ ကိုယ့်အသက်ကို ရှင်သန်အောင် မွေးမြူသူ..."

"ဟုတ်လှချေလား ဒကာကြီးရဲ့၊ ဆက်စမ်းပါဦး"

"(၉) **အပ္ပကိစ္စော**-အမှုကိစ္စ နည်းပါးသူ၊ ကိုယ့်အလုပ်ကို ကိုယ်လုပ်သူ၊ သူများအလုပ်ကို ဝင်မရှုပ်သူ။ (၁၀) **သလ္လဟုကဝုတ္တိ**- ဝန်ကျဉ်း ပေါ့ပါးတဲ့ အဖြစ်ရှိသူ၊ ဟန်မထုတ်တဲ့သူ၊ ဟန်မဆောင်တဲ့သူ။ ပြီးတော့..."

"မေ့နေပြီလား ဒကာကြီး၊ (၁၁) က သန္တိန္ဒြိယော"

"ဟုတ်ပါတယ် ဘုရား။ (၁၁) **သန္တိန္ဒြိယော**-မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။ အာရုံ (၆)ပါး အပေါ်မှာ ဣန္ဒြေရှိသူ၊ မိမိ စိတ်ကို ကောင်းစွာထိန်းကျောင်းသူ။ (၁၂) နိပကော..."

"နိပကောက ဘာလဲ ဒကာကြီး"

"**နိပကော**-ရင့်ကျက်သော ပညာရှိသူ၊ နေရာတိုင်းမှာ ဉာဏ်နဲ့[illegible]

(၁၃) **အပ္ပဂဗ္ဘော**-အစဉ်သိမ်မွေ့သူ၊ ကြမ်းတမ်းရိုင်းပျမှု မရှိသူ။ (၁၄) **ကုလေသု အနနုဂိဒ္ဓေါ**-လူတို့၌ တွယ်တာမှုကင်းသူ၊ ပုဂ္ဂိုလ်စွဲကင်းသူ၊ (၁၅) ...”

“နစခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူပရေ ဥပဝဒေယျုံ...”

“ဟုတ်ပါတယ် ဘုရား၊ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲနိုင်မယ့် ဒုစရိုက်မှုမျိုးကို အနည်းငယ်မျှ မပြုကျင့်သူ၊ တစ်နည်းပြောရရင် သူတော်ကောင်းများ မကဲ့ရဲ့အောင် နေထိုင်သူ”

“ဒကာကြီးက မှတ်မိသားပဲ”

“မှတ်မိပါတယ် ဘုရား”

“မှတ်မိရုံနဲ့တင် မဖြစ်ဘူးနော်။ ဦးစွာ ပြုကျင့်ရမယ့် အဲဒီ (၁၅)ချက်ကို လုပ်ဆောင်ရဦးမယ်၊ ကျင့်ဆောင်ရဦးမယ်။ ဒါ့ကြောင့် ‘မေတ္တသုတ်တော်’မှာ ‘**ကရဏီယံ**-အကြင်ပြုကျင့်ရမည့် သိက္ခာသုံးရပ်သည် ရှိ၏’ ဟု ပါရှိတာပေါ့။ အခုတော့ မစွမ်းတဲ့သူတွေက မေတ္တာထားကြ။ မရိုးသားတဲ့၊ မရိုးဖြောင့်တဲ့ လူတွေက မေတ္တာပို့ကြ။ ဆိုဆုံးမ ခက်သူတွေ၊ ဝေဖန်မခံနိုင်သူတွေက မေတ္တာ ရှိတယ်လို့ ပြောနေကြ”

“မှန်လိုက်တာ ဘုရား”

“ခက်ထန်ကြမ်းတမ်းတဲ့သူတွေ၊ လွန်ကဲတက်ကြွတဲ့ မာနရှိသူတွေက မေတ္တာထားပါတယ်လို့ ဆိုနေကြ။ ရောင့်ရဲတင်းတိမ်မှု မရှိသူတွေ၊ သူတကာကို အပူရှာနေတဲ့သူတွေ၊ အထုပ်ကို ကြီးသထက်ကြီးအောင် ကြိုးစားနေတဲ့သူတွေက မေတ္တသုတ်တော်ကို အကြိမ်ကြိမ်ရွတ်ဆိုနေကြ”

“ဟုတ်ပါတယ် ဘုရား”

“ဟန်ဆောင်ကောင်းသူတွေ၊ ကိုယ့်စိတ်ကိုတောင်မှ ကောင်းစွာ ထိန်းကျောင်းခြင်း မရှိနိုင်တဲ့သူတွေ၊ နေရာတိုင်းမှာ ဉာဏ်နဲ့ ယှဉ်ပြီး မစဉ်းစားတတ်တဲ့ သူတွေက မေတ္တာတွေ ထားနေကြတယ် ဆိုတော့ အခက်သားလား ဒကာကြီး”

“မှန်လိုက်တာ ဘုရား”

“စိတ်၊ နှုတ်၊ ကိုယ် သုံးပါးစလုံး ကြမ်းတမ်းရိုင်းစိုင်းနေသူတွေက မေတ္တာရှင်ကြီးတွေလို့ ကြွေးကြော်နေကြတယ်။ ဒီလိုပဲ လူတစ်ယောက်၊

လူတစ်စုရဲ့ ကျေးဇူးတရားကို ရှေ့တန်းတင်ပြီး လူအများရဲ့ ဘဝတွေကို ပစ်ပယ်နေကြတဲ့ ပုဂ္ဂိုလ်ကြီးများက မေတ္တာပိုင်ရှင်ကြီးတွေ လုပ်လိုလုပ်...''

''ဟုတ်လိုက်တာ ဘုရား''

''သူတော်ကောင်းများရဲ့ ကဲ့ရဲ့ခြင်းခံနေရတဲ့သူတွေက မျက်နှာပြောင်တိုက်ပြီး ကြေးစည်တီး... အမျှပေးဝေ...''

''မှန်ပါတယ် ဘုရား''

''သဘ္တော... အစရှိတဲ့... ဦးစွာ ပြုကျင့်အပ်တဲ့ (၁၅) ချက်မပြည့်စုံဘဲ မေတ္တာပို့သလို့ မစွမ်းနိုင်ဘူး ဒကာကြီး။ စွမ်းဆောင်နိုင်မှ မေတ္တာပို့သလို့ ရမယ်။ ရိုးသားခြင်း၊ ရိုးဖြောင့်ခြင်းဟာ မေတ္တာထားခြင်းပဲ။ ဆိုဆုံးမလွယ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မာနကင်းခြင်း၊ ရောင့်ရဲတင်းတိမ်လွယ်ခြင်းဆိုတာလည်း မေတ္တာရဲ့ သဘောတွေပဲ''

''ဟုတ်ပါတယ် ဘုရား''

''ကိုယ့်ကြောင့် သူတစ်ပါးမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်မှာကို မဖြစ်စေချင်တဲ့စိတ်၊ ကိုယ့်အလုပ်ကိုယ် စိတ်ဝင်တစားနဲ့ လုပ်ဆောင်ပြီး ကိုယ့်ကိုယ်ကိုယ်စောင့်ရှောက်ခြင်းဟာလည်း မေတ္တာရဲ့အနှစ်သာရပဲ။ နေရာတိုင်းမှာ အသိဉာဏ်နဲ့ ယှဉ်ပြီး အလုပ်ကို လုပ်၊ သိမ်မွေ့ညင်သာစွာနဲ့ ပုဂ္ဂိုလ်စွဲ ကင်းခြင်းဟာလည်း မေတ္တာရဲ့ သဘာဝတွေပါပဲ''

''မှန်ပါတယ် ဘုရား''

''သူတော်ကောင်းများဟာ မေတ္တာကြီးသူတွေကို နှစ်သက်ကြတယ်၊ မြတ်နိုးကြတယ်။ သူတော်ကောင်းများ အကဲ့အရဲ့ လွတ်အောင် နေထိုင်ခြင်းဟာမေတ္တာဖြင့် နေထိုင်ခြင်းပဲ ဒကာကြီး''

''တပည့်တော် သဘောပေါက်နေပါပြီ ဘုရား''

''ဦးစွာပြုကျင့်အပ်တဲ့ အဲဒီ (၁၅)ချက်နဲ့ ပြည့်စုံသူသာ မေတ္တာပို့သတဲ့အခါ စူးရှတဲ့မေတ္တာကို ဖြစ်စေတယ်။ ထက်မြက်တဲ့ မေတ္တာကို သက်ရောက်စေတယ်။ အဲဒီ(၁၅)ချက်နဲ့ မပြည့်စုံဘဲ မေတ္တာပို့သနေကြခြင်းဟာ ကျောက်ဆူးကို မဖြုတ်ဘဲ လှေကို လှော်နေတဲ့ ပုဂ္ဂိုလ်သာ ဖြစ်တယ်''

''မှန်ပါတယ် ဘုရား၊ ဦးစွာပြုကျင့်အပ်တဲ့ (၁၅)ချက် မပါဘဲ အရပ်ဆယ်မျက်နှာကို မေတ္တာပို့သနေသူများဟာ အင်ဂျင်မဲ့ မော်တော်ကားတွေပေါ်က

ခရီးသွားနေကြတဲ့ ပုဂ္ဂိုလ်များနဲ့ တူပါတယ်ဘုရား။ ဘယ်လိုမှ ခရီးမရောက်နိုင်ပါဘူး"

"ဒါကြောင့် ပါးစပ်ဖျားလေးနဲ့ အလွယ်တကူ မေတ္တာပို့သနေကြပြီး ကျေနပ်မနေသင့်ကြဘူး ဒကာကြီး"

"ဟုတ်ပါတယ် ဘုရား၊ မေတ္တာဆိုတာ သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို လိုလားသောစိတ်၊ ချစ်ခင်သောစိတ်၊ အဒေါသစိတ်လို့ တပည့်တော်နားလည်ပါတယ် ဘုရား"

"ဟုတ်တယ်၊ မေတ္တာစိတ်ဟာ ရန်ငြိုးကို ပြေပျောက်စေတယ်။ မေတ္တာစိတ်ဟာ ဒေါသရဲ့ ဆန့်ကျင်ဘက် အဒေါသစိတ် ဖြစ်တယ်။ ဒေါသစိတ်မှာ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်းတွေ ပါတယ်။ ရန်ငြိုးဖွဲ့ခြင်း အမျက်သိုခြင်းတွေ ပါတယ်။ သူတစ်ပါး အကျိုးစီးပွား ပျက်စီးလိုစိတ်တွေ ပါတယ်။ အရပ်ထဲမှာတော့ ဒေါသကို စိတ်ဆိုးတယ်လို့ သုံးကြတယ်။ စိတ်ဆိုးတယ် ဆိုမှတော့ စိတ်ကောင်းတွေ ပျက်စီးကုန်ပြီပေါ့။ ဒါ့ကြောင့် ဒေါသဟာ ကိုယ်ကိုယ်တိုင်လည်း ပျက်စီးတယ်၊ သူတစ်ပါးကိုလည်း ပျက်စီးစေတယ်။ မိမိရော၊ သူတစ်ပါးရော နှစ်ဦးစလုံးရဲ့ ပစ္စုပ္ပန် အကျိုးစီးပွားသာမက တမလွန် အကျိုးစီးပွားကိုပါ ပျက်စီးစေတာ၊ ဖျက်ဆီးနေတာ... ဒေါသ"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

"အမျက်ဒေါသကို အမျက်ဒေါသနဲ့ တုံ့ပြန်နေရုံနဲ့ မငြိမ်းချမ်းဘူး။ စစ်မက်တို့ရဲ့ အခြေခံစိတ်ဟာ ဒေါသ။ ဒီလိုပဲ ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ မိုလ်ကျခြင်းများဟာ ဒေါသစိတ်ကြောင့် ဖြစ်လာတဲ့ မေတ္တာမဲ့ စရိုက်လက္ခဏာတွေပဲ"

"မှတ်သားထားပါ့မယ် ဘုရား"

"မီးကို မီးနဲ့ ငြိမ်းလို့ ရပါ့မလား"

"မရပါဘုရား"

"အညစ်အကြေးကို အညစ်အကြေးနဲ့ ဆေးကြောလို့ စင်ကြယ်နိုင်ပါ့မလား ဒကာ"

"မစင်ကြယ်ပါ ဘုရား"

"မီးကို ရေနဲ့ ငြိမ်းရမယ်။ အညစ်အကြေးကို စင်ကြယ်တဲ့ ရေနဲ့

ဆေးကြောရမယ်။ ဒီလိုပဲ ဒေါသကို အဒေါသနဲ့ ငြိမ်းသတ်ရမယ်။ ဆေးကြောရမယ်။ အဒေါသ ဆိုတာ မေတ္တာစိတ်ပဲ ဒကာကြီး''

''မှန်ပါ့ဘုရား''

''လောကသားအချင်းချင်း ဒီလောကကြီး သာယာချမ်းမြေ့ဖို့အတွက် အလိုအပ်ဆုံး အရာဟာ မေတ္တာတရားပဲ။ မေတ္တာ ဆိုတာ ရိုးသားခြင်းပဲ၊ ရိုးဖြောင့်ခြင်းပဲ၊ ဆိုဆုံးမ လွယ်ခြင်းပဲ၊ မာနကင်းခြင်းပဲ၊ အစရှိတဲ့ (၁၅)ချက်ပဲ ဒကာကြီး''

''တပည့်တော် တဖြည်းဖြည်းချင်း သဘောပေါက်လာပါပြီ ဘုရား''

''ဒါ့ကြောင့် မေတ္တာပို့သလိုသူများဟာ အဲဒီ အင်္ဂါ(၁၅)ချက်နဲ့ ပြည့်စုံအောင် နေကြ။ မေတ္တသုတ်တော်မှာ ပါတဲ့ 'ကရဏီယံ' ဆိုတဲ့အတိုင်း လက်တွေ့ပြုကျင့်ကြ။ ဒါမှသာ တကယ့်မေတ္တာရှင် ဖြစ်မယ်''

''တပည့်တော် ကြိုးစားပါ့မယ် ဘုရား''


''ဦးဇင်းအနေနဲ့ကတော့ မေတ္တသုတ်တော်ရဲ့ ဦးစွာပြုကျင့်အပ်တဲ့ (၁၅)ချက် ဆိုတာ လူတို့ရဲ့ မြင့်မြတ်တဲ့ အရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့ရဲ့ အရည်အချင်းလို့တောင် တင်စားလိုက်ချင်တယ်''

''ကောင်းလိုက်တာ ဘုရား''

''အဲဒီ (၁၅)ချက်နဲ့ ပြည့်စုံသူတွေ ခေါင်းဆောင်ဖြစ်ပါမှ ဦးဇင်းတို့နိုင်ငံကြီးဟာ မေတ္တာနိုင်ငံတော်ကြီး ဖြစ်မယ်။ နောက်တစ်ပတ် ကြာသပတေးနေ့မှာ ပြန်ဆုံကြရအောင်''

♠♠♠

# မေတ္တာရေကြည်... နံနက်ခင်း




မေတ္တာ - လောကကြီး၏ အသက်ဓာတ်။

♠ မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရခဲ့တာ
ပြည်ထောင်စုနေ့ကြောင့်…။

♠ ပြည်ထောင်စုနေ့သာ မရှိခဲ့ရင်
လွတ်လပ်ရေးနေ့ ဆိုတာ မရှိနိုင်ဘူး။

♠ တကယ်တော့ ပြည်ထောင်စုနေ့ဆိုတာ
တိုင်းရင်းသား အားလုံးရဲ့မေတ္တာဓာတ်များ စုစည်းတဲ့နေ့…၊
မေတ္တာပျိုးပင်များ ရှင်သန်တဲ့နေ့…၊
မေတ္တာနေခြည်နုနု အရုဏ်ကျင်းတဲ့နေ့…။
"မေတ္တာ"နေ့ပဲ။

# မေတ္တာရေကြည် ∘∘∘ နံနက်ခင်း

မနေ့ညက မိုးရွာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မိုးရေတို့၏ အအေးဓာတ်ကြောင့် စိမ်းမြကြည်လင်လှပနေသည်။ မြင်မြင်သမျှ လူတို့သည်လည်း တက်ကြွရွှင်လန်းနေကြသည်။

ဒီနေ့က ကြာသပတေးနေ့…။

ကြာသပတေးနေ့သည် ကွယ်လွန်သွားပြီဖြစ်သော ကျွန်တော့်အဖေ၏ မွေးနေ့ ဖြစ်သည်။ ထို့ကြောင့် အဖေ့မွေးနေ့ နံနက်တိုင်း ကျွန်တော်ကိုယ်တိုင် ရဟန်းသံဃာတော်များကို ဆွမ်းလောင်းလှူပါသည်။ နံနက်အိပ်ရာထတွင် ကျွန်တော်၏ အိမ်ရှင်မ ဒေါ်သံယောဇဉ်နွယ်နှင့်အတူ ဘုရားဝတ်တက်ပါသည်။ ထို့အတူ ကြာသပတေးနေ့ ည ၈ နာရီထိုးသည်နှင့်… ကျွန်တော်တို့ မိသားစုအားလုံး စုပေါင်းပြီး ဘုရားဝတ်တက်လေ့ ရှိကြပါသည်။ ဤသို့ ဆောင်ရွက်ခြင်းသည် တစ်ပိုင်တစ်နိုင် မိမိ၏ ဘာသာ သာသနာကို စောင့်ထိန်းခြင်းဟု ကျွန်တော် ခံယူပါသည်။

ထိုနေ့နံနက်တွင် ကြာသပတေးနေ့တိုင်း ဆွမ်းခံကြွလေ့ရှိသော အရှင်ဝဇီရဉာဏနှင့် 'မေတ္တသုတ်တော်'အကြောင်းကို အပြီးသတ် ဆွေးနွေးဖြစ်ကြပါတော့သည်။

"ဒကာကြီး၊ 'မေတ္တသုတ်တော်'မှာ မေတ္တာဘာဝနာ မပွားများမီ ကျင့်သုံးရမယ့် အခြေခံကျင့်စဉ် (၁၅)ချက်အပြင် မေတ္တာပို့သရမယ့် ပုဂ္ဂိုလ် (၁၄)ဦး၊ မေတ္တာပို့သသူတို့ ထားရှိရမည့် စိတ်နေသဘောထား။ အဲဒီအပြင် မေတ္တာပွားများပုံ ပွားများနည်း၊ မေတ္တာပွားများခြင်းကြောင့် ရရှိနိုင်သည့် အကျိုးတွေကို ဖော်ပြထားတယ်"

မြန်မာနိုင်ငံရှိ ရဟန်းသံဃာတော်တို့၏ ကျေးဇူးသည် အလွန်ကြီးမား

လှပါသည်။ ဘုရား၏ သာသနာတော်သည် တရားကို ညွှန်ပြခြင်း ဖြစ်သည်။ ယခုမူ ကျွန်တော်တို့က ဘုရားရှင် ညွှန်ပြတော်မူသော လမ်းကို မလျှောက်လှမ်းကြ။ ဘုရားရှင်၏ ညွှန်ပြသော လက်ကို ကြည့်ပြီး တိုသည်၊ ရှည်သည်၊ ဖြူသည်၊ မည်းသည် အစရှိသဖြင့် ငြင်းခုံရင်း အချိန်တွေ ဖြုန်းနေကြသည်။ ဘုရားရှင်၏ သာသနာတော်သည် မိမိတို့ လူဖြစ်လာစဉ် တစ်ခဏအတွင်း ဘဝတိုတိုအတွက် အဓိပ္ပာယ်ရှိရှိ နေနည်း ထိုင်နည်း၊ ဘဝအတွက် လမ်းညွှန် အဆုံးအမ စကားများသာ ဖြစ်ပါသည်။ သတိတရားကို လက်ကိုင်ထားခြင်းဖြင့် သံသရာတွင် မကျင်လည်တော့ဘဲ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည့် အဆုံးမစကား၊ အဆုံးမတရားများ ဖြစ်ပါသည်။

"ခပ်သိမ်းသော သတ္တဝါတို့ကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ရှိပါစေ ဆိုတဲ့ မွန်မြတ်တဲ့စိတ်ထားဟာ 'မေတ္တာဓာတ်'ပဲ။ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ မေတ္တာပို့သနည်းကို ဒကာကြီး ကြားဖူးရဲ့ မဟုတ်လား"

"ကြားဖူးပါတယ် ဘုရား"

"ဘာများလဲ၊ အဓိကအချက်ကို သိရဲ့လား"

"လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ၊ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ"

"ဟုတ်တယ် ဒကာကြီး… အဲဒါကို ဘယ်လို နားလည်သလဲ။ တစ်ချက်ချင်း ရှင်းပြနိုင်မလား"

"တပည့်တော် ဉာဏ်မီသလောက် လျှောက်ထားပါရစေ"

"ကောင်းပါပြီ"

"… 'လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ' ဆိုတဲ့ စကားလုံးဟာ အလွန်လေးနက်ပါတယ် ဘုရား။ ဒီနေ့ ငြိမ်းချမ်းရေး ဖော်ဆောင်နေတဲ့ကာလမှာ ငြိမ်းချမ်းရေးတွေ တုံ့ဆိုင်းနေရတာ၊ စစ်ပွဲတွေ ဖြစ်ပေါ်နေရတာ၊ မလိုလားအပ်တဲ့ ပဋိပက္ခတွေ တွေ့မြင်နေရတာ၊ လူအချင်းချင်း လှည့်ပတ်လိမ်ညာနေကြလို့ပါ ဘုရား"

"မှန်တယ် ဒကာကြီး၊ အဲဒါ ဥဇု၊ သုဟုဇု၊ သုဝစော၊ အနတိမာနီ မဖြစ်ကြလို့ပဲ"

"လွန်ခဲ့တဲ့ (၁၀)နှစ်အတွင်းက သတင်းစာအဟောင်းတွေကို ပြန်ပြီး ဖတ်ကြည့်ရင် တပည့်တော်တို့ တိုင်းပြည်ကြီးဟာ နေ့ချင်း၊ ညချင်း ဆိုသလို ကမ္ဘာ့အဆင့် မီတော့မယောင် ပြောကြ၊ မိန့်ကြ၊ ရေးသားကြ။ ဟော... အခုလက်တွေ့ဘဝမှာတော့ ကမ္ဘာ့အဆင့်အနိမ့်ဆုံး နိုင်ငံတွေထဲက နိုင်ငံ တစ်နိုင်ငံအဖြစ် မှတ်တမ်းတင်ခံနေရပြီ။ တပည့်တော်တို့ကို လူအချင်းချင်း လှည့်ပတ်လိမ်ညာခဲ့ကြတာ ဆယ်စုနှစ် လေးငါးစု ရှိပါပြီ ဘုရား"

"အဲဒါ... သစ္စော မဖြစ်တဲ့သူတွေ၊ နိပကော မဖြစ်တဲ့သူတွေ၊ သန္တုဿကော မဖြစ်တဲ့သူတွေက တိုင်းပြည်ကို ဦးဆောင်ခဲ့ကြလို့ပဲ ဒကာကြီး။ ဦးဇင်းတို့က မေတ္တာမပျက်ပါဘူး။ သမိုင်းအမှန်ကို ပြောပြခြင်းသာ ဖြစ်တယ်။ နှလုံးသားကြီးကြီးနဲ့တော့ နားထောင်ပေး"

"ပြီးတော့ ရှိပါသေးတယ် ဘုရား"

"ဘာများလဲ ဒကာကြီး"

"အခုဆိုရင် တိုင်းပြည်တစ်ခုလုံးမှာရှိတဲ့ မြေပေါ်မြေအောက် သယံဇာတတွေလည်း ကုန်ပါပြီဘုရား။ တောတွေလည်းပြောင်၊ တောင်တွေလည်း တွင်းတွေ ဖြစ်ကြ၊ ရေချိုမြစ်ကြီးတွေလည်း ခန်းခြောက်၊ ဧရာဝတီမြစ်ကြီး ဆိုရင် သေဆုံးခါနီး လူမမာပုံစံ ပေါက်နေပြီ ဘုရား"

"အဲဒါ သန္တိန္ဒြိယော၊ သုဘရော မဖြစ်တဲ့သူတွေ ဒီနိုင်ငံမှာ များပြား လာလို့ပဲ ဒကာကြီး"

"ရှိသေးတယ် ဘုရား၊ အခုဆိုရင် နေ့စဉ်နဲ့အမျှ ကြားသိ၊ မြင်တွေ့ နေရပြန်တယ်။ ကိုယ့်ရာထူး၊ ကိုယ့်အဆင့်အတန်းနဲ့ မအပ်စပ်တဲ့ စကားတွေကို ပုံစံအမျိုးမျိုးနဲ့ နေရာအမျိုးမျိုးမှာ ပြောဆိုနေကြ၊ ရိုင်းပျတဲ့ စကားလုံးတွေနဲ့ လူအများအပေါ်မှာ ဆက်ဆံနေကြ၊ တချို့ကျတော့ ချိုသာတဲ့စကားလုံးတွေကို တွင်တွင်သုံးပြီး မစားရ ဝခမန်းတွေ ပြောကြ၊ မတည်နိုင်တဲ့ ကတိတွေပေးပြီး လှည့်ပတ်ကြ၊ လိမ်ညာကြ"

"အဲဒါ အပ္ပဂဗ္ဘော၊ အပ္ပဂိဇ္ဇော မဖြစ်ခြင်းဘဲ ဒကာကြီး"

"လူတစ်ယောက်၊ လူတစ်စုရဲ့ကျေးဇူးကို ငဲ့ညှာထောက်ထားပြီး လူအများရဲ့ အကျိုးစီးပွားကို ပစ်ပယ်နေကြတဲ့ ဒီနေ့ မြန်မာ့လူ့အဖွဲ့အစည်းကို သွန်သင်ဆုံးမပေးတော်မူပါဦး ဘုရား"

"အဲဒါ ကုလေသု အနနုဂိဒ္ဓေါ မဖြစ်တဲ့သူတွေ စုပေါင်းရှင်သန်ကြီးထွားနေကြလို့ပဲ"

"မှန်ပါတယ် ဘုရား၊ ကမ္ဘာပေါ်မှာရှိတဲ့ ပညာရှင်ကြီးတွေ၊ အဆင့်မြင့်နိုင်ငံရေးခေါင်းဆောင်ကြီးတွေ၊ လုပ်ငန်းရှင်ကြီးတွေက မြန်မာ့အနာဂတ်အရေးကို စိုးရိမ်ပူပန်နေကြတယ် ဘုရား"

"အဲဒါပဲ ဒကာကြီး၊ ပညာရှိများ ကဲ့ရဲ့စွပ်စွဲ ပြစ်တင်ခြင်းကို ခံနေရပြီဆိုရင် အဲဒီ စွပ်စွဲပြစ်တင်ခြင်း ခံရတဲ့ ပုဂ္ဂိုလ်ဟာ 'မေတ္တာမဲ့'နေသူ ဖြစ်လို့ပဲ။ ဒါတွေဟာ 'လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ' ဆိုတဲ့ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ 'မေတ္တာပို့'ကို နှလုံးမသွင်း၊ မဆင်ခြင်ကြလို့ ဖြစ်နေကြရတာ"

"ဒီနေ့ တပည့်တော်တို့ လူမှုဝန်းကျင်မှာ 'ဆင်းရဲလိုခြင်း အချင်းချင်းကင်းရှင်းကြပါစေ'လို့ 'မေတ္တာပို့သ'သံတွေ နေ့စဉ် ကြားသိနေရပေမယ့်တဲယ်လေးတွေနဲ့ နေထိုင်ကြရတဲ့ 'ကျောမွဲလူတန်းစား'တွေကို ကျူးကျော်ပြီးနေထိုင်တယ်တဲ့။ ဘူဒိုဇာကြီးနဲ့ ထိုးလိုထိုး၊ ညအချိန်မတော်ကြီးမှာ ဝင်ရောက်ပြီးဖျက်ဆီးလို ဖျက်ဆီး။ ပြီးတော့ လယ်မပိုင်တဲ့ လယ်သမားတွေရဲ့ ဒုက္ခနေ့စဉ် မြင်နေရ၊ ကြားနေရတာ စိတ်မသက်မသာ ဖြစ်နေမိပါတယ် ဘုရား"

"အင်း... 'မေတ္တသုတ်တော်'ကို အရှူးတစ်ယောက်လို ရွတ်ဆိုနေကြသူတွေက တယ်များသကိုး ဒကာကြီးရဲ့"

"တပည့်တော်ကတော့ 'အတွေးရသ' စာရေးသူမို့လား မသိဘူး။ တွေးမိမြင်မိနေတာတွေ တစ်ပုံကြီးပဲ ဘုရား"

"ဆိုစမ်းပါဦး ဒကာကြီး"

"... 'အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ' လို့ မင်းကွန်းဆရာတော်ဘုရားကြီးက အကြိမ်ကြိမ် မှာကြားဆုံးမတော်မူနေပါရက်နဲ့ အသိဉာဏ်ကြီးသူ၊ အကျင့်သီလကြီးသူ၊ ကမ္ဘာ့နိုင်ငံအသီးသီးက လေးစားအားကျရတဲ့သူကို အထင်သေး၊ အမြင်သေးနဲ့ ပြောဆိုဆက်ဆံနေကြပြန်တယ်ဘုရား။ ဘယ်နိုင်ငံမှာမှ မရှိနိုင်တဲ့ ရှားရှားပါးပါး ဒီလိုခေါင်းဆောင်မျိုးကိုဘာကြောင့်များ နေရာမပေးချင်ကြတာပါလိမ့်။ မခိုင်လုံတဲ့ အကြောင်းပြချက်တွေနဲ့ သူ့ကို အထင်သေးခိုင်းနေပြန်တယ်။ ဒါတွေကို နေ့စဉ်မြင်တွေ့နေရတော့

တပည့်တော်ရင်ထဲမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို တမ်းတမိတယ်၊ လွမ်းဆွတ်မိတယ် ဘုရား"

"ဘာ့ကြောင့်လဲ ဒကာ"

"ဘုရားသာသနာကို ကြည်ညိုပါတယ်၊ ပူဇော်ပါတယ်လို့ ပြောဆိုနေကြပြီးတော့ ဘုရားစကားကို နားမထောင်ကြဘူး။ ဘုရားတရားတော်ကို နှလုံးသွင်းဆင်ခြင်မှု မပြုကြဘူး။ 'ဝစီကံ မေတ္တာ' လို့ ခေါ်တဲ့ နှုတ်ဖြင့် မေတ္တာတွေ ပို့ပြီး ကျေနပ်နေကြပါတယ် ဘုရား"

"မှန်လိုက်တာ ဒကာကြီး... ဦးဇင်းတို့ရဲ့ ဘုရား၊ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူတဲ့ မြတ်စွာဘုရား။ ဘုရားရဲ့ စကားကို တကယ်လိုက်နာမှ ဘုရားကို ချစ်ရာရောက်မယ်။ ဒီလိုပဲ ဘုရားရဲ့ တရားတော်များကို အမှန်တကယ် နှလုံးသွင်း ဆင်ခြင်မှ ဘုရားကို ကိုးကွယ်ရာ ရောက်မယ်။ ဘုရားတရားတော်ရဲ့ ရည်ရွယ်ချက်က အကြောင်းအရာတွေ စကားလုံးတွေ အမျိုးမျိုးအပြားပြား ရှိပေမယ့် အေးငြိမ်းရာ ဆိုတဲ့ 'နိရောဓ' ပဲ"

"မှန်ပါ့ဘုရား"

"လောကကြီးမှာ 'မေတ္တာ' ဆိုတာ 'ရေကြည်ကြည်အေးအေး' နဲ့ တူတယ် ဒကာကြီး"

"တင်ပါ့ဘုရား"

"ဦးဇင်း ဖတ်မှတ်ဖူးတာ ရှိတယ်၊ ဗိုလ်ချုပ်အောင်ဆန်းဟာ ကျည် ၁၃ ချက်သင့်ပြီး သေဆုံးခါနီးအချိန်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကိုယ်ရေးအရာရှိ ဗိုလ်ထွန်းလှ။ သူ့ရဲ့ လက်ပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းက ကွယ်လွန်ခါနီး အချိန် စကားတစ်ခွန်း ပြောရှာတယ်။ အဲဒီစကားကတော့ 'ရေ' တဲ့။ 'ရေ' ဆာတယ်ပေါ့။ အဲဒီအချိန်မှာ သွေးထွက်လွန်နေပြီ။ 'ရေ' တိုက်လို့ မဖြစ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်း တမ်းတ၊ တောင့်တသွားတဲ့ 'ရေ' ဆိုတာ ဘာလဲ သိလား ဒကာကြီး"

'ရေ' ၏အဓိပ္ပာယ်ကို ဦးပဥ္စင်းက ကျွန်တော့်အား မေးသည်။ ကျွန်တော် ချက်ချင်း မဖြေတတ်ပါ။

"ရေဆိုတာ သက်ရှိတို့ရဲ့ မရှိမဖြစ် မှီတွယ်ရာ ဓာတ်ပဲ။ ရေကြောင့် သက်ရှိတွေ ပေါက်ဖွားလာရတယ်လို့ သိပ္ပံပညာရှင်များက ဆိုကြတယ်။

ဒါ့ကြောင့် ရေဟာ သတ္တဝါတို့ရဲ့ အသက်ဓာတ်။ ရေရှိမှ အသက်ရှင်မယ်။ ရေမဲ့ရင် အသက်မဲ့မယ်။ ဒါ့ကြောင့် သက်ရှိမှန်သမျှဟာ ရေကို အာသာငမ်းငမ်း တောင့်တကြတယ်။ ဒီလိုပဲ''

ဦးပဉ္ဇင်းက သူ၏စကားစကို ဖြတ်လိုက်ပြီး ကျွန်တော့်အား အကဲခတ်သည်။ ပြီးမှ စကားကို ဆက်ပြော၏။

''မေတ္တာဟာ ရေနဲ့ တူတယ်။ လူတွေဟာ ကိုယ့်အသက်ရှင်သန်ဖို့အတွက် ရေကို တောင့်တကြသလို မေတ္တာကိုလည်း အာသာငမ်းငမ်း တောင့်တနေကြတယ်။ သတ္တဝါတို့ရဲ့ အသက်ဓာတ်ဟာ ရေဖြစ်သလို လောကကြီးရဲ့ အသက်ဓာတ်ဟာ မေတ္တာ ဖြစ်တယ်။ ရေမရှိရင် သတ္တဝါတွေ သေဆုံးကြသလို မေတ္တာမဲ့ရင်လည်း လောကကြီး သေဆုံးသွားနိုင်တယ်။ လူ့အသက်ဟာ ရေကြောင့် ရှင်သန်စေသလို လောကကြီးရဲ့ အသက်ဟာလည်း 'မေတ္တာဓာတ်' ပဲ ဒကာကြီး''

''မှန်လိုက်တာ ဘုရား၊ တွေးမိပါပြီ ဘုရား''

''ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အောင်ခြင်းရှစ်ပါး ဆိုတာ 'မေတ္တာရဲ့အောင်ပွဲ'ပဲ ဒကာကြီး။ မေတ္တာမပါဘဲ ဘာကိုမှ စွမ်းဆောင်ဖို့ မဖြစ်နိုင်ဘူး''

''မှတ်သားထားပါ့မယ် ဘုရား''

''မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရခဲ့တာ ပြည်ထောင်စုနေ့ကြောင့်။ ပြည်ထောင်စုနေ့သာ မရှိရင် လွတ်လပ်ရေးနေ့ ဆိုတာ မရှိနိုင်ဘူး။ တကယ်တော့ ပြည်ထောင်စုနေ့ ဆိုတာ တိုင်းရင်းသားအားလုံးရဲ့ မေတ္တာဓာတ်များ စုစည်းတဲ့နေ့၊ မေတ္တာပျိုးပင်များ ရှင်သန်တဲ့နေ့၊ မေတ္တာနေခြည်နုနု အရုဏ်ကျင်းတဲ့နေ့၊ 'မေတ္တာ'နေ့ပဲ''

'ပြည်ထောင်စုနေ့'ကို 'မေတ္တာနေ့' တင်စားလိုက်သဖြင့် ကျွန်တော့်နှလုံးအိမ်ထဲတွင် ငြိမ့်ခနဲ၊ အေးခနဲ ဖြစ်သွားရပါသည်။

''ဦးဇင်းတို့ တိုင်းပြည်ရဲ့ လွတ်လပ်ရေး ဆိုတာ မေတ္တာအပေါ်မှာ အခြေပြုပြီး ပေါ်ပေါက်လာရတဲ့ အသီးအပွင့်ပဲ။ ဒါ့ကြောင့် မေတ္တာခြုံမှ ဘဝလုံတယ်။ မေတ္တာလွှမ်းမှ ဘဝလန်းမယ်။ မေတ္တာရှိမှ ဘဝရှိမယ်။ မေတ္တာသည်သာ လောကကြီးရဲ့ 'အသက်ဓာတ်'။ တကယ်တော့ မေတ္တာဆိုတာ

'ရေကြည်ကြည်အေးအေး'ပါပဲ ဒကာကြီး"

"မှန်ပါ့ဘုရား"

"ဟော… မနေ့ညက မိုးတွေရွာတယ်။ မိုးရေ မိုးစက်တွေကြောင့် အားလုံး ပျော်မြူးနေကြတယ်။ လူတွေအစ၊ တိရစ္ဆာန်တွေ အလယ်၊ သစ်ပင်တွေ အဆုံး… လောကဓာတ်ကြီးတစ်ခုလုံး ရေဓာတ်ကြောင့် လှုပနေကြတယ်။ ဒီလိုပဲ ဒီလောကမှာရှိတဲ့ သူသူ၊ ကိုယ်ကိုယ် အရာရာအားလုံးဟာ ရေနဲ့တူတဲ့ မေတ္တာကို တောင့်တကြစမြဲပဲ။ မေတ္တာကို အပြန်အလှန်ပေးဝေခြင်းဖြင့် လောကကြီးကို ကယ်တင်ပါ၊ စောင့်ရှောက်ပါ၊ ပြုစုပါ၊ ရှင်သန်အောင် ကူညီပါ ဒကာကြီး"

"တပည့်တော် ကတိပေးပါတယ် ဘုရား"

"ဒီကနေ့ ကမ္ဘာပေါ်မှာ လူအချစ်ခံရပြီး ကျော်ကြားနေကြသူတွေ အားလုံးဟာ တကယ့်မေတ္တာရှင်ကြီးတွေပဲ။ မေတ္တာသည်သာ လောကကြီးရဲ့ အသက်ဓာတ်ဖြစ်တယ် ဒကာကြီး"

"တင်ပါ့ဘုရား"

"တွယ်တာကပ်ငြိခြင်းကင်းတဲ့ မေတ္တာသည်သာ စစ်မှန်တဲ့မေတ္တာ ဖြစ်တယ်။ နေ့စဉ် ရေကို သောက်သုံးနေကြသလို နေ့စဉ်နဲ့အမျှ အပြန်အလှန် မေတ္တာတွေ ပေးဝေကြပါ။ မေတ္တာပက်ဖျန်းခြင်းဖြင့် လောကကြီးရဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ကြပါစို့"


"သာဓု… သာဓု… သာဓုပါ ဘုရား"

'မေတ္တာ' သို့မဟုတ် 'ရေကြည်ကြည်'။

မေတ္တာငတ်မွတ်နေသူအချင်းချင်း မေတ္တာရေဖြင့် အတူတကွ ရှင်သန်ကြပါစို့။

♠♠♠

## မေတ္တာ... မှာတမ်း




မေတ္တာ - လောကကြီး၏ တန်ခိုး။

♠ မေတ္တာတရားဆိုတာ…
ရနံ့သင်းတဲ့ ပန်းတစ်ခင်းနဲ့ တူပါသတဲ့…။

♠ ပန်းကို မမြင်တွေ့ဘဲ ရနံ့တစ်ခုကို ရှူရှိုက်မိရုံနဲ့…
အဲဒီပန်းဟာ ဘာပန်းလဲ…။

♠ မေတ္တာတရားဟာ…
လောကကြီးကို စကားပြောတတ်သတဲ့…။

## မေတ္တာ••• မှာတမ်း

""နယုန်လပြည့်ဟာလည်း ထူးခြားတဲ့နေ့မြတ် ဖြစ်တယ်။ ငြိမ်းချမ်းရေးနေ့ ဖြစ်တယ်။ ရေလုပွဲ ဆင်နွှဲကြလို့ ကပိလဝတ်နဲ့ ကောလိယ နှစ်ပြည်ထောင် စစ်ခင်းကြတော့မယ့်ဘေးအန္တရာယ်က လွတ်မြောက်ပြီး ညီညွတ်ခဲ့တဲ့နေ့။ ငြိမ်းချမ်းခဲ့တဲ့နေ့၊ မဟာသမယနေ့။ 'မဟာ' ဆိုတာ ကြီးမြတ်သော။ 'သမယ'ဆိုတာ ညီညွတ်ခြင်း။ ညီညွတ်ခြင်းကို မေတ္တာနဲ့ တည်ဆောက်ကြရတယ် ဒကာကြီး။ ဒါ့ကြောင့် 'ဆရာကြီး မင်းသုဝဏ်'က 'မေတ္တာသုတ်တော်'နဲ့ ပတ်သက်လို့ ကဗျာတစ်ပုဒ် ရေးဖွဲ့ခဲ့ဖူးတယ်""

ထိုနေ့က 'နယုန်လပြည့်-မဟာသမယနေ့' ဖြစ်သည်။ ကြာသပတေးနေ့နှင့်လည်း တိုက်ဆိုင်နေသည်။ ထို့ကြောင့် 'မေတ္တာ'အပေါ် အခြေခံသည့် အဆိုအမိန့်များ၊ မှာတမ်းများကို ပြောဖြစ်ခဲ့ကြပါသည်။

""ဒေါသဖြစ်၍ ပူချစ်လောင်တောက် ငါ စိတ်ဖောက်သည် မြွေဟောက် ပါးပျဉ်းနှယ်ပါတကား··· တဲ့။ 'ပူသည့်ဒေါသ ထသည့်အမျက်ထွက်သည့်စိတ်ကြမ်း မနိုင်စွမ်း၍ အေးချမ်းမေတ္တာ သုတ်တော်နာသော် ပမာတောက်ညီး ထောင်ထက်မီးကို မိုးကြီးဖြိမ်းသို့ ငြိမ်းသည်တည်း'··· တဲ့""

ဦးပဥ္စင်း၏ စကားကို နာယူရင်း ကျွန်တော် ဖတ်မှတ်ဖူးသော ဆရာတော်ဘုရားတို့၏ မေတ္တာစကားများကို ထိုနေ့က တင်လျှောက်ဖြစ်ခဲ့ပါသည်။

""မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး 'အရှင်ဇနကာဘိဝံသ'ရဲ့ အဆိုအမိန့် တစ်ခုကို တင်လျှောက်ပါရစေ ဘုရား""

""ကဲ··· ဆိုစမ်းပါဦး ဒကာကြီး""

""··· 'သူများ အထင်ကြီးရုံကလေးတော့ မလုပ်လိုက်ကြပါနဲ့၊ ကိုယ့်

စိတ်က ရိုးသားဖြောင့်မတ်တဲ့စိတ် အမြဲ ဖြစ်နေရမယ်။ ကိုယ်က ရိုးသားမှ အများကလည်း ကိုယ့်ကို ပြန်ပြီး ရိုးသားတယ်လို့ ယုံကြည်လာမှာပါ။ မေတ္တာ ဆိုတဲ့ သူတော်ကောင်းတရားတွေ ကိုယ့်မှာ ပြည့်စုံလာရင် ကောင်းတဲ့နေရာကို တစ်နေ့ရောက်ရမှာ အမှန်ပဲ'... တဲ့"

"ဟုတ်တယ် ဒကာကြီး။ ဆရာတော်ဘုရားရဲ့ အဆုံးအမမှာ 'စိတ်ကောင်းရှိဖို့ ပထမ'။ စိတ်ကောင်းရှိဖို့ဆိုတာ မေတ္တာထားဖို့ ပြောတာ။ မေတ္တာဖြင့် ရှင်သန်နေထိုင်ပါလို့ ပြောတာ။ အဆင့်အတန်းမြင့်မြင့် နေထိုင်ခြင်း ဆိုတာ တိုက်တာ၊ အဆောက်အအုံ အကောင်းစားကြီးတွေနဲ့ နေထိုင်ရခြင်းကို မဆိုလိုဘူး။ ဒီလိုပဲ ရာထူး၊ အာဏာ၊ ပလ္လင်၊ စည်းစိမ်ကို ဆိုလိုတာလည်း မဟုတ်ဘူး။ အဆင့်အတန်းမြင့်တဲ့ ဘဝ ဆိုတာ စိတ်ကောင်းရှိတဲ့ဘဝ၊ မေတ္တာဖြင့် ရှင်သန်နေထိုင်တဲ့ဘဝကို ဆိုလိုတယ်။ မေတ္တာကင်းမဲ့ပြီး ကြီးပွား ချမ်းသာနေသူတွေ၊ မေတ္တာကင်းမဲ့ပြီး ရာထူး၊ အာဏာ ရယူထားသူတွေဟာ နိမ့်ကျတဲ့ဘဝနဲ့ ရှင်သန်နေထိုင်ကြရသူတွေ ဖြစ်တယ် ဒကာကြီး။ ဦးဇင်းက တော့ 'စိတ်ကောင်းရှိဖို့ ပထမ' ဆိုတာ လူစစ်စစ်ဖြစ်ဖို့အတွက် မေတ္တာဖြင့် ရှင်သန်နေထိုင်ပါလို့... အဲဒီလိုပဲ နှလုံးသွင်းဆင်ခြင်မိတယ် ဒကာကြီး"

"...'စိတ်ကောင်းရှိဖို့ ပထမ' ဆိုတဲ့ ဆုံးမစကားကို တပည့်တော် ကြားဖူး၊ မှတ်သားဖူးတာတော့ ကြာပါပြီ ဘုရား။ အခုမှ ရှင်းရှင်းကြီး နားလည်ပါတော့တယ်"

"ကဲ... နောက် ဘာများ မှတ်မိသေးတုံး ဒကာကြီး"

"... 'သူတော်ကောင်းမှန်ရင် ဆင်းရဲဒုက္ခ ရောက်နေတဲ့သူကို သနား ကရုဏာ ဖြစ်ကြရစမြဲပါပဲ။ သနားသင့်ပါလျက် မသနားရင် အဲဒီလူဟာ သူတော်ကောင်း မဟုတ်၊ သူယုတ်မာပဲ။ သနားစရာပုဂ္ဂိုလ်ကို တွေ့ရင် သနားစိတ် ဖြစ်ရတယ်။ အဲဒီလို သနားတိုင်း၊ သနားတိုင်း ကုသိုလ်တရားက ပွားများနေတော့တာပဲ၊ အခုနေအခါမှာတော့ သူတစ်ပါးနှိပ်စက်လို့ အတိဒုက္ခ ရောက်နေရတဲ့သူ၊ စားဝတ်နေရေး အကျပ်အတည်းကြောင့် အတိဒုက္ခ ရောက်နေတဲ့သူ။ အဲဒီလို သနားစရာကောင်းတဲ့သူတွေအပေါ်ကို ကရုဏာပွား၊ မေတ္တာထားပြီး စာနာထောက်ထားခြင်း၊ ကြင်နာခြင်း၊ ရိုင်းပင်းကူညီခြင်းဖြင့် လူ့ဘောင်လောကကြီး သာယာငြိမ်းချမ်းလာပါလိမ့်မယ်' လို့ မေတ္တာစကားကို

ကျေးဇူးတော်ရှင် တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရ ဘိဝံသက မိန့်ဆိုဖူးပါတယ် ဘုရား”

“တော်တော်ကောင်းတဲ့ မိန့်မှာချက်ပဲ ဒကာကြီး”

“တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး အရှင်ဥတ္တမသာရရဲ့ မေတ္တာနဲ့ စပ်ဆိုင်တဲ့ မှာကြားချက်တွေလည်း ရှိသေးတယ် ဘုရား”

“ဆိုစမ်းပါဦး ဒကာကြီး”

“. . .‘ဘဝတစ်သက်တာ ချမ်းသာအောင် နေနည်းကတော့ ကိုယ့်စိတ်ကို ရှင်းရှင်းထားခြင်းပဲ။ သူတစ်ပါးကို မနာလိုစိတ်၊ ပြိုင်ဆိုင်လိုစိတ်၊ ဝန်တိုစိတ်တွေ ကင်းနေတဲ့စိတ်ဟာ ကိုယ့်စိတ်ကို ရှင်းခြင်းပဲ။ မေတ္တာစိတ် ဆိုတာ သန့်ရှင်းနေတဲ့စိတ်ပဲ။ မိမိဘက်က မေတ္တာစိတ် မွေးမြူပြီး နေထိုင်မယ်ဆိုရင် ဘယ်ဒေသ၊ ဘယ်နေရာ ရောက်ရောက် ဘေးအန္တရာယ်ကင်းမယ်။ အောင်မြင်မယ်’ လို့ မှတ်သားဖူးပါတယ် ဘုရား”

“မှန်လိုက်တာ ဒကာကြီး”

“ပြီးတော့ ရှိသေးတယ် ဘုရား၊ မေတ္တာစိတ်ဖြင့် ပွားများကျင့်ကြံပြီး နေထိုင်ကြသူတွေဟာ တဖြည်းဖြည်းနဲ့ လိုအင်ဆန္ဒများ ပြည့်ဝလာတတ်ပါတယ် . . . တဲ့။ မေတ္တာရှင်ပုဂ္ဂိုလ်ကို ရန်မူလို့ မရနိုင်ပါ . . . တဲ့။ အနိုင်ကျင့်သော်လည်း အနိုင်ယူသူက တစ်ချိန်ချိန်မှာ မေတ္တာကြီးမားသူကို အရှုံးပေးရစမြဲပါပဲ . . . တဲ့။ မေတ္တာကြီးမားသူက ရှုံးစေဦးတော့ . . . တစ်ချိန်ချိန်မှာ အရှုံးထဲက အမြတ်ထွက်မြဲ၊ ကောင်းကျိုး ရရှိစမြဲ . . . ရယ်လို့ တောင်တန်းသာသနာပြု ဆရာတော်ဘုရားက အမြဲဆုံးမလေ့ရှိတာကို မှတ်သားဖူးပါတယ် ဘုရား”

“ဟုတ်တယ် ဒကာကြီး၊ သူတစ်ပါးအပေါ် မုန်းတီးစိတ် ဖြစ်နေသူဟာ အဲဒီဒေါသကို ဖယ်ခွာလိုက်မှ မိမိစိတ်ဟာ မိမိထံကို ပြန်လာတော့တယ်။ လူ့ဘဝရတုန်း တစ်ခဏမှာ မေတ္တာဖြင့် ရှင်သန်နေထိုင်ခြင်းဟာ မြင့်မြတ်တဲ့ ရှင်သန်နေထိုင်ခြင်းပဲ”

“မှတ်သားထားပါ့မယ် ဘုရား”

“ဇရာ၊ မရဏ ဆိုတာ ပုထုဇဉ်တိုင်း ရှောင်ကွင်းလို့ မရဘူး။ ဒါဟာ လောကရဲ့ အမှန်တရားပဲ။ အသက်ရှည်ရှည် နေခွင့်ရသူတိုင်းဟာ ဇရာကို

ပိုင်ဆိုင်ကြရစမြဲပဲ။ အိုမင်းရင့်ရော်မှုကို လက်မခံချင်သော်လည်းပဲ မလွဲမရှောင်သာ လက်ခံကြရစမြဲပဲ။ ခန္ဓာကိုယ် ပျက်စီးယိုယွင်းလာခြင်းဟာ ဇရာရဲ့ သဘောပဲ။ ဒီတော့ အဓိပ္ပာယ်ရှိရှိ 'အို'တတ်ဖို့ လိုတယ်။ အဓိပ္ပာယ်ရှိရှိ 'ဖြို'တတ်ဖို့ လိုတယ်။ ဘယ်လိုပဲ ဇရာထောင်းထောင်း မေတ္တာဖြင့် ရှင်သန်နေထိုင်ခြင်းဟာ အဓိပ္ပာယ်ရှိရှိ အိုမင်းရင့်ရော်ခြင်းပဲ… လို့ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမ တရားကို ဦးဇင်းလည်း မှတ်မိနေတယ် ဒကာကြီး"

"မှန်ပါ့ဘုရား"

"လောကဓံတရား ရှစ်ပါးကိုလည်း မေတ္တာနဲ့ပဲ ရင်ဆိုင်ရတယ် ဒကာကြီး။ အကောင်းလောကဓံ၊ အဆိုးလောကဓံတွေကို မေတ္တာနဲ့သာ ဖြေရှင်းယူလို့ ရနိုင်တယ် ဒကာကြီး။ အကောင်း လောကဓံနဲ့ ကြုံတွေ့တဲ့အခါ မေတ္တာစိတ် မထားနိုင်ဘူးဆိုရင် အတ္တမီးတွေ၊ မာနမီးတွေ၊ လောဘမီးတွေ၊ အလျှံညီးညီး ထကြွလာပြီး ကိုယ့်ကိုလည်း ဦးစွာလောင်မြိုက်တယ်။ အများကိုလည်း ကူးစက်လောင်မြိုက်တော့တယ်။ ဒီလိုပဲ အဆိုးလောကဓံနဲ့ ကြုံတွေ့ကြရတဲ့အခါ မေတ္တာစိတ် ခေါင်းပါးသူများအဖို့ ဣဿာ မစ္ဆရိယတွေ၊ ဒေါသတွေ၊ မောဟတွေ ထကြွလာပြီး သောကမီးတွေနဲ့ ကိုယ်လည်း ဒုက္ခရောက်… အများကိုလည်း ဒုက္ခပေးတတ်တယ်။ ဒါ့ကြောင့် မေတ္တာစိတ်ဆိုတာ လောကဓံကို စနစ်တကျ ရင်ဆိုင်ရဲတဲ့ စိတ်ပဲ… လို့ ကျေးဇူးတော်ရှင် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးက ဆုံးမဖူးတယ်"

"ကောင်းလိုက်တာ ဘုရား"

"ကဲ… ဒကာကြီး ဘာများ မှတ်သားဖူးတာ ရှိသေးတုံး"

"ရွှေပါရမီတောရ ဆရာတော် 'အရှင်ဆန္ဒာဓိက'ရဲ့ မေတ္တာနဲ့ ပတ်သက်တဲ့ အဆုံးအမတွေ ရှိသေးတယ် ဘုရား"

"ဆိုစမ်းပါဦး"

"လောကီ၊ လောကုတ္တရာ နယ်ပယ်နှစ်ခုစလုံးမှာ အအေးချမ်းဆုံးနဲ့ အင်အားအရှိဆုံးအရာဟာ မေတ္တာဓာတ်ပါပဲ… တဲ့။ ချစ်ခင်ခြင်း၊ ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်း ဆိုတာ မေတ္တာဖြင့် လွှမ်းခြုံထားတဲ့ နယ်ပယ်မှာသာ ရှင်သန်စမြဲပါ… တဲ့"

"တော်တော်ထိမိတဲ့ စကားပါပဲ ဒကာကြီး"

"... 'ပွားမေတ္တာ'နဲ့ 'ထားမေတ္တာ' ဆိုပြီး နှစ်မျိုးရှိတယ်တဲ့။ 'ပွားမေတ္တာ' ဆိုတာ... စိတ်နဲ့၊ ဒါမှမဟုတ်၊ နှုတ်နဲ့ ပို့သတဲ့ မေတ္တာကို ဆိုလိုတယ်တဲ့။ တချို့လူတွေက 'ပွားမေတ္တာ'ကို လူသိရှင်ကြား ရွတ်ဆိုကြတယ်။ စိတ်ထဲကတော့ မေတ္တာပို့သနေသူထံမှာ မရှိကြဘူး။ 'ထားမေတ္တာ' ဆိုတာကတော့ တစ်ဖက်သားရဲ့ ကောင်းကျိုးကို ကာယကံမြောက် ကိုယ်ထိလက်ရောက် ဆောင်ရွက်ခြင်း ဖြစ်တယ်တဲ့။ တကယ်တော့ မေတ္တာစိတ်ဆိုတာ မကောင်းတဲ့ စိတ်ကို ငါမထား။ လူအများကို ချမ်းသာစေဖို့၊ ပျော်ရွှင်စေဖို့ စိတ်ကောင်းကို မွေးတယ်။ ကမ္ဘာမှာ နာမည်ကောင်းနဲ့ ကျော်ကြားနေတဲ့ ပုဂ္ဂိုလ်တွေ၊ သူမတူအောင် ထူးချွန်ထက်မြက်နေတဲ့ ပုဂ္ဂိုလ်များဟာ မေတ္တာစိတ်ကြီးမားသူတွေချည်းပဲ။ ကောင်းမြတ်တဲ့ အောင်မြင်ကျော်ကြားခြင်း ဆိုတာ တန်ခိုးရှင်က ဖန်တီးတာလည်း မဟုတ်ဘူး။ သိဒ္ဓိရှင်က မစတာလည်း မဟုတ်ဘူး။ ဗေဒင်၊ ယတြာ အစွမ်းကြောင့်လည်း မဟုတ်ဘူး။ လောကီအစီအမံတွေကြောင့်လည်း မဟုတ်ဘူး။ မေတ္တာစာတ်ကြောင့်သာ ကောင်းမြတ်သော အောင်မြင်ခြင်းတွေ၊ ကောင်းမြတ်သော ကျော်ကြားခြင်းတွေ ပိုင်ဆိုင်ကြရတာ... တဲ့"

"မှန်တာပေါ့ ဒကာကြီး"

"မေတ္တာတရား ဆိုတာ ရနံ့သင်းတဲ့ ပန်းတစ်ခင်းနဲ့ တူပါသတဲ့။ ပန်းကို မမြင်တွေ့ဘဲ ရနံ့တစ်ခုကို ရှူရှိုက်မိရုံနဲ့... အဲဒီပန်းဟာ ဘာပန်းလဲ ဆိုတာ သိသလိုမျိုး။ မေတ္တာတရားဟာ လောကကြီးကို စကားပြောတတ်ပါသတဲ့။ အကျင့်သီလ ဖြူစင်ခြင်းဟာလည်း မေတ္တာရဲ့ သဘောသဘာဝပါပဲ။ ကိုယ်ကျင့်သီလဟာ လူ့တန်ဖိုးဆိုရင် မေတ္တာတရားဟာ လူတို့ရဲ့တန်ခိုးပါပဲလို့ ဆရာတော် အရှင်ဆန္ဒာဓိက ဆုံးမဖူးပါတယ်"

"ဒကာကြီးက စာတွေ တော်တော်ဖတ်မှတ်ထားတာပဲ"

"အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး ဘုရား။ တပည့်တော်က စာတစ်ပုဒ်ကို ဖတ်ရင် နှေးတယ်၊ လေးတယ် ဘုရား။ ဖတ်ရင်းနဲ့လည်း တွေးတယ်၊ ဖတ်ပြီးတော့လည်း တွေးတယ်"

"ကဲ... ဒကာကြီး မှတ်မိတာလေးတွေ ဝေမျှပါဦး"

"သူတစ်ပါးကို စိတ်ချမ်းသာအောင် လုပ်ပေးရတာလောက် ပီတိ ဖြစ်ရတဲ့ အရသာမျိုး ဘယ်မှာမှ ရှိမယ် မထင်ပါဘူး။ ရယူတဲ့ အရသာထက် ပေးရတဲ့ အရသာက ပိုကောင်းတယ် ဆိုတာကို ပေးနေကျ လူတွေမှ သိတယ်။ ယူနေကျလူတွေက မသိနိုင်ပါဘူး… လို့ 'မေတ္တာရှင်(ရွှေပြည်သာ) ဆရာတော် အရှင်ဇဝနရဲ့ မေတ္တာနဲ့ယှဉ်တဲ့ အဆုံးအမ စကားကို တပည့်တော် အမြဲတမ်းပဲ နှလုံးသွင်း ဆင်ခြင်ပါတယ် ဘုရား"

"မှန်တယ် ဒကာကြီး၊ မေတ္တာတရား ဆိုတာ ရေချိုကန်နဲ့ တူတယ်။ လာသမျှ ခရီးသွားတွေ လူသားတွေဟာ… အဲဒီ ရေချိုကန်ရဲ့ အေးမြ ကြည်လင်တဲ့ ရေကို သောက်သုံးပြီး ပျော်ရွှင်မှုကို ဖြစ်စေတယ်။ ရွှင်လန်း တက်ကြွမှုကို ဖြစ်စေတယ်။ မေတ္တာ ဆိုတာ တစ်ပါးသူ ကောင်းစားတာကို မြင်တွေ့လိုခြင်းပဲ၊ မေတ္တာဆိုတာ ပေးခြင်းပဲ၊ ယူခြင်း မဟုတ်ဘူး "

"တင်ပါ့ဘုရား၊ အခြားလူတစ်ယောက်ရဲ့ ကောင်းကွက်ကို အသိ အမှတ် ပြုခြင်းဟာလည်း မေတ္တာရဲ့ သဘာဝပါပဲလို့ မဟာမြိုင်ဆရာတော် ဦးဇောတိကက ဆုံးမဖူးပါတယ် ဘုရား"

"မှန်တယ် ဒကာကြီး။ 'ငါသည် မည်သူ့ကိုမျှ ဒုက္ခမပေးပါရစေနှင့်။ သူတစ်ပါးတို့၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်ရပါလို၏'။ 'ငါသည် သူတစ်ပါးတို့၏ ဒုက္ခကို ပယ်ဖျောက်၊ ဒုက္ခရောက်သူတို့ကို စောင့်ရှောက်နိုင် ရပါလို၏'။ 'ငါသည် ငါ့ထက် သာလွန်သူကို မည်သည့်အခါမျှ မတုမပြိုင်ရ ပါစေနှင့်။ ဝမ်းမြောက်စွာ လက်တွဲနိုင်ရပါလို၏'။ 'ငါသည် လောက၏ ဆိုးသော အခြေအနေ၌လည်း စိတ်မပျက်ပါရစေနှင့်။ လောက၏ ကောင်း သော အခြေအနေကိုလည်း မတပ်မက်ပါရစေနှင့်။ ကောင်းဒဏ် ဆိုးဒဏ် ဤနှစ်တန်ကို ခံနိုင်သည့်သူ ဖြစ်ရပါလို၏' ဆိုတာ သီတဂူဆရာတော် ဘုရားကြီး အရှင်ဉာဏိဿရရဲ့ မေတ္တာနဲ့ ပတ်သက်ပြီး ဆုတောင်းပဲ"

"တင်ပါ့ဘုရား၊ ကောင်းလိုက်တာ ဘုရား"

"စွမ်းအင်မေတ္တာ၊ ပွားများသူမှာ၊ ချမ်းသာအိပ်နိုး မြင်မက်သည်။ လူနတ်စသား၊ မေတ္တာထား၊ အများချစ်ကြသည်။ နတ်ကောင်းနတ်မြတ်၊ စောင့်ရှောက်လတ်၊ ဘေးလွတ်ကင်းဝေးသည်။ လက်နက်မီးတောက်၊ အဆိပ် ပျောက်၊ မရောက်ရှောင်ကွင်းသည်။ စိတ်ဓာတ်ငြိမ်လွယ်၊ မျက်နှာဝယ်၊

ချစ်ဖွယ် အဆင်းကြည်။ မတွေမဝေ၊ သေရပေ၊ လားလေ ဖြဟ္မာပြည်။ မေတ္တာ အကျိုး၊ ဆယ့်တစ်မျိုး၊ တန်ခိုးတက်လာသည်… လို့ မေတ္တာရဲ့ အကျိုးကို ဆိုထားတယ်။ ဒီတော့ 'မေတ္တာအကျိုး လူ့တန်ခိုး' လို့ မှတ်ထားပေး"

"တင်ပါ့ဘုရား"

"ကဲ… ဒကာကြီး၊ 'မေတ္တာသုတ်တော်' အဖွင့်နိဒါန်း ဆွေးနွေးခြင်းကို ဒီမှာပဲ 'နိဋ္ဌိတံ' ကြစို့။ ဦးဇင်းတို့ ဆွေးနွေးခဲ့ကြတာ ၅ လ နီးပါး ရှိပြီ။ မေတ္တာဖြင့်သာ ပိုပြီး ကောင်းမြတ်တဲ့ ဘဝ၊ ပိုပြီး ငြိမ်းချမ်းတဲ့ ဘဝတစ်ခုကို တည်ဆောက်လို့ ရနိုင်တယ်။ ဒီလိုပဲ ပိုပြီး ကောင်းမြတ်တဲ့ နိုင်ငံ၊ ပိုပြီး ငြိမ်းချမ်းတဲ့ နိုင်ငံတစ်ခုဖြစ်ဖို့ မေတ္တာမပါဘဲ မဖြစ်နိုင်ဘူး။ တကယ်တော့ မေတ္တာဆိုတာ ပညာကြီးခြင်း၊ မာနကင်းခြင်း၊ ရိုးသားခြင်း၊ ရိုးဖြောင့်ခြင်း၊ သစ္စာသိခြင်း၊ သစ္စာရှိခြင်း အစရှိသည်တို့ရဲ့ 'ဗဟိုဆုံမှတ်' တစ်ခုပါပဲ။ မေတ္တာ ကြီးမားသူတွေ ခေါင်းဆောင်ဖြစ်ဖို့အတွက် ဦးဇင်းတို့၊ ဒကာကြီးတို့ ဝိုင်းဝန်း ကူညီကြရအောင်။ ဆုတောင်းပေးကြရအောင်"

♠♠♠

မေတ္တာ အနှစ်ချုပ်




မေတ္တာ- လောကကြီး၏ အစွမ်းထက်ဆုံးအင်အား

♠ မေတ္တာ၏ တန်ခိုးတော်ဖြင့်. . .
လောကကြီး၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ကြပါစို့။
♠ မေတ္တာ၏ တန်ခိုးတော်ဖြင့်. . .
လောကကြီးကို စောင့်ရှောက်ကြပါစို့. . .။
♠ မေတ္တာ၏ တန်ခိုးတော်ဖြင့်. . .
လောကကြီးကို ပြုစုကြပါစို့. . .။
♠ မေတ္တာ၏ တန်ခိုးတော်ဖြင့်. . .
လောကကြီးကို ကယ်တင်ကြပါစို့. . .။
♠ မေတ္တာ၏ တန်ခိုးတော်ဖြင့်. . .
လောကကြီးကို အလင်းများ ပေးဝေကြပါစို့. . .။

## မေတ္တာအနှစ်ချုပ်

မေတ္တာသည် လောကကြီး၏ တန်ခိုးဖြစ်သည်။

မိမိ၏ မိတ်ဆွေ သူငယ်ချင်းများအတွက် ဖြစ်စေ···

မိမိ၏ ဆရာသမားများအတွက် ဖြစ်စေ···

မိမိ၏ ချစ်ရသူအတွက် ဖြစ်စေ···

မိမိ၏ မိဘအတွက် ဖြစ်စေ···

မိမိ၏ မိသားစုအတွက် ဖြစ်စေ···

မိမိ၏ မြို့၊ ရွာ၊ အမျိုး၊ ဘာသာ၊ သာသနာနှင့်

တိုင်းရင်းသား နိုင်ငံသားတို့အတွက် ဖြစ်စေ···

တစ်နည်းပြောရလျှင်···

မိမိနှင့် ဆက်စပ်ပတ်သက်နေသော ပတ်ဝန်းကျင်နှင့် လောကကြီး အပေါ်တွင် မေတ္တာထားလိုသူသည် မိမိ၏မေတ္တာ စူးရှထက်မြက်ရန်အတွက် မေတ္တာ မပွားများမီ ဦးစွာပြုကျင့်အပ်သည့် အခြေခံကျင့်စဉ် (၁၅)ချက် ရှိပါသည်။

ထိုအခြေခံကျင့်စဉ် (၁၅)ချက်နှင့် ကိုက်ညီသူတိုင်းသည် လောကကြီး အပေါ်၌ အလိုလျောက် စောင့်ရှောက်ပြီး ဖြစ်စေသည်၊ ကူညီပြီး ဖြစ်စေသည်။ တစ်နည်းဆိုရလျှင်··· မေတ္တာပွားများနေခြင်းပင် ဖြစ်သည်။

၎င်း (၁၅)ချက်မှာ ···

၁။ စွမ်းနိုင်သူ ဖြစ်ရမည်။

၂။ ကိုယ်နှုတ်ဖြောင့်မတ်သူ ဖြစ်ရမည်။

၃။ စိတ်နေစိတ်ထား ကောင်းစွာဖြောင့်မတ်သူ ဖြစ်ရမည်။

၄။ ဆိုဆုံးမလွယ်သူ ဖြစ်ရမည်။

၅။ စိတ်ထား နူးညံ့သိမ်မွေ့သူ ဖြစ်ရမည်။
၆။ လွန်ကဲတက်ကြွသော မာန မရှိသူ ဖြစ်ရမည်။
၇။ တင်းတိမ်ရောင့်ရဲလွယ်သူ ဖြစ်ရမည်။
၈။ သူတကာကို အပူမရှာသူ ဖြစ်ရမည်။
၉။ ကိုယ့်အလုပ်ကို စိတ်ဝင်စားသူ ဖြစ်ရမည်။
၁၀။ ဟန်မထုတ်၊ ဟန်မလုပ်သူ ဖြစ်ရမည်။
၁၁။ မိမိစိတ်ကို ကောင်းစွာ ထိန်းကျောင်းနိုင်ရမည်။
၁၂။ နေရာတိုင်းမှာ ဉာဏ်နှင့် ယှဉ်သူ ဖြစ်ရမည်။
၁၃။ အစဉ်သိမ်မွေ့သူ ဖြစ်ရမည်။
၁၄။ ပုဂ္ဂိုလ်စွဲ ကင်းသူ ဖြစ်ရမည်။
၁၅။ ပညာရှိသူတော်ကောင်းများ၏ ကဲ့ရဲ့သူ မဖြစ်စေရ။

♠♠♠

ထို(၁၅)ချက်ကို အောက်ပါအတိုင်း အနှစ်ချုပ် မှတ်ပါ။

၁။ **သက္ကော**-စွမ်းနိုင်သူ ဖြစ်ရမယ်။

♠ အမိနဲ့သား၊ မယားနဲ့လင်၊
အရှင်နဲ့ကျွန်၊ ထေရ်မွန်တကာ၊
မိဿဟာချင်း၊ ပြခင်းဖွယ်ရာ၊
မိမိတာကို၊ မလိုစေပဲ၊
စွဲမြဲလှစွာ၊ ပြုလုပ်ပါမှ၊
ကြီးပွားရ၊ မုချအမှန်သာ…။

၂။ **ဥဇု**-ရိုးသားရမယ်။

♠ ကောက်ကျစ်ပါးနပ်၊ ဖဲ့ကတ်တင်းမူ၊
မပြုရှောင်ခွာ၊ ရိုးဖြောင့်ပါမှ၊
ကြီးပွါးရ၊ မုချအမှန်သာ…။

၃။ **သုဟုဇု**-အထူးရိုးဖြောင့်ရမည်။

♠ လောကီ လောကုတ်အကျိုး၊
ပွားတိုးစိမ့်ငှာ၊ အရာရာ၌၊
အနာခံမည်၊ စိတ်ကရည်လျက်၊
နိုင်ထက်ပြုမှု၊ တင်စီးမှုကို၊
ပြုလုပ်သသူ၊ ပြုမှုလာလျှင်၊
သည်းခံပြီးကာ၊ လွန်စွာဖြောင့်မှ၊
ကြီးပွားရ၊ မုချအမှန်သာ...။

၄။ **သုဝစော**-ဆို၊ ဆုံးမလွယ်ရမည်။ ဝေဖန်ခံနိုင်ရမည်။

♠ မိမိအကျိုး၊ ပွားတိုးစိမ့်ငှာ၊
ပြောကြားသူကို၊ စိတ်မတိုဘဲ၊
ကြည်ဖြူလှစွာ စေတနာနှင့်၊
မကြာမကြာ၊ ပြောကြားပါနော်၊
နှုတ်ကဖော်ကာ၊ နာလွယ်ပါမှ၊
ကြီးပွားရ၊ မုချအမှန်သာ...။

၅။ **မုဒု**-နူးညံ့သိမ်မွေ့ရမည်။

♠ ကိုယ်မှု နှုတ်မှု၊ စိတ်မှုတို့ကို၊
ပြုလိုသောအခါ၊ သူတကာတို့၊
နှစ်လိုဖွယ်ရာ၊ ကြင်နာစေတတ်၊
သပ်ရပ်ကျစ်လျစ်၊ ချစ်ဖွယ်အမူ၊
ပြုလုပ်၍သာ၊ နူးညံ့ပါမှ၊
ကြီးပွားရ၊ မုချအမှန်သာ...။

၆။ **အနတိမာနီ**-ထောင်လွှားမှုကို ပယ်လိုက်ပါ။

♠ သမုဒ်ရေပြင်၊ မမြင်စဖူး၊
တွင်းနဖားတွင်၊ ငါလျှင်တတ်သိ၊

မရှိငေ့ါပြင်၊ ငါဘုရင်ဟု၊
မည်သူ့အောက်မျှ၊ မချလိုလျက်၊
ထက်ကနေလို၊ ကိုယ်ကိုမြင့်မောက်၊
မာန်တက်ရောက်မှု၊ မပြုရှောင်ခွာ၊
မာန်နည်းပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ...။

၇။ **သန္တုဿကော**-ရောင့်ရဲလွယ်မှ မေတ္တာရ။
♠ ရတတ်သမျှ၊ သဘာဝနှင့်၊
အားရမရှိ၊ မိုးသို့ထိအောင်၊
လောဘကားထောင်မည်၊ စိတ်ကရည်သို့၊
မဖြစ်တို့ဖွယ်၊ အသွယ်သွယ်ကို၊
နှစ်လိုလှစွာ၊ ရောင့်ရဲလွယ်မှ၊
ကြီးပွားရ၊ မုချအမှန်သာ...။

၈။ **သုဘရော**-သူတကာကို အပူမရှာပါနဲ့။
♠ မရှိတာကို၊ မလိုမတ၊
ရှိသမျှနှင့်၊ စိတ်ကကျေအေး၊
အမွေးလွယ်မှ၊ ကြီးပွားရ၊ မုချအမှန်သာ...။

၉။ **အပ္ပကိစ္စော**-ကိုယ့်အလုပ်ကို ကိုယ်သာ စိတ်ပါဝင်စားစွာ လုပ်ပါ။
♠ လိုရင်းမပါ၊ ဗလာကြွင်းခြင်း၊
ဟိတ်ဟန်ကင်း၍၊ အကျဉ်းချုံးအုပ်၊
အထုပ်နည်းမှ၊ ကြီးပွားရ၊ မုချအမှန်သာ...။

၁၀။ **သလ္လဟုကဝုတ္တိ**-ဟန်မထုတ်ချင်နဲ့၊ ဟန်မလုပ်ချင်နဲ့။
♠ ဝတ်မှုစားမှု၊ နေထိုင်မှု၌၊
မပြုကိန်းခန်း၊ စခန်းမကြီး၊
စိတ်ကြီးမဝင်၊ ဆင်ခြင်တိုင်းထွာ၊

ဝတ်စားစာကို၊ ရရာသုံးလျက်၊
သက်မွေးပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ…။

၁၁။ **သန္တုဋ္ဌိယော**- မိမိစိတ်ကို မိမိ ကောင်းစွာ စောင့်စည်းထိန်းကျောင်းပါ။

♠ ကိုးရိုးကားရား၊ နေသွားမတော်၊
မလျော်စကား၊ စိတ်ထားမငြိမ်၊
ဣန္ဒြေမဲ့ခြင်း၊ အလျှင်းမရှိ၊
မျက်စိနားနှာ၊ ကိုယ်စိတ်နှုတ်လျှာ၊
စောင့်စည်းပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ…။

၁၂။ **နိပကော**-ရင့်ကျက်သောပညာရှိပါ။

♠ အမှုကိစ္စ၊ ဟူသမျှဒြ၊
နှစ်ဝကျိုးဖြစ်၊ စိစစ်ဖွေရှာ၊
သေချာစေ၄၊ ပြန်ရှုဆင်ခြင်၊
မပြုပြင်ဘဲ၊ အလျင်စလို၊
ပြုလုပ်လို၍၊
ကံကိုသာချ၊ ကမ္ဘသကာ၊
ဖြစ်လိုရာလေ၊ ဖြစ်ပစေဟု၊
မပြုနှလုံး၊ ဉာဏ်ကိုသုံး၍၊
ထုံးနည်းစိစစ်၊ ဖြစ်သင့် မသင့်၊
နှိုင်းချင့်ဆင်ခြင်၊ အမြင်သန်မြန်၊
ရင့်ဉာဏ်ပြည့်မှ၊ ကြီးပွားရ၊ မုချအမှန်သာ…။

၁၃။ **အပ္ပဂဗ္ဘော**-ကြမ်းတမ်းသော အမူအရာများ မရှိပါနဲ့။ အစဉ်သိမ်မွေ့ပါ။

♠ ရှိသေထိုက်ငြား၊ လူသူများကို၊
တရားမသွင်း၊ စကားဖျင်းနှင့်
အတင်းပြောကြမ်း၊ ငေါက်ငမ်းဆဲတိုင်း၊

နှုတ်ထွက်ရိုင်းပြ၊ မျက်ဒေါ်သနှင့်
စိတ်ပါကြမ်းခြင်း၊ အလျှဉ်းကွာလမ်း၊
မကြမ်းတမ်းမှ၊ ကြီးပွားရ၊ မုချအမှန်သာ…။

၁၄။ **ကုလေသု အနနုဂိဒ္ဓေါ**-ပုဂ္ဂိုလ်စွဲ မထားပါနဲ့။

♠ ငါ၏ဆရာ၊ ငါ၏ဘိုးဘွား၊
ငါ၏သားပဲ၊ ငါ့လင်ငါ့မယား၊
ငါ့မိသားစု၊ ဗဟိုပြုကြွား၊
စသည်အားဖြင့်၊ တရားယွင်းယို၊
ပုဂ္ဂိုလ်စွဲခြင်း၊ အလွန်ကင်းမှ၊
ကြီးပွားရ၊ မုချအမှန်သာ…။
စိတ်ပါကြမ်းခြင်း၊ အလျှဉ်းကွာလမ်း၊
မကြမ်းတမ်းမှ၊ ကြီးပွားရ၊ မုချအမှန်သာ…။

၁၅။ **နစခုဒ္ဒမာစရေ ကိဉ္စိယေန ဝိညူပရေ ဥပဝဒေယျုံ**-သူတော်ကောင်းများ၏ အကဲ့အရဲ့ လွတ်အောင် နေထိုင်ပါ။

♠ အမှုကိစ္စ၊ အဝဝမှာ၊
သေးငယ်စွာပင်၊ ဖြစ်ပါလျှင်လည်း၊
ပညာရှင်တို့၊ နှစ်မြို့ကင်းမဲ့၊
ကဲ့ရဲ့ဖွေရှာ၊ မဖြစ်ပါမှ၊
လုံးဝအရှင်း၊ ပြစ်မှုကင်းမှ၊
ကြီးပွားရ၊ မုချအမှန်သာ…။

♠♠♠

♠ မေတ္တာသည်…
လောကကြီး၏ အစွမ်းအထက်ဆုံး အင်အားဖြစ်သည်။

♠ မေတ္တာသည်…
လောကကြီး၏ အပူငြိမ်းဆေး ဖြစ်သည်။

♠ မေတ္တာသည်…
လောကကြီး၏ ငြိမ်းချမ်းရေး၏ မျိုးစေ့ဖြစ်သည်။

♠ မေတ္တာသည်…
လောကကြီး၏ အသက်ဓာတ် ဖြစ်သည်။

♠ မေတ္တာသည်…
သတ္တဝါတိုင်း တောင့်တသော အလင်းဓာတ် ဖြစ်သည်။

♠♠♠

♠ မေတ္တာ၏ တန်ခိုးတော်ဖြင့်…
လောကကြီး၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ကြပါစို့။

♠ မေတ္တာ၏ တန်ခိုးတော်ဖြင့်…
လောကကြီးကို စောင့်ရှောက်ကြပါစို့…။

♠ မေတ္တာ၏ တန်ခိုးတော်ဖြင့်…
လောကကြီးကို ပြုစုကြပါစို့…။

♠ မေတ္တာ၏ တန်ခိုးတော်ဖြင့်…
လောကကြီးကို ကယ်တင်ကြပါစို့…။

♠ မေတ္တာ၏ တန်ခိုးတော်ဖြင့်…
လောကကြီးကို အလင်းများ ပေးဝေကြပါစို့…။

*မေတ္တာအင်အားဖြင့်…*

**ဦးဘုန်း (ဓာတု)**

## သူတို့ . . . သူတို့၏ မေတ္တာကြောင့်သာ

♠ ကျွန်တော်နှင့် အမြဲတမ်း စကားလက်ဆုံကျလေ့ရှိသော···
ကြာသပတေးနေ့ နံနက်တိုင်း ဆွမ်းခံကြွတော်မူလေ့ရှိသည့် ဦးပဉ္စင်း 'အရှင်ဝဇီရဉာဏ'။

♠ 'မေတ္တာ··· နံနက်ခင်း' အတွေးရသစာစုများကို
သုတ်သင် တည်းဖြတ်ပေးသော···
ချမ်းသာကြီးတောင်တိုက်၊ ရတနာဘုံမြင့် စာချကျောင်းမှ
'အရှင်တေဇနိယ' (စာရေးဆရာ တက္ကသိုလ်တေဇာလင်း)။

♠ 'မေတ္တာ··· နံနက်ခင်း' အတွေးရသစာစုအတွက်···
လိုအပ်သည့် အမှာစာကို မေတ္တာဖြင့် ချီးမြှင့်ပေးသော
'ဆရာချစ်'(ဆရာချစ်ဦးညို)။

♠ 'မေတ္တာသုတ်တော်'ကို စာတမ်းတစ်စောင် ပြုစုသကဲ့သို့ ရေးသားရန်
အားပေးတိုက်တွန်းပြီး အပတ်စဉ် ဖော်ပြပေးသည့်···
The First Music ဂျာနယ် အယ်ဒီတာချုပ် 'ကိုအောင်စိုးသူ'။

♠ 'မေတ္တာ··· နံနက်ခင်း' အတွေးရသစာစုများအတွက်
လိုအပ်သည့် စာရွက်စာတမ်းများ၊
စာအုပ်များကို ငှားရမ်းပေးသည့်···
လိုအပ်သော အကြံဉာဏ်များကိုလည်း ဖြည့်စွက်ပေးသည့်
မန္တလေးတက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဆရာမကြီး
'ဒေါက်တာ ဒေါ်ခင်မြင့်မြင့်'။

♠ နံနက် အိပ်ရာထတိုင်း 'မေတ္တာသုတ်တော်'ကို
လူကြားအောင် အမြဲ ရွတ်ဖတ်တတ်သော···

အသက် (၇၅) ကျော် ကျွန်တော်၏အဒေါ် အပျိုကြီး 'နှင်းနှင်း'။

♠ ကျွန်တော်၏ စာအုပ်များကို ပုံနှိပ်ထုတ်ဝေပေးသော…
လင်းလွန်းခင်စာပေမှ ရသချစ်သူကြီး၊ စာချစ်သူကြီး
'ဦးသိန်းလွင်'(ကျောက်ပုထိုး)။

♠ အလုပ် ဘယ်လောက်ပဲများများ စနစ်တကျ အလုပ်လုပ်တတ်သော
အလွန်တိကျသည့် ကျွန်တော့်၏ ကိုယ်ရေးမန်နေဂျာ…
ညီငယ် 'ကိုကျော်ကျော်ဦး'။

♠ အလှူအတန်း ပြုဖော်ပြုဖက်…
လောကအမြင် ညှိနှိုင်းဖော် ညှိနှိုင်းဖက်…
ကျွန်တော်၏ ပါရမီဖြည့်ဖက်… ကျွန်တော့်နှလုံးသား ပဲ့ကိုင်ရှင်
'ဒေါ်သံယောဇဉ်နွယ်'။

♠ ကျွန်တော် ရေးသမျှ စာများကို
မညည်းမညူဘဲ စာအလှပြင်ပေးသော…
'ကိုဘုန်းတင့်မောင် + မငယ်'(ကွန်ပျူတာ)နှင့်
အမြဲတမ်း ဂျီကျနေတတ်သော သူတို့၏ သမီးငယ်လေး
'လောက်စာလုံး'။

သူတို့… သူတို့၏ မေတ္တာကြောင့်သာ…
ဤ 'မေတ္တာ… နံနက်ခင်း' ရသစာစု ဖြစ်ပေါ်လာရပါသည်။
သူတို့… သူတို့၏ မေတ္တာကို ဤစာအုပ်ဖြင့် မှတ်တမ်းပြုပါ၏။

ဦးဘုန်း (ဓာတု) မန္တလေး